X



*ပါဠိတော်၊ မြန်မာပြန်၊ အဓိပ္ပါယ်*

**Tisarana Vihara** (မြောင်းမြ) ကျောင်း
**357 Nelson Road, Whitton**
**Twickenham Middlesex**
**TW2 7AG LONDON UK**

| ၁၃၆၇ | ၂၅၄၉ | ၂၀၀၅ |
|---|---|---|
| **မြန်မာသက္ကရာဇ်** | **သာသနာသက္ကရာဇ်** | **ခရစ်နှစ်** |



လေးဆူဓာတ်ပုံ–မြတ်ဘုရားရွှေတိဂုံ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊

**အလှူမြန်သမျှတွင်တရားအလှူသည်**

**အမြတ်ဆုံး အသာဆုံး အလွန်ကဲဆုံး ဖြစ်ပေသည်**

**Dhamma gift excells all other gifts.**

**အာရှင်ဇနကာ (စီစဉ်ပို့ချသည်)**

## မိတ်ဆက်နိဒါန်း

မဟာသက္ကရာဇ်(၁၀၃)ခု ဘီစီ (၅၈၈)ခု ကဆုံလပြည့်နေ့တွင် အရဟတ္တမဂ် ဓားသန်လျက်ဖြင့် ကိလေသာခပင်း ရန်တသင်းကို ချိုးဖျက်ခုတ်ထွင် သုတ်သင်ရှင်းလင်းတော်မူပြီး သဗ္ဗညုတဉာဏ်တော်ကြီးကိုရရှိတော်မူကာ ဘုရားအဖြစ်သို့ရောက်တော်မူခဲ့ပါသည်၊ ဘုရားဖြစ်ပြီး နှစ်လနှင့်ငါးရက်မြောက်နေ့မှာ ပဥ္စဝဂ္ဂီငါးဦးအား ဒုတိယတရားတော်ဖြစ်သော "အနတ္တလက္ခဏသုတ်"ကို မိဂဒါဝုန် ရဂုံသာမော သားငှက်တို့အား ဘေးမဲ့ပေးရာဖြစ်သောတော၌ ဟောတော်မူခဲ့တာမို့ "မြတ်ဗုဒ္ဓ၏ဒုတိယဒေသနာ"လို့ အမည်ပေးလိုက်ပါသည်၊ ဘုရားမပွင့်ခင်ကတည်းက ကမ္ဘာလောကမှာ အတ္တဝါဒ အတ္တအယူအဆ လွှမ်းမိုးခဲ့တာပါ၊ လူတိုင်းက အတ္တကိုလက်ခံနေတဲ့အချိန်မှာ"အတ္တအယူအဆမှားတယ်၊ အတ္တမဟုတ်ဘူး၊ အားလုံးအနတ္တ၊ ဘာတစ်ခုမှအစိုးမရ"လို့ဟောတော်မူလိုက်တော့ မဟာသက္ကရာဇ်(၁၀၃)ခု ဝါဆိုလပြည့်ကျော်(၅)ရက်နေ့တွင် အတ္တဝါဒနှင့် အနတ္တဝါဒတို့ **Confrontation** ထိပ်တိုက်ရင်ဆိုင်တွေ့ကြတဲ့နေ့လို့ဆိုလျှင် မှားမည်မဟုတ်ပါ၊ ဘာကြောင့်အနတ္တ=အစိုးမရသလဲဆိုတာကို ဤသင်တန်းစာအုပ်တွင် မကျဉ်းမကျယ်အလွယ်နည်းနဲ့ရှင်းလင်းတင်ပြထားသည်ကိုဖတ်ရှုခြင်းဖြင့်သဘောပေါက်နားလည်လိမ့်မယ်လို့ မျှော်လင့်မိပါသည်၊

အနတ္တလက္ခဏသုတ်သင်တန်းကို (၂)လကျော်ခန့် ပို့ချရာတွင် ဆိုင်ရာပါဠိတော် အဋ္ဌကထာများ၊ ဓမ္မပဒ၊ သံယုတ်၊ အင်္ဂုတ္တိုရ်၊ ဇာတ်အဋ္ဌကထာများနှင့် လယ်တီဆရာတော်ကြီး၏ အနတ္တဒီပနီ၊ ဆရာတော်ဦးဇုဒ်၏အနတ္တလက္ခဏသုတ်နိဿယ၊ မဟာဂန္ဓာရုံဆရာတော်ကြီး၏ အနတ္တလက္ခဏသုတ်တရားတော်၊ မဟာစည်ဆရာတော်ကြီး၏ အနတ္တလက္ခဏသုတ်တရားတော်၊ သဂြိုဟ်ဘာသာဋီကာ၊ ဖားအောက်တောရဆရာတော်ကြီး၏ နိဗ္ဗာနဂါမိနီပဋိပဒါစသော ကျမ်းစာများကို အားကိုးတစ်ခု မှီငြမ်းပြု၍ပို့ချထားပါသည်၊ အားလုံးသောဓမ္မမိတ်ဆွေစာရှုသူများ အတ္တဝါဒ အတ္တအယူအဆ ကင်းပျောက်ပြီး အနတ္တဉာဏ်မြင်ရောက်ကာ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာမှန် ဧနိဗ္ဗာန်သို့ လျှင်မြန်ထုတ်ခြောက် မျက်မှောက်ပြုနိုင်ကြပါစေသား၊

## မာတိကာ


(၁) အနတ္တလက္ခဏသုတ်ပါဠိတော် ၁ မှ ၄

(၂) အနတ္တလက္ခဏသုတ်သင်တန်း ပထမနေ့ ၅ မှ ၈

ဘုရားပွင့်တော်မူခြင်း၊ တရားဦးဓမ္မစက်ဟောမြွက်တော်မူခြင်း၊ ပဥ္စဝဂ္ဂီငါးဦးသောတာပန်ဖြစ်ခြင်း၊ ဝါဆိုလပြည့် ကျော်(၅)ရက် ရဟန္တာများနေ့၊ အမ္ဘန်းဂါထာမြန်မာပြန်၊ အနတ္တလက္ခဏသုတ်ဟောတော်မူရခြင်းအကျိုး၊ သံဂါယနာနိဒါန်းမြန်မာပြန်၊ နိဒါန်းအဓိပ္ပါယ်၊ မဟာသက္ကရာဇ်၊ သာသနာသက္ကရာဇ်၊ ကောဇာသက္ကရာဇ်၊ ခရစ်သက္ကရာဇ်၊ **BC AD** အဓိပ္ပါယ်၊ ဗာရာဏသီမြို့အဓိပ္ပါယ်၊ ပဥ္စဝဂ္ဂီကဘယ်သူတွေလဲ၊

(၃) အနတ္တလက္ခဏသုတ်သင်တန်း ဒုတိယနေ့ ၉ မှ ၁၃

အတ္တအစ ဖြဟ္မာက၊ အတ္တနှစ်မျိုး၊ အနိစ္စနှင့်ဒုက္ခ၊ ဥစ္ဆေဒနှင့်သဿတအယူ၊ အတ္တ၏တည်ရာနှင့်ပုံသဏ္ဍာန်၊အတ္တ၏နာမည်၊ အတ္တ၏အစွဲအလမ်း၊ ပါယာသိမင်း၏အသက်ရှာပုံ၊ သေခါနီးနိမိတ်သုံးမျိုးထင်ရပုံ၊ လောက်လမ်းသဖွယ်ဝိညာဉ်တွယ်၊ ဝိညာဉ်တွယ်ဖက်(၇)ရက်၊ အတ္တစွဲပုံနည်းမျိုးစုံ၊ အတ္တသတ္တိငါးပါးရှိ၊ အတ္တစွဲချက်ငါးမျိုးထွက်၊ အနတ္တအဓိပ္ပါယ်၊ အနတ္တအနက်လေးမျိုးထွက်၊

(၄) အနတ္တလက္ခဏသုတ်သင်တန်း တတိယနေ့ ၁၄ မှ ၁၇

ရုပ်အနတ္တဖြစ်ပုံ၊ ရုပ်တုများကိုအတ္တဟုမစွဲလမ်းပုံ၊ အလောင်းကောင်ကိုအတ္တဟုစွဲလမ်း ပါသေးသလား၊ အတ္တကမိမိအလိုသို့လိုက်စေနိုင်ပါသလား၊ အနတ္တဖြစ်လို့သာရုပ်နာရ၊

(၅) အနတ္တလက္ခဏသုတ်သင်တန်း စတုတ္ထနေ့ ၁၈ မှ ၂၃
ဝေဒနာအနတ္တဖြစ်ပုံ၊ သင်တန်းတက်ရင်းဝေဒနာဖြစ်၊ ခံစားသူမရှိပုံဝတ္ထု၊ ပဋိသမ္ဘိဒါလေးပါးဟူသည်၊ဝေဒနာအလိုတိုင်းမဖြစ်၊ ဝေဒနာနုပဿနာရှုပုံ၊ ဒုက္ခဝေဒနာသုံးမျိုးလာ၊ ဝိပဿနာရှုကောင်းသောဝေဒနာ၊ ကိုတိဿဝတ္ထု သာဓကပြု၊

(၆) အနတ္တလက္ခဏသုတ်သင်တန်း ပဉ္စမနေ့ ၂၄ မှ ၃၀
သညာအနတ္တဖြစ်ပုံ၊သညာဝိညာဏ်ပညာသိပုံအထူး၊ ဗုဒ္ဓသည်အနတ္တဝါဒကိုလက်မခံဘူးတဲ့၊ သညာဝိပလ္လာသလေးပါး၊ဝိပလ္လာသ(၁၂)ပါးဤသို့ပြား၊ပြုလုပ်သူနှင့်ခံစားသူ၊ သညာကိုအဘယ်သူပြုလုပ်သနည်း၊ချမ်းသာဆင်းရဲကိုအတ္တကခံစားသလား၊

(၇) အနတ္တလက္ခဏသုတ်သင်တန်း ဆဋ္ဌမနေ့ ၃၀ မှ ၃၆
သင်္ခါရတွေအနတ္တဖြစ်ပုံ၊ သင်္ခါရအဓိပ္ပါယ်နှင့်အရကောက်၊ သင်္ခါရသုံးပါးဤသို့ပြား၊ သင်္ခါရကဘယ်လိုနှိပ်စက်ပါသလဲ၊ ငှက်ပျောတောပမာသင်္ခါရာ၊ စေတနာနဲ့ဗိုလ်မှူး၊ စေတနာနဲ့လက်သမားဆရာ၊ သင်္ခါရနှစ်ပါးအကျိုးပေးမတူပုံဝတ္ထု၊

(၈) အနတ္တလက္ခဏသုတ်သင်တန်း သတ္တမနေ့ ၃၇ မှ ၄၃
စိတ်ဝိညာဏ်အနတ္တဖြစ်ပုံ၊ ဝိညာဏ်ခြောက်ပါးဤသို့ပြား၊ တံဆိပ်ဥပမာမှတ်ဖို့ရာ၊ စိတ်ဝိညာဏ်အလိုတိုင်းမဖြစ်၊ ဝိညာဉ်ကောင်ကိုရှာတဲ့မာရ်နတ်ကြီး၊ မျက်လှဲ့ပမာဝိညာဏာ၊ စိတ်ကိုဆုံးမချမ်းသာရ၊ စိတ်ကိုရှု၍ချမ်းသာပုံနှင့် မရှုမပွါးစိတ်တိုင်းထားကဆင်းရဲရပုံဝတ္ထု၊

(၉) အနတ္တလက္ခဏသုတ်သင်တန်း အဋ္ဌမနေ့ ၄၄မှ ၅၀
အနိစ္စဖြင့်အနတ္တကိုပြတော်မူပုံ၊ ဒုက္ခဖြင့်အနတ္တကိုပြတော်မူပုံ၊ သစ္စကပရိဗိုဇ်၏အတ္တစွဲ၊ အနိစ္စမည်ပုံ၊ဒုက္ခမည်ပုံ၊ အနတ္တမည်ပုံ၊ သညာမမြဲပုံစသည်ကိုပြဆိုချက်၊ သင်္ခါရမမြဲပုံစသည်ကိုပြဆိုချက်၊ ဝိညာဏ်မမြဲပုံစသည်ကိုပြဆိုချက်၊ သက္ကာယဒိဋ္ဌိခေါ်ပုံ၊ သက္ကာယဒိဋ္ဌိနှစ်ဆယ်၊

(၁၀) အနတ္တလက္ခဏသုတ်သင်တန်း နဝမနေ့ ၅၀ မှ ၅၅
နိယတမိစ္ဆာဒိဋ္ဌိသုံးပါး၊မိစ္ဆာဒိဋ္ဌိ(၆၂)ပါး၊သက္ကာယဒိဋ္ဌိနှစ်ဆယ်ရေတွက်ပုံအကျယ်၊ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိလေးမျိုး၊ ဝေဒနာက္ခန္ဓာ၌သက္ကာယဒိဋ္ဌိလေးမျိုး၊ သညာက္ခန္ဓာ၌သက္ကာယဒိဋ္ဌိလေးမျိုး၊ သင်္ခါရက္ခန္ဓာ၌သက္ကာယဒိဋ္ဌိလေးမျိုး၊ဝိညာဏက္ခန္ဓာ၌သက္ကာယဒိဋ္ဌိလေးမျိုး၊ အရိယာပုဂ္ဂိုလ်နှင့်သက္ကာယဒိဋ္ဌိ၊ အစွဲသုံးပါးကင်းအောင်ရပ်ကိုရှုပုံ၊ မယုကငှက်နှင့်တော်မမ၊

(၁၁) အနတ္တလက္ခဏသုတ်သင်တန်း ဒသမနေ့ ၅၆ မှ ၆၃
လက္ခဏာရေးသုံးပါးဖုံးကွယ်ထား၊ ဝေဒနာကို(၁၁)ပါးဖြင့်ဝေဘန်၍ရှုပုံ၊ သညာကို(၁၁)ပါးဖြင့်ဝေဘန်၍ရှုပုံ၊ သင်္ခါရကို(၁၁)ပါးဖြင့်ဝေဘန်၍ရှုပုံ၊ ဝိညာဏ်ကို(၁၁)ပါးဖြင့်ဝေဘန်၍ရှုပုံ၊ နိဗ္ဗိန္ဒာဉာဏ်မှစ၍မဂ်ကိစ္စဖြစ်ပုံ၊ လက္ခဏာရေးသုံးပါးမြင်လျှင်နိဗ္ဗိန္ဒာဉာဏ်ဖြစ်၊ ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ၊ သံဂါယနာတင်မှတ်တမ်း၊ အင်္ဂါကိုးပါးဟူသည်၊

(၁၂) အနတ္တလက္ခဏသုတ်သင်တန်း ဧကာဒသမနေ့ ၆၄မှ ၇၃
အနတ္တလက္ခဏသုတ်အကျဉ်း၊ ဘယ်ချိန်ဘယ်နေရာမှာဟောတော်မူခဲ့ပါသလဲ၊ ခန္ဓာငါးပါးအနတ္တဖြစ်ပုံ၊ ခန္ဓာငါးပါးကိုစီစစ်ပုံ၊ ခန္ဓာငါးပါးအပေါ်၌တဏှာ မာန ဒိဋ္ဌိဖြင့်မစွဲလမ်းပုံ၊ နိဗ္ဗိန္ဒာဉာဏ်မှစ၍မဂ်ကိစ္စဖြစ်ပုံ၊ သံဂါယနာတင်မှတ်တမ်း၊ အနတ္တလက္ခဏသုတ်ကောက်နုတ်ချက်၊ မှတ်ချက်၊ ဆုတောင်း၊ အမျှဝေ၊

# အနတ္တလက္ခဏသုတ်ပါဠိတော်

*နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ*

## အနတ္တလက္ခဏသုတ်အဖွင့်

(က) ဓမ္မစက္ကံ ပဝတ္တေတွာ၊ အာသဠှိယံ ဟိ ပုဏ္ဏမေ၊
နဂရေ ဗာရာဏသိယံ၊ ဣသိပတနဝှယေ ဝနေ၊
(ခ) ပါပေတွာဒိဖလံ နေသံ၊ အနုက္ကမေန ဒေသယိ၊
ယံ တံ ပက္ခဿ ပဉ္စမျံ၊ ဝိမုတ္တတ္ထံ ဘဏာမဟေ၊

## အနတ္တလက္ခဏသုတ်နိဒါန်း

ဧဝံ မေ သုတံ---

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ၊ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ"တိ၊ "ဘဒန္တေ"တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊ ဘဂဝါ ဧတ ဒဝေါစ၊

### (၁) ရူပက္ခန္ဓာအနတ္တဖြစ်ပုံ

ရူပံ ဘိက္ခဝေ အနတ္တာ၊
ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊
လဗ္ဘေထစ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ၊
ယသ္မာစ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ၊
န စ လဗ္ဘတိ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ၊

### (၂) ဝေဒနာက္ခန္ဓာ အနတ္တဖြစ်ပုံ

ဝေဒနာ အနတ္တာ၊
ဝေဒနာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ၊
လဗ္ဘေထစ ဝေဒနာယ "ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ"တိ၊
ယသ္မာစ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ၊
န စ လဗ္ဘတိ ဝေဒနာယ"ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ"တိ၊

### (၃) သညာက္ခန္ဓာ အနတ္တဖြစ်ပုံ

သညာ အနတ္တာ၊
သညာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ၊
လဗ္ဘေထစ သညာယ "ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ"တိ၊
ယသ္မာစ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ၊
န စ လဗ္ဘတိ သညာယ "ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ"တိ၊

## (၅)သင်္ခါရက္ခန္ဓာ အနတ္တာဖြစ်ပုံ

သင်္ခါရာ အနတ္တာ၊
သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ၊
လဗ္ဘေထစ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသုံ "တိ၊
ယသ္မာစ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ ၊
န စ လဗ္ဘတိ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသုံ"တိ၊

## (၆) ဝိညာဏက္ခန္ဓာ အနတ္တာဖြစ်ပုံ

ဝိညာဏံ အနတ္တာ၊
ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ၊
လဗ္ဘေထစ ဝိညာဏေ "ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ"တိ၊
ယသ္မာစ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ  အာဗာဓာယ သံဝတ္တတိ၊
န စ လဗ္ဘတိ ဝိညာဏေ"ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ"တိ၊

## (၇) ရူပက္ခန္ဓာ၌ လက္ခဏာရေးသုံးပါး

တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံဝါ အနိစ္စံ ဝါ တိ?
အနိစ္စံ ဘန္တေ၊
ယံ ပနာ နိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ?
ဒုက္ခံ ဘန္တေ၊
ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ၊
နော ဟေတံ ဘန္တေ၊

## (၈) နာမက္ခန္ဓာလေးပါး၌လက္ခဏာရေးသုံးပါး

ဝေဒနာ နိစ္စာဝါ အနိစ္စာ ဝါ တိ?
အနိစ္စာ ဘန္တေ၊
ယံ ပနာ နိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ?
ဒုက္ခံ ဘန္တေ၊
ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ" တိ၊
နော ဟေတံ ဘန္တေ၊

သညာ နိစ္စာ ဝါ အနိစ္စာ ဝါ တိ?
အနိစ္စာ ဘန္တေ၊
ယံ ပနာ နိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ?
ဒုက္ခံ ဘန္တေ၊
ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ၊
နော ဟေတံ ဘန္တေ၊

သင်္ခါရာ နိစ္စာ ဝါ အနိစ္စာ ဝါ တိ?
အနိစ္စာ ဘန္တေ၊
ယံ ပနာ နိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ?
ဒုက္ခံ ဘန္တေ၊
ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ၊
နော ဟေတံ ဘန္တေ၊

ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါ တိ?
အနိစ္စံ ဘန္တေ၊
ယံ ပနာ နိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါ တိ?
ဒုက္ခံ ဘန္တေ၊
ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ၊
နော ဟေတံ ဘန္တေ၊

### (၉) ရုပ်တရားကို တဏှာ မာန ဒိဋ္ဌိ ဂါဟတို့ဖြင့်မရှုကြည့်အပ်ပုံ

တသ္မာ တိဟ ဘိက္ခဝေ ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ"တိ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

### (၁၀) ဝေဒနာတရားကို တဏှာ မာန ဒိဋ္ဌိ ဂါဟတို့ဖြင့်မရှုကြည့်အပ်ပုံ

ယာကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ ဝေဒနာ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ"တိ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

## (၁၁) သညာတရားကို တဏှာ မာန ဒိဋ္ဌိ ဂါဟတို့ဖြင့်မရှုကြည့်အပ်ပုံ

ယာကာစိ သညာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကာဝါ သုခုမာဝါ ဟီနာဝါ ပဏီတာဝါ ယာ ဒူရေ သန္တိကေဝါ၊ သဗ္ဗာ သညာ " နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

## (၁၂) သင်္ခါရတရားကို တဏှာ မာန ဒိဋ္ဌိ ဂါဟတို့ဖြင့်မရှုကြည့်အပ်ပုံ

ယေကေစိ သင်္ခါရာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကာဝါ သုခုမာဝါ ဟီနာဝါ ပဏီတာဝါ ယေ ဒူရေ သန္တိကေဝါ၊ သဗ္ဗေ သင်္ခါရာ " နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ"တိ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

## (၁၃) ဝိညာဏ်တရားကို တဏှာ မာန ဒိဋ္ဌိ ဂါဟတို့ဖြင့်မရှုကြည့်အပ်ပုံ

ယံကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံ ဒူရေ သန္တိကေဝါ၊ သဗ္ဗံ ဝိညာဏံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ"တိ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

## (၁၄) နိဗ္ဗိန္ဒဉာဏ်မှစ၍ မဂ်ကိစ္စတစ်ဆယ့်ခြောက်ချက်ဖြစ်ပုံ

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊
ဝိရာဂါ ဝိမုစ္စတိ၊
ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊
ခီဏာ ဇာတိ၊
ဝုသိတံ ဗြဟ္မစရိယံ၊
ကတံ ကရဏီယံ၊
နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ၊

## (၁၅) ပဉ္စဝဂ္ဂီရဟန်းများရဟန္တာဖြစ်ပုံ

ဣဒ မဝေါစ ဘဂဝါ၊အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ၊ ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ၊

အနတ္တလက္ခဏသုတ္တံ နိဋ္ဌိတံ

**အနတ္တလက္ခဏသုတ်သင်တန်း**
**တိသရဏဝိဟာရ(မြောင်းမြ)ကျောင်းတိုက်**
**၁၃၆၇ခုနှစ်၊ တော်သလင်းလဆုတ်(၁၁)ရက်**
**၂၈၊၉၊၂၀၀၅ခု၊ ဗုဒ္ဓဟူးနေ့**

❖❖❖✡❖❖❖❖

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**အနတ္တလက္ခဏသုတ်နိဒါန်း**
**ဘုရားပွင့်တော်မူခြင်း**

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် မဟာသက္ကရာဇ်(၁၀၃)ခု၊ဘီစီ(၅၈၈)ခု ကဆုံလပြည့် ဗုဒ္ဓဟူးနေ့၌ ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်ဟူသောမာရ်ငါးပါးကို အောင်မြင်တော်မူ၍ လောကသုံးပါးဝယ်သဗ္ဗညုစစ် ဘုရားအဖြစ်ကို ရရှိတော်မူပါတယ်၊

**တရားဦးဓမ္မစက်ဟောမြွက်တော်မူခြင်း**

ဘုရားဖြစ်တော်မူပြီး (၂)လမြောက် ရောက်တော်မူသောအခါ ဝါဆိုလပြည့် စနေနေ့ ညနေချမ်းအချိန် အရှေ့လောကဓာတ်မှ လပြည့်ဝန်းကြီးထွက်ပြူစဖြစ်ပြီး အနောက်လောကဓာတ်မှ နေမင်းကြီးကွယ်ပျောက်ခါစအချိန်တွင် သားသမင်တို့အား ဘေးမဲ့ပေး၍မွေးမြူရာဖြစ်သော မိဂဒါဝုန်တော၌ ဥရုဝေဠတောဝယ် အတူသီတင်းသုံးပြီး ဝတ်ကြီးဝတ်ငယ်ပြုခဲ့ဘူးသည့် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယစသား ပဉ္စဝဂ္ဂီငါးပါးတို့အား “ဒွေမေ ဘိက္ခဝေ အန္တာ” အစရှိသော တရားဦးဓမ္မစက်ကို ဟောမြွက်တော်မူခဲ့ပါတယ်၊

**အရှင်ကောဏ္ဍညသောတာပန်ဖြစ်ခြင်း**

တရားဦးဓမ္မစက်ဟောမြွက်တော်မူပြီးသည်၏အဆုံး၌ အရှင်ကောဏ္ဍညသည် ဉာဏ်အလင်းပေါက်၍သောတာပန်အဖြစ်သို့ ရောက်ခဲ့ပါသည်၊ ထိုသို့သောတာပန်ဖြစ်ပြီးနောက် “ဧဟိဘိက္ခု” ရဟန်းအဖြစ်ကိုခံယူခဲ့ပါသည်၊

**ကျန်ပဉ္စဝဂ္ဂီလေးဦးသောတာပန်ဖြစ်ခြင်း**

ဗုဒ္ဓမြတ်စွာသည် မိဂဒါဝုန်တော၌ပင် ဝါကပ်တော်မူလျက် ဝါဆိုလပြည့်ကျော်(၁)ရက်နေ့မှစ၍ မြို့ရွာ အတွင်း ဆွမ်းခံသက်ဆင်းတော်မမူပဲ ပဉ္စဝဂ္ဂီရဟန်းတို့၏ ကမ္မဋ္ဌာန်းအားထုတ်ခြင်းအလုပ်၌ ဖြစ်ပေါ်လာတတ်သော ကာမစ္ဆန္ဒ နီဝရဏအစရှိသော ကိလေသာငြစ်ကြေး အပြစ်ဘေးတို့ကို ပယ်ဖျက် ခုတ်ထွင်သုတ်သင်ရှင်းလင်းတော်မူခြင်းအကျိုးငှာ နေ့ညမပြတ်စောင့်ကြပ်တော်မူလျက် တရားဟောခြင်း၊ ဩဝါဒပေးခြင်း၊ သွန်သင်ဆုံးမခြင်းဖြင့် ကျောင်းတိုက်အတွင်းမှာပင် ယာပိုထ်လေးလီ မျှညီရွှင်ပြုံး သီတင်းသုံးတော်မူလျက် နေတော်မူခဲ့ပါသည်၊ထိုသို့နေတော်မူခိုက်သုံးပါးကတရားအားထုတ်စဉ် ကျန်နှစ်ပါးက ဆွမ်းခံလှည့်လှည့်တော်မူကာ မြတ်စွာဘုရားနှင့်ပဉ္စဝဂ္ဂီငါးပါး၊ ပေါင်း(၆)ပါးတစ်နေ့တာဆွမ်းအတွက် မျှတတော်မူခဲ့ပါသည်၊ နှစ်ပါးတရားအားထုတ်စဉ် သုံးပါးက ဆွမ်းအတွက် လှည့်လှည့်တော်မူ၍ (၆)ပါး တစ်နေ့တာ ဆွမ်းအာဟာရ မျှတတော်မူခဲ့ပါတယ်၊

ဤနည်းအားဖြင့် ပဉ္စဝဂ္ဂီရဟန်းတို့အား အနီးကပ်ကြည့်ရှု စောင့်ရှောက်တော်မူလျက် ဆုံးမဩဝါဒပေးတော်မူရာ---

ဝါဆိုလပြည့်ကျော်(၁)ရက်နေ့၌ အရှင်ဝပ္ပ မထေရ်သောတာပန်ဖြစ်ခဲ့ပါသည်၊

ဝါဆိုလပြည့်ကျော်(၂)ရက်နေ့၌ အရှင်ဘဒ္ဒိယ မထေရ်သောတာပန်ဖြစ်ခဲ့ပါသည်၊

ဝါဆိုလပြည့်ကျော်(၃)ရက်နေ့၌ အရှင်မဟာနာမ မထေရ်သောတာပန်ဖြစ်ခဲ့ပါသည်၊

ဝါဆိုလပြည့်ကျော်(၄)ရက်နေ့၌ အရှင်အဿဇိ မထေရ်သောတာပန်ဖြစ်ခဲ့ပါသည်၊

ဤသို့ အစဉ်အတိုင်း သောတာပတ္တိဖိုလ်၌တည်ကြ၍ “ဧဟိ ဘိက္ခု”ရဟန်းအဖြစ်ကို အသီးသီးခံယူခဲ့ကြပါတယ်၊

**ဝါဆိုလပြည့်ကျော်(၅)ရက်ရဟန္တာနေ့**

ဝါဆိုလပြည့်ကျော်(၅)ရက်နေ့ မြတ်ဗုဒ္ဓသည် ပဥ္စဝဂ္ဂီငါးဦးတို့အား အနတ္တလက္ခဏသုတ်ကို ဟောတော်မူပါသည်၊ အနတ္တလက္ခဏသုတ်တော်ကို ဟောကြားတော်မူပြီးသည်၏အဆုံး၌ ပဥ္စဝဂ္ဂီငါးဦးတို့သည် အရဟတ္တဖိုလ်၌ တည်ကြ၍ အာသဝေါကုန်ခမ်း ရဟန္တာဖြစ်တော်မူခဲ့ကြပါသည်၊ ပဥ္စဝဂ္ဂီငါးဦးတို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ဝယ် ပထမဆုံး ရဟန္တာဖြစ်ကြသူများဖြစ်ပါသည်၊ ဝါဆိုလပြည့်ကျော်(၅)ရက်သည် လူသားထဲမှ ရှေးဦးစွာ ရဟန္တာဖြစ်သောနေ့ဖြစ်သဖြင့် "ရဟန္တာ"နေ့ရယ်လို့ ခေါ်ဝေါ်ပြညတ် သမုတ်အပ်ပါတယ်၊

**အနတ္တလက္ခဏသုတ်အမွှန်းဂါထာမြန်မာပြန်**

ဗာရဏသီအမည်ရှိသောမြို့၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ သက်ဆင်းကျရောက်ရာ ဣသိပတနအမည်ရှိသော သားငှက်တို့အား ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တောဝယ် အာသဠ္ဟိနက္ခတ်နှင့်ယှဉ်သော ဝါဆိုလပြည့်နေ့၌ ပဥ္စဝဂ္ဂီ ရဟန်းတို့အား ဓမ္မစကြာတရားဟောတော်မူပြီး၍ နေ့ရက်အစဉ် ထေရ်အစဉ်အားဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်စေတော်မူ၍ လကွယ်ပက္ခ ဝါဆိုလပြည့်ကျော် ငါးရက်နေ့၌ ထိုပဥ္စဝဂ္ဂီရဟန်းတို့၏ အရဟတ္တဖိုလ်အကျိုးငှာ အကြင်အနတ္တလက္ခဏသုတ်တော်ကို ဟောတော်မူပြီ၊ထိုအနတ္တလက္ခဏသုတ်တော်ကို အို-သူတော်ကောင်းတို့ ညီညာဖျဖျ ငါတို့ရွတ်ဆို ကြကုန်စို့၊ *(ဆရာတော်ဦးဗုဒ်)*

**ဟောတော်မူရခြင်းအကျိုး**

ဗုဒ္ဓမြတ်စွာသည် ဝါဆိုလပြည့်နေ့ဝယ် ဗာရာဏသီမြို့အနီး ဣသိပတနမိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူပြီးနောက် သောတာပန်ဖြစ်ပြီးသော ထိုပဥ္စဝဂ္ဂီငါးဦးတို့အား အာသဝေါကုန်ခမ်း ရဟန္တာဖြစ်ခြင်းအကျိုးငှာ ဤအနတ္တလက္ခဏသုတ်တော်ကို ဝါဆိုလပြည့်ကျော်(၅)ရက်နေ့၌ ဟောကြားတော် မူပါသည်၊

**သံဂါယနာတင်နိဒါန်းမြန်မာပြန်**

အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးဘုရား အကျွန်ုပ်အာနန္ဒာမထေရ်သည် ဤသို့လျှောက်ထားလတ္တံ့သည့်အတိုင်း မြတ်စွာဘုရားမျက်မှောက်တော်မှ ကြားနာမှတ်သားလိုက်ရပါသည်ဘုရား၊ အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီမြို့အနီး ရှေးခါခေတ်ဟောင်း ရသေ့သူမြတ်အပေါင်းတို့ သက်ဆင်းရာဖြစ်သော သားသမင်အပေါင်းတို့အား ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တောကြီး၌ သာယာရွှင်ပြုံးသီတင်းသုံးတော်မူပါ၏၊ ထိုသို့သီတင်းသုံးတော်မူသောအခါ၌ မြတ်စွာဘုရားသည် အရှင်ကောဏ္ဍညအမှုးရှိသော ရဟန်းတို့ကို "အို-ရဟန်းတို့"ဟူ၍ ခေါ်တော်မူလိုက်ပါ၏၊ ထိုပဥ္စဝဂ္ဂီရဟန်းတို့က "အရှင်ဘုရား"ဟူ၍ မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကြပါကုန်၏၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဤအနတ္တလက္ခဏသုတ်တော်ကို ဟောတော်မူပါသည်၊

**နိဒါန်းအခိပ္ပါယ်**

"ဧဝံ မေ သုတံ မှစ၍ တေ ဒဝေါစ" တိုင်အောင်သော စကားရပ်သည် ပထမသံဂါယနာ တင်စဉ်အခါက အရှင်မဟာကဿပအား အရှင်အာနန္ဒာက လျှောက်ထားသော နိဒါန်းစကားများ ဖြစ်ပါသည်၊ ဤနေရာ၌

ဒူရေနိဒါန်း = ဝေးသောအကြောင်း၊

အဝိဒူရေနိဒါန်း=မနီးမဝေးသောအကြောင်း၊

သန္တိကေနိဒါန်း=နီးသောအကြောင်းဟူ၍နိဒါန်းသုံးမျိုးရှိပါသည်၊

ဒီပင်္ကရာမြတ်စွာဘုရားခြေတော် ခြေတော်ရင်းမှ တုသိတာနတ်ပြည်အထိ ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါးတို့ကို ဖြည့်ကျင့်၊ ဆည်းပူး၊ အားထုတ်တော်မူခဲ့ခြင်းကို ဒူရေနိဒါန်းဟုခေါ်ပါသည်၊ တုသိတာနတ်ပြည်မှ မဟာဗောဓိမဏ္ဍိုင်အထိ အကြောင်းအရာများကို အဝိဒူရေနိဒါန်းဟုခေါ်ပါသည်၊ နီးနီးသောအကြောင်းကတော့ ဗောဓိမဏ္ဍိုင်မှစ၍ တရားဦးဓမ္မစက်ဟောမြွက်တော်မူသည်အထိ အကြောင်းအရာများဖြစ်ပါသည်၊(ဇာတ်အဋ္ဌကထာ)

"ဧဝံ မေ သုတံ"ဟူသောစကားရပ်ဖြင့် အရှင်မဟာကဿပက "ဤအနတ္တလက္ခဏသုတ္တန်ကို အဘယ်ပုဂ္ဂိုလ်သည်၊ အဘယ်ပုဂ္ဂိုလ်အား၊ ဘယ်အချိန်တွင်၊ ဘယ်နေရာ၌ ဟောတော်မူခဲ့ပါသနည်း" ဟု မေးသဖြင့် အရှင်အာနန္ဒာက "မြတ်စွာဘုရားသည်၊ ပဥ္စဝဂ္ဂီရဟန်းတော်တို့အား၊ ဝါဆိုလပြည့်ကျော် (၅) ရက်နေ့တွင်၊ ဗာရာဏသီမြို့အနီး ဣသိပတနမိဂဒါဝုန်တော၌ ဟောကြားတော်မူခဲ့ပါသည်"ဟု လျှောက်

ထားပါသည်၊ ဤအနတ္တလက္ခဏသုတ္တန် ဟောတော်မူသည့် အချိန်၌ အရှင်အာနန္ဒာ မပေါ်သေးပါ၊ မြတ်စွာဘုရားဝါတော်နှစ်ဆယ် နောက်ပိုင်းမှာမှ အရှင်အာနန္ဒာ ပေါ်ပေါက်လာခဲ့ပါသည်၊ သို့သော် အရှင်အာနန္ဒာ၏ဆုရှစ်ပါးတွင် "တပည့်တော်၏မျက်ကွယ်၌ ဟောကြားသောတရားများကို ပြန်၍ ဟောကြားပေးပါဘုရား" ဟု လျှောက်ထားတောင်းဆိုချက်အရ မြတ်စွာဘုရားက ပြန်၍ဟောပြသဖြင့်သိရပါသည်၊

"ဧကံ သမယံ" ဟူသောစကားရပ်ဖြင့် ဤအနတ္တလက္ခဏသုတ္တန် ဟောတော်မူသည့်အချိန်ကို ပိုင်းခြားသတ်မှတ်ပြပါသည်၊ ဘယ်အချိန်မှာ ဟောတော်မူခဲ့ပါသနည်း? **BC** (၅၈၈) မဟာသက္ကရာဇ် (၁၀၃)ခု၊ ဝါဆိုလပြည့်ကျော် (၅)ရက်နေ့ဖြစ်ပါသည်၊ ဒီနေရာမှာဗဟုသုတအဖြစ်ပြောခြင်တာက---

(၁) မဟာသက္ကရာဇ်
(၂) သာသနာသက္ကရာဇ်
(၃) ကောဇာသက္ကရာဇ်
(၄) ခရစ်သက္ကရာဇ်
(၅) ဘီစီ၊ အေဒီ ဟူ၍ရှိပါသည်၊

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ဘိုးတော် အဥ္စနမင်းကြီးနှင့် ကာလဒေဝိလ ရသေ့တို့ ထားခဲ့သောနှစ်ကို မဟာသက္ကရာဇ်ဟုခေါ်ပါသည်၊ အလောင်းတော်ကို မဟာသက္ကရာဇ် (၆၈) ခုနှစ်တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့ပါသည်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး ပထမ သံဂါယနာတင်သောနှစ် အရှင်မဟာကဿပမထေရ်နှင့် အဇာတသတ်မင်းကြီးတို့ ထားခဲ့သောနှစ်ကို သာသနာသက္ကရာဇ်ဟုခေါ်ပါသည်၊ မြန်မာသက္ကရာဇ်ဟုခေါ်သော=ကောဇာသက္ကရာဇ်ကိုလည်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး ပထမသံဂါယနာတင်သောနှစ်မှစ၍ ရေတွက်လာခဲ့ရာ သက္ကရာဇ် (၆၂၂)ခုနှစ်အရောက် သရေခေတ္တရာခေတ် သုမုန္ဒရီမင်းလက်ထက်မှာ ဖြိုခဲ့ပါသည်၊ ထိုမှတဖန် စတင်ရေတွက်လာရာ သက္ကရာဇ် (၅၆၀)ခုနှစ်အရောက် ပုဂံခေတ် ပုပ္ပါးစောရဟန်းမင်းလက်ထက်မှာ တစ်ခါဖြိုခဲ့ပြန်ပါသည်၊ မြန်မာသက္ကရာဇ် ခေါ်သော ကောဇာသက္ကရာဇ်ကို နှစ်ခါဖြိုခံရပါသည်၊ ထို့ကြောင့်(၆၂၂)နှင့်(၅၆၀)နှစ်ရပ်ပေါင်းတော့ (၁၁၈၂) ဖြစ်ပါသည်၊ ထိုနှစ်ခါအဖြိုခံရသော သက္ကရာဇ်ကို မြန်မာသက္ကရာဇ်= ကောဇာသက္ကရာဇ်ဟုခေါ်ပါသည်၊ ယခုရောက်ဆဲ မြန်မာသက္ကရာဇ်(၁၃၆၇)တွင် နှစ်ခါအဖြိုခံရသော သက္ကရာဇ်(၁၁၈၂)ထဲ့၍ ပေါင်းလိုက်လျှင် (၂၅၄၉) ဖြစ်ပါသည်၊ ထိုသက္ကရာဇ်သည် သာသနာသက္ကရာဇ် ဖြစ်ပါသည်၊

**ဆောင်ပုဒ်**

ရောက်ဆဲမြန်မာ၊ နှစ်ကောဇာတွင်၊ ဒွေနှင့်အဋ္ဌ၊ ဧက ဧကာ၊
နှောတုံပါမူ၊ သာသနာ သက္ကရာဇ်၊ မှန်စွာဖြစ်၏၊

သာသနာသက္ကရာဇ်(၅၄၄)ခုနှစ် အရောက်တွင် ခရာဇ်တော်မွေးဖွားခဲ့ပါသည်၊ ထိုအချိန်မှစ၍ ရေတွက်သောနှစ်ကို ခရာဇ်သက္ကရာဇ်ဟုခေါ်ပါသည်၊ ယခုရောက်ဆဲ ခရာဇ်သက္ကရာဇ် (၂၀၀၅) နှင့် (၅၄၄) ပေါင်းလျှင် သာသနာသက္ကရာဇ်(၂၅၄၉)ဖြစ်ပါသည်၊

**သံပေါက်**

ငါးလေးလေးတွင်၊ ခရာဇ်တင်၊ မြတ်ရှင်သာသနာ၊

**BC** ဆိုသည်မှာခရာဇ်တော်မပေါ်ခင် ရေတွက်အပ်သောနှစ်ဟုအဓိပ္ပါယ်ရပါသည်၊(**Before christ)** အလောင်းတော်ကို ဘီစီ(၆၂၃)ခုနှစ်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်၊

**AD** ဆိုသည်မှာခရာဇ်တော်မွေးဖွားပြီးနောက် ရေတွက်အပ်သောနှစ်ဟုအဓိပ္ပါယ်ရပါသည်(**Anno Domini**) ငါတို့ဘုရားသခင်နှစ်ဟု ဖြစ်ပါသည်၊

အနတ္တလက္ခဏ သုတ်တော်ကို ဘယ်အချိန်မှာ ဟောကြားတော်မူခဲ့ပါသလဲဆိုတဲ့ အဖြေကတော့ သာသနာနှစ် (၂၅၄၉)ခုနှစ်တွင် မြတ်စွာဘုရားဝါတော် (၄၅)ဝါထဲ့ပေါင်းသော်(၂၅၉၄)ဖြစ်၏၊ ထို့ကြောင့် "ဤအနတ္တလက္ခဏသုတ္တန်"ကို ယနေ့မှစ၍ ရေတွက်လိုက်လျှင် လွန်ခဲ့သောနှစ် (၂၅၉၄)ခု၊ ဝါဆိုလပြည့်ကျော်(၅)ရက်၊ မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ နေဝင်ခါနီး၊ လထွက်ပြူစအချိန်တွင် ဟောကြားတော် မူခဲ့ပါ

သည်ဟု “ဧကံ သမယံ” ဟူသော စကားရပ်ဖြင့်သိရပါသည်၊ “ဘဂဝါ” ဟူသောပါဠိဖြင့် အဘယ်ပုဂ္ဂိုလ် ဟောခဲ့ပါသနည်း ဟူသောအဖြေကို ပြပါသည်၊

“ဗာရာဏသိယံ”ဟူသောပါဠိဖြင့် ဗာရာဏသာအမည်ရှိသော မြို့ဖြစ်သောကြောင့် ဗာရာဏသီမြို့၊ တနည်းအားဖြင့် မြောက်ဦးခေါင်းနှင့်တူသော ကျောက်တုံးရှိသောကြောင့် ဗာရာဏသီမြို့ဟု ခေါ်ပါသည်၊ ဤမြို့သည် ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူပြီးသော ဘုရားလေးဆူ၏ လက်ထက်မှာနာမည်သုံးမျိုးဖြင့် ထင်ရှားကျော်ကြားခဲ့ပါသည်၊ ကကုသန်မြတ်စွာဘုရား လက်ထက်တွင် “မကိလ”ဟူသောနာမည်ဖြင့် ထင်ရှားခဲ့ပြီး တရားကျင့်ဖေါ်ကျင့်ဖက် ရဟန်း လေးသောင်းကို ဓမ္မစကြာတရားဦး ဟောကြားခဲ့တာလဲ ဒီမြို့ပင်ဖြစ်ပါသည်၊ ကောဏဂုမ်မြတ်စွာဘုရား လက်ထက်တွင် “သုဒဿန”ဟူသော နာမည်ဖြင့် ထင်ရှားခဲ့ပြီး တရားကျင့်ဖေါ်ကျင့်ဖက် ရဟန်းသုံးသောင်းကို ဓမ္မစကြာတရားဟောကြား တော်မူခဲ့ပါသည်၊ ကဿပမြတ်စွာဘုရား လက်ထက်တွင် “ဗာရဏသီ” ဟူသောနာမည်ဖြင့်ထင်ရှားကာ တရားကျင့်ဖက် ရဟန်းတော်ပေါင်း ကုဋေတစ်သိန်းကို ဓမ္မစကြာတရားဟောကြားခဲ့သော မြို့လည်းဖြစ်ပါသည်၊ ဦးဇင်းတို့ ဂေါတမ မြတ်စွာဘုရား လက်ထက်တော်တွင်လည်း “ဗာရာဏသီမြို့တော်”ဟူသောနာမည်ဖြင့်ပင် ထင်ရှားပြီး ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဓမ္မစကြာ ဟောမြွက်တော်မူခဲ့ပါသည်၊ နောက်ပွင့်တော်မူမည့် အရိမေတ္တေယျ ဘုရားရှင်လဲဒီနေရာမှာပဲ တရားဦးဓမ္မစကြာဟောမြွက်တော် မူအုံးမှာဖြစ်ပါတယ်၊ ဤအဓိပ္ပါယ်ကို “ဗာရာဏသိယံ”ဟူသောပါဠိဖြင့် သိစေပါသည်၊

“ဣသိပတနေ” ဟူသောပါဠိဖြင့် ဣသိ=ရသေ့ ရဟန်း၊ ပတန=သက်ဆင်းကျရောက်ရာနေရာ၊ ဆာဒူး၊ ပရဗိုဇ်၊ ရသေ့၊ ရဟန်း၊ ပုဏ္ဏားတို့ လာရောက်၍ တရားအားထုတ်ရာနေရာဖြစ်ခြင်း၊ ဂန္ဓမဒန တောင်တွင် သီတင်းသုံးတော်မူသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကြွလာ၍ ဥပုသ်ပြုရာ နေရာဖြစ်ခြင်း၊ ဘုရားရှင်တို့ တရားဦးဓမ္မစကြာဟောမြွက်တော်မူရာ ဖြစ်ခြင်းကြောင့် “ဣသိပတန” မည်၏ဟု ပြပါသည်၊ “မိဂဒါယေ”ဟူသောပါဠိဖြင့် ရှင်ဘုရင်က ဤတောတွင်း၌ရှိသော သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပဒတ်တို့ကို မဖမ်းရ၊ မပြစ်ရ၊ မညှင်းဆဲရ၊ မသတ်ရဟု အမိန့်ထုတ် ဘေးမဲ့ပေးထားသော တောဖြစ်သည်ဟု သိရပါသည်၊ “ပဉ္စဝဂ္ဂိယေ”ဟူသောပါဠိဖြင့် ငါးဦးအစုရှိသောရသေ့တို့ကို တရားဦးဟောတော်မူပါသည်၊ ဒီနေရာမှာ ပဉ္စဝဂ္ဂီငါးပါးဆိုတာ ဘယ်သူတွေလဲဆိုတော့– သိဒ္ဓတ္ထမင်းသားဘုရား အလောင်းတော်ကို **BC** (၆၂၃)ခု၊ မဟာသက္ကရာဇ်(၆၈)ခု ကဆုံလပြည့်နေ့မှာ ဖွားမြင်တော်မူခဲ့ပါသည်၊ ဖွားမြင်ပြီး ငါးရက်မြောက်နေ့မှာ နာမည်ပေးကင်ပွန်းတပ်မင်္ဂလာ ကျင်းပသောအခါ တိုင်းပြည်မှာရှိတဲ့ ဗေဒင်ဆရာ (၁၀၈)ယောက်ကို ဖိတ်ကြားကာ ထိုတစ်ရာ့ရှစ်ယောက်ထဲက အတော်ဆုံး ဗေဒင်ဆရာ ပုဏ္ဏားရှစ်ယောက်ကိုရွေးပါသည်၊ ရှစ်ယောက်တို့မှာ–ရာမ၊ ဓဇ၊ လက္ခဏ၊ မန္တီ၊ ဘောဇ၊ သုယာမ၊ သုဒတ္တ၊ ကောဏ္ဍညတို့ဖြစ်ပါသည်၊ ထိုရှစ်ယောက်တွင် အကြီးခုနှစ်ယောက်က“ လောကီလူ့ဘောင်မှာနေလျှင် စကြာဝတေးမင်းဖြစ်ပြီး၊ လူ့ဘောင်ခွါရောင်လို့ ရသေ့ရဟန်းဝတ် တောထွက်လျှင် ဘုရားဖြစ်ပါလိမ့်မယ်”လို့ မြွေမသေ ဒုက်မကျိုး သဘောဖြင့် နှစ်ခွဟောကြပါသည်၊ အငယ်ဆုံး ကောဏ္ဍည ပုဏ္ဏားလေးကတော့ “ဧကန်မုချ ဘုရားစင်စစ် ဖြစ်ပါလိမ့်မယ်”လို့ လက်ညှိုး တစ်ချောင်းထောင်ကာ တစ်ခွန်းတည်းသော စကားကိုသာဟောပါသည်၊ အကြီးပုဏ္ဏား (၇)ယောက်က သိဒ္ဓတ္ထမင်းသားလေး ဘုရားဖြစ်ရင် ဒို့အသက်တွေကြီးကုန်ကြပြီ၊ တရားဦးနာရတော့မှာမဟုတ်ဘူးဆိုပြီး သူတို့၏သား(၇)ယောက်ကို ဘုရားဖြစ်ရင် တရားဦးနာရအောင် အငယ်ဆုံးပုဏ္ဏားလေး ကောဏ္ဍညထံ အပ်နှံခဲ့ကြပါသည်၊ နောက်တော့ ကောဏ္ဍညက “သိဒ္ဓတ္ထမင်းသား တောထွက်တရားကျင့်လို့ ဘုရားဖြစ်ရင် တရားဦးနာရအောင် ယခုကတည်းက တောထွက်ပြီးစောင့်ကြစို့ရဲ့”ဟုဆိုကာ ပုဏ္ဏား(၇)ယောက်ကို စည်းရုံးလိုက်တော့ လေးယောက်ပဲ သူ့နောက်ပါလာသည်၊ သူတို့ကတော့“ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ”တို့ဖြစ်ကြပါသည်၊ ကောဏ္ဍည ပုဏ္ဏားနှင့်(၅)ယောက်၊ ဤ အဓိပ္ပါယ်ကို “ပဉ္စဝဂ္ဂိယေ”ပါဠိဖြင့်သိရပါတယ်၊

**မှတ်ချက်** ဆိုအပ်ပြီးသောအဓိပ္ပါယ်ကား ဇာတ်အဋ္ဌကထာပဌမအုပ် စာမျက်နှာ(၆၆၊၆၇)အလိုတည်း၊ မူလပဏ္ဏာသအဋ္ဌကထာကျမ်း၌ကား ဗေဒင်ဟောသော ပုဏ္ဏားငါးယောက်သည်ပင် ပဉ္စဝဂ္ဂီဖြစ်လာသည်ဟုဆိုပါသည်၊

အနတ္တလက္ခဏသုတ်ကို မလေ့လာခင် အတ္တ၏အကြောင်းကို ရှေးဦးစွာလေ့လာရမည်၊ အနတ္တလက္ခဏသုတ်က အတ္တဝါဒကို တွန်းလှန် ဖြိုဖျက်တဲ့သုတ်ဖြစ်ပါတယ်၊ အတ္တဝါဒဘယ်ကစခဲ့ပါသနည်း?

**အတ္တအစ ဗြဟ္မာက**

ကမ္ဘာပျက်သည့်အခါ မီးမလောင် လေမဖျက်ပဲ အထက်ဗြဟ္မာ့ဘုံတွေမှာ ဗြဟ္မာတွေရှိကြပါသည်၊ ထိုဗြဟ္မာများလဲ သက်တမ်းစေ့လို့ စုတိသောအခါ အောက်ပထမစျာန်ဗြဟ္မာ့ဘုံမှာ လာဖြစ်ကြပါသည်၊ အသက်တမ်းအားဖြင့်လဲရှည်ပြီး တစ်ဘုံတည်းမှာ တစ်ပါးတည်းနေနေရတာကြာတော့ပျင်းလာပြီး တောင်းတသတဲ့ ဘယ်လိုတောင့်တသလဲဆိုတော့ "အခုနေများငါ့လိုအဖေါ်တွေ ရောက်လာရင် ကောင်းမှာပဲ "နဲ့ တောင်းတနေတုန်း "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်"ဆိုတာလို အထက်ဗြဟ္မာ့ဘုံကဗြဟ္မာတွေက သက်တမ်းစေ့လို့စုတိပြီး ထိုပထမစျာန်ဗြဟ္မာ့ဘုံမှာလာဖြစ်သတဲ့၊ ဒီလိုလာဖြစ်တော့ ယခင်ရှိနှင့်ပြီးဖြစ်တဲ့ဗြဟ္မာကြီးက နောက်ဗြဟ္မာတွေထက် အရှိန်အဝါအားဖြင့်လဲသာတယ်၊ ကိုယ်ရောင်ကိုယ်ဝါအားဖြင့်လဲ တောက်ပတယ်၊ တန်ခိုးအားဖြင့်လဲကြီးတယ်၊ သူ့ကိုယ်သူလဲ "ဒီဗြဟ္မာတွေ ငါဖန်ဆင်းထားတာ၊ ငါဖန်ဆင်းလို့ဖြစ်လာတာ၊ ငါကဖန်ဆင်းရှင်ပဲ" လို့ အထင်ကြီးနေသတဲ့၊ နောက်မှဖြစ်လာတဲ့ ဗြဟ္မာတွေကလဲ သူတို့ထက် အစစ သာလွန်နေ၊ အသက်တမ်းအားဖြင့်လဲ ပိုရှည်ဆိုတော့ "ငါတို့ကိုဖန်ဆင်းတာ ဗြဟ္မာကြီးပဲ၊ ဒီဗြဟ္မာကြီးက ငါတို့ရဲ့ဖန်ဆင်းရှင်ပဲ"ဆိုပြီး အထင်ကြီးနေကြပြန်တယ်၊ ဒီလိုနဲ့ စုတိပြီး လူ့ပြည်လာဖြစ်ကြတယ်၊ လူ့ပြည်ရောက်တော့ ဗြဟ္မာ့ပြည်ကလာတာမို့ ငါးပါးအာရုံကာမဂုဏ် ခံစားလိုစိတ်မရှိကြဘူး၊ ဒါနဲ့ တောထွက် ရသေ့ ရဟန်းဝတ် တရားအားထုတ်လို့ ဈာန်အဘိညာဉ်များ ရလာကြပါတယ်၊ အဘိညာဉ်တံခိုးဖြင့် ကြည့်လိုက်တဲ့အခါ ငါတို့ဗြဟ္မာ့ပြည်ကလာခဲ့ကြတာပါလား၊ ငါတို့ရဲ့ဖန်ဆင်းရှင် ဗြဟ္မာကြီးရှိသေးတယ်၊ သူကဖန်ဆင်းလို့ ငါတို့လူလာဖြစ်ကြတာ၊ ဗြဟ္မာကြီးကတော့ ထာဝရမြဲမြံ ခိုင်ခံ့ တည်တံ့တယ်၊ ဘယ်တော့မှမပျက်စီးတော့ဘူး၊ လူ နတ် ဗြဟ္မာ တိရစ္ဆာန် သစ်ပင် တော တောင် မြစ် ချောင်း အင်းအိုင် သမုဒ္ဒရာတွေကို ဒီဗြဟ္မာကြီးက ဖန်ဆင်းတာဆိုပြီး သူတို့ကတစ်ဆင့်ဟောကြ ပြောကြလို့ လူတွေကလဲ ဖန်ဆင်းရှင်မဟာဗြဟ္မာကြီးဆိုတာရှိတယ်၊ ထာဝရတည်တံ့တယ်၊ ဘယ်တော့မှမပျက်စီးတော့ဘူးလို့ ယုံကြည်လက်ခံနေကြတယ်၊ ဒီတော့အတ္တဝါဒ၊ ဖန်ဆင်းရှင်ဝါဒဆိုတာ ဗြဟ္မာ့ပြည်ကစခဲ့တာပါလို့ သဂြိုဟ်ဘာသာဋီကာမှာ မိန့်ဆိုထားပါတယ်၊

**အတ္တ နှစ်မျိုး**

ပရမအတ္တ=ထာဝရ မြဲမြံ ခိုင်ခံ့ တည်တံ့တဲ့ မဟာဗြဟ္မာကြီးကို ပရမအတ္တ (ဘုရားသခင်တည်း) ဇီဝအတ္တ=သတ္တဝါတွေရဲ့ အသက်ကိုတော့ ဇီဝအတ္တ၊ လူတွေ နတ်တွေ ဗြဟ္မာတွေ အပါယ်ဘုံသားတွေရဲ့ အတ္တက ဇီဝအတ္တ၊ ခန္ဓာသာပျက်စီးသွားပေမဲ့ အတ္တက ဘယ်တော့မှပျက်စီးသည်မရှိပါ၊ ဒီဘဝ ဒီခန္ဓာပျက်စီးသွားရင် လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ တိရစ္ဆာန်ဘဝဆိုတဲ့ ဘဝသစ် ခန္ဓာသစ်မှာပြောင်းလို့ တည်နေပါတယ်၊ ကုသိုလ်ကံအားလျော်စွာ လူ နတ်ဖြစ်တော့ လူ့ခန္ဓာ နတ်ခန္ဓာထဲမှာ ပြောင်းလို့တည်နေတယ်၊ တိရစ္ဆာန်ဖြစ်တော့ တိရစ္ဆာန်ခန္ဓာထဲမှာတည်နေတယ်၊ ဒါကိုတော့ဇီဝအတ္တလို့ ခေါ်ပါတယ်၊

**အနိစ္စနှင့် ဒုက္ခ**

သာသနာပတုန်းက အလောင်းတော်ကြီးတွေ သူတော်ကောင်းကြီးတွေက ဘာတရားဟောကြသလဲဆိုတော့ "သင်တို့ တစ်နေ့ကြ အိုရမယ်၊ နာရမယ်၊ သေရမယ်၊ သင်တို့ခန္ဓာမမြဲဘူး၊ ဆင်းရဲအစုဖြစ်တယ်၊ ပေါ့ပေါ့ဆဆ မနေကြနဲ့၊ ဒါန သီလ သမထဘာဝနာအလုပ်တွေ ကျိုးစားအားထုတ်ကြ" လို့ဟောသတဲ့၊ မမြဲဘူးဆိုတာက အနိစ္စ၊ ဆင်းရဲအစုဆိုတာ က ဒုက္ခ၊ အနိစ္စနဲ့ဒုက္ခ၊ ဒီနှစ်မျိုးပဲ ဟောကြတယ်၊ အစိုးမရ အနတ္တဆိုတဲ့တရားကိုတော့မဟောကြဘူးတဲ့၊ အတ္တဝါဒလွှမ်းမိုးနေတာဖြစ်လို့ အစိုးမရဆိုတဲ့စကားကို အလောင်းတော်ကြီးများသည်ပင် မဟောခဲ့ကြပါ၊ ကြားလဲ မကြားဘူးကြဘူးတဲ့၊ အခုတော့ ဦးဇင်းတို့ သင်တန်းသူ သင်တန်းသားတွေက လွယ်လွယ်နဲ့ကြားသိနေရတော့ အပေါစားဖြစ်နေတာပေါ့၊ ရှေးတုံးက ခလုတ်တိုက်မိလို့ ယောင်ရမ်းပြီးပြောကြတာတောင် "အနိစ္စ၊ အနိစ္စ၊ ဒုက္ခ၊ ဒုက္ခ"နဲ့ ယောင်ကြသတဲ့၊ ဒါကတော့ သာသနာပ အတ္တအခြေ အနေလေးကို အနည်းငယ်တင်ပြခြင်းဖြစ်ပါတယ်၊

## ဥစ္ဆေဒအယူနှင့်သဿတအယူ

တစ်ချို့ ဥစ္ဆေဒဝါဒီသမားတွေက အတ္တက ခန္ဓာကိုလွှမ်းမိုး အုပ်ချုပ် ချယ်လှယ်နေတယ်၊ အတ္တခိုင်းသမျှ ခန္ဓာကလုပ်ပေးနေရတယ်၊ ခန္ဓာပျက်စီးသွားရင် အတ္တပါပျက်စီးသွားတယ်၊ နောက်ဘဝ နောက်ခန္ဓာအတွက် အတ္တအသစ်ကိုတော့ ဘုရားသခင်ကဖန်ဆင်းပေးတယ်လို့ ယူဆကြတယ်၊ သဿတဝါဒီအယူရှိသူတွေကတော့ ဒီလိုမဟုတ်ဘူး၊ ခန္ဓာပျက်စီး သွားပေမဲ့ အတ္တကမပျက်မစီးပဲ၊ နောက်ဘဝသစ်၊ ခန္ဓာသစ်မှာ ပြောင်းလို့တည်နေတယ်၊ ခန္ဓာသစ်မှာ စီမံအုပ်ချုပ်နေတယ်လို့ ယူဆကြပါတယ်၊ အတ္တက ပရမတ္ထတရားမဟုတ်လေတော့ အမျိုးမျိုးပြောဆို ယူဆနေကြတာကို အနည်းငယ်လေ့လာ ကြည့်ကြပါစို့---

## အတ္တ၏တည်ရာနှင့်ပုံသဏ္ဍာန်

အတ္တက ခန္ဓာကိုယ်တစ်ခုလုံးမှာ ပျံ့နှံ့ပြီးတည်နေပါသတဲ့၊ မျက်စိမှာလဲ အတ္တတည်တယ်၊ နားမှာလဲ အတ္တတည်တယ်၊ နှာခေါင်းမှာလဲ အတ္တတည်တယ်၊ ပါးစပ်မှာလဲ အတ္တတည်တယ်၊ လက် ခြေ တို့မှာလဲအတ္တတည်တယ်၊ ခန္ဓာကိုယ်အတ္တဘောကြီးရင် အတ္တလဲကြီးသည်၊ အတ္တဘောသေးရင် အတ္တလဲသေးတယ်ပေါ့၊ ဥပမာ-ဆင်ကြီးရဲ့အတ္တဆိုရင် အရွယ်အစားကြီးပြီး၊ ရေပိုး ရေမွှားတိရစ္ဆာန်များ၏ အတ္တဆိုလျှင်သေးပါသည်၊ ဒါက နိဂဏ္ဌနာဋပုတ္တ=ဂျိမ်းဆရာတို့၏အယူဖြစ်ပါတယ်၊

တစ်ချို့ဆရာများက ဟဒယဝတ္ထုခေါ်တဲ့ နှစ်လုံးသားမှာတည်နေပါသတဲ့၊ တစ်ချို့ကတော့ နှစ်လုံးသားမှအထက် နှာခေါင်းပေါက်အထိ တက်သွားတဲ့ အကြောမနှစ်ခုနဲ့ ငယ်ထိပ်အထိတက်သွားတဲ့ အကြောမတစ်ခု ဒီသုံးခုရဲ့အလယ်မှာ အတ္တကတည်နေပါသတဲ့၊ ပုံသဏ္ဍာန်ကဘယ်လောက်ကြီးသလဲဆိုတော့-ပရမာအဏုမြူလောက်သာရှိသည်တဲ့၊ တစ်ချို့ကတော့စာမရီသားမှီးဖျားလောက်ရှိသတဲ့၊ စာမရီသားမှီးဖျားမမြင်ဖူးရင် ဥခေါင်းပေါ်ကဆံပင်ကို အစိတ်တစ်ရာစိတ်ကြည့်၊ ကန့်လန့်ဖြတ်စိတ်ရမှာ မဟုတ်ဖူးနော်၊ ဆံပင်ကိုအရှည်လိုက်စိတ်ရမှာ၊ ခေါင်းရိတ်ဓားနဲ့ စိတ်လို့လဲမရပါဘူး၊ ဉာဏ်နဲ့စိတ်ရမှာပါ၊ အစိတ်တစ်ရာစိတ် တစ်စိတ်သော ပမာဏလောက်ရှိပါသတဲ့၊ ဒါကတော့ အတ္တရဲ့အရွယ်အစား အတ္တရဲ့ပုံသဏ္ဍာန်ဖြစ်ပါတယ်၊

## အတ္တ၏နာမည်

"အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်၊ အတ္တကောင်၊ ဇီဝ"ဆိုပြီး နာမည်ငါးမျိုးနဲ့ ယခုအထိ တန်ခိုး ထွားနေဆဲပါ၊ တစ်ချို့ပုဂ္ဂိုလ်တွေက အသက်၊ တစ်ချို့က လိပ်ပြာ၊ တစ်ချို့က ဝိညာဉ်၊ တစ်ချို့က ဇီဝစသည်ဖြင့် ပရိယာယ် ငါးမျိုးနဲ့ **popular** ဖြစ်ကာ ရေပန်းစားလို့နေပါတယ်၊

## အတ္တ၏အစွဲအလမ်း

ဘုရားမပွင့်ခင်ကတည်းက စွဲလာတဲ့အတ္တ၊ ယခုဘုရားပရိနိဗ္ဗာန်စံတာ(၂၅၄၉)နှစ် ရှိသွားပေမဲ့ အတ္တ၏အစွဲအလမ်းကား ယခုထိမပျောက်သေးပါ၊ လူတစ်ယောက်သေသွားရင် ဘယ်လိုပြောကြလဲ "ဝိညာဉ်ချုပ်တယ်"လို့ပြောကြတယ်၊ ဝိညာဉ်ဆိုတာ အတ္တရဲ့ပရိယာယ်ပါ၊ တစ်ချို့က "အသက်ထွက်တယ်" အသက်ဆိုတာလဲအတ္တပင်မဟုတ်ပါလား၊ တစ်ချို့က ပြောကြသေးတယ်၊ အသက်ကမျက်စိပေါက်ကထွက်သွားတယ်၊ နားပေါက်ကထွက်သွားတယ်၊ နှာခေါင်းပေါက်ကထွက်သွားတယ်စသည်ဖြင့်ပြောတပ်ကြသေးသည်၊ အမှန်ကတော့အသက်က ဘယ်အပေါက်ကမှထွက်သွားတာမဟုတ်ပါ၊ စုတိစိတ်၏အခြားမဲ့မှာတစ်ဘဝအတွက် ရုပ်အသစ် နာမ်အသစ်တွေ ဆက်မဖြစ်တော့ပဲ ချုပ်ငြိမ်းသွားတာကိုပဲသေတယ်လို့ ခေါ်ရတာပါ၊ "အာယု=ခေါ်တဲ့ဇီဝိတရုပ်၊ ဉသ္မ=ခေါ်တဲ့အပူငွေ့၊ ဝိညာဉ်=ခေါ်တဲ့အသိစိတ်" ရုပ်ဇီဝိတ၊ အပူငွေ့၊ အသိစိတ် ဒီသုံးပါးပြတ်စဲသွားတာကို သေတယ်လို့ ခေါ်ပါတယ်၊

## ပါယာသိမင်း၏အသက်ရှာပုံ

တစ်ခါက ပါယာသိမင်းဆိုတာရှိတယ်၊ သူ့အယူက"နတ္ထိ ပရောလောကော=နောက်ဘဝမရှိ၊ နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော=ကုသိုလ် အကုသိုလ်တို့၏အကျိုးမရှိ"လို့ မိစ္ဆာအယူရှိသူ ဖြစ်ပါတယ်၊ ပရလောကကိုမယုံလေတော့ လူသေရင်အသက်ထွက်ပြီး နောက်ခန္ဓာပြောင်းဖြစ်တယ်ဆိုတာကို

စုံစမ်းလိုသတဲ့၊ ဒါနဲ့ သေဒါဏ်ကျခံထားရတဲ့ အကျဉ်းသားတစ်ယောက်ကို စဉ့်အိုးထဲထဲ့၊ အဖုံးပိတ်၊ အပေါ်က ရွှံ့နဲ့မန်ပြီး မီးနဲ့ရှို့သတ်တယ်၊ ဒါကဘာလုပ်တာလဲဆိုတော့ ထွက်သွားတဲ့အသက်ကိုရှာတာပါ၊အကျဉ်းသားသေတော့အဖုံးဖွင့် ထွက်သွားတဲ့အသက်ကို အိုးထဲမှာလိုက်ရှာသော်လဲ ဘယ်နေရာမှမတွေ့ခဲ့ရပါ၊ အသက်ခေါ်တဲ့ အတ္တကိုရှာခြင်းဖြစ်ပါတယ်၊ *(မဟာဝဂ္ဂ၊ပါယာသိသုတ်)*

## သေခါနီးနိမိတ်သုံးမျိုးထင်ရပုံ

လူတိုင်းလူတိုင်း လူမျိုးမရွေး ဘာသာမရွေး သေခါနီးရင် နိမိတ်သုံးမျိုးထင်ရပါတယ်၊ ကိုယ်ပြု ခဲ့တဲ့ ကုသိုလ်ကံအကုသိုလ်ကံ၊ထိုကံရဲ့ အဆောင်အယောင်ဖြစ်တဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်းအစရှိတဲ့ အာရုံတွေ၊ အကုသိုလ်ဘက်က ဓား လှံ လေး၊ မျှား အစရှိတဲ့အာရုံတွေက ကမ္မနိမိတ်၊ နောက်ဘဝရဲ့ အာရုံနိမိတ်တွေ၊ နတ်ပြည်ရောက်မယ်ဆိုရင်နတ်သား နတ်သ္မီး ဥယာဉ်၊ ဗိမာန် ပဒေသာပင်စသည်လာထင်ရပါသည်၊ လူ့ပြည်ရောက်မယ်ဆိုရင် အမိဝမ်းရေနီရဲရဲ၊ ငရဲကျမည့်သူဆိုရင် ငရဲအိုး ငရဲထိန်း၊ ငရဲမီး၊ ခွေးနက်ကြီးစသည်၊ ပြိတ္တာဖြစ်ရင် သစ်ပင် တော တောင် ချောင်း မြောင်းစသည် ထင်လာရပါသည်၊ ဒါကတော့ ဂတိနိမိတ်ခေါ်ပါတယ်၊ သေခါနီးမှာ ဒီကံ ကမ္မနိမိတ် ဂတိနိမိတ်သုံးမျိုး တစ်မျိုးမျိုးထင်ပြီး စုတိစိတ်၏ အခြားမဲ့မှာ ဘဝသစ်ရဲ့ ထောက်ရာတည်ရာ ဖြစ်တဲ့၊ ဘဝဟောင်းနဲ့ ဘဝသစ်ကိုဆက်ဆပ်ပေးတဲ့ ရုပ်သစ်နာမ်သစ်တွေဆက်ပြီး ဖြစ်တာကို ပဋိသန္ဓေနေတယ်လို့ ခေါ်ပါတယ်၊ ဘယ်အသက်ကောင် လိပ်ပြာကောင် ဝိညာဉ်ကောင်ကမှ ခန္ဓာသစ်ထဲဝင်ပြီး လွှမ်းမိုး အုပ်ချုပ် ခြယ်လှယ်တာမျိုးမရှိပါ၊

## လောက်လမ်းသဖွယ်ဝိညာဉ်တွယ်

လောကမှာ ပြောကြတာ ရှိပါသေးသည်"လောက်လမ်းသဖွယ် ဝိညာဉ်တွယ်"တဲ့ ပိုးလောက်များဟာ ရှေ့မှာ ထောက်ရာ တည်ရာ မှီရာရမှ နောက်ကလွှတ်ကြသလို သတ္တဝါတို့၏ အသက်ဝိညာဉ်ကလဲ မိမိဖြစ်ရမည့် ဘဝသစ်မှာပဋိသန္ဓေနေပြီးမှ ဘဝဟောင်းကစုတိသည်၊ ဝိညာဉ်ချုပ်သည်ဟု ပြောကြသည်၊ "တဿာနန္တရမေဝ-ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ဘဝန္တရေ ပတိဋ္ဌာတိ"တဲ့ ဘဝသစ်မှာ ပဋိသန္ဓေနေပြီးမှ ဘဝဟောင်းကဝိညာဉ်ချုပ်သည်၊ စုတိသည်ဆိုသည်မှာ မဟုတ်ပါ၊ စုတိပြီး သေပြီးတာနဲ့ တပြိုင်နက် ဘဝသစ်မှာ ပဋိသန္ဓေနေပါသည်၊"လောက်လမ်းသဖွယ် ဝိညာဉ်တွယ်"ဟူသော အတ္တဝါဒီပုဂ္ဂိုလ်တို့၏ အယူအဆ မမှန်ဟုမှတ်ပါ၊

## ဝိညာဉ်တွယ်ပက်(၇)ရက်

တစ်ချို့ကပြောကြတာရှိပါသေးသည်၊ သေပြီးနောက် အသက်ဝိညာဉ်က (၇)ရက်အိမ်မှာနေသည်၊ (၇)ရက်ပြည့်မှ အိမ်ကနေ လွတ်လွတ် ကျွတ်ကျွတ်ထွက်သွားသည်ဟု အယူရှိသဖြင့် (၇)ရက်ပြည့်မှ ရက်လည်ဆွမ်းသွတ်ကြပါသည်၊ ဒီအယူကတော့ မြန်မာပြည်မှာ ယနေ့အထိ ယူဆနေကြတုန်းပါပဲ၊ "တဿာနန္တရမေဝ"ဟူသောစကားကိုထောက်၍ ဗုဒ္ဓဝါဒနှင့်မကိုက်ညီပါ၊ အရှင်အနုရုဒ္ဓါ၏စကားနှင့်လဲဆန့်ကြင်နေတာကြောင့် အထူးသတိထားသင့်ကြပါသည်၊ (၇)ရက်ပြည့်မှရက်လယ်သည်၊ ဆွမ်းသွတ်ကောင်းသည်ဟူသော စကားကလည်းမမှန်ပါ၊ (သင်္ဂဟအဋ္ဌကထာ)

## အတ္တစွဲပုံ နည်းမျိုးစုံ

လူတစ်ယောက်သေရင် ပါးစပ်ထဲ အကြွေတမတ်ထဲ့ကြပါတယ်၊ သက်ဆိုင်သူကာယကံရှင်များက မေ့နေတောင်မှတပ်သိနားလည်သည့် လူကြီးသူမများက "ဟဲ့ဟဲ့ ပါးစပ်ထဲ အကြွေတမတ်ထဲ့လိုက်" နဲ့ သတိပေးကြတယ်၊ ဘာအတွက်လဲဆိုတော့ "အတ္တ" က ချောင်းတို့ မြစ်တို့ ကူးတဲ့အခါကူးတို့ခပေးဘို့တဲ့၊ နေ့စဉ်နှင့်အမျှလူတွေကလဲနာရီတိုင်း နေ့တိုင်း ရက်တိုင်း လတိုင်း နှစ်တိုင်း နေရာတိုင်းမှာ သေနေကြတာပါ၊ ကိုယ့်တစ်နေရာထဲ တစ်ရပ်ကွက်ထဲမှမဟုတ်ပဲ၊ တနိုင်ငံလုံး အတိုင်းအတာနဲ့ ကြည့်လိုက်တော့ မနဲလှပေဘူး၊ ဗမာပြည်မှာ အကြွေရှားသွားတာ ဒီအကြောင်းတစ်ခုပါလိမ့်မယ်ထင်တယ်၊

တစ်ချို့အဖိုးအဖွားတွေက ဆေးလိပ်သိတ်ကြိုက်တယ်၊ ရှမ်းဖက်ကို မန်ကျီးရေလေးနဲ့စိမ်ပြီး ကိုယ်တိုင်လိပ်၊ ဆိတ်ငြိမ်ရာသွား၊ မီးခိုးတလူလူနဲ့ ဖိမ်ခံနေတပ်ကြတယ်၊ အဲဒီ အဖိုး အဖွားတွေသေတော့

သားသမီးတွေက ဘာလုပ်ကြသလဲ၊ အခေါင်းပေါ်ဆေးလိပ်နဲ့ မီးခြစ်တင်ပေးထားတယ်၊ ဒါဘာလုပ်တာလဲ ဆိုတော့"အတ္တ"ကိုဆေးလိပ်တိုက်တာပါ၊ တစ်ချို့မုန့်ဟင်းခါးကြိုက်တော့မုန့်ဟင်းခါးပုဂံ၊ လဘက်ကြိုက် တော့ လဘက်ပုဂံလေး အခေါင်းပေါ်တင်ထားကြတယ်၊ ဝိညာဉ်ခေါ်တဲ့ အတ္တကိုအစာကျွေးကြတာ မဟုတ် ပါလား၊ နောက်ရှိသေးတယ် ကလေးတွေလန့်ပြီးငိုတဲ့အခါ "လိပ်ပြာလွင့်တယ်တဲ့"သေဆုံးသူရဲ့လိပ်ပြာက သူ၏အချစ်ဆုံးပုဂ္ဂိုလ်ရဲ့လိပ်ပြာကို လာခေါ်နေတယ်၊ ဒီအခါမှာ တတ်သိနားလည်တဲ့ပုဂ္ဂိုလ်များက မန်းမှုတ် ငယ်ထိပ်လေးပုတ်ပြီး အပ်ချည်ကြိုးလေးနဲ့ ချီပေးကာ လိပ်ပြာခွဲပေးကြပါတယ်၊ ဒါကိုတော့" လိပ်ပခြုပ် ကြိုး" သို့မဟုတ်"လိပ်ပြာခြုပ်ကြိုး"လို့ ခေါ်ကြပါတယ်၊ လိပ်ပြာဆိုတာလဲ အတ္တရဲ့ပရိယာယ်ပင်မဟုတ်ပါ လား၊ နောက်တစ်ခုကရေအိုးခွဲတဲ့အယူအဆရှိသေးတယ်၊အလောင်းကို အိမ်ထဲက ထုတ်သွားလျှင် မြေအိုး ဖင်က အနည်းငယ်ဖေါက် နောက်ပြန်လှဲ့ကာ ရေတစက်တစက်ချ အလောင်းအိမ်ပြင်ရောက်သွားတော့မှ ရေအိုးကို"ဗွမ်း"ဆို ခွဲပြစ်တာရှိသေးသည်၊ဒါကတော့ အသကမင်းကြီးရဲ့ထုံး နှလုံးမူပြီး အသက်ဝိညာဉ် အိမ်ထဲကျန်နေမှာစိုးလို့ ရေဆေးပြီး ရှင်းပြစ်တဲ့အဓိပ္ပါယ်ပါဘဲ၊ *(အသကဇာတ်တော်)*

နောက်ဒကာမကြီးတစ်ယောက်ကြားဖူးတယ်၊ သူ့ယောကျ်ားက ညနေတိုင်းအရက်သောက် မူးလာ ရင် ရိုက်တော့တာပဲတဲ့ အိမ်နီးနားချင်းတွေ အကူအညီတောင်းလို့ ဘေးကလူတွေကလဲ သိပ်သီးမခံနိုင် ကြတော့ပဲ အရက်သမားကို ဝင်ရိုက်လို့ လဲသွားတဲ့အခါ မိန်းမကအော်သတဲ့"ကယ်ကြပါအုံးရှင် ကျွန်မ ယောကျ်ား ဝိုင်းရိုက်လို့"တဲ့၊ အဲဒီဒကာကြီးအသဲကွဲမ်းပြီးသေတော့ မိန်းမလုပ်သူကသုဿာန်သွား၊ မြေပုံ ပေါ်မှာ အရက်ပုလင်းနဲ့ ငါးကြော်ပုဂံ၊ တင်ထားတယ်၊ ကာလသားတွေကတွေ့တော့ ယူစားကြ၊ နောက်နေ့ တစ်ခါလာ "မောင်ကအရက်လဲကုန်တယ်၊ ငါးကြော်လဲပြောင်တယ်"ပြောပြီး အရက်နဲ့ ကြက်သားကြော် တင်ထားခဲ့ပြန်တယ်၊ ကာလသားတွေကယူစားပစ်လိုက်၊ အချိန်ကြတော့လာပြန်တယ်"မောင်ကအရက် နဲ့ကြက်သားကြော်ဆို သိတ်ကြိုက်တာဆိုပြီး အတော်ကြာကြာ ဒီလိုလုပ်နေသတဲ့၊ ဒါအတ္တကို အစာကျွေး အရက်တိုက်နေခြင်းပင်ဖြစ်ပါတယ်၊ အတ္တအစွဲကသိတ်ကြီးပါတယ်၊

တစ်ချို့အရပ်တွေမှာ အခေါင်းထဲ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ အင်္ကျီ၊ လုံချည်များထဲ့ပေး လိုက် ကြသေးသည်၊ တစ်ချို့ပုဂ္ဂိုလ်များကြတော့ သေဆုံးသူအတွက် လိပ်ပြာနေဘို့ အိမ်ဆောက်ပေးကြသေး သည်၊ ဆင်းရဲလျှင် ဆင်းရဲသလို ချမ်းသာလျှင်ချမ်းသာသလို အိမ်ကြီးကြီး သားသားနားနား ဆောက်ပေး ကြပါသည်၊ အတ္တခေါ်တဲ့ လိပ်ပြာကောင်နေဘို့အိမ်တဲ့၊ ဒါတွေအားလုံးဟာ အတ္တစွဲနဲ့ ပြုလုပ်နေကြခြင်း သာဖြစ်ပါတယ်၊ ကလေးတွေ "ဟပ်ချိုး"လို့ ချီလိုက်တဲ့အခါ ရှေးတုံးကဘယ်လိုပြောကြသလဲဆိုတော့ "ဇီဝတု" အသက်ရှည်ပါစေ၊ နောက်တော့ "တု"ဖြုတ်၊ ဇီဝ=အသက်ရှည်ပါစေ၊ နောက် "ဝနဲ့ဗ"ပြောင်း၊ "ဇီဗ"ဖြစ်လာ၊"ဇီဗကဆိဗ"ဖြစ်လာ၊ "ဗမှဖွ"ပြောင်း "ဆိဖွ"ဖြစ်လာ၊ နောက်ကြာလာတော "ဆိတ်ဖွား" ဖြစ်လာတယ်၊ "ဟပ်ချိုးဆိုရင် ဆိတ်ဖွား=အသက် တစ်ရာ အနာကင်းပါစေ"လို့ လဲပြောတပ်ကြပါသည်၊ ဒါတွေဟာ အတ္တရဲ့ပရိယာယ်များသာဖြစ်ပါတယ်၊

အနတ္တလက္ခဏာသုတ်ကို မြတ်စွာဘုရားဟောတော်မူတာက အတ္တဝါဒကိုတွန်းလှန်ခြင်လို့ ဟောရ တာပါ၊ ရှေးဦးစွာ အတ္တရဲ့ပုံသဏ္ဍာန်၊ အတ္တရဲ့တည်နေရာ၊ အတ္တရဲ့နာမည်၊ အတ္တရဲ့သတ္တိ၊အတ္တရဲ့စွဲချက် ဤ ငါးချက်ကို နားလည်အောင် လေ့လာရပါမည်၊ အတ္တရဲ့တည်နေရာကို ပြောပြီးပါပြီ၊ အတ္တရဲ့ပုံသဏ္ဍာန်က လုံးလုံးလား၊ ပြားပြားလား၊ ရှည်ရှည်လား၊ ချွန်ချွန်လား၊ လေးထောင့်လား၊ တိရိဂံလားဆိုတော့ မဟုတ် ပါ၊ ပြောပြီးပြီနော်၊

## အတ္တသတ္တိငါးပါးရှိ

ကာရကသတ္တိ= ပြုရေးပြုရာ ပေါ်ပေါက်လာလျှင် လျော်စွာတစ်ခုခုဖြင့် ပြုစုလည်းပြုစုတပ်ပေ၏၊ ဥပမာ–စကားပြောတဲ့ခါ အတ္တကစီမံပေးလို့ ပါးစပ်လှုပ်၊ နှုပ်ခန်းလှုပ်ပြီး စကားလုံးလေးတွေ တစ်လုံးစီ တစ်လုံးစီ စီပြီးထွက်လာတာ အတ္တကအမိန့်ပေးလို့တဲ့၊ အတ္တက လက်ကိုကွေးချင် ဆန့်ချင်ရင်လဲ လက်က ကွေးဆန့်ပေးရတယ်၊ အတ္တက လမ်းသွားချင်လဲ ဘယ်တစ်လှမ်း ညာတစ်လှမ်း လှမ်းပြီးသွားပေးရပါတယ်၊ ဝါယောရုပ်က လှုပ်ရှားနေသည်မဟုတ်ပါ၊ ဒါအတ္တရဲ့ ကာရက သတ္တိဖြစ်ပါတယ်၊

ဝေဒကသတ္တိ=ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးကို အကျိုးလျော်ကန် ပေါ်လာပြန်လျှင် ခံစံလည်း ခံစံတပ်ပေ၏၊ ရူပါရုံလှလှလေးမြင်ရလို့ သုခသောမနဿ စိတ်ချမ်းသာမှုဖြစ်ရင်လဲ အတ္တကပဲခံစားသည်၊

မကောင်းသောအာရုံဖြစ်တဲ့ခွေးသေကောင်ပုတ်မြင်ရလို့စိတ်ဆင်းရဲလဲအတ္တကပင်ခံစားသည်၊ အသံကောင်းကောင်းကြားရလို့ သာယာတပ်မက်လျှင်လည်း အတ္တကပင်ခံစားသည်၊ မိမိကိုဆဲသံ ဆိုသံ ကြိမ်းမောင်းသံ အတင်းပြောသံစသည်ကြားရလို့ စိတ်မချမ်းမသာဖြစ်လည်း အတ္တကပင်ခံစားပါသည်၊ အနံ့ကောင်းကောင်း အရသာကောင်းကောင်း၊ အတွေ့အထိကောင်းကောင်းစသည် နံ စား တွေ့ ထိရလျှင်လဲ အတ္တကပင်ခံစားပါသတဲ့၊ ဒါ အတ္တရဲ့ ဝေဒကသတ္တိဖြစ်ပါတယ်၊

သာမီသတ္တိ=ခန္ဓာအိမ်ဆိုင်သမျှ၌ ပိုင်သအုပ်စီး အရှင်သခင်ကြီးပေတည်း၊ ခန္ဓာရဲ့ပိုင်ရှင်ကအတ္တပါ၊ ဒါဘယ်သူ့ ခန္ဓာလဲ၊ ဒါကျုပ်ခန္ဓာလေ၊ ကျုပ်မျက်စိ၊ ကျုပ်လက်၊ ကျုပ်ခြေစသည် ခန္ဓာရဲ့အစိတ်အပိုင်း မှန်သမျှ အတ္တကပိုင်ပါသည်၊ "အတ္တပြုသမျှ၊ နုနေရသည့်ခန္ဓာပါ" အတ္တခိုင်းသလို မဆိုင်းမတွ လုပ်နေရ တာပါ၊

နိဝါသီသတ္တိ=ဟောင်းခန္ဓာအိမ် ပျက်သည့်ချိန်ဝယ် ခန္ဓာအိမ်သစ် ပြောင်းကာဖြစ်၍ စနစ်မကွဲ အမြစ်တွဲလျက် တကတဲမှီအမြဲတည်တဲ့သဘောပေတည်း၊ခန္ဓာအိမ်အဟောင်း ပျက်သွားပေမယ်လို့ အတ္တက တော့ပျက်သွားသည်မရှိပါ၊ နတ်ခန္ဓာပျက်စီးသွားတော့ နောက်နတ်ခန္ဓာသစ်၊ လူ့ခန္ဓာပျက်စီးသွားတော့ နောက်လူ့ခန္ဓာသစ်၊ တိရစ္ဆာန်ခန္ဓာပျက်စီးသွားတော့ နောက်တိရစ္ဆာန်ခန္ဓာအသစ်မှာ ပြောင်းလျက်တည် နေပါသည်၊ ကုသိုလ်ကံ အကုသိုလ်ကံအားလျော်စွာ ကြုံသလို ပုံစံအမျိုးမျိုးနဲ့ ခန္ဓာအမျိုးမျိုးမှာ ပြောင်း လျက်တည်နေပါသည်၊

သယံဝသီသတ္တိ=ခန္ဓာအိမ်မှု အစုစု၌ တစ်ခုမကျန် စီမံခွဲဝေ မိမိနှစ်ချိုက် စနစ်ကိုက်အောင် လိုက် ပါစေနိုင်သော သဘောပေတည်း၊ အတ္တကအားလုံး စီမံပေးနေပါသည်၊ ရေချိုးချင်ရင် ရေချိုးပေးရ၊ ထမင်း ဆာရင် ထမင်းကျွေးပေးရ၊ ရေဆာရင် ရေတိုက်ပေးရ၊ အိပ်ချင်တယ်ဆို သိတ်ပေးရ၊ အပေါ့အပါးသွားချင် သွားပေးရစသည်ဖြင့် အတ္တအလိုကျ၊ အတ္တသဘောကျ ပြုစီမံပေးရပါသည်၊

## အတ္တစွဲချက် ငါးမျိုးစွက်

အတ္တ၏ စွဲလမ်းရာဌာန ငါးမျိုးရှိပါသည်၊ ဖေါက်ပြန်တတ်တဲ့ ရုပ်တရားကိုလည်း အတ္တကစွဲလမ်း သည်၊ ခံစားမှု ဝေဒနာကိုလည်း အတ္တကစွဲလမ်းသည်၊ မှတ်သားမှုသညာကိုလည်း အတ္တကစွဲလမ်းသည်၊စေ့ ဆော်တိုက်တွန်းမှုသင်္ခါရ တရားကိုလည်း အတ္တကစွဲလမ်းသည်၊ ကြံစည်တွေးတောမှု စိတ်ဝိညာဉ်ကိုလည်း အတ္တကစွဲလမ်းသည်၊

## အနတ္တအဓိပ္ပါယ်

အနတ္တ=န+အတ္တ=အနတ္တ၊န-မဟုတ်၊ အတ္တ-ငါ၊ အလိုသို့လိုက်ပါခြင်း၊ အစိုးတရ မိမိဖြစ်ချင်သလို ဖြစ်ခြင်း၊ အနတ္တ=ငါမဟုတ်၊ မိမိအလိုသို့မလိုက်ပါခြင်း၊ အစိုးတရမိမိဖြစ်ချင်သလို မဖြစ်ခြင်းဟူသော အဓိပ္ပါယ်ရပါသည်၊

## အနတ္တအနက် လေးမျိုးစွက်

**အနတ္တသဒ္ဒါက** (၁) အဝသဝတ္တနဋ္ဌ= အလိုသို့မလိုက်ပါခြင်း၊ မိမိဖြစ်ချင်သလို မဖြစ်ခြင်းအနက်သဘော၊ ဖြစ်ဆဲ ဥပါဒ်ခဏ၌ရှိသောရုပ်သည် တည်ဆဲဌီခဏသို့မရောက်ပါစေနဲ့၊ တည်ဆဲရုပ်လည်း မအိုပါစေနဲ့၊အိုသောရုပ် လည်း မပျိုကွဲ မပျက်စီးပါစေနဲ့လို့ မိမိတို့တောင်းတတိုင်းမဖြစ်ခြင်း၊ အလိုမလိုက်ခြင်းအနက်သဘော၊

(၂) အသာမိကဋ္ဌ=ပိုင်ဆိုင်သူမရှိခြင်းအနက်သဘော၊ရုပ် ဝေဒနာ သညာစသောတရားများဟာမိမိ တို့ သဘောအတိုင်းသာ ဖြစ်ပျက်နေကြတာပါ၊ မည်သို့ဖြစ်စေ၊ မည်သို့ မဖြစ်စေနဲ့စသည်ဖြင့် အမိန့်ပေးနိုင် သည့် ပိုင်ဆိုင်သူတစ်စုံတစ်ယောက် မရှိခြင်းအနက်သဘော၊

(၃) သုညတဋ္ဌ=ပြုစီမံတတ် ဖန်တီးတတ်သောတရားမှ ဆိတ်သုဉ်းခြင်းအနက်သဘော၊ရုပ် ဝေဒနာ သညာ စသောတရားများဟာ ပြုလုပ်တတ်၊ခံစားတတ်၊ပြုပြင်စီရင်တတ်၊ဖန်တီးတတ်သောသဘောမှဆိတ် သုဉ်းခြင်း အနက်သဘော၊

(၄) အတ္တပဋိက္ခေပဋ္ဌ=တိတ္ထိတို့ကမပျက်မစီး အမြဲတည်တန့်သည်ဟု ယူဆထားသော အတ္တကိုပယ် ခြင်း အနက်သဘောအားဖြင့် လေးမျိုးရှိပါသည်၊ သာသနာပတိတ္ထိတို့က မပျက်မစီး အမြဲတည်တဲ့ အမာခံ

အနှစ်သာရကို အတ္တဟု ကြံဆစွဲလမ်းကြပါတယ်၊ ရုပ် ဝေဒနာ သညာစသော တရားများဟာ ထိုအမာခံ အတ္တသဘော မရှိတဲ့အတွက်ကြောင့် အနတ္တမည်ပါတယ်၊ *(အင်္ဂုတ္တရအဋ္ဌကထာ၊ ဒုတိယ)*

မှတ်ချက်

မြတ်စွာဘုရားသည် အနတ္တလက္ခဏသုတ်တော်ကို ဝိနည်းပိဋက မဟာဝါပါဠိတော်တွင်လည်းကောင်း၊ သံယုတ္တနိကာယ် ဒုတိယအုပ် ခန္ဓဝဂ္ဂသံယုတ်တွင်လည်းကောင်းရှေးဦးစွာဟောတော်မူပြီးနောက် ထိုထိုသုတ်တို့၌ ထိုထိုအကြောင်းအားလျော်စွာ နည်းအမျိုးမျိုးဖြင့်ဟောတော်မူခဲ့ပါသည်၊ အချို့သုတ်တို့၌ ခန္ဓာငါးပါးကို အနတ္တဟုဟောတော်မူ၍ အချို့သုတ်တို့၌ စက္ခုစသည်ကိုင်း၊ ရူပါရုံစသည်ကိုင်း၊ ဥပါဒါနက္ခန္ဓာငါးပါးကိုင်း၊ ပထဝီဓာတ်စသည်ကိုင်း၊ နိဗ္ဗာန်အပါအဝင် အလုံးစုံသော တရားတို့ကိုင်း အနတ္တဟု ဟောတော်မူပါသည်၊ "ရူပံ အနတ္တာ၊ဝေနာ အနတ္တာ(ပ)စက္ခုဝိညာဏံ အနတ္တာ၊သဗ္ဗေ ဓမ္မာ အနတ္တာ၊ *(သံယုတ်ပါဠိတော်)*

## ရုပ်အနတ္တဖြစ်ပုံ

ရဟန်းတို့ ရုပ်သည် အတ္တမဟုတ်၊ ရဟန်းတို့ ဤရုပ်သည် အတ္တဖြစ်ခဲ့လျှင် ရုပ်သည် နာကျင်ခြင်းငှာ မဖြစ်ရာ၊ "ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရုပ်သည် ဤသို့မဖြစ်စေလင့်" ဟူ၍လည်း ရုပ်၌(စီရင်၍) ရရာ၏၊

ရဟန်းတို့ ရုပ်သည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းဖြစ်၏၊ "ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရုပ်သည် ဤသို့မဖြစ်စေလင့်"ဟူ၍လည်း ရုပ်၌ (စီရင်၍) မရအပ်၊

"နစ လဗ္ဘတိ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာအဟောသီ"တိ *(လက်ဘာတိဟုဖတ်)*

"ငါ၏ရုပ်သည် ဤသို့ ဖြစ်စေ၊ ဤသို့ မဖြစ်ပါစေနဲ့" လို့ ရုပ်တရား၌တောင့်တ၍ မရစကောင်း စသော စကားရပ်ဖြင့် အလိုသို့မလိုက်ခြင်း၊ မိမိဖြစ်ခြင်သလိုမဖြစ်ခြင်းဟူသော အဝသဝနအနက်နှင့် ပိုင်ဆိုင်သူမရှိခြင်းဟူသော"အသာမိက" အနက်နှစ်ပါးကိုပြပါသည်၊

"ယသ္မာစခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ"

ရဟန်းတို့ ဤရုပ်သည် အနတ္တဖြစ်သောကြောင့် နာကျင်ခြင်းဖြစ်ရ၏စသောစကားဖြင့် ပြုစီမံမှုဖန်တီးမှုသဘောမှ ဆိတ်သုဉ်းခြင်း "သုညတ" အနက်နှင့် မပျက်မစီး အမြဲတည်တံ့ခြင်းအနက်ရှိ၏ဟုတိတ္တိတို့ စွဲလမ်းယူဆထားသော အတ္တကိုပယ်ခြင်း"အတ္တပဋိက္ခေပ"အနက်နှစ်ပါးကို ပြပါသည်၊

ဘုရားမပွင့်ခင်သာသနာပကာလက အရာရာတိုင်းကို အလိုသို့လိုက်ပါတယ်၊ အစိုးတရဖြစ်တယ်၊ မိမိဖြစ်ချင်သလိုဖြစ်တယ်စသည်ဖြင့်စွဲလမ်းယူဆခဲ့ကြတာပါ၊ ဒီအနတ္တလက္ခဏသုတ်မှာတော့ မြတ်ဗုဒ္ဓက–

"ရူပံ ဘိက္ခဝေ အနတ္တာ=ချစ်သားတို့ ရုပ်တရားက သင်တို့အလိုသို့ မလိုက်ပါ၊ အစိုးတရ မိမိဖြစ်ချင်သလိုမဖြစ်သောကြောင့် "အနတ္တ"လို့ ဟောတော်မူပါတယ်၊

အတ္တဟူ၍ စွဲလမ်းထားသောရုပ်ဟူသည်–––

ပသာဒရုပ်ငါးပါးဖြစ်ပါသည်၊

(၁) စက္ခုပသာဒ=စက္ခု+ပသာဒ၊ စက္ခု=မျက်စိ၊ ပသာဒ=အကြည်ရုပ်၊ စက္ခုပသာဒ=မျက်စိအကြည်ရုပ်၊ မြင်ခြင်းကိစ္စကို မျက်လုံးကပြီးစေသည်မဟုတ်ပါ၊ မျက်လုံးအတွင်း မျက်နက်ဝန်းအလယ် သူငယ်ရိပ်ထင်ရာအရပ်ဝယ် သန်းဦးခေါင်းပမာဏရှိသော "စက္ခုပသာဒရုပ်"ကမြင်ခြင်းကိစ္စကို ပြီးစေနိုင်ပါသည်၊ မျက်လုံးကောင်းစေကာမူ ထိုပသာဒရုပ်ပျက်စီးနေပါက မြင်ခြင်းကိစ္စကို မပြီးစေနိုင်ပဲ "ကြောင်တောင်ကမ်း" ဖြစ်နေတပ်ပါသည်၊ ထိုစက္ခုပသာဒခေါ်သော မျက်စိအကြည်ရုပ်ကိုလည်း"အလိုသို့လိုက်တယ်၊ အစိုးတရဖြစ်တယ်၊မိမိဖြစ်ချင်သလိုဖြစ်တယ်"စသည်ဖြင့်"အတ္တ"လို့စွဲလမ်းထားပါတယ်၊

(ပသာဒရုပ်ငါးပါးအဓိပ္ပါယ်အကျယ်ကိုသင်္ဂြိုဟ်ဘာသာဋီကာတွင်ရှုပါ)

(၂) သောတပသာဒ၊သောတ+ပသာဒ၊ သောတ=နား၊ပသာဒ=အကြည်ရုပ်၊ ကြားခြင်းကိစ္စကို"နား"ကပြီးစေသည်မဟုတ်ပါ၊ နား၏အတွင်းလက်စွပ်ကွင်းသဏ္ဍာန်ရှိသောအရပ်ဝယ် နနယ်နီမြန်းသော အမွေးကလေးများ ပေါက်လျက်ရှိပါသည်၊ ထိုအရပ်ဝယ်ပျံ့နှံ့လျက်တည်သော "သောတပသာဒရုပ်"က ကြားခြင်းကိစ္စကို ပြီးစေပါသည်၊ ထိုသောတပသာဒရုပ် ပျက်စီးနေပါက "နား"ပင်ရှိငြားသော်လည်း "ကြားခြင်း"ကိစ္စကိုမပြီးစေနိုင်ပါ၊ ထို သောတပသာဒခေါ်သော "နားအကြည်ရုပ်"ကိုလည်း "အလိုသို့လိုက်တယ်၊ အစိုးတရဖြစ်တယ်၊ မိမိဖြစ်ချင်သလိုဖြစ်တယ်"စသည်ဖြင့်"အတ္တ"လို့ စွဲလမ်းထားပါတယ်

(၃) ဃာနပသာဒ၊ ဃာန+ပသာဒ၊ ဃာန=နှာခေါင်း၊ ပသာဒ=အကြည်ရုပ်၊ ဃာနပသာဒ=နှာခေါင်းအကြည်ရုပ်၊နမ်းရှုခြင်းကိစ္စကို "နှာခေါင်း"ကပြီးစေသည်မဟုတ်ပါ၊နှာခေါင်းအတွင်းဆိတ်သတ္တဝါ၏ခွါနှင့်ပုံသဏ္ဍာန်တူသောအရပ်ဝယ် ပျံ့နှံ့လျက်တည်ရှိသော "ဃာနပသာဒရုပ်"က နမ်းရှုခြင်းကိစ္စကို ပြီးစေပါသည်၊ ထိုဃာနပသာဒရုပ်ပျက်စီးနေပါက "နှာခေါင်း" ရှိငြားသော်လည်း "နမ်းရှုခြင်း"ကိစ္စကို မပြီးစေနိုင်ပါ၊ ထိုဃာနပသာဒခေါ်သော"နားအကြည်ရုပ်" ကိုလည်း "အလိုသို့လိုက်တယ်၊ အစိုးတရဖြစ်တယ်၊ မိမိဖြစ်ချင်သလိုဖြစ်တယ်" စသည်ဖြင့် "အတ္တ"လို့စွဲလမ်းထားပါတယ်၊

(၄) ဇိဝှါပသာဒ၊ ဇိဝှါ+ပသာဒ၊ဇိဝှါ=လျှာ၊ ပသာဒ=အကြည်ရုပ်၊ ဇိဝှါပသာဒ=လျှာအကြည်ရုပ်၊ ချို ချဉ် စပ် ငန် ဖန် ခါးဟူသော အရသာခြောက်ပါးကိုခံစားခြင်းသည် ပါးစပ်အတွင်းရှိလျှာက ခံစားသည်မဟုတ်၊ လျှာ၏အလယ် ကြာပွင့်ဖတ်များနှင့်အလားတူသောအရပ်၌ "ဇိဝှါပသာဒ=လျှာအကြည်ရုပ်"က အရသာခြောက်ပါး ခံစားခြင်းကိစ္စကို ပြီးစေပါသည်၊ ထိုဇိဝှါပသာဒရုပ်ပျက်စီးနေပါက "လျှာ"ရှိငြားသော်လည်း အရသာခြောက်ပါး ခံစားခြင်းကိစ္စကိုမပြီးစေနိုင်ပါ၊ ထိုဇိဝှါပသာဒခေါ်သော "လျှာအကြည်ရုပ်" ကိုလည်း "အလိုသို့လိုက်တယ်၊ အစိုးတရဖြစ်တယ်၊ မိမိဖြစ်ချင်သလိုဖြစ်တယ်"စသည်ဖြင့် "အတ္တ"လို့ စွဲလမ်းထားပါတယ်၊

(၅) ကာယပသာဒ၊ ကာယ+ပသာဒ၊ ကာယ=ကိုယ်၊ ပသာဒ=အကြည်ရုပ်၊ ကာယပသာဒ=ကိုယ်အကြည်ရုပ်၊ ထိတွေ့ခြင်း၊ နာကျင် ကိုက်ခဲခြင်းကိစ္စကို ခန္ဓာကိုယ်ကသိသည်မဟုတ်၊ တကိုယ်လုံး ပျံ့နှံ့လျက်တည်နေသော "ကာယ ပသာဒ"ကိုယ်အကြည်ရုပ်က သိခြင်းသာဖြစ်ပါသည်၊ ကာယပသာဒရုပ်သည် အသားမာ၊ အရေခြောက်၊ ခြေသည်း၊ လက်သည်းဖျား၊ ဆံပင်၊ အမွေးဖျားမှတစ်ပါး တကိုယ်လုံးပျံ့နှံ့လျက်ရှိပါသည်၊ အစိတ်ရှိသောနေရာတိုင်းမှာ ကာယပသာဒ ရုပ်များ ပျံ့နှံ့လျက်ရှိပါသည်၊ ထိုကာယပသာဒခေါ်သော "ကိုယ်အကြည်ရုပ်"ကိုလည်း "အလိုသို့လိုက်တယ်၊ အစိုးတရဖြစ်တယ်၊ မိမိဖြစ်ချင်သလိုဖြစ်တယ်"စသည်ဖြင့်"အတ္တ"လို့စွဲလမ်းထားပါတယ်၊

## ရုပ်တုများကိုအတ္တဟုမစွဲလမ်းပုံ

သစ်သားစသည်ကို လူရုပ်ထုထားသော အရုပ်ကြီးများဟာ အသက်ရှိတဲ့လူပုံစံအတိုင်းပါပဲ၊ ထိုအရုပ်များကိုတော့ "အတ္တကောင်၊ အသက်ကောင်"ရယ်လို့ မစွဲလမ်းကြပါဘူး၊ ဘာ့ကြောင့်များလဲဆိုတော့ထိုအရုပ်များဟာ လူနဲ့ပုံသဏ္ဍာန် တူနေပေမယ်လို့ အဆင်းစသည်ကိုမြင်နိုင်တဲ့ မျက်စိရုပ်၊ အသံစသည်ကိုကြားနိုင်တဲ့ နားရုပ်၊ အနံ့စသည်ကိုနမ်းရှုနိုင်တဲ့ နှာခေါင်းရုပ်၊ ချဉ် ငန်မျိုးစုံ ရသာရုံကိုစားသိနိုင်သော လျှာရုပ်၊ ထိ သိစသောအတွေ့ကို ခံစားနိုင်သော ကိုယ်ရုပ်များမရှိတဲ့အတွက်ကြောင့် "အတ္တကောင်၊ အသက်ကောင်"ရယ်လို့ မစွဲလမ်းကြတော့ပါဘူး၊

## အလောင်းကောင်ကိုအတ္တဟုစွဲလမ်းပါသေးသလား

မျက်စိအစရှိသည်တို့ဖြင့် ဆက်စပ်တည်ရှိနေသော ခန္ဓာကိုယ်ရုပ်တရားကြီးကိုသာ "အတ္တကောင်၊ အသက်ကောင်"အနေနဲ့ ထင်မှတ် စွဲလမ်းနေကြတာပါ၊ မျက်စိစသည်တို့ဖြင့် ဆက်စပ်မှုမရှိသော ရုပ်တရားကိုတော့ "အတ္တကောင် အသက်ကောင်"ဟူ၍ မစွဲလမ်းကြတော့ပါ၊ သေပြီးစအလောင်းကောင်များမှာ အဆင်းမျိုးစုံရူပါရုံကိုမြင်နိုင်သော စက္ခုပသာဒ၊ အသံမျိုးစုံသဒ္ဒါရုံကိုကြားနိုင်သော သောတပသာဒ၊ အနံ့မျိုးစုံဂန္ဓာရုံကိုနမ်းရှုနိုင်သော ဃာနပသာဒ၊ ချို ချဉ် စပ် ငန် အဖန်မျိုးစုံ ရသာရုံကို စားသိနိုင်သော ဇိဝှါပသာဒ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို ထိသိနိုင်သော ကာယပသာဒရုပ်များမရှိတော့တဲ့ အတွက်ကြောင့် မိမိအလိုကျ မိမိဖြစ်ချင်သလိုဖြစ်တယ်စသည်ဖြင့် မစွဲလမ်းကြတော့ပါဘူး၊

ရူပဥ္စဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ *(သံ၀၈၊အနတ္တလက္ခဏသုတ်)*

ချစ်သားတို့ ခန္ဓာငါးပါးထဲက ရုပ်ခန္ဓာကြီးသည် အတ္တဝါဒီပုဂ္ဂိုလ်များ ကြံဆထားသလို အတ္တဖြစ်မယ်၊ အစိုးရမယ် မိမိအလိုသို့လိုက်မယ်ဆိုရင် ဤရုပ်ခန္ဓာကြီးသည် မိမိကိုမနှိပ်စက်သင့်ရာ၊

ရုပ်တရားကမိမိကိုဘယ်လိုနှိပ်စက်နေပါသလဲဆိုတာစီစစ်ကြည့်ရအောင်-ရုပ်ကငါးမျိုးရှိတယ်လို့ပြောခဲ့တာကိုမမေ့မပြစ်လိုက်ပါနဲ့၊

(၁)စက္ခု=မျက်စိရုပ်၊ ငယ်ငယ်ကလေးဘဝတုံးကဆို မျက်စိအလွန်အားကောင်းတယ်၊ စာကြည့်လို့သိတ်ကောင်းတယ်၊အဝေးကိုလှမ်းကြည့်လိုက်လဲ သဲသဲကွဲကွဲ ထင်ထင်ရှားရှား မြင်ရတယ်၊ ပီပီပြင်ပြင် ထင်ထင်ရှားရှားမြင်ရတယ်၊ အသက်ကလေးနဲနဲကြီးလာတော့ စာကြည့်လို့သိတ်မရချင်တော့ဘူး၊ စာလုံးတွေတွဲလာတယ်၊ ပူးကပ်လာတယ်၊ အဝေးကိုလှမ်းကြည့်လိုက်လဲ မထင်မရှား မှုန်ဝါးဝါး ဖြစ်လာတယ်၊ ကြာကြာကြည့်တော့မျက်ရည်ပူတွေကျလာတယ်၊ဒါ မျက်စိရုပ်က မိမိကိုနှိပ်စက်နေတာပါ၊

(၂)သောတ=နားရုပ်၊ခတ်ငယ်ငယ် ကျောင်းသားဘဝကဆိုနားကသိတ်ပါးတာ၊ ခပ်ဝေးဝေးက ပြောလဲကြားရတာပဲ၊ တိုးတိုးလေးပြောလဲ ကြားရတာပဲ၊ အသက်ကလေးနဲနဲရလာတော့ သိတ်မကြားချင်တော့ဘူး၊ လေးလာတယ်၊ ထိုင်းလာတယ်၊ အနားနားကပ်ပြောလဲ မကြားတချက်ကြားတချက်၊ တစ်ချို့များဆို နားမကြားတော့လို့ ပြောလိုတဲ့စကားကို စာနဲ့ ရေးပြီးတောင်ပြောရပါတယ်၊ ဒါ နားရုပ်ကမိမိကိုနှိပ်စက်နေတာပါ၊

(၃)ဃာန=နှာခေါင်းရုပ်၊ နှာခေါင်းကလဲ မွေးမွေးကြိုင်ကြိုင်ရော၊ မမွေးမကြိုင်ပါ၊ အနံ့မျိုးစုံအကုန်လုံးကို နမ်းရှုနိုင်ပါတယ်၊ အနံ့ကိုနမ်းရှုရာမှာ ဃာနပသာဒအားကောင်းမှ အနံ့အမျိုးမျိုးကို နမ်းရှုနိုင်တာပါ၊ တစ်ချို့ကြတော့ နှာခေါင်းကတော့ကောင်းတယ်၊ ဒါပေမဲ့ နှာခေါင်းအကြည်ရုပ်ပျက်နေလို့ အမွေးနံ့နှင့် အပုတ်နံ့စသည်ဘာကိုမှ အနံ့မရတော့ပါ၊ ဒါကတော့ နှာခေါင်းရုပ်က မိမိကိုနှိပ်စက်နေတာပါ၊

(၄) ဇိဝှါ=လျှာရုပ်၊ ဇိ+ဝှာလို့မဖတ်ရ၊ ဇိန်ဝှာလို့ဖတ်ရမည်၊ (ဥပမာ ကတွာ၊ ဟုတွာ၊ တုမှေဟိ) ကျမ္မာရေးကောင်းနေတဲ့ အခါမှာတော့ ဘာစားစား၊ ထမင်းဖြူကိုဆီဆမ်း၊ ဆားဖြူးပြီးစားလဲ အရသာရှိတာပဲ၊ ကျမ္မာရေးမကောင်းခံတွင်းပျက်တဲ့အခါမှာတော့ ဒံပေါက်ထမင်း၊ ကြက်သားဟင်းနဲ့စားလဲ အရသာမရှိတော့ပါ၊ ဘာ့ကြောင့်လဲဆိုတော့ ဇိဝှာခေါ်တဲ့=လျှာရုပ်ပျက်နေလို့ပါ၊ ဒါ လျှာရုပ်က မိမိကိုနှိပ်စက်လို့နေတာပါ၊

(၅)ကာယ=ခန္ဓာကိုယ်ရုပ်၊ ငယ်ငယ်ရွယ်ရွယ်ကဆို အသားအရေတွေက ဝါဝင်းရွှန်းအိ ဂွမ်းဆီထိသကဲ့သို့ နူးညံ့ပျော့ပြောင်းနေပြီး အသက်ကြီးလာတော့ မဲ့ခြောက်တွေစွဲ ပါးရေတွေကတွဲလာပြီး အထိုင်အထလဲ လေးလံလာပါတယ်၊ ဒါတွေကတော့ ကိုယ်ရုပ်က မိမိကိုနှိပ်စက်နေတာပါ၊ အကယ်၍သာ ရုပ်တရားကအတ္တဖြစ်ခဲ့မယ်ဆိုရင်၊ အစိုးတရ မိမိအလိုသို့လိုက်ခဲ့မယ်ဆိုရင် မျက်စိရုပ် နားရုပ် နှာခေါင်းရုပ် လျှာရုပ် ကိုယ်ရုပ်များက ထိုကဲ့သို့ မနှိပ်စက်နိုင်ပါ၊

## အတ္တကမိမိအလိုသို့လိုက်စေနိုင်ပါသလား

အတ္တရဲ့သတ္တိငါးမျိုးထဲက သယံဝသီသတ္တိဆိုတာက "ခန္ဓာအိမ်မှု အစုစု၌ တစ်ခုမကျန် စီမံခွဲဝေ မိမိနှစ်ခြိုက် စနစ်ကိုက်အောင် လိုက်ပါစေနိုင်၏" သူတို့ယူစွဲထားသလို အတ္တက ရုပ်ခန္ဓာကို မိမိစီမံ ခန့်ခွဲလို့ရတယ်၊ မိမိအလိုသို့လိုက်တယ်ဆိုရင် ဘာ့ကြောင့်-မကျမ်းမမာ ဖျားနာရပါသနည်း၊ လေရောဂါ သွေးရောဂါ အစာအိမ်ရောဂါ ဒူလာပါဒရက် ရောဂါစသည်ဖြင့် (၉၆)ပါးသော ရောဂါဒါဏ်၏ ဖိစီးနှိပ်စက်မှုကို ခံနေရပါသနည်း၊ ထိုရောဂါအမျိုးမျိုး မဖြစ်အောင် ပြုပြင်စီမံဖန်တီးပေးရမှာပေါ့၊ ထိုသို့ပြုစီမံလို့မရနိုင်သောကြောင့် "အနတ္တ=အစိုးမရ" ဟုမှတ်ရပါမည်၊

သာမီသတ္တိဆိုတာက "ခန္ဓာအိမ်ဆိုင်သမျှ၌ ပိုင်သအုပ်စီး အရှင်သခင်ကြီးပေတည်း" အိမ်ရဲ့ပိုင်ရှင်ကမိမိအိမ်ကြီး မပျက်မစီးအောင် စောစောကတည်းက ကြိုတင်ပြီး ကာကွယ်တားဆီး ထိန်းသိမ်းစောင့်ရှောက်ထားတဲ့အခါကျတော့ ပျက်စီးမသွားတော့ပါဘူး၊ ထို့အတူပဲ အတ္တကလဲ ခန္ဓာရဲ့ပိုင်ရှင်၊ ခန္ဓာကိုယ်ရဲ့ အရှင်သခင်ကြီးမို့ ရောဂါအမျိုးမျိုး မဖြစ်ရလေအောင် တားဆီးကာကွယ် စောင့်ရှောက်ပေးရမှာပေါ့၊ ထို

အတ္တဝါဒီတို့ယူဆထားသလို အတ္တကခန္ဓာရဲ့ ပိုင်ရှင်မဟုတ်သာကြောင့် "အနတ္တ=အစိုးမရ" ဟုမှတ်ရပါမည်၊

လဗ္ဘေထစ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ၊ *(လက်ဘောင်မှတ်)*

အတ္တကမိမိအလိုသို့လိုက်ပါစေနိုင်တယ်၊ ခန္ဓာနှင့်စပ်သမျှ သူ့အလိုကျစီမံနိုင်တယ်ဆိုရင် "ငါ၏ရုပ်ခန္ဓာသည် ဤသို့ ဤပုံ လှလှပပ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြစ်ပါစေ၊ အကြီးတန် အရုပ်ဆိုး ရောဂါအမျိုးမျိုး စွဲကပ်ခြင်း မဖြစ်ပါစေနဲ့"လို့တောင့်တလို့ရမှာပါ၊ သို့သော်ထိုကဲ့သို့ တောင့်တ၍ မရပါ၊ ရုပ်ခန္ဓာရဲ့ ဖေါက်ပြန်တပ်တဲ့သဘောအရ ဆံဖြူ ခါးကိုင်း နားထိုင်း သွားကြွေ အသားအရေရှုံ့တွ ယိုယွင်းအိုမင်းခြင်းလဲဖြစ်ရပါတယ်၊ အိပ်ယာညောင်စောင်းမှာ လျောင်းပြီးတော့လဲ ဒုက္ခမျိုးစုံ တွေ့ကြုံရပါတယ်၊ နောက်ဆုံးမှာတော့ သေခြင်းတရားနဲ့လဲ နိဂုံးချုပ် ဘဝကိုအဆုံးသတ်ရပါတယ်၊" ငါ့ခန္ဓာ မအိုပါစေနဲ့၊ အမြဲထာဝရ ပျိုမြစ်နနယ် ငယ်ရွယ်တဲ့အဖြစ်နဲ့ပဲနေပါရစေ၊ မနာပါစေနဲ့၊ ထာဝရအနာကင်းကွာ ကျန်းမာရပါလို၏၊ မသေပါစေနဲ့၊ အမြဲတမ်းမိသားစုနဲ့ပျော်ပျော်ရွှင်ရွှင်နေပါရစေ "စသည်ဖြင့် တောင့်တလို့ ရနိုင်မှာပေါ့၊ ထိုသို့တောင့်တမရသောကြောင့် "အနတ္တ=အစိုးမရ"လို့မှတ်ရပါမည်၊

## အနတ္တဖြစ်လို့သာရုပ်နာရ

ယဿမာစခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ၊ *(ယက်သမား တက်သမားမှတ်)*

ချစ်သားတို့သင်တို့ရဲ့ ရုပ်ခန္ဓာကြီးက အလိုသို့မလိုက် အစိုးမရ အနတ္တဖြစ်သောကြောင့် မကျမ်းမမာ ဖျားနာခြင်း ဖြစ်ရတယ်လို့ ဟောတော်မူခြင်းကြောင့် ရောဂါအမျိုးမျိုးနဲ့လဲ ရင်ဆိုင်ရပါတယ်၊ ရုပ်၏သဘောက "သီတုဏှာဒိ ဝိရောဓိ ပစ္စယေဟိ ရုပ္ပတီတိရူပံ"ဟူသောဝစနတ္ထအရ အအေးလွန်ကဲလျှင် နှာစေးချောင်းဆိုးတပ်သလို အပူလွန်ကဲလျှင်လဲဖျားနာတတ်ပါတယ်၊ အတိတ်ကပြုခဲ့တဲ့ကုသိုလ်ကံကြောင့် လူ့ချမ်းသာလေးလာဖြစ်ရပြီး လှပတင့်တယ် ရှုချင်စဖွယ် ရုပ်အဆင်းနဲ့လဲပြည့်စုံရပါတယ်၊ အကုသိုလ်ကံတွေကြောင့် အကြည်းတန် အရုပ်ဆိုး ဘီးလူးသဘက်မျိုး ကဲ့သို့လည်း ဖြစ်တပ်ပါတယ်၊ "စိတ်ထောင်းတော့ကိုယ်ကျေ၊ စိတ်ပျိုတော့ကိုယ်နု"ဆိုတာလို စိတ်ဆင်းရဲမှု၊စိတ်ချမ်းသာမှုကြောင့်လဲရုပ်ခန္ဓာက ညှိုးငယ်မှု၊ လန်းဆန်းနုပျိုမှုဆိုတာဖြစ်ရပါတယ်၊ အပူအအေးအစရှိတဲ့ဥတုကြောင့်လဲ ရုပ်တရားကဖေါက်ပြန်တတ်ပါတယ်၊ကောင်းတဲ့အစားအစာ၊ အာဟာရဖြစ်စေမဲ့အစားအစာမျိုးစားရလျှင် ကျန်းမာဝဖြိုးအလှတိုးပြီး၊ မကောင်းတဲ့အစားအသောက်နှင့် အာဟာရမဖြစ်တဲ့အစာမျိုးစားရလျှင်တော့ ပိန်ချုံးညှိုးကျ မလှမပဖြစ်ရပါတယ်၊ ကံ စိတ် ဥတု အာဟာရအကြောင်းလေးပါးကြောင့်လဲ ဖေါက်ပြန်ပါတယ်၊ ဒါတင်မကသေးပါ၊ ဥပါဒ် ဌီ ဘင်သဘောအရလဲ ပျက်စီးလို့နေပါတယ်၊ တနှစ်ကုန်သွားမှ ရုပ်တရားက ပျက်သည်မဟုတ်၊ တနှစ်တွင်(၁၂)လရှိရာတွင် လတိုင်းလတိုင်းပျက်လို့နေတာပါ၊ တလမှာလဲ ရက်(၃၀)ရှိရာတွင် ရက်တိုင်းရက်တိုင်း ပျက်လို့နေတာပါ၊ တရက်မှာ(၂၄)နာရီရှိရာ၊ နာရီတိုင်းနာရီတိုင်း ပျက်လို့နေပါတယ်၊ တနာရီမှာ မိနစ်(၆၀)ရှိရာတွင် မိနစ်တိုင်း မိနစ်တိုင်းပျက်လို့နေပါတယ်၊ တမိနစ်မှာစက္ကန့်(၆၀)ရှိရာမှာလဲ စက္ကန့်တိုင်း စက္ကန့်တိုင်း ဖေါက်ပြန် ပျက်စီးလို့နေတာပါ၊

အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာတော့ "နဒီသောတောဝိယ=မြစ်ရေအလျှင်ကဲ့သို့"ဖြစ်ပျက်နေပါတယ်လို့ ဥပမာပေးထားပါတယ်၊ မြစ်ကမ်းနဖူးမှထိုင်ကြည့်နေသူဟာ စောစောကစီးသွားတာလဲဒီရေပဲ၊ ယခုလဲဒီရေပဲလို့ထင်ရပေမဲ့ စောစောရေကအောက်ကိုစီးသွားလို့ မရှိတော့ပါဘူး၊ အထက်မှစီးဆင်းလာတဲ့ ရေကထိုနေရာသို့ အစားထိုးဝင်လာကာ စောစောကရေနဲ့ ယခုရေ အတူတူလို့ထင်ရတာပါ၊ သို့သော်မတူပါ၊ ဒါကြောင့်ရှေးပညာရှိကြီးများရဲ့ "မြစ်တစ်ခုကိုနှစ်ခါကူးလို့မရဘူး"ဆိုတဲ့စကားပုံလဲကြားဘူးပါတယ်၊ ထို့အတူပဲရုပ်တရားကြီးကလဲ ရှေ့ရုပ်တွေဖြစ်ပြီးပျက်သွား၊ နောက်ရုပ်အသစ်တွေ အစားထိုးဝင်လာ၊ ထိုဖြစ်တိုင်း ဖြစ်တိုင်းသောအသစ်အသစ်ရုပ်တွေလဲ ပျက်ပျက်သွားကြတာပါ၊ ရုပ်တရားကအတ္တမဟုတ်လေတော့ အဖြစ်အပျက်က အမြဲနှိပ် စက်နေပါတယ်၊

(**ဆောင်ပုဒ်**) နမ်းအိုးကင်းထက်၊ နမ်းတွေကျက်သို့၊ ဖြစ်ပျက်နေရ၊

အနိစ္စသည်၊ ဒုက္ခ အနတ္တချည်းသာတည်း၊ *(တောင်မြို့ဆရာတော်ကြီး)*

အိုးကင်းထဲ နှမ်းတွေထဲ့လှော်တဲ့အခါ အရှေ့နားကလဲဖြစ်ဖြစ်၊ အနောက်နားကလဲဖြစ်ဖြစ်၊ အလယ်ကလဲ ဖြစ်ဖြစ်၊ ဘေးကလဲဖြစ်ဖြစ်နဲ့မည်သလို ရုပ်တရားကြီးကလဲ ခန္ဓာကိုယ်တခုလုံး နေရာမလပ် ဖြစ်ပျက်နေတာကြောင့် အစိုးမရ အနတ္တပါပဲ၊

နစ လဗ္ဘတိ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ" တိ၊ *(ဟန်ဘရိဏ်ဖတ်)*

ငါ၏ရုပ်ခန္ဓာကြီးသည် ဤသို့ ဤပုံ ကျမ်းကျမ်းမာမာ လှလှပပ ချောချောမောမော တင့်တင့်တယ်တယ် ပြေပြေ ပြစ်ပြစ် ဖြစ်ပါစေ၊ ဤသို့ ဤပုံ မလှမပ အကြီးတန်အရုပ်ဆိုး ရောဂါအမျိုးမျိုး စွဲကပ်ခြင်းမဖြစ်ပါစေနဲ့လို့ တောင့်တ၍မရပါ၊ ရှေးအတိတ်ဘဝကငါးပါးသီလလုံခဲ့လျှင် ဒီဘဝ အသက်ရှည်မယ်၊ ကျန်းမာမယ်၊ အနာကင်းမယ်၊ အင်္ဂါခြေလက်ပြည့်စုံမယ်၊ ငါးပါးသီလပျက်ခဲ့လျှင် အသက်တိုကာ အနာရောဂါ ထူပြောလို့အင်္ဂါခြေလက်မပြည့်မစုံဖြစ်တတ်ပါတယ်၊ ဒေါသကြီးခဲ့လျှင်တော့ အရုပ်ဆိုး အကြီးတန်ဘီလူးပုံသဏ္ဌာန်ဖြစ်ရပြီး၊ မေတ္တာစိတ်အားကောင်းခဲ့လျှင်တော့ လှပတင့်တယ် ရှုချင့်စဖွယ်ဖြစ်ရမှာပါ၊ "ဘယ်သူမပြု မိမိမှု"စကားပုံအရ ကိုယ်ပြုကိုယ်ခံ ကိုယ်သာစံရမှာဖြစ်ပါတယ်၊ ကိုယ့်ဘဝကိုယ် ဖန်တီးခဲ့ကြတာပါ၊ အတိတ်သံသရာက ကိုယ့်ပန်းချီကားချပ်ကို ကိုယ်တိုင်ပင်ရေးဆွဲခဲ့ကြသည် မဟုတ်ပါလား၊ အတိတ်ကပြုခဲ့သည့် ကံကောင်း ကံဆိုး အမျိုးမျိုး၏ ကောင်းမွေဆိုးမွေ ဤနှစ်ထွေကို မျှဝေခံစား နေကြရတာပါ၊ ဘယ်အတ္တကောင်ကမှ ပြုပြင်ဖန်တီးနိုင်စွမ်း၊ အမိန့်ပေးချယ်လှယ်နိုင်စွမ်း မရှိပါ၊ ထို့ကြောင့် အစိုးမရ အလိုသို့ မလိုက်သောကြောင့် "အနတ္တ"သာဖြစ်ပါသည်၊

ဤအနတ္တတရားကား သာသနာပ၌သော်၎င်း၊ သာသနာတွင်း၌သော်၎င်း ထင်ရှားရှိနေသောတရားဖြစ်ပါသည်၊ သို့သော်ဖေါ်ထုတ်မည့်သူမရှိသေး၍ တိမ်မြုပ်ငုတ်နေရခြင်း ဖြစ်ပါသည်၊ ဗုဒ္ဓမြတ်စွာပွင့်လာသောအခါကျမှသာ ဟောကြားတော်မူလိုက်သဖြင့်လူ နတ် ဗြဟ္မာ သတ္တဝါတို့သိခွင့် ရရှိကြရပေသည်၊ အနိစ္စနှင့် ဒုက္ခတရားကပေါ်လွင်ထင်ရှားသော်လည်း အနတ္တတရားကတော့သိဖို့ရန် ခက်ခဲလှပါသည်၊ ကိုယ့်အလိုအတိုင်း ဖြစ်ရတာကို အတ္တဟု စွဲလမ်းကြပြီး၊ ကိုယ့်အလိုမပါ သဘာဝအတိုင်း ဖြစ်ပျက်နေသောတရားကို အနတ္တဟုမှတ်ရပါမည်၊

**သံပေါက်**

အလိုတိုင်းသာ၊ ဖြစ်ရတာ၊ မှတ်ပါ"အတ္တ"ယူစွဲကြ၊
ကိုယ့်လိုမပါ၊ ဖြစ်ပျက်တာ၊ မှတ်ပါ"အနတ္တ"၊
အစိုးမရ၊ အနတ္တ၊ ဗုဒ္ဓဟောမှ သိခွင့်ရ၊
သာသနာတွင်းပ၊ နှစ်ဌာန၊ မုချရှိရ အနတ္တ၊
လူနတ်ဗြဟ္မာ၊ သိကြတာ၊ နှစ်ဖြာ ဒုက္ခ အနိစ္စ၊
ဒို့တတွေလဲ၊ ခုမှပဲ၊ သဲကွဲသိရ အနတ္တ၊
အနတ္တမြင်၊ အတ္တစင်၊ လူလျှင်ဖြစ်ရ ကံကောင်းစွ၊

## ဝေဒနာအနတ္တဖြစ်ပုံ

ရဟန်းတို့ ဝေဒနာသည် အတ္တမဟုတ်၊ ရဟန်းတို့ ဝေဒနာသည် အတ္တဖြစ်ခဲ့လျှင် ဝေဒနာသည် နာကျင်ခြင်း မဖြစ်ရာ၊ "ငါ၏ဝေဒနာသည် ဤသို့ဖြစ်စေ၊ ငါ၏ဝေဒနာသည် ဤသို့မဖြစ်စေလင့်" ဟူ၍လည်းဝေဒနာ၌ (စီရင်၍) ရရာ၏၊ ရဟန်းတို့ ဝေဒနာသည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းဖြစ်၏၊ "ငါ၏ဝေဒနာသည် ဤသို့ဖြစ်စေ၊ ငါ၏ဝေဒနာသည် ဤသို့မဖြစ်စေလင့်"ဟူ၍လည်း ဝေဒနာ၌ (စီရင်၍) မရအပ်၊(မြန်မာပြန်)

ရဟန်းတို့ခံစားမှုဝေဒနာ အလိုသို့မလိုက် အစိုးမရအနတ္တဖြစ်၏လို့ ဟောတော်မူပါတယ်၊

**ဝေဒနာ၃ပါး=** အာရုံကောင်းကို ခံစားတဲ့သုခဝေဒနာ၊
အာရုံဆိုးကိုခံစားတဲ့ ဒုက္ခဝေဒနာ၊
မဆိုးမကောင်းအလယ်အလတ်အာရုံကို ခံစားတဲ့ ဥပေက္ခာဝေဒနာလို့သုံးမျိုးရှိပါတယ်၊

သိတ်ပူအိုက်နေတဲ့အချိန် ပန်ကာလေးဖွင့်ပေးလိုက်တော့ နေသာထိုင်သာရှိသွားတယ်၊ သက်တောင့် သက်သာ ဖြစ်သွားတယ်၊ ဒါကိုတော့ သုခဝေဒနာခေါ်ပါတယ်၊ သုခ=ချမ်းသာတဲ့အာရုံကို၊ ဝေဒနာ=ခံစားခြင်း၊ ဒီလို ချမ်းသာတဲ့အာရုံမျိုးကိုတော့ လူတိုင်းလူတိုင်း ခံစားချင်ကြတာပါ၊ အဘိနန္ဒတိ=အဲဒီအာရုံ အပေါ်မှာနှစ်သက်ကျေနပ်ပြီးတော့လဲနေပါတယ်၊ အဘိဝဒတိ=နေရထိုင်ရအဆင်ပြေလိုက်တာလို့လဲ ပြောတတ်ပါတယ်၊ ထိုအာရုံအပေါ်မှာသက်ဝင်နစ်မြုပ်ပြီးတော့လဲ နေတပ်ပါတယ်၊ ထိုပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ "သုခါယ ဝေဒနာယ ရာဂါနုသယော အနုသေတိ" ပါဠိအရလောဘကိလေသာဖြစ်ပါတယ်၊ သုခဝေဒနာဖြစ်ရင် လောဘ ကိလေသာကိန်းပါတယ်၊ မိဘမောင်ဘွား ဆွေမျိုးသားချင်းများ သေကျေပျက်စီးတဲ့အခါ သိတ်ဆင်းရဲရပြီး ဒုက္ခဝေဒနာဖြစ်ရပါတယ်၊ ဒုက္ခ=ဆင်းရဲတဲ့အာရုံကို၊ ဝေဒနာ=ခံစားခြင်း၊ ဒီလိုဒုက္ခဝေဒနာ ဖြစ်နေတဲ့အခါ သောစတိ-စိုးရိမ်ပူဆွေးရပါတယ်၊ ကိလမတိ-ပင်ပန်းရပါတယ်၊ပရိဒေဝတိ-ရင်ဘတ်စည်တီး ဟီးချပြီးတော့လဲ ငိုကြွေးမည်တမ်းရပါတယ်၊ ဒါက ဒုက္ခဝေဒနာရဲ့သဘောပါ၊ "တဿ ပဋိဃာနုသယော အနုသေတိ" ထိုပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဒေါသကိလေသာဖြစ်ပါတယ်၊ ဥပေက္ခာဝေဒနာဆိုတာကတော့ အလယ် အလတ်အာရုံကိုခံစားတဲ့ သဘောပါ၊ ဒီဥပေက္ခာဝေဒနာ ဖြစ်ဖို့ရာ (၁)သမုဒယ= ဝေဒနာဖြစ်မှန်းမသိခြင်း၊ (၂)ဝယ=ဝေဒနာချုပ်ပျောက်သွားတဲ့သဘောကို မသိခြင်း၊ (၃)အဿာဒ =သာယာမှန်းလဲမသိခြင်း၊(၄)အာဒီနဝ=ဝေဒနာရဲ့အပြစ်ကိုလဲမသိခြင်း၊ (၅)နိဿရဏ=ထွက်မြောက်ရာကိုလဲ မသိခြင်းဆိုတဲ့အင်္ဂါများနဲ့ညီနေရင်တော့ ဥပေက္ခာဝေဒနာဖြစ်ပါတယ်၊ "ဥပေက္ခာယ ဝေဒနာယ အဝိဇ္ဇာနုသယော အနုသေတိ" ပါဠိအရ ဥပေက္ခာဝေဒနာဖြစ်ရင် မောဟကိလေသာလဲဖြစ်ပါတယ်၊ အကျဉ်းချုပ်မှတ်ရမှာက သုခဝေဒနာခံစားနေရင် လောဘကိလေသာဖြစ်ပါတယ်၊ ဒုက္ခဝေဒနာခံစားနေရင် ဒေါသကိလေသာ ဖြစ်နေတယ်၊ ဥပေက္ခာဝေဒနာဖြစ်ရင်မောဟကိလေသာ ဖြစ်နေတပ်ပါတယ်၊

အတ္တရဲ့သတ္တိက ဝေဒက=ကောင်းကောင်းဆိုးဆိုးအမျိုးမျိုးကို အကျိုးလျှော်ကန် ပေါ်လာပြန်လျှင် ခံစံလည်းခံစံတပ်ပေ၏၊ အတ္တကကောင်းတဲ့အာရုံ သုခဝေဒနာဖြစ်လဲခံစားတယ်၊ မကောင်းအာရုံ ဆင်းရဲတဲ့အာရုံနဲ့တွေ့လဲ ခံစားတယ်၊ ကောင်း မကောင်းအလယ်အလတ်အာရုံနဲ့တွေ့လဲ ခံစားတယ်၊ ဝေဒနာက အာရုံငါးပါးပေါ်မှီပြီး ခံစားပါတယ်၊ အာရုံငါးပါးက အဆင်းမျိုးစုံရူပါရုံ၊ အသံမျိုးစုံသဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံရသာရုံ၊ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့ဖြစ်ပါတယ်၊ လှပတင့်တယ် ရှုချင့်စဖွယ် အဆင်းမြင်ရတော့ သာယာတဲ့သုခဝေဒနာဖြစ်ပါတယ်၊ မလှမပ ဖေါက်ပြန်ယိုယွင်း အဆင်းသဏ္ဍာန်မျိုး မြင်ရတော့ နှစ်လုံးမသာယာတဲ့ ဒုက္ခဝေဒနာဖြစ်ရပါတယ်၊ တစ်ခါတစ်ရံမှာတော့ သာယာတဲ့သဘောလဲမသက်၊ ဆင်းရဲတဲ့သဘောလဲ မဖက်ပဲ ကြားခံစားမှုလဲဖြစ်တပ်ပါတယ်၊ ဒါကိုတော့ ဥပေက္ခာဝေဒနာလို့ခေါ်ပါတယ်၊သာယာငြိမ့်ပြောင်း နှစ်သက်ဖွယ်ကောင်းတဲ့ အသံလေးကြားရတဲ့အခါမှာတော့သုခဝေဒနာဖြစ်ပြီး၊ ဆဲသံ ဆိုသံ ကြိမ်းမောင်းသံ စိန်ခေါ်သံမျိုးကြားရတဲ့အခါမှာတော့ ဒုက္ခဝေဒနာဖြစ်ရကာ ရံခါမှာတော့ အလယ်အလတ် ခံစားတဲ့ ဥပေက္ခာ ဝေဒနာမျိုးလဲဖြစ်တပ်ပါတယ်၊ အနံ့မျိုးစုံဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံနဲ့ အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့ကိုခံစားရာမှာလဲဒီသဘောပါပဲ၊ သုံးမျိုးစီဖြစ်တပ်ပါတယ်၊

**သင်တန်းတက်ရင်းဝေဒနာဖြစ်**

ယခုသင်တန်း တက်ရင်း စိတ်ပါ လက်ပါ လိုလိုချင်ချင် မှတ်မှတ် သားသားနဲ့အာရုံပြုနားစိုက်ထောင်နေတဲ့အခါသုခဝေဒနာဖြစ်ပါတယ်၊ ပျင်းဘို့ကောင်းလိုက်တာ၊ ဒီကိုယ်တော်ကလဲ စကားကြောကရှည်ပါဘိ၊ ဗိုက်ကလဲဆာလာပြီဆိုရင် ဒုက္ခဝေဒနာဖြစ်ပါတယ်၊ အင်း-လလဲကုန်ခါနီးပြီ၊ အိမ်လခလဲပေးရတော့မယ်၊ ကျောင်းကလဲအပ်ရအုံးမယ်၊ ဗီဇာကလဲကုန်တော့မယ်၊ အလုပ်ကလဲမရသေးဘူးနဲ့ဆိုပြီး ဟိုတွေး ဒီတွေး၊ တွေးနေရင် ဥပေက္ခာဝေဒနာဖြစ်နေတယ်လို့မှတ်ပါ၊ ငါဘာဝေဒနာဖြစ်နေသလဲဆိုတာတော့ ကိုယ်မှပဲသိမှာပေါ့၊အတ္တကောင်လေးက အကောင်းအဆိုးနှစ်မျိုးကို မျှဝေခံစားနေတယ်လို့ ယူဆထားပါတယ်၊ ဒါပေမဲ့ ခံစားမှုဝေဒနာက အတ္တကောင်တော့မဟုတ်ပါဘူး၊ သူ့အကြောင်းအားလျော်စွာ အသစ် အသစ်ဖြစ်ပြီးပျက်သွားတဲ့ သဘောတရား သက်သက်မျှသာဖြစ်ပါတယ်၊ ဤဝေဒနာကို အဘယ်သူခံစားသနည်း? ခံစားတတ်သော ပုဂ္ဂိုလ်မရှိပါ၊ ဤဝေဒနာကိုအဘယ်သူက အစိုးတရပိုင်ဆိုင်သနည်း? ဝေဒနာကို အစိုးရသူ ပိုင်ဆိုင်သူမရှိပါ၊ ဤဝေဒနာသည် ပုဂ္ဂိုလ်သတ္တဝါတို့အလိုကြောင့်သာ ဖြစ်ပါသလော? မဖြစ်ပါ၊ ဓာတ်လေးပါး ဖေါက်ပြန်မှုကြောင့်သာ ဖြစ်ရပါသည်၊

**ခံစားသူမရှိပဲဝေဒနာ**

သီဟိုဠ်ကျွန်းစိတ္တလတောင်၌ သီတင်းသုံးလျက် တောရဆောက်တည်နေသော မထေရ်တစ်ပါး ရှိပါသည်၊ တစ်နေ့တွင် လေနာရောဂါ အပြင်းအထန်စွဲကပ်လာသဖြင့်ခုတင်ပေါ်ဝယ် လူးလိမ့်ငြီးငြူနေသောအခါ အလုပ်အကျွေးဖြစ်သော ရဟန်းငယ်က အရှင်ဘုရားဘာဖြစ်လို့ ဒီလောက်ငြီးငြူနေရပါသလဲ လို့ လျှောက်ပါတယ်၊ ဒီအခါမထေရ်ကြီးက ငါ့ရှင်ငါ့မှာ လေနာရောဂါဖြစ်နေလို့ ငြီးငြူနေတယ်ဟု အမိန့်ရှိပါတယ်၊ လေနာရောဂါကိုစီစစ်ကြည့်လိုက်တော့ လေက-ဝါယောဓာတ်၊ နာတာက-ဒုက္ခ၊ နာမှုသဘောကိုခံစားတာက ဝေဒနာ၊ နာတဲ့သဘောကိုသိတာကဝိညာဉ်၊ ဝေဒနာကိုခံစားတပ်တဲ့ ပုဂ္ဂိုလ်ဆိုတာမရှိပါဘူး၊ ငါခံစားတယ်ဆိုရင် အတ္တကောင်လို့စွဲလမ်းရာရောက်သွားမယ်၊ ဤဝေဒနာကိုဘယ်သူ အစိုးရသလဲဆိုတော့ အစိုးရသူ ပိုင်ရှင်လဲမရှိပါဘူး၊ ဤဝေဒနာ ပုဂ္ဂိုလ်သတ္တဝါတို့ဆန္ဒကြောင့် ဖြစ်ပါသလား၊ မဟုတ်ပါဘူး၊ ဓာတ်ကြီးလေးပါးဖေါက်ပြန်လို့ဖြစ်ရတာပါ၊

ဓာတ်ကြီးလေးပါးဆိုတာက=

(၁) ပထဝီဓာတ်=တောင့်တင်းခိုင်မာတဲ့သဘော၊

(၂) အာပေါဓာတ်=ယိုစီး ဖွဲ့စီးတဲ့သဘော၊

(၃) တေဇောဓာတ်=ပူတဲ့သဘော၊ နွေးတဲ့သဘော၊အေးတဲ့သဘော၊

(၄) ဝါယောဓာတ်=တွန်းကန်လှုပ်ရှားတဲ့သဘော၊ အဲဒီဓာတ်ကြီးလေးပါးညီမျှနေတဲ့အခါ နေရထိုင်ရတာ သက်သက် သာသာရှိတယ်၊ နေသာထိုင်သာရှိတယ်၊ ကျမ္မာတယ်၊ ဓာတ်ကြီးလေးပါး ဖေါက်ပြန်လာပြီဆိုရင် မသက်မသာ နေမထိ ထိုင်မထိ ဖြစ်လာပါတယ်၊ ယခုမထေရ်ကြီးခံစားနေရတဲ့လေနာရောဂါက ဝါယောဓာတ် ဖေါက်ပြန်လို့ဖြစ်လာတဲ့ ဝေဒနာပါ၊ အလုပ်အကျွေးရဟန်းငယ်က ဆက်ပြီးလျှောက်ပါတယ်၊ "အရှင်ဘုရားတို့များ တရားတွေအားထုတ်နေပြီး ဒီလောက်လေး နာတာကိုသီးခံဘို့ ကောင်းပါတယ်"ဟုလျှောက်ထားသောအခါ မထေရ်ကြီးသတိရလာပြီး ဝေဒနာကိုကြံ့ကြံ့ခံ၍ ရှုမှတ်ပါတယ်၊ မကြာခင် ဝမ်းတွင်းလေများက နှစ်လုံးသားကိုဖေါက်ထွင်းလျှက် ဝမ်းဗိုက်ကိုခွဲထွက်ကာ ခုတင်ပေါ်သို့အူများအခွေလိုက် ကျလာပါတော့တယ်၊ ဒီတော့မှမထေရ်ကြီးက "ငါ့ရှင် ဒီလောက်သီးခံရင် တော်လောက်ပြီလား" လို့မေးလိုက်တဲ့အခါ အလုပ်အကျွေးရဟန်းမှာ အံ့အားသင့်သွားပါတော့သည်၊ မထေရ်ကြီးလဲ ထိုနေရာမှာပင် ပဋိသမ္ဘိဒါပတ္တသမသီသီ ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ခန္ဓာဇာတ်သိမ်းတော် မူခဲ့ပါတယ်၊ ရဟန္တာလဲဖြစ် ပရိနိဗ္ဗာန်လဲစံခြင်းကို ဇီဝိတသမသီသီ ရဟန္တာဟုခေါ်ပါသည်၊

*(မူလပဏ္ဏာသအဋ္ဌကထာ ၁၊၂၇၄)*

ပဋိသမ္ဘိဒါလေးပါးဟူသည်မှာ---

(၁) အတ္ထပဋိသမ္ဘိဒါ=အကြောင်းကြောင့်ဖြစ်ပေါ်လာသော အကျိုးတရားစု၊ နိဗ္ဗာန်၊ ပါဠိအနက်သဘော၊ ဝိပါက်စိတ်၊ ကြိယာစိတ်၊ ဤတရားငါးပါးစု၌ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ်မည်ပါသည်၊ *(အတ်ထပတိသမ်ဘိဒါဟု-ဖတ်)*

(၂) ဓမ္မပဋိသမ္ဘိဒါ=အကျိုးကိုဖြစ်စေတပ်သော အကြောင်းတရားစု၊ အရိယာမဂ်လေးပါး၊ ပါဠိအစဉ်၊ ကုသိုလ်အကုသိုလ်၊ ဤတရားငါးပါး၌သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်ပါသည်၊ *(ဓမ်မပတိသမ်ဘိဒါဟု-ဖတ်)*

(၃) နိရုတ္တိပဋိသမ္ဘိဒါ=ဆိုခဲ့ပြီးသော အတ္ထငါးမျိုး၊ ဓမ္မငါးမျိုးနှင့်ဆိုင်ရာ သဒ္ဒါ ပုဒ် ပါဠိစသော ဆယ်ပါး၌သိသော ဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါမည်ပါသည်၊ *(နိရုတ်တိပတိသမ်ဘိဒါဟု-ဖတ်)*

(၄) ပဋိဘာနပဋိသမ္ဘိဒါ= ဆိုခဲ့ပြီးသော ပဋိသမ္ဘိဒါ သုံးပါးလုံးကို ထူးထွေကွဲပြား ပိုင်းခြားဝေဘန်၍ သိသောဉာဏ်သည်ပဋိဘာနပဋိသမ္ဘိဒါမည်ပါသည်၊ *(ဗိဋကလမ်းညွှန်-၁၇)*

*(ပတိဘာနပဋိသမ်ဘိဒါဟုဖတ်)*

ဝေဒနာစ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ၊

ရဟန်းတို့ ခံစားမှုဝေဒနာ အတ္တဖြစ်မယ်၊ အစိုးရမယ်ဆိုရင် နာကျင်မှုမဖြစ်ရာ၊ ဝေဒနာသာအတ္တ ဖြစ်မယ် အစိုးရမယ်ဆိုရင် မကောင်းဝေဒနာခေါ်တဲ့ နာကျင်မှု မဖြစ်သင့်ဘူး၊ တစ်ခါတစ်ရံ မိမိ ချစ်မြတ်နိုး အပ်တဲ့ပုဂ္ဂိုလ်များနဲ့ နောက်ဆုံးခွဲခွာခြင်းနဲ့ ခွဲခွာသွားရတဲ့အခါမှာတော့ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးမြည် တမ်းခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ရခြင်း၊ သက်ကြီးရှိုက်ငင် ပြင်းစွာပူပန်ရခြင်းများဖြစ်ရပါတယ်၊ ဒါ တွေ အတ္တက ဖြစ်ချင်တာမဟုတ်ပါဘူး၊ မဖြစ်ချင်တာတွေရောက်ပြီးဖြစ်နေရတယ်၊ ဝေဒနာသာအတ္တ ဆို ရင် ဘာဖြစ်လို့ မကောင်းဝေဒနာ နာကျင်မှုဖြစ်ရမလဲ၊ အကောင်းဝေဒနာချည်းသာ ဖြစ်ရမှာပေါ့၊

လဗ္ဘေထစ ဝေဒနာယ "ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာအဟောသိ"တိ၊

ငါ၏ဝေဒနာသည် ချမ်းသာတဲ့ သက်တောင့်သက်သာဖြစ်တဲ့ အကောင်းဝေဒနာချည်းဖြစ်ပါစေ၊ နာကျင်ခံခက်တဲ့မကောင်း ဝေဒနာမဖြစ်ပါစေနဲ့လို့ တောင့်တလို့ရ ရမှာပါ၊ဝေဒနာကကာယိက ဝေဒနာနဲ့ စေတသိကဝေဒနာဟူ၍ နှစ်မျိုးရှိပါသည်၊ မျက်စိ နား နှာ လျှာ ကိုယ်ဟူသော ငါးဒွါရ ငါးဌာနကိုမှီ၍ဖြစ် သော ဝေဒနာကို ကာယိကဝေဒနာ၊ စိတ်ကိုမှီ၍ဖြစ်တာကျတော့ စေတသိကဝေဒနာလို့ခေါ်ပါတယ်၊ မျက်စိကလဲ အလိုက်သင့်လေးပြုပြင်ပေးနေရတာပါ၊ အမြဲတမ်းမှိတ်ထားလို့လဲမရ၊ အမြဲတမ်းဖွင့်ထားလို့ လဲမရ၊ မှိတ်လိုက် ဖွင့်လိုက်နဲ့ လုပ်ပေးရပါတယ်၊ ဒီလိုအလိုက်သင့်လုပ်ပေးနေရင်းကပဲ အောင့်တာတို့ စူးတာတို့ ကိုက်တာတို့ ဖြစ်လာပါတယ်၊ ဒါကဒုက္ခဝေဒနာပါ၊ ဒီလိုနာကျင်ကိုက်ခဲတာမျိုး မလိုလားပါဘူး၊ အကယ်၍သာအတ္တက အစိုးရမယ် ကိုယ့်အလိုတိုင်းလိုက်မယ်ဆိုရင် ဆင်းရဲတဲ့ဒုက္ခဝေဒနာမဖြစ်ပါစေနဲ့လို့ တောင့်တလို့ရရမှာပါ၊ အတ္တကောင်မဟုတ်တဲ့ အတွက်ကြောင့်(ဝါ) အနတ္တဖြစ်သောကြောင့် တောင့်တလို့ မရပါ၊ နား နှာခေါင်း လျှာ ကိုယ်တို့ကိုလဲ အမြဲတမ်းပြုပြင်ပေး နေရတာပါ၊ယခုထိုင်နေရင်းပဲ ကိုယ်ခန္ဓာ ကြီးက ပြောင်းပြ ကိုက်ခဲ ထုံကျင်မှုတွေဖြစ်လာပါတယ်၊အခံခက်လို့ဒုက္ခဝေဒနာ ခေါ်ပါတယ်၊ ငါ့ခန္ဓာကြီး ချမ်းချမ်းသာသာ သက်တောင့်သက်သာလေးဖြစ်ပါစေ၊ မသက်မသာ ဒုက္ခဝေဒနာမဖြစ်ပါစေနဲ့လို့ တောင့် တလို့မရတာကြောင့်လဲ "အနတ္တ"လို့မှတ်ပါ၊ မိမိချစ်သူနဲ့ခွဲခွာ ကွေကွင်းလို့နေရခြင်းကြောင့် ဆင်းရဲ တဲ့ဒုက္ခ၊ မချစ်မနှစ်သက်သူနဲ့ပေါင်းသင်းရတဲ့ဒုက္ခ၊ ရတာမလို လိုတာမရတဲ့ဒုက္ခ၊ မိဘမောင်ဘွားတွေ ဆုံးရှုံးပျက်ဆီးလို့ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းရတဲ့ဒုက္ခ၊ စိတ်ဆင်းရဲရတဲ့ဒုက္ခ၊ သက်ကြီးရှိုက်ငင် ပြင်းစွာပူပန်ရတဲ့ဒုက္ခတွေကိုတော့ စေတသိကဒုက္ခလို့ ခေါ်ပါတယ်၊

ဒီကာယိကဒုက္ခ၊ စေတသိကဒုက္ခနှစ်မျိုးစလုံးကို ဘယ်သူမှမခံစားချင်ပါဘူး၊ အတ္တကောင်သာ ဖြစ်မယ်ဆိုရင် ဒါမျိုးဒုက္ခမဖြစ်ပါစေနဲ့လို့ တောင့်တလို့ရရမှာပါ၊ ထိုသို့ မရတာကြောင့် ဝေဒနာ"အနတ္တ" လို့မှတ်ပါ၊

ယသ္မာစခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ၊

ချစ်သားတို့ ခံစားမှုဝေဒနာအစိုးမရအနတ္တကြောင့်ကျင်နာခံခက်နှိပ်စက်မှုဖြစ်ရတယ်၊

**ဝေဒနာအလိုအတိုင်းမဖြစ်**

ခံစားမှုဝေဒနာ အစိုးမရပါ၊ မိမိအလိုသို့မလိုက်ပါ၊ အမြင်ကောင်း အကြားကောင်း အနံ့ကောင်း အရသာကောင်း အတွေ့အထိကောင်းတွေချည်း မြင်ရ ကြားရ နမ်းရှူရ စားရ တွေ့ထိရအောင် တောင့်တ လို့မရနိုင်ပါ၊ အမြင်ကောင်း၊ အကြားကောင်းတွေ မြင်ရ ကြားရအောင် တမင်ကျိုးစားပြီးရှာနေကြတာပါ၊ ရပြန်တော့လဲ တာရှည်တည်နေပါသလားဆိုတော့ မတည်ပါ၊ မကြာခင်မှာပဲ အမြင်ဆိုး အကြားဆိုး အနံ့ ဆိုး အရသာဆိုးတွေ ဖြစ်ပေါ်လို့လာပါတယ်၊ အဆိုးဆုံးကတော့ အတွေ့အထိပါပဲ၊ မြန်မာစကားပုံ ရှိတယ် မဟုတ်လား "သွားကြားရိုးညပ်၊ ဆံတစ်ပင်တင်း၊ ချစ်ချင်းမယား၊ ရီးစား လူလု၊ အူနုကျွဲခတ်၊ အနေကပ် ၏"ဆိုတဲ့စကားအရ သွားကြားညပ်ခြင်း၊ ဦးခေါင်းပေါ်က ဆံတစ်ပင်တင်းနေခြင်း၊ ချစ်ဇနီးနှင့် ခွဲခွာနေရ ခြင်း၊ ကိုယ့်ရီးစားသူများနောက်ပါသွားခြင်းစတဲ့ဒုက္ခတွေဟာ အူနုကိုကျွဲခတ်သလိုအခံရခက်ပါသတဲ့၊ ဒါ တွေဟာ ဆိုးဝါးလှတဲ့ခံစားမှုဝေဒနာတွေပါပဲ၊ မတော်တဆခလုပ်တိုက်မိလို့ဖြစ်စေ၊ ဆူးစူးလို့ဖြစ်စေ၊ ဒုတ် ဓားစသည်တို့ဖြင့် ထိခိုက်လို့ဖြစ်စေ၊ ရောဂါဝေဒနာဖိစီးနှိပ်စက်လို့ဖြစ်စေ တွေ့ရတဲ့ဝေဒနာတွေကတော့ ပိုပြီးအခံရခက်ပါတယ်၊ တစ်ချို့များ သတ်သေသည်အထိ ခံကြရပါတယ်၊ အဲဒီလိုဆိုးဝါးလှတဲ့ဝေဒနာမျိုး

မဖြစ်ပါစေနဲ့လို့ စီမံခန့်ခွဲလို့မရပါဘူး၊ အစိုးမရတဲ့ အနတ္တသဘောဖြစ်တာမို့ ပုံစံအမျိုးမျိုးနဲ့ နှိပ်စက်လို့ နေပါတယ်၊

န စ လဗ္ဘတိ ဝေဒနာယ "ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ"တိ၊

ငါ၏ဝေဒနာသည် အကောင်းချည်းဖြစ်ပါစေ၊ ချမ်းချမ်းသာသာဖြစ်ပါစေ၊ မသက်မသာဆင်းဆင်းရဲရဲ မဖြစ်ပါစေနဲ့လို့ တောင့်တ၍မရပါ၊ အတ္တရဲ့သတ္တိက သာမီ=ခန္ဓာအိမ်ဆိုင်သမျှ၌ ပိုင်သအုပ်စီး အရှင်သခင်ကြီးပေတည်း၊ အတ္တဝါဒီ ပုဂ္ဂိုလ်များကဝေဒနာကို အတ္တကပိုင်တယ်၊ ဝေဒနာရဲ့ ပိုင်ရှင်က အတ္တပဲလို့ ယူဆထားပါတယ်၊ စဉ်းစားကြည့်ပါ၊ ငါ့သန္တာန်မှာ ကောင်းတဲ့ ချမ်းသာတဲ့ သုခဝေဒနာချည်းဖြစ်ပါစေ၊ မကောင်းတဲ့ နာကျင်ခံခက်ပြီး ဆင်းရဲတဲ့ဒုက္ခဝေဒနာ ဘယ်တော့မှမဖြစ်ပါစေနဲ့ရယ်လို့ တောင့်တလို့ မရပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဝေဒနာကိုအတ္တကမပိုင်လို့ပါ၊ ဒါ့ကြောင့် ကိုယ်ခန္ဓာမှာဖြစ်ပေါ်လာတဲ့ ဝေဒနာမှန်သမျှကို "အနတ္တ"အစိုးမရလို့မှတ်ပါ၊

"သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ" လို့ (ဓမ္မပဒပါဠိတော်)မှာ ဟောတော်မူထားပါတယ်၊ သင်္ခါရတရားမှန်သမျှ အနိစ္စ၊ ဒုက္ခလို့မှတ်ပါ၊ သင်္ခါရဆိုတာ ကံ စိတ် ဥတု အာဟာရ အကြောင်းလေးပါး ပြုပြင်လို့ဖြစ်လာရတဲ့ တရားတွေကိုခေါ်ပါတယ်၊ စိတ် စေတသိက် ရုပ်တရားများဖြစ်ပါတယ်၊"သဗ္ဗေ ဓမ္မာ အနတ္တာ" ပါဠိအရ သင်္ခါရ အသင်္ခါရတရား အားလုံးကို "အနတ္တ"လို့ မှတ်ရပါမည်၊ နိဗ္ဗာန်ကား အကြောင်းလေးပါးကင်း၍ဖြစ်သော အသင်္ခါရတရားဖြစ်သောကြောင့် နိစ္စ သုခ ဖြစ်ပါသည်၊ "သဗ္ဗေ ဓမ္မာတိ=ပဉ္စက္ခန္ဓာဧဝ အဓိပ္ပေတာဟု (ဓမ္မပဒအဋ္ဌကထာ) ဖွင့်သောကြောင့် ခန္ဓာငါးပါးကိုယူရမည်၊ နိဗ္ဗာန်သည် ခန္ဓာငါးပါးမှလွတ်နေသောကြောင့် ခန္ဓဝိမုတ်တရားဖြစ်ပါသည်၊ထို့ကြောင့် ဤအဖွင့်အလို "အနတ္တ"ဟုမဆိုနိုင်သလို "အတ္တ"ဟုလည်းမယူလိုက်ပါနဲ့၊

နိဗ္ဗာန်အနတ္တ

အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာနတ္တာစ သင်္ခတာ၊
နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ၊ *(ပရိဝါပါဠိတော်-၁၅၇)*

သင်္ခါရတရားအားလုံးတို့သည် အမြဲမရှိကုန်၊ သင်္ခါရတရားအားလုံးတို့သည် ဆင်းလဲဆင်းရဲကုန်၏၊ ကိုယ်လဲ မဟုတ်ကုန်၊ နိဗ္ဗာန်နှင့်ပညတ်ကို ကိုယ်မဟုတ်"အနတ္တ"ဟူ၍ ဆုံးဖြတ်အပ်၏၊ (မြန်မာပြန်)

ဤပရိဝါ ပါဠိတော်ကိုထောက်၍၄င်း၊ "ပရိကပ္ပိတဿ အတ္တနော အဘာဝေါ အနတ္တတာ"ဟူသော ဋီကာစကား နှင့်အညီ တစ်ပါးသောတိတ္ထိတို့သည် ကြံဆအပ်သော အတ္တ၏မရှိသည့်၏အဖြစ်ကြောင့်၄င်း၊ နိဗ္ဗာန်ကို "အနတ္တ"ဟူ၍ မှတ်ရပါမည်၊ ထို့ကြောင့် နိဗ္ဗာန်သည် "နိစ္စ သုခ အနတ္တ" ဖြစ်ပါ သည်၊

**ဝေဒနာနုပဿနာရှုပုံ**

ဝေဒနာက အာရုံကိုခံစားတဲ့သဘော၊ သက်တောင့်သက်သာဖြစ်နေတာကအာရုံ၊ သက်သာတဲ့ သဘောကို ခံစားတာကဝေဒနာ၊ မသက်မသာဖြစ်တာကအာရုံ၊ မသက်သာတဲ့သဘောကို ခံစားတာက ဝေဒနာ၊ သက်သာသည်လည်းမဟုတ် မသက်သာသည်လည်းမဟုတ်တာက အာရုံ၊ ခံစားတဲ့သဘောက ဝေဒနာ၊ သက်သာတဲ့သဘောကိုခံစားတာက သုခဝေဒနာ၊ မသက်သာတဲ့သဘောကိုခံစားတာက ဒုက္ခဝေဒနာ၊ အလယ်လတ်သဘောကိုခံစားတာက ဥပေက္ခာဝေဒနာဖြစ်ပါတယ်၊ ပြောင်းပြ ကိုက်ခဲ ထုံကျင်ဆိုတဲ့ အာရုံကပညတ်၊ ခံစားမှုဝေဒနာကပရမတ်၊ ဝိပဿနာရှုရာဝယ်၊ ပညတ်ကိုမရှုရ၊ ပရမတ်ကိုသာ ရှုရမည်၊"အနိစ္စာဒိအာကာရေဟိ ပဿတီတိ ဝိပဿနာ"မမြဲ ဆင်းရဲ အစိုးမရဟုရှုတပ်သောဉာဏ်ကို ဝိပဿနာဟုခေါ်ပါသည်၊ ပြောင်းပြ ကိုက်ခဲ ထုံကျင်တာက ရုပ်တရားရဲ့သဘောပါ၊ "ရုပ္ပတီတိ ရူပံ"အရ ရုပ်တရားက အမြဲတမ်းဖေါက်ပြန်လို့နေတာပါ၊ ရုပ်တရားဖေါက်ပြန်လို့ ထုံကျင်တာကအာရုံ၊ ထုံကျင်တဲ့ သဘောကိုခံစားတာကဝေဒနာ၊ဝေဒနာရဲ့သဘောကခယဓမ္မာ=ကုန်ခမ်းတပ်တဲ့သဘော၊ ဝယဓမ္မာ=ပျက်စီး သွားတပ်တဲ့သဘော၊ မမြဲတဲ့သဘော၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့သဘောရှိပါတယ်၊ သက်တောင့် သက်သာဖြစ်နေတဲ့သုခဝေဒနာလဲကြာကြာမတည်ပါ၊ ဖြစ်ပျက်သဘောအရပျက်စီးလို့သွားပါတယ်၊ သင်္ခါရ တရားဖြစ်ခြင်းကြောင့်လဲ မမြဲ ဆင်းရဲ အစိုးမရပါ၊

## ဒုက္ခဝေဒနာသုံးမျိုးလာ

**ဒုက္ခဝေဒနာက=**

(၁) ဒုက္ခ ဒုက္ခ= ယခုရရှိထားတဲ့ခန္ဓာက ဒုက္ခသစ္စာ၊ ထုံကျင် ကိုက်ခဲတာလဲ ဒုက္ခဆိုတော့ ဒုက္ခအပေါ် ဒုက္ခထပ်ဖြစ်တာမို့ ဒုက္ခဒုက္ခဖြစ်ပါတယ်၊

(၂) ဝိပရိဏာမဒုက္ခ=ဖေါက်ပြန်တဲ့ဒုက္ခ၊ ဆံဖြူ ခါးကိုင်း နားထိုင်း သွားကြွေကာဖေါက်ပြန်ပြီးဆင်းရဲတာမို့ ဝိပရိဏာမဒုက္ခပါ၊

(၃) သင်္ခါရဒုက္ခ=ရုပ်တရား နာမ်တရားတွေ ဖြစ်လိုက်ပျက်လိုက်နဲ့မပြတ် ဆင်းရဲနေတာက သင်္ခါရဒုက္ခပါ၊

ထိုသုံးမျိုးတို့တွင် ဒုက္ခဒုက္ခနှင့်ဝိပရိဏာမဒုက္ခနှစ်ပါးက ပညတ်ဖြစ်၍ဝိပဿနာမရှုကောင်း၊ သင်္ခါရဒုက္ခသည် ပရမတ္ထတရားဖြစ်၍ ဝိပဿနာရှုရပါမည်၊ ထိုကဲ့သို့ရှုရာ၌ ထုံကျင် ကိုက်ခဲ ပြောင်းပြာမှုက ပညတ်ဖြစ်၍ ဝိပဿနာမရှုကောင်း၊ ခံစားမှုဝေဒနာ၏အဖြစ်အပျက်ကိုသာ ဝိပဿနာရှုရပါမည်၊ဒုက္ခ ဒုက္ခနှင့် ဝိပရိဏာမဒုက္ခကား တကယ်ဒုက္ခအစစ်မဟုတ်ပါ၊ ဒုက္ခအတုသာဖြစ်ပါသည်၊ အဘယ့်ကြောင့်နည်း၊ အထိုင်များလို့ ထုံကျင်လာတဲ့အခါ နှိပ်ပေးလိုက်၊ သို့မဟုတ် လမ်းလျှောက်ပေးလိုက်ရင် ထုံကျင်ရောဂါပျောက်သွားပါတယ်၊ ပြောင်းပြာလာရင် လမ်းလျှောက်ပေးလိုက် ပျောက်သွားပါတယ်၊ ကုစားလို့ရတဲ့ ဒုက္ခဖြစ်တာမို့ ဒုက္ခအစစ်မဟုတ်ပါ၊ ဦးခေါင်းပေါ်က ဆံပင်တွေဖြူလာရင် ဆံပင်နက်ဆေးဆိုးပေးလိုက်ပြန်နက်လာပါတယ်၊ မျက်စိမှုံလာရင် ဆေးရုံသွားခွဲစိတ်ကုသ မျက်ကြည်လွှာထဲ့ပေးလိုက်ရင် ပြန်မြင်လာပါတယ်၊ ပါးတွေချိုင့် အရေတွေတွန့်နေလဲ ပေါင်းတင်ပေးလိုက်က နုပျိုလာပါတယ်၊ ဒီလိုပြုပြင်လို့ရတာကြောင့် ဒုက္ခအတုသာဖြစ်ပါသည်၊ (တနည်း) သမုတိပညတ်သာဖြစ်ပါသည်၊ ပရမတ္ထမဟုတ်ပါ၊ သင်္ခါရဒုက္ခ ဆိုတာက ရုပ်တရား နာမ်တရားတွေ မပြတ် ဖြစ်ပျက်နေတဲ့ဆင်းရဲပါ၊ ရှေ့ရုပ်နာမ်တွေ ဖြစ်ပြီး ပျက်သွား၊ ထိုပျက်သွားတဲ့နေရာ အစားထိုးပြီး ရုပ်သစ် နာမ်သစ်တွေဖြစ်လာပါတယ်၊ ထိုရုပ်သစ်နာမ်သစ်များလဲ သင်္ခါရသဘောအရ တည်မနေပဲ၊ ပျက်လို့သွားပါတယ်၊ အဲဒီလို ရုပ် နာမ်တွေ ဖြစ်ပျက်နေတာကိုတော့ ဘုရားလဲကုမရ၊ သိကြားလဲ မတတ်နိုင်၊ နဂါးလဲ လက်မှိုင်ချကာနေရတာကြောင့် ဆင်းရဲအစစ် အမှန်သာဖြစ်တာမို့ ပရမတ္ထတရားဖြစ်သဖြင့် ဝိပဿနာရှုကောင်းသောဒုက္ခဟုမှတ်ပါ၊ ဒါကြောင့် သင်္ခါရဒုက္ခကိုသာ ဝိပဿနာရှုကောင်းသည် ဝိပဿနာရှုရမည်ဖြစ်ပါသည်၊

## ဒုက္ခသုံးမျိုး

**သံပေါက လင်္ကာ**

ခန္ဓာကိုယ်မှာ၊ ထုံကျင်တာ၊ မှတ်ပါ ဒုက္ခ ဒုက္ခပြ၊
နားထိုင်းသွားကျွေ၊ ဖေါက်ပြန်ပေ၊ မှတ်လေဝိပရိဏာမ၊
ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ပြန်၊ မှတ်ရန်သင်္ခါရ၊
ဒုက္ခသုံးပါး၊ ထင်အရှား၊ မှတ်သားကျမ်းဂန်ပြ၊
ထိုသုံးပါးတွင်၊ ဝိပဿ်တင်၊ ဆင်ခြင်ရှုရ သင်္ခါရ၊
ငါ ငါ့ဥစ္စာ၊ ထင်လွဲတာ၊ မှတ်ပါသက္ကာယ၊
ငါ သူ တစ်ပါး၊ ယောကျ်ားမဟုတ်၊ နာမ်နှင့်ရုပ်၊ ဖြစ်ချုပ်သိအောင်ပွါး၊
နာမ် ရုပ် နှစ်ခွင်၊ ဖြစ် ပျက် မြင်၊ ကင်းစင်ငါစွဲများ၊
ငါစွဲကင်းမှ၊ နောက်ဘဝ၊ လွတ်ရပါယ်လေးပါး၊

မြတ်စွာဘုရား လက်ထက်တော်က သာဝတ္ထိမြို့မှာ ကုဋေလေးဆယ် ဥစ္စာကြွယ်ဝသည့် တိဿသူကြွယ်တစ်ယောက်ရှိပါသည်၊ တစ်နေ့သ၌ သံဝေဂဉာဏ်တွေရင့်သန်လို့ ပစ္စည်းဥစ္စာကုဋေလေးဆယ်ကို ညီနဲ့ခယ်မအားလွှဲအပ်ခဲ့ပြီး အဖေါ်မမှီးတကိုယ်တည်းတောထွက်ကာ တရားကျင့်ခဲ့ပါတယ်၊ တစ်နေ့မှာတော့ ညီရဲ့မယား ခယ်မလုပ်သူက ပစ္စည်းအပေါ် လောဘဇောတပ်ပြီးစိတ်ရိုင်းဝင်လာသတဲ့၊ "ငါရဲ့ခဲအိုကိုတိဿ တကယ်လို့များ ရဟန်းဝတ်နဲ့မပျော်လို့ လူထွက်လာခဲ့သော် ဒို့ပစ္စည်းတွေတဝက်ခွဲပြီး ပေးရချည်ရဲ့" နဲ့စဉ်းစားကာ ခိုးသားငါးရာကိုပိုက်ဆံပေးလို့သတ်ခိုင်းပါတယ်၊ ခိုးသားများ တောထဲရောက်လာ

တော့ ဦးတိဿက“ ဒကာတို့ဘာကိစ္စရှိလို့လာကြပါသလဲ”မေးတော့ ခိုးသားများက“ကိုယ်တော့ခယ်မက သတ်ခိုင်းလို့ ကိုယ်တော့ကိုသတ်ဖို့လာကြတာပါ” ဟုပြောလိုက်သောအခါ “အော် အော် ဒီလိုလား၊ ဒါဆို တစ်ညလောက်တော့ခွင့်ပေးကြပါ”လို့ တောင်းပန်ရှာတယ်၊ သေရမှာကြောက်လို့တောင်းပန်နေတာ မဟုတ်ပါဘူး၊ ကိလေသာတန်းလန်းနဲ့ သေရမှာရှက်လွန်းလို့ တစ်ညတာအသက်ရှင်ခွင့်ကို တောင်းနေ တာပါ၊ “ဟာ မယုံနိုင်ဘူးကိုယ်တော်”နဲ့ပြောတော့ အနီး အပါးမှ ကျောက်တုံးကြီးတစ်တုံးယူပြီး ပေါင်နှစ် ချောင်း ဖျောင်းဖျောင်းနဲ့မည်အောင် ရိုက်ချိုးလိုက်ပါတယ်၊ ဒီတော့မှ ခိုးသားများလဲ စိတ်ချလက်ချဖြစ်ကာ မလှမ်းမကမ်းက မီးလှုံပြီးစောင့်ကြည့်နေကြပါတယ်၊ ဦးတိဿက ငါလေ ကိလေသာ တန်းလန်းနဲ့တော့ အသေမခံနိုင်ဘူး၊ တသံသရာလုံးက ငါ့ကိုနှိပ်စက်လာခဲ့တာ၊ ဒီဘဝမှာ ကိလေသာကိုငါအနိုင်တိုက်မယ်ဟု ကြုံးဝါးကာ နာကျင်ပြီးပေါင်ကျိုးတဲ့ ဝေဒနာကိုပယ်ခွါလို့ ဝေဒနာရဲ့အဖြစ်အပျက်ကို ရှုနေပါတယ်၊ ဝေဒ နာကသင်္ခါရ၊ စေတသိက်နာမ်တရား၊ “သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ဒုက္ခာ၊ အနတ္တာ”ပါဠိအရ သင်္ခါရတရား မှန်ရင် အမြဲမပြတ်ဒလစပ် ဖြစ် ပျက်လို့နေတာပါ၊ ဖြစ် ပျက်နေလို့ အနိစ္စ၊ ဖြစ် ပျက်ဒါဏ်ကိုခံနေရလို့ ဒုက္ခ၊ ဝေဒနာငါမဟုတ်၊ အတ္တကောင်မဟုတ်၊ အစိုးမရလို့အနတ္တ၊ အကယ်၍ဝေဒနာသည် အတ္တဖြစ်မယ်၊ အစိုးရမယ်၊ ကိုယ့်အလိုလိုက်မယ်ဆိုရင် မနာစေရဘူး၊ ကိုက်ခဲမှု မဖြစ်စေရဘူးဟု တောင်းတလို့ရမှာပါ၊ ထိုကဲ့သို့တောင့်တမရခြင်းကြောင့် ဝေဒနာအတ္တမဟုတ်၊ အနတ္တသာဖြစ်ပါတယ်၊ အတ္တကောင်မဟုတ်ခြင်း ကြောင့် သူ့သဘောအတိုင်း ဖြစ်ပျက်လို့နေတာပါ၊ ဦးတိဿရဟန်း ပေါင်ကျိုးပြီး နာနေတဲ့ ဝေဒနာကို မရှုပဲ ဝေဒနာရဲ့ ဖြစ် ပျက်ကိုသာတစ်ညလုံးရှုနေပါတယ်၊ အာရုံတက်ချိန်ရောက်တော့ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ခန္ဓာဇာတ်သိမ်းတော်မူခဲ့ပါတယ်၊

*(သုတ်မဟာဝါအဋ္ဌကထာ-၃၃၉)*

## သညာအနတ္တဖြစ်ပုံ

ရဟန်းတို့ သညာသည်အတ္တမဟုတ်၊ ရဟန်းတို့သညာသည် အတ္တဖြစ်ခဲ့လျှင် သညာသည် နာကျင် ခြင်းမဖြစ်ရာ၊ ငါ၏သညာသည် ဤသို့ဖြစ်စေ၊ ငါ၏ သညာသည် ဤသို့မဖြစ်စေလင့် ဟူ၍လည်းသညာ၌ စီရင်၍ရရာ၏၊ ရဟန်းတို့ သညာသည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းဖြစ်၏၊ ငါ၏သညာသည် ဤသို့ဖြစ်စေ၊ ငါ၏သညာသည် ဤသို့မဖြစ်စေလင့်ဟူ၍လည်း သညာ၌ စီရင်၍မရအပ်၊

### သညာ ဘိက္ခဝေ အနတ္တာ

ချစ်သားတို့ မှတ်သားမှုသညာသည် အစိုးမရ အလိုသို့မလိုက် အနတ္တဟုမှတ်ပါ၊ သညာဟူသည် အဘယ်နည်း? သညာဟူသည် အမှတ်ပြု၍သိခြင်း၊ မှတ်မိခြင်း၊ မှတ်သားခြင်းဖြစ်ပါသည်၊

သညာရဲ့သဘောကအာရုံ(၆)ပါးရဲ့အပေါ်မှာမှတ်သားပါတယ်၊ အဆင်းအမျိုးမျိုးအပေါ်မှာ မှတ်သား သားတဲ့သညာ အမျိုးသားပဲဖြစ်ဖြစ်၊ အမျိုးသမီးပဲဖြစ်ဖြစ် ငါမြင်ဖူးတယ်၊ ဘယ်တုံးကမြင်ဖူးတယ်၊ ဘယ် အချိန်ကမြင်ဖူးတယ်၊ ဘယ်သူ့အိမ်မှာမြင်ဖူးတယ်စသည်ဖြင့် ပြန်ပြီးအမှတ်ရနေပါတယ်၊ ကြားရတဲ့ အသံ အာရုံအပေါ်မှာလဲ စကားပြောကောင်းတယ်၊ စကားပြောချိုသာတယ်၊ ကြမ်းကြမ်းတမ်းတမ်း တိုင်းထွာပြီး ပြောတတ်တယ်စသည်ဖြင့် အမှတ်ရနေပါတယ်၊ အနံ့မျိုးစုံ ဂန္ဓာရုံ အပေါ်မှာလဲ သတိရနေပါတယ်၊ အစား အစာမျိုးစုံ ရသာရုံအပေါ်မှာလဲ ကောင်းတယ် မကောင်းဘူး ချိုတယ် ချဉ်တယ်စသည်ဖြင့် သတိရနေပါ တယ်၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံပေါ်မှာလဲ ထို့အတူပဲ ဘယ်တုံးကဝတ်ခဲ့ရတဲ့အဝတ်၊ သုံးခဲ့ရတဲ့ပစ္စည်းလေး က သိတ်ကောင်းတာပဲစသည်ဖြင့် အမှတ်ရလို့နေပါတယ်၊ ကြားသိရတဲ့ သဘောအာရုံဓမ္မာရုံကိုလဲ မှတ်မိ လို့ နေပါတယ်၊ ဒီအာရုံခြောက်ပါးကို မှတ်မိတာဟာငါပဲ၊ အာရုံတွေ အဖြစ်အပျက်တွေ မှတ်မိနေတာကို ငါကောင်အနေနဲ့ ထင်မှတ်စွဲလမ်းနေပါတယ်၊ အဲဒီထင်မှတ်မှုတွေဟာ စွဲလမ်းတဲ့အတိုင်း ငါကောင်မဟုတ် ဘူး၊ အသက်ကောင် မဟုတ်ဘူး၊ အစိုးမရဘူးလို့ ဘုရားကမိန့်တော်မူပါတယ်၊

မှတ်သားမှုသညာက လူတွေမှာသာရှိတာမဟုတ်ဘူး၊ တိရစ္ဆာန်တွေမှာလဲ ရှိတာပါပဲ၊ ကျွဲတွေ နွား တွေဆိုရင် ဘယ်နေရာမှာမြက်ပေါတယ်၊ ဘယ်နေရာမှာရေပေါတယ်၊ ဘယ်နေရာက စားကျက် ကောင်း တယ်၊ ဘယ်နေရာက အရိပ်ကောင်းတယ်စသည်ဖြင့် မှတ်မိနေပါတယ်၊ ဒီလိုမှတ်သားမှု သဘောကိုလဲ သညာလို့ပဲခေါ်ပါတယ်၊ တံငါတွေလဲသိပါတယ်၊ ဘယ်လိုသိသလဲဆိုတော့ ရေပွက်တာကြည့်ပြီး ဒါကငါး

ကြီးပွက်၊ ဒါကငါးလေးပွက်၊ ဒါကပုဇွန်လုံးပွက်စသည်ဖြင့် သိနေပါတယ်၊ သာမန်ပုဂ္ဂိုလ်များကတော့ ရေပွက်တာမြင်ပေမယ်လို့ ဘာမှသိမယ်မဟုတ်ပါဘူး၊ တံငါများကြတော့ ရေပွက်တာ မြင်လိုက်ရင် ရေအောက်မှာငါးကြီးရှိတယ်၊ ငါးလေးရှိတယ်၊ ဂဏန်းရှိတယ်၊ ငါးစင်ရိုင်းရှိတယ်၊ ပုဇွန်လုံးရှိတယ်စသည်ဖြင့် အဘိညာဥ်စက္ခုနဲ့မြင်ရသလို မှတ်သားပြီးတော့သိနေကြပါတယ်၊ ဒါတွေအားလုံးဟာ သညာတွေပါပဲ၊ တောမုဆိုးတွေမှာလဲ မှတ်သားမှုသညာရှိပါတယ်၊ ဘယ်လိုရှိသလဲဆိုတော့ တောရဲ့အနံ့ခံပြီး ဒီတောထဲမှာကျားရှိတယ်၊ ဒီလိုအနံ့မျိုးဆိုရင် ကျားသစ်ရှိတယ်၊ ဆင်ရှိတယ်၊ တောရိုင်းသတ္တဝါတွေရှိတယ်စသည်ဖြင့် တောမုဆိုးတို့ရဲ့ မှတ်သားပြီးသိတဲ့သဘောကိုလဲ သညာလို့ပဲခေါ်ပါတယ်၊ ဒီသညာကိုငါကောင်အနေနဲ့ စွဲလမ်းပြီးနေပါတယ်၊ မှတ်သားမှုသညာသာအတ္တဖြစ်မယ်ဆိုရင် စိတ်ဆင်းရဲတဲ့၊ စိတ်နှစ်လုံးမသာယာတဲ့ မှတ်သားမှုမျိုးမဖြစ်နိုင်ပါဘူး၊

တစ်ခါတစ်ရံမှာတော့ ငယ်ငယ်တုံးက ကုသိုလ်ပြုခဲ့တာတွေသတိရနေပါတယ်၊ ဘယ်တုံးက ကထိန်သင်္ကန်းလှူခဲ့တယ်၊ ကထိန်ခင်းခဲ့တယ်၊ သံဃာတွေဆွမ်းကပ်ခဲ့တယ်၊ ကျောင်းလှူခဲ့တယ်၊ ရဟန်းခံခဲ့တယ်၊ ဘုရားရွှေသင်္ကန်းကပ်ခဲ့တယ်၊ ဆေးရုံကလူနာတွေအတွက် ဆေးဝါးဓာတ်စာတွေ လှူခဲ့တယ်၊ ဘယ်တုံးက မျက်မမြင်ကျောင်းမှာ အလှူဒါနပြုခဲ့တယ်၊ အဖိုးအို၊ အဖွားအိုတွေ၊ ခိုကိုးရာမဲ့တွေ၊ မိဘမဲ့ကလေးတွေကို အဝတ်အထည်ဆေးဝါး ဓာတ်စာတွေလှူဒါန်းခဲ့တယ်၊ ချို့တဲ့နွမ်းပါးတဲ့ ကလေးတွေရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် သာသနာ့ဘောင်ရောက်သွတ်သွင်းချီးမြှောက်ခဲ့တယ်၊ ဘုရားရှင်သာသနာတော်ကြီးကို ပစ္စည်းလေးပါးနဲ့ချီးမြှောက်ထောက်ပံ့ခဲ့တယ်စသည်ဖြင့် ကောင်းတာတွေတွေးပြီး ဝမ်းသာလို့နေပါတယ်၊ ဒါကိုတော့ကောင်းတဲ့သညာ၊ ကောင်းသောအမှတ်ရခြင်းလို့ခေါ်ပါတယ်၊ သို့သော်မှတ်သားမှုသညာက အတ္တကောင်မဟုတ်တာကြောင့် အကောင်းကိုချည်းအမှတ်ရနေသည်တော့မဟုတ်ပါ၊ မကောင်းတာလဲ အမှတ်ရလို့နေပါတယ်၊ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ မိဘ ညီအစ်ကိုမောင်နှစ်မတွေတွေးပြီး သူတို့ရဲ့ပြောပုံဆိုပုံ နေထိုင်ပုံ လုပ်ကိုင်ပုံတွေ မျက်စိထဲမြင်ယောင်ပြီး ငိုကြွေးရခြင်း စိုးရိမ်ပူဆွေးရခြင်း ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်ရခြင်း  သက်ကြီးရှိုက်ငင် ပြင်းစွာပူပန်ရခြင်းများ ဖြစ်ရပါတယ်၊ ဒါတွေကတော့ အကျိုးမပြုတဲ့မှတ်သားမှုသညာပဲဖြစ်ပါတယ်၊ သညာသာအတ္တကောင်ဖြစ်ခဲ့မယ်ဆိုရင် ဒီလိုအကျိုးမပြုတဲ့သညာမျိုး မဖြစ်သင့်ပါဘူး၊

**သညာ ဝိညာဏ် ပညာ သိပုံအစား**

သညာကလဲ မှတ်မိတယ်ဆိုတာသိတာပါပဲ၊ ဝိညာဏ်ဆိုတာဒီနေရာမှာ အတ္တကောင်ဟူ၍မယူရပါ၊ စိတ်ဝိညာဏ်ကိုယူရပါမည်၊ အာရုံကိုသိတဲ့သဘောပါ၊ ပညာကလဲ အထူးထူးအပြားပြား သိတဲ့သဘောရှိပါတယ်၊ သညာသိကတော့ ကလေးရဲ့ အသပြာသိပုံနဲ့တူပါတယ်၊ ကလေးအသပြာမြင်တော့ ဖြူ နီ ညို ပြာ ဝါဆိုတဲ့အရောင်လောက်ပဲသိပါတယ်၊ အသပြာမှန်း မသိပါဘူး၊ သညာကလဲ အဆင်းမျိုးစုံ ရူပါရုံကိုမြင်တဲ့အခါ အညို အနီစသည်ဖြင့် အရောင်လောက်ပဲသိပါတယ်၊ မမြဲ ဆင်းရဲ အစိုးမရတဲ့သဘောကိုမသိပါဘူး၊ ဝိညာဏ်ကတော့ လူကြီးရဲ့အသပြာသိပုံနဲ့တူပါတယ်၊ လူကြီးအသပြာ မြင်ရတော့အရောင်ကိုလဲသိတယ်၊ အသပြာမှန်းလဲသိပါတယ်၊ ထို့အတူ ဝိညာဏ်က အဆင်းမျိုးစုံ ရူပါရုံကို မြင်ရတဲ့အခါ အရောင်လဲသိတယ်၊ အရောင်ရဲ့ မမြဲ ဆင်းရဲ အစိုးမရတဲ့သဘောကိုလဲ သိပါတယ်၊ ပညာကတော့ ရွှေပန်းတိမ်သည်ရဲ့ အသပြာသိပုံနဲ့တူပါတယ်၊ ရွှေပန်းတိမ်သည်က အရောင်လဲသိတယ်၊ အသပြာမှန်းလဲသိတယ်၊ အသပြာရဲ့တန်ဖိုးကိုလဲသိတယ်၊ အဆင်းအသံစသည်ကိုမြင်ရ ကြားရတဲ့အခါမှာတော့ အရောင်အဆင်းစသည်ကိုလဲသိတယ်၊ မမြဲ ဆင်းရဲ အစိုးမရတဲ့သဘောကိုလဲသိတယ်၊ တဆင့်တက်လို့ မဂ်ဖိုလ်နိဗ္ဗာန်ကိုလဲ ထိုးထွင်းလို့ သိနိုင်ပါတယ်၊ ဒါသညာ ဝိညာဏ် ပညာတို့ရဲ့သိပုံခြင်း မတူကွဲပြား ခြားနားချက်ပါပဲ၊

(သဂြိုဟ်ဘာသာဋီကာ) *(ဝိညာဏ်ကို ဝိန်ညင်-ဟုဖတ်)*

သညာစ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ၊

ချစ်သားတို့ မှတ်သားမှုသညာ အတ္တကောင်ဖြစ်ခဲ့မယ်ဆိုရင် ဤသညာသည် မနှိပ်စက်နိုင်ရာ၊ သညာသာ အတ္တဖြစ်ခဲ့မယ်ဆိုရင် ကောင်းတဲ့ကာယကံ ဝစီကံ အပြစ်ကင်းတဲ့ မနောကံတွေတွေးပြီး ချမ်းသာနေရမှာပေါ့၊ မကောင်းတဲ့အာရုံတွေ အဖြစ်အပျက်တွေအမှတ်ရပြီး စိတ်ဆင်းရဲမှု မဖြစ်သင့်ပါဘူး၊ အတ္တကောင်မဟုတ်သောကြောင့်သာ ပူပန်မှု ဆင်းရဲမှုတွေဖြစ်နေရတာပါ၊ မှတ်သားမှုသညာက ကောင်း

တာရော မကောင်းတာပါမှတ်ထင်ပါတယ်၊ ဥပမာ-မစင်ကိုလူသားတွေက စက်ဆုပ်ရွံရှာဘွယ် အဖြစ်နဲ့ မှတ်ထင်ပေမဲ့ ခွေး ဝက်စတဲ့သတ္တဝါတွေကတော့ နတ်သုဒ္ဓါကဲ့သို့မှတ်ထင်ပါတယ်၊ ထို့အတူသညာရဲ့ သဘောကလဲ ကောင်းတာရော မကောင်းတာပါ မှတ်သားပါတယ်၊ အာရုံငါးပါး ကာမဂုဏ်တရားကို ပုထုဇဉ်လူသားများက အမြတ်တနိုး တန်ဖိုးထားပြီး အသုံးပြုကြသော်လဲ ဘုရား ရဟန္တာ အရိယာ ပုဂ္ဂိုလ် များကတော့ စက်ဆုပ်ရွံရှာ မသတီစရာ အဖြစ်နဲ့ မှတ်ထင်တော်မူကြပါတယ်၊ သညာရဲ့ သဘောကလဲ ထို့အတူ ကောင်း မကောင်း အာရုံနှစ်မျိုးလုံးကို မှတ်ထင်တပ်ပါတယ်၊ ဒါသညာအတ္တကောင် မဟုတ်လို့ သာ မကောင်းအာရုံကိုလဲ မှတ်သားပါတယ်၊

လဗ္ဘေထစ သညာယ ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီတိ၊

မှတ်သားမှုသညာ အတ္တဖြစ်မယ်ဆိုရင် ငါ၏သညာသည် အကောင်းအာရုံတွေချည်း မှတ်မိပါစေ၊ မကောင်း အာရုံတွေ မမှတ်မိပါစေနဲ့လို့ တောင့်တလို့ရရာ၏၊

သညာ၏အမှတ်မှားပုံကိုလဲ ဤသို့ သိသင့်ပါသေးသည်၊ ရှေးတုံးကမျက်မမြင် ပုဏ္ဏားခြောက် ယောက်ရှိသတဲ့၊ တစ်ခါမှာတော့ ဆင်ပြောင်ကြီးတစ်ကောင်ကို စမ်းမိကြရာဝယ် တစ်ယောက်သောသူက နှာမောင်းကိုစမ်းမိတဲ့အခါ၊ ထိုသူက" ဆင်ဆိုတာ ငါတို့မျက်စိမကွယ်ခင်က မြင်ခဲ့ရတဲ့ မြွေနဲ့တူတယ် "လို့ ပြောပါတယ်၊ အစွယ်ကိုစမ်းမိသူက"ဆင်ဆိုတာ ကျဉ်ပွေ့နဲ့တူတယ်"လို့ပြောပါတယ်၊ နားရွက်ကို စမ်းမိ သူက "ဆင်ဆိုတာ သင်ဖျူးဖျာနဲ့တူတယ်"၊ ခန္ဓာကိုယ်ကိုစမ်းမိသူက "ဆင်ဆိုတာ အိမ်နံရံနဲ့တူတယ်"၊ အမြီးကိုစမ်းမိသူကတော့ "ဆင်ဆိုတာ တံမျက်စည်းနဲ့တူတယ်"၊ ခြေတောက်ကိုစမ်းမိသူက "ဆင်ဆိုတာ အိမ်တိုင်နဲ့တူတယ်"လို့မှန်းပြီးပြောကြပါတယ်၊ မျက်စိမြင်စဉ်က မိမိတို့မှတ်သားခဲ့ဘူးသည့်အတိုင်း ပြော ကြခြင်းသာဖြစ်ပါသည်၊ *(ဥဒါနအဋ္ဌကထာ၊ ၃၀၇)*

ဒါသညာရဲ့ အမှတ်မှားမှုသာဖြစ်ပါတယ်၊ သညာသာအတ္တဖြစ်မယ်ဆိုရင် အမှတ် မမှားပါစေနဲ့လို့ တောင့်တလို့ရမှာပါ၊ မရနိုင်သောကြောင့် အနတ္တ လို့သာမှတ်ရပါမည်၊

ဤနေရာ၌ သညာနှင့်ပတ်သက်၍ လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသရူပဘေဒနီကျမ်း လာဆောင်ပုဒ်များဖြင့် ဗဟုသုတအလို့ငှာတင်ပြအပ်ပါသည်၊

**(ဆောင်ပုဒ်)** ထို့ပြင်သညာ၊ ခန္ဓာမှာကား၊ လိမ္မာတတ်သိ၊ ခေါ်ကြဘိရှင့်၊

သညာဆိုတာ လောကီရေးရာမှာ လိမ္မာခြင်း ပါးနပ်ခြင်း၊ သိခြင်း၊ တတ်ခြင်းကိုခေါ်ပါတယ်၊ လောကစာတတ်အတန်း စာပေများ တတ်သိလိမ္မာခြင်း ကျွမ်းကျင်ခြင်း သိခြင်း သိပ္ပံပညာဆိုင်ရာတတ်သိနား လည် လိမ္မာကျွမ်းကျင်မှုမှန်သမျှတွေကို သညာလို့ခေါ်ပါတယ်၊

**(ဆောင်ပုဒ်)** လူ၏ဘောင်မှာ၊ လူတကာနဲ၊ လိမ္မာမြဲမူ၊ မှတ်စွဲဖြာဖြာ၊ ဤသညာပင်၊

လူ့ဘောင်လောကတွင် သူများနည်းတူ လိမ္မာတာမျိုး၊ ကုန်ကူးသန်းရောင်းဝယ်မှုတွင် လိမ္မာပါးနပ် ခြင်းမျိုး၊ အချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင် ဆရာနဲ့တပည့် မိဘနဲ့သားသမီး၊ လူကြီးနဲ့လူငယ်စသည် ပြောဆို ဆက်ဆံရာ၌ ချိုသာယာဉ်ကျေး လိမ္မာစွာ ပြောဆိုဆက်ဆံတာမျိုးသည် သညာပင်ဖြစ်ပါသည်၊

**(ဆောင်ပုဒ်)** နတ်မှာနတ်လျှောက်၊ လိမ္မာမြောက်၏၊ အောက်အပါယ်သား၊ ကျွဲနွားမြင်းဆင်၊ မြင်မြင်သမျှ၊အနန္တ လည်း၊ ဘာဝ ဘာဝသိတပ်ကြ၏၊

အထိုက်အလျှောက် သူ့အတိုင်းအတာနှင့်သူ လိမ္မာကြ၊ သိတပ်ကြပါတယ်၊ လူကြတော့ လူလိမ္မာ ပေါ့၊ နတ်များ မှာတော့နတ်လိမ္မာ၊ တိရစ္ဆာန်များကြတော့ ဆင်လိမ္မာ၊ မြင်းလိမ္မာ၊ ကျွဲလိမ္မာ၊ ခွေးလိမ္မာ၊ မျောက်လိမ္မာစသည် ပြောကြပါတယ်၊ အဲဒီလို လောကီရေးရာမှာ သိတယ်ဆိုတဲ့ သဘာဝဟာ သညာ တွေပါပဲ၊

**(ဆောင်ပုဒ်)** လောကအလုံး၊ မြော်မဆုံးအောင်၊ အသုံးထင်စွာ၊ အလိမ္မာဟု၊ အခြာအချုပ်၊ ခေါ်သမုတ်၏၊

လောကီနယ်မှာတော့ သူကအချုပ်အခြာပါပဲတဲ့၊ အရာရာမှာ တပ်သိနားလည် လိမ္မာပါးနပ်မှု မှန် သမျှတွေကို သညာလို့ခေါ် ပါတယ်၊

**(ဆောင်ပုဒ်)** မုဆိုးတံငါ၊ သူ့အရာ၌၊ လိမ္မာကျွမ်းကျင်၊ သညာပင်တည်း၊ သို့စဉ်နည်းပြ၊ သိကုန်ကြလော့၊

တောလိုက် မုဆိုးတံငါ ပင်လယ်ခရီးသွားသူ တောင်သူလယ်သမားများ ဈေးသည်စသူတို့လဲ သူ့နေရာနဲ့သူ လိမ္မာကြပါတယ်၊ တောင်သူလယ်သမားများက စပါးစိုက်ပုံစိုက်နည်း၌ လိမ္မာကြပါတယ်၊ ဒီလယ်မြေက ဘယ်မျိုးစေ့ ဘယ်အပင်စိုက်မှရတယ်၊ဘယ်မျိုးစေ့စိုက်ရင်အထွက်မကောင်းဘူး၊ အပင်မသန်ဘူးဆိုတာ လိမ္မာကျွမ်းကျင်စွာသိကြပါတယ်၊ ဈေးသည် များလဲ ဒီအချိန်မှာ ခတ်ဆီနဲ့ ရွှေအရောင်းအဝယ်လုပ်ယင် အကျိုးအမြတ်များများရနိုင်တယ်၊ အိမ်အရောင်းအဝယ်လုပ်ယင် အကျိုးအမြတ် သိတ်မရနိုင်ဘူးစသည်ဖြင့် လိမ္မာကျွမ်းကျင်ကြပါတယ်၊ ပင်လယ်တွင်းသွားလာနေသူများလဲ ရေကူးရာမှာလိမ္မာကြပါတယ်၊ တစ်ခါက တက္ကသိုလ်ပါမောက္ခကြီးတစ်ယောက်နဲ့ ပင်လယ်လုပ်သားတစ်ယောက်တို့ သင်္ဘောတစ်စီးနဲ့ပင်လယ်ပြင်သွားနေစဉ် လေမုန်တိုင်းမိလို့ သင်္ဘောပျက်တဲ့အခါ ပါမောက္ခကြီးကပညာတတ်၊ သိပ္ပံအရာမှာ ပါရဂူမြောက် တပ်မြောက်တဲ့သူ ရေလုပ်သားကတော့ ဘာပညာမှမတတ်ရှာဘူး၊ သို့သော် ပင်လယ်ခရီးတော့ကျွမ်းကျင်တယ်၊ ပါမောက္ခကြီးက ရေမကူးတပ်ရှာဘူး၊ ရေလုပ်သားကတော့ ပင်လယ်ထဲမှာ ခြေကကန်၊ လက်ကယက်၊ ခေါင်းလေးမော့၊ ကိုယ်လုံးလေးဖော့ထားပြီး ငါးလေးတစ်ကောင်လို ပေါ့ပါးစွာကူးသွားလိုက်ပါသတဲ့၊ ဒါကဘာလဲဆိုတော့ သူ့နေရာနဲ့သူ လိမ္မာကျွမ်းကျင်တဲ့ သညာပါပဲ၊

**(ဆောင်ပုဒ်)** ရူပသညာ၊ စသည်ဖြာသား၊ သညာအပြား၊ အကျဉ်းအားဖြင့်၊ ခြောက်ပါးလာရှိ၊

ဘုရားဟောပါဠိတော်မှာ ရူပသညာ သဒ္ဒသညာ ဂန္ဓသညာ ရသသညာ ဖောဋ္ဌဗ္ဗသညာ ဓမ္မသညာ လို့အာရုံအလိုက် ခြောက်ပါးရှိပါတယ်၊ အဆင်းမျိုးစုံနဲ့ပတ်သက်ပြီး လိမ္မာကျွမ်းကျင်တာက ရူပသညာ၊ အသံမျိုးစုံနဲ့ပတ်သက်ပြီး လိမ္မာ ကျွမ်းကျင်တာကသဒ္ဒသညာ၊ အနံ့မျိုးစုံနဲ့ပတ်သက်လို့ လိမ္မာကျွမ်းကျင်တာက ဂန္ဓသညာ၊ အရသာမျိုးစုံနဲ့ပတ်သက်ပြီး လိမ္မာကျွမ်းကျင်တာက ရသသညာ၊ အတွေ့အထိမျိုးစုံနဲ့ ပတ်သက်လို့လိမ္မာကျွမ်းကျင်တာက ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မာရုံနဲ့ပတ်သက်လို့ လိမ္မာကျွမ်းကျင်တာက ဓမ္မသညာ ခေါ်ပါတယ်၊

**(ဆောင်ပုဒ်)** မြေသိရေသိ၊ နေလသိက၊ စသည်သွယ်သွယ်၊ မဆုံးဖွယ်သည်၊ အကျယ်သညာက္ခန္ဓာတည်း၊

သညာကအကျဉ်းချုံးလိုက်ယင်(၆)ပါး၊ ချဲ့လိုက် ပွါးလိုက်ယင် မြေဟူ၍သိတာ ရေ၊ လေ၊ မီး၊ နေ၊ လ၊ နက္ခတ်၊ တာရာ၊ ကြယ်တွေပဲဟုသိတာဟာပညာမဟုတ်ပါ၊ သညာအသိများသာဖြစ်ပါတယ်၊ လောကကြီးမှာ သညာကအရာအကျယ်ဆုံးပါပဲ၊ အရာရာလိမ္မာပါးနပ် ကျွမ်းကျင်မှုတွေဟာ သညာများသာဖြစ်ပါတယ်၊ *(ဇာတိပိဋကဆရာတော်ကြီး)*

ယသ္မာစခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ၊ နစ လဗ္ဘတိ သညာယ ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီတိ၊

ရဟန်းတို့မှတ်သားမှုသညာ အနတ္တဖြစ်ခြင်းကြောင့် စိတ်ဆင်းရဲပူပန်ပြီး နှိပ်စက်ပါတယ်၊ ငါ၏ မှတ်သားမှုသညာ အကောင်းချည်းဖြစ်ပါစေ၊ မကောင်းတာတွေ ဝမ်းနည်းစရာတွေ မမှတ်မိပါစေနဲ့လို့ တောင့်တလို့မရပါ၊

အတ္တရဲ့သတ္တိက သာမီ=ခန္ဓာအိမ်ဆိုင်သမျှ၌ ပိုင်သအုပ်စီး အရှင်သခင်ကြီးပေတည်း၊ မှတ်သားမှုသညာကိုအတ္တက ပိုင်တယ်၊ အစိုးရတယ်ဆိုယင် စိတ်နှစ်လုံးရွှင်ပြုံးစရာ၊ စိတ်ချမ်းသာစရာတွေချည်း အမှတ်ရရမှာပါ၊ ငါရဲ့သညာအကောင်း တွေချည်းအမှတ်ရပါစေ၊ မကောင်းတာတွေ စိတ်မချမ်းသာစရာတွေ စိတ်ဆင်းရဲစရာတွေ အမှတ်မရပါစေနဲ့လို့ တောင့်တလို့မရပါ၊ ဘာကြောင့်လဲဆိုတော့ အစိုးမရ အနတ္တဖြစ်လို့ပါပဲ၊ သယံဝသီ=ခန္ဓာအိမ်မှု အစုစု၌ တစ်ခုမကျန် စီမံခွဲဝေ မိမိ နှစ်ချိုက် စနစ်ကိုက်အောင် လိုက်ပါစေနိုင်တဲ့ သဘောပေတည်း၊ အတ္တကမိမိရဲ့အလိုကျဖြစ်စေရတယ်၊ မိမိအလိုသို့လိုက်ပါစေရတယ် ဆိုယင် မှတ်သားမှုသညာကို ဘာကြောင့်မကောင်းတဲ့အကြောင်းအရာ မကောင်းတဲ့အဖြစ်အပျက် ဝမ်းနဲစရာ စိတ်နှစ်လုံးမချမ်းမြေ့စရာတွေကို ပြန်ပြောင်းအောင့်မေ့သတိရပြီး စိုးရိမ်ပူဆွေးငိုကြွေးမည်တမ်းခြင်း၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်ရခြင်း၊ သက်ကြီးရှိုက်ငင်ပြင်းစွာပူပန်ရခြင်းမျိုးတွေဖြစ်ပါသနည်း၊အတ္တမဟုတ်သောကြောင့်၊ မိမိအလိုသို့မလိုက်စေနိုင်သောကြောင့်သာ အကောင်းတွေချည်းအမှတ်ရပါစေ၊ မကောင်းတာတွေ စိတ်ဆင်းရဲစရာတွေ အမှတ်မရပါစေနဲ့လို့ တောင့်တလို့မရတာပါ၊

## ဗုဒ္ဓသည်အနတ္တဝါဒကိုလက်မခံဘူးတဲ့

တစ်ချို့ပုဂ္ဂိုလ်များက ဗုဒ္ဓသည်အနတ္တဝါဒကိုလက်မခံ၊ အတ္တကိုသာပြောဆိုလေ့ရှိသူ၊ အတ္တကိုသာအမွန်းတင် ချီးမွမ်းလေ့ရှိသူပါဟု ပြောဆိုကြသေးသည်၊ အဘယ့်ကြောင့်ပါနည်း?

အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ၊ *(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)*

ထိုပုဂ္ဂိုလ်တို့အလို "ချစ်သားတို့ အတ္တကိုကိုင်းကျွန်းသဖွယ်မှီခိုရာရှိသည်ဖြစ်၍ နေကြကုန်လော့၊ အတ္တကို ကိုးကွယ်လဲလျောင်း ပုန်းအောင်း မှီခိုရာရှိသည်ဖြစ်၍ နေကြကုန်လော့၊ အတ္တမှတစ်ပါး အခြားကိုးကွယ်ရာမရှိသည်ဖြစ်၍ နေကြကုန်လော့ဟု သူတို့လိုချင်သလိုအဓိပ္ပါယ်ယူပြီး မြန်မာပြန်ကြသည်၊ သို့သော်ထိုကဲ့သို့ မိန့်တော်မူယင်းမဟုတ်ပါ၊

ဓမ္မဒီပါ ဘိက္ခဝေ ဝိဟရထ ဓမ္မသရဏာ အနညသရဏာ *(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်)*

ဗုဒ္ဓမိန့်တော်မူလိုတာက "ချစ်သားတို့ တရားတော်ကို ကိုင်းကျွန်းသဖွယ် မှီခိုရာရှိသည်ဖြစ်၍ နေကြကုန်လော့၊ တရားတော်ကို ကိုးကွယ်လဲလျောင်း ပုန်းအောင်းမှီခိုရာရှိသည်ဖြစ်၍ နေကြကုန်လော့၊ တရားမှတစ်ပါး အခြားကိုးကွယ်ရာမရှိသည်ဖြစ်၍ နေကြကုန်လော့"ဟု မိန့်တော်မူလိုပါသည်၊ ဒီနေရာမှာ အတ္တအရ "ဓမ္မ"ကိုယူရပါမည်၊

အတ္တာနံ စေ ပိယံ ဇညာ၊ အတ္တာဟိ အတ္တနော နာထော၊ *(ဓမ္မပဒအဋ္ဌကထာဒုတိယ)*

ထိုပုဂ္ဂိုလ်တို့အလို "အတ္တကို ချစ်အပ်၏ဟူ၍ အကယ်၍သိငြားအံ့၊ အတ္တသည်သာ မိမိ၏ ကိုးကွယ်ရာတည်း" ဟူ၍ မြန်မာပြန်ကြသည်၊ သို့သော်ထိုကဲ့သို့ မြန်မာပြန်ရမည်မဟုတ်၊ မြတ်စွာဘုရားမိန့်တော်မူလိုယင်းက "မိမိကိုယ်ကို ချစ်အပ်၏ဟူ၍ အကယ်၍သိငြားအံ့၊ မိမိသည်သာ မိမိ၏ ကိုးကွယ်ရာတည်း"ဟုမြန်မာပြန်ရမည်ဖြစ်ပါသည်၊ ထို့ကြောင့် မြတ်ဗုဒ္ဓသည် အတ္တကိုလက်မခံ၊"အနတ္တ"ကိုသာပြောဟောလေ့ရှိကြောင်းသိစေအပ်ပါသည်၊

မရီစိကူပမာ သညာ(ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်)

သညာ=မှတ်သားမှုသညာသည်၊ မရီစိကူပမာ=တံလျှပ်နှင့်မခြားတမူအလားတူပါပေ၏၊

ဂိမှာနံ ပစ္ဆိမေ မာသေ ဌိတေ မဇ္ဈန္ဟိကေ ကာလေ မရီစိကာ ဖန္ဒတိ(သံယုတ်ပါဠိတော် ဒုတိယ)

တံလျှပ်ဆိုတာ နွေလတို့ရဲ့နောက်ဆုံးတလဖြစ်တဲ့ ကဆုံလပြည့်ကျော်(၁)ရက်နေ့မှ နယုန်လပြည့်နေ့အထိ တစ်လသည် အလွန်ပူပြင်းသောလဖြစ်ပါသည်၊ မြေထဲ သဲထဲတွင် အောင်းနေသော အပူငွေ့နှင့် အပါကနေပူ၊ ထိုအပူနှစ်ခုပေါင်းစပ်ထိခိုက်ပြီး အဝေးကလှမ်းကြည့်လိုက်လျှင် တလှုပ်လှုပ်တရွရွနဲ့ ရေပြင်ကြီးလို စိတ်ထဲမှာ ထင်နေပါတယ်၊ ဆာလောင် မွတ်သိတ်နေသော ကန္တာရတွင် ခရီးသွားကြသူများက တံလျှပ်ကိုရေပြင်ထင်ကာ လိုက်ကြသော်လဲ ဘာတစ်ခုမှမတွေ့ရပါ၊ ရေကံလဲမတွေ့ရ၊ ရေအိုင်လဲမတွေ့ရပဲ လိုက်လေဝေးလေဆိုတာလို ဖြစ်ရပါသည်၊ ထိုတံလျှပ်ကိုရေပြင်၊ ရေကံဟူ၍ထင်တာက သညာ၏ အမှတ်မှားမှုဖြစ်ပါသည်၊ ကာမ ရူပ အရူပ ဘုံသုံးပါးတွင် ငါးပါးအာရုံကာမဂုဏ်ကို ချမ်းသာတွေ့နိုးဖြင့် လိုက်နေကြသူ ဦးဇင်းတို့တစ်တွေလဲ လိုက်လေဝေးလေပါပဲ၊ ချမ်းသာအတုသာတွေ့ရမည်၊ ချမ်းသာအစစ်ကိုတော့ မရနိုင် မတွေ့နိုင်ပါ၊ တောထဲမှာကျက်စားနေကြတဲ့ သမင်များဟာ ရေဆာလို့ တံလျှပ်ကိုရေပြင်ထင်ကာ လိုက်နေသော်လဲရေပြင်ဆိုတာမတွေ့ရ၊ လိုက်လေဝေးလေသာဖြစ်ရပါသည်၊ "တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်များ"သလို ဖြစ်တပ်ပါသည်၊ ဒါတွေဟာမှတ်သားမှုသညာရဲ့ ဖေါက်ပြန်မှုသဘောတွေပါပဲ၊ အနိစ္စဖြစ်နေတဲ့ ဘုံသုံးပါးမှာ နိစ္စလို့ထင်တာ သညာဝိပလ္လာသ၊ ဒုက္ခဖြစ်နေတဲ့ ဘုံသုံးပါးမှာ သုခလို့ထင်တာ သညာဝိပလ္လာသ၊ အနတ္တဖြစ်နေတဲ့ ဘုံသုံးပါးမှာ အတ္တလို့ထင်တာ သညာဝိပလ္လာသ၊ အသုဘဖြစ်နေတဲ့ ဘုံသုံးပါးမှာ သုဘလို့ထင်တာ သညာဝိပလ္လာသဖြစ်ပါတယ်၊

ဆောင်ပုဒ်

အနိစ္စကိုပင်၊ နိစ္စထင်၊ နေ့စဉ်လိမ်ကြတာ၊
ဒုက္ခကိုပင်၊ သုခထင်၊ နေ့စဉ်လိမ်ကြတာ၊
အနတ္တကိုပင်၊ အတ္တထင်၊ နေ့စဉ်လိမ်ကြတာ၊
အသုဘကိုပင်၊ သုဘထင်၊ နေ့စဉ်လိမ်ကြတာ၊ *(မဟာဂန္ဓာရုံဆရာတော်ကြီး)*

## သညာဝိပလ္လာသလေးပါး

သညာ=မှတ်သားမှု၊ ဝိပလ္လာသ=ဖေါက်ပြန်ခြင်း၊ ဖေါက်ပြန်သောအားဖြင့် မှတ်ထင်မှုကို "သညာဝိပလ္လာသ"ဟု ခေါ်ပါသည်၊ မြင်းကိုမျက်မှန်စိမ်းတပ်ပြီး မျက်ခြောက်ကျွေးတဲ့အခါ အစိုထင်ပြီးအားရပါးရစားပါတယ်၊ ဒါသညာရဲ့ မှားယွင်းသော ဖေါက်ပြန်ခြင်းသာဖြစ်ပါတယ်၊ အဝိဇ္ဇာခေါ်တဲ့မောဟဦးစီးတဲ့ သညာက အလွဲလွဲအမှားမှားကို မှတ်သားပါတယ်၊ မမြဲတာကိုမြဲတယ်၊ ဆင်းရဲတာကိုချမ်းသာတယ်၊ အစိုးမရတာကိုအစိုးရတယ်၊ မတင့်တယ်တာကိုတင့်တယ်တယ်လို့ထင်တာတွေကမောဟဦးစီးတဲ့ သညာရဲ့မှတ်ထင်မှုတွေပါပဲ၊ ဝိဇ္ဇာခေါ်တဲ့ပညာဦးစီးတဲ့ သညာကျတော့ သဘာဝအမှန်အတိုင်း မှတ်ထင်ပါတယ်၊ မမြဲတဲ့ခန္ဓာကို မမြဲတဲ့သဘောအနေနဲ့၊ ဆင်းရဲတဲ့ခန္ဓာကို ဆင်းရဲတဲ့သဘောအနေနဲ့၊ အစိုးမရတဲ့ခန္ဓာကို အစိုးမရတဲ့သဘောအနေနဲ့၊ မတင့်တယ်တဲ့ခန္ဓာကို မတင့်တယ်တဲ့သဘောအနေနဲ့ မှတ်ထင်ပါတယ်၊ မတင့်တယ်တဲ့ (၃၂)ကောဋ္ဌာသကို တင့်တယ်တယ်လို့ မှတ်ထင်ပါတယ်၊ ဦးခေါင်းပေါ်ကမတင့်တယ်တဲ့ဆံပင်ကိုတင့်တယ်သည်ဟုထင်နေကြတာပါ၊ ဆံပင်ကိုစစ်ကြည့်လိုက်တော့ ဝဏ္ဏတော=အရောင်အဆင်းအားဖြင့်လဲ မတင့်တယ်၊ ဖြူ နီ ညို ပြာ စိမ်း ဝါ ကြောင်ကြားမို့ မတင့်တယ်ပါ၊ ဂန္ဓတော=အနံ့အားဖြင့်လဲ ပုတ်အက်အက် ညှီစို့စို့မို့ မတင့်တယ်ပါ၊ သဏ္ဌာနတော=ပုံသဏ္ဌာန်အားဖြင့်လဲ စာပေါင်းသိုက်လို သပွတ်အူလို ရှုတ်ထွေးပွေလီလို့နေသောကြောင့် မတင့်တယ်ပါ၊ ဩကာသတော= တည်ရာအားဖြင့်လဲ မတင့်တယ်ပါ၊ အရေပါး၊ အရေထူ၊ အမြေး၊ အကြော၊ အရိုး၊ ဉဇောက်၊ သွေး၊ ဤခုနစ်မျိုးစုပေါင်း ထားတဲ့သမူဟပညတ်နဲ့ လုံးလုံးသဏ္ဌာန် သဏ္ဌာနပညတ်ဖြစ်တဲ့ ဦးခေါင်းပေါ်မှာ တည်နေခြင်းကြောင့်လဲ မတင့်တယ်ပါ၊ မတင့်တယ်တဲ့ဒီဆံပင်ကို တင့်တယ်တယ်ထင်ပြီး နေ့စဉ်ဖီးလိမ်းပြုပြင်တန်ဆာဆင်နေကြတာပါ၊ ကာလာအမျိုးမျိုးဆိုး၊ ပုံစံအမျိုးမျိုးနဲ့ ပြုပြင်ပြီး တန်ဆာဆင်နေကြတာပါ၊ အဲဒီ မမြဲ ဆင်းရဲ အစိုးမရ မတင့်တယ်တဲ့ ဆံပင်ကို မြဲတယ် ချမ်းသာတယ်၊ အစိုးရတယ်၊ တင့်တယ်တယ်လို့ထင်နေတာ သညာဝိပလ္လာသပင်ဖြစ်ပါတယ်၊ *(ဝိပလ္လာသကိုဝိပန်လာသဟုဖတ်)*

ဆောင်ပုဒ်

အနိစ္စဆံပင်၊ နိစ္စမြင်၊ မှတ်ထင်သညာ ဝိပလ္လာ၊
ဒုက္ခဆံပင်၊ သုခမြင်၊ မှတ်ထင်သညာ ဝိပလ္လာ၊
အနတ္တဆံပင်၊ အတ္တမြင်၊ မှတ်ထင်သညာ ဝိပလ္လာ၊
အသုဘဆံပင်၊ သုဘမြင်၊ မှတ်ထင်သညာ ဝိပလ္လာ၊

ရှေးတုန်းက မနူးမနပ်လူတစ်ယောက်ရှိသတဲ့၊တစ်နေ့မှာတောဘဲတွေရေကန်ထဲလာပြီး ရေကူးကာမြူးတူးပျော်ပါးလို့နေစဉ် ထိုမနပ်မနူး ဝမ်းတွင်းရူးက ဒီဘဲတွေဘယ်သူ့ဘဲတွေလဲလို့မေးတဲ့အခါ လူလယ်တစ်ယောက်က ဒါကျုပ်ဘဲတွေပါလို့ပြောလိုက်တယ်၊ဒီလိုဆိုမိတ်ဆွေရာ ကျုပ်ကိုရောင်းပါဗျာနဲ့ပြောတော့ ထိုလူလယ်ကအေးလေ ခင်ဗျားလိုချင်လဲရောင်းရတာပေါ့ဆိုပြီး၊လက်ညှိုးထိုးကာ ဘဲအုပ်ကိုရောင်းလိုက်ပါသတဲ့၊ ဝမ်းတွင်းရူးလဲ တစ်နေကုန်ဘဲကျောင်းနေပြီး၊ ညနေကျတော့ ဘဲအုပ်ကြီးက ဖရူးဆိုပြန်သွားပါတယ်၊ တောဘဲမို့တောပြန်သွားတာပေါ့၊ ဒါကိုမသိရှာတဲ့ ကိုဝမ်းတွင်းရူးခမျာ ပြန်သွားတဲ့ဘဲတွေနောက်လိုက်ပြီး "ငါ့ဘဲ ငါ့ဘဲ"နဲ့ အော်ကာကျန်ရစ်ပါတယ်၊ ဦးဇင်းတို့အဖိုးအဖွားတွေလဲ သားသမီးမြေးမြစ်တွေအပေါ် "ငါ့သားလေးကသိတ်လိမ္မာတာ၊ သမီးလေးဆိုမိဘစကားသိတ်နားထောင်၊ မြေးလေးကဆို အဖိုးအဖွားတွေ ညာတုပ်နေတာ" နဲ့ဆိုပြီးချစ်နေကြတာပါ၊ အဲ ကံမကောင်းအကြောင်းမလှလို့ ခွဲခွါသွားကြ ရတဲ့အခါမျိုးမှာတော့ဝမ်းတွင်းရူးဟာ"ငါ့ဘဲ ငါ့ဘဲ"ဟူ၍မည်တမ်းလျှက်ကျန်ရစ်သလို ပူဆွေးသောကဖြစ်ပြီးသာနေကျရပါတယ်၊ ဒီနေရာမှာ သားသမီးမြေးမြစ်တွေက ဘဲအုပ်နဲ့တူပြီး၊ အဖိုးအဖွားတွေကတော့ ဘဲကျောင်းနေသူ ကိုဝမ်းတွင်းရူးနဲ့တူပါတယ်၊ အဖိုးအဖွားတွေသာမဟုတ်ပါဘူး၊ ဦးဇင်းတို့တတွေအားလုံးဟာလဲ ဝမ်းတွင်းရူးတွေပဲပေါ့၊ သို့သော် သက်မဲ့ပစ္စည်းနှင့် သက်ရှိသားသမီးအပေါ်သံယောဇဉ်ကြီးသူတွေကပိုပြီးရူးတယ်လို့ပြောရမှာပဲ၊ ဒီနေရာမှာ တောဘဲကို အိမ်ဘဲထင်ပြီးအမှတ်မှားနေတာက သညာဝိပလ္လာသပါပဲ၊ ကိုယ်မပိုင်တဲ့ သက်ရှိသက်မဲ့အပေါ်မှာပိုင်တယ် ထင်နေတာဟာလဲ သညာဝိပလ္လာသပင်ဖြစ်ပါတယ်၊

## ဝိပလ္လာသ(၁၂)ပါး ဤသို့ပြား

ဝိပလ္လာသ(၁၂)ပါးဟူသည်မှာ အနိစ္စ၌နိစ္စဟုမှတ်ထင်ခြင်း၊ ဒုက္ခ၌သုခဟုမှတ်ထင်ခြင်း၊ အနတ္တ၌အတ္တဟုမှတ်ထင်ခြင်း၊ အသုဘ၌သုဘဟုမှတ်ထင်ခြင်းအားဖြင့်လေးမျိုးရှိရာ တစ်မျိုးတစ်မျိုး၌ (၁)မှတ်ထင်မှုသညာ၏ဖောက်ပြန်ခြင်း၊ (၂) စိတ်ဝိညာဏ်၏ဖောက်ပြန်ခြင်း၊ (၃)အမြင်၏ဖောက်ပြန်ခြင်းဟူ၍သုံးမျိုးစီကွဲပြားလေရာအားလုံးပေါင်း ဝိပလ္လာသ (၁၂)ပါးဖြစ်ရပါသည်၊ *(အင်္ဂုတ္တိုရ်ပါဠိတော်ပထမအုပ်–၃၆၁)*

## ပြုလုပ်သူနှင့်ခံစားသူ

ကာရကဆိုတာ ပြုလုပ်တပ်သူ၊ ဝေဒကဆိုတာခံစားတပ်သူလို့ အဓိပ္ပါယ်ရပါတယ်၊ မှတ်သားမှုသညာကိုပြုလုပ်တတ်သူနှင့် ခံစားတတ်သူမရှိပါ၊ ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ားမိန်းမ ခံစားသည်ဆိုသည်မှာမဟုတ်ပါ၊ ဒါဖြင့် သညာကိုအဘယ်သူပြုလုပ်၍ အဘယ်သူခံစားပါသနည်း၊

## သညာကိုအဘယ်သူပြုလုပ်သနည်း?

ပြုလုပ်တပ်သူ အတ္တမရှိပါ၊ လူ့ဘဝ နတ်ဘဝကို ပြုလုပ်တပ်သူကတော့ အဝိဇ္ဇာ တဏှာ ကံ တို့ပဲဖြစ်ပါတယ်၊ အဝိဇ္ဇာဆိုတာ မသိမှုမောဟ၊ ပဋိသန္ဓေ၊ အို၊ နာ၊ သေ ဒုက္ခတွေမမြင်အောင် အဝိဇ္ဇာက ဖုံးထားပြီး တဏှာက သူဌေးကြီး သူဌေးကတော်ကြီး ဖြစ်ချင်လို့တောင့်တ၊ တောင့်တပြီး ကုသိုလ်ကံတွေပြုခဲ့ကြလို့ လူ့ဘဝ နတ်ဘဝ သူဌေးကြီး သူဌေးကတော်ကြီးဆိုတာ ဖြစ်လာခဲ့ကြတာပါ၊ မောဟကအပါယ်လေးပါးမှာတွေ့ရမဲ့ဒုက္ခတွေ မမြင်အောင် ဖုံးကွယ်ထားပြီး အကုသိုလ်ကိုနည်းအမျိုးမျိုးနဲ့ ပြုခဲ့ကြပါတယ်၊ အကုသိုလ်တွေပြုခဲ့တော့ အပါယ်လေးပါးမှာ ခံရမဲ့ဒုက္ခတွေက ဆီးကြိုလို့နေပါတယ်၊ အဲဒီတော့ သညာကိုပြုလုပ်တပ်သူကတော့ အတ္တမဟုတ်ပါ၊ အဝိဇ္ဇ တဏှာ ကံတို့ပင်ဖြစ်ပါတယ်၊

## ချမ်းသာဆင်းရဲကိုအတ္တကခံစားသလား?

အတ္တကခံစားတပ်တဲ့ ဝေဒကသတ္တိမရှိပါ၊ အဝိဇ္ဇာဦးစီးတဲ့သညာက မကောင်းတာတွေ မှတ်သားမိလို့စိတ်မချမ်း မသာဖြစ်လဲ ဒုက္ခဝေဒနာက ခံစားပါတယ်၊ ဝိဇ္ဇာဦးစီးတဲ့သညာက ကောင်းတဲ့အကြောင်းအရာတွေ မှတ်သားပြီး စိတ်ချမ်းသာဖြစ်လဲ သုခဝေဒနာကပင်ခံစားပါတယ်၊ ခံစားတပ်သူအတ္တဆိုတာမရှိပါ၊ ဝေဒနာကပင်ခံစားပါသည်၊

ပြုလုပ်တပ်သူနဲ့ခံစားတပ်သူ အတ္တဆိုတာ မရှိပါ၊ ပြုလုပ်တပ်သူကာရကပုဂ္ဂိုလ်ကတော့ အဝိဇ္ဇာ တဏှာ ကံတို့ ဖြစ်ပြီး၊ ခံစားတပ်သူဝေဒကပုဂ္ဂိုလ်ကတော့ ဝေဒနာစေတသိက်ပင်ဖြစ်ပါသည်၊ အတ္တက မှတ်သားမှုသညာကို အစိုးရတယ် ပိုင်ဆိုင်တယ်၊ သူ့အလိုအတိုင်းလိုက်စေနိုင်တယ်ဆိုတာ မဟုတ်ပါ၊ တောင့်တလို့လဲမရပါ၊ ထို့ကြောင့် မှတ်သားမှုသညာကို "အနတ္တ"လို့ ဘုရားဟောတော်မူတာပါ၊

## သင်္ခါရတွေအနတ္တဖြစ်ပုံ

ရဟန်းတို့ သင်္ခါရတို့သည် အတ္တမဟုတ်ကုန်၊ ရဟန်းတို့ သင်္ခါရတို့သည် အတ္တဖြစ်ခဲ့ကြလျှင် ဤသင်္ခါရတို့သည် နာကျင်ခြင်းမဖြစ်ကုန်ရာ၊ "ငါ၏ သင်္ခါရတို့သည် ဤသို့ဖြစ်စေကုန်၊ ငါ၏သင်္ခါရတို့သည် ဤသို့မဖြစ်စေကုန်လင့်"ဟူ၍လည်း သင်္ခါရတို့၌ စီရင်၍ ရကုန်ရာ၏၊

ရဟန်းတို့ သင်္ခါရတို့သည် အတ္တမဟုတ်ကုန်သောကြောင့် နာကျင်ခြင်း ဖြစ်ကုန်၏၊ "ငါ၏ သင်္ခါရတို့သည် ဤသို့ ဖြစ်စေကုန်၊ ငါ၏သင်္ခါရတို့သည် ဤသို့ မဖြစ်စေကုန်လင့်"ဟူ၍လည်း သင်္ခါရတို့၌ စီရင်၍ မရအပ်၊

သင်္ခါရာအနတ္တာ

ချစ်သားတို့ ပြုပြင်စီမံ အားထုတ်မှုသင်္ခါရတရားတို့သည် အတ္တကောင်မဟုတ်ကြကုန်၊

## သင်္ခါရအဓိပ္ပါယ်နှင့်အရကောက်

သင်္ခါရဟူသည် ပြုလုပ် စီမံအားထုတ်စေ့ဆော်တိုက်တွန်းခြင်းဟူသော အဓိပ္ပါယ်ရပါသည်၊ အရကောက်ကတော့ စေတနာခေါင်းဆောင်တဲ့ ဝေဒနာသညာမှကြွင်းသော စေတသိက်ငါးဆယ်ကိုယူရပါတယ်၊

"သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ"(ဓမ္မပဒပါဠိတော်) ၌ပါတဲ့ သင်္ခါရကတော့ ကံ စိတ် ဥတု အာဟာရ အကြောင်းလေးပါးကြောင့်ဖြစ်တဲ့ စိတ် စေတသိက် ရုပ်တရားများကို ယူရပါတယ်၊

"အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ပဋိစ္စသမုပ္ပါဒ်ပါဠိတော်လာ သင်္ခါရအရ စေ့ဆော်တိုက်တွန်းတတ်တဲ့ ကုသိုလ် အကုသိုလ် စေတနာကို ယူရပြီး၊

"သင်္ခါရာ အနတ္တာ"ပါဠိတော်လာ သင်္ခါရကတော့ ဝေဒနာ သညာမှတစ်ပါး စေတနာဦးဆောင်တဲ့ စေတသိက် ငါးဆယ်ကို ယူရမှာဖြစ်ပါတယ်၊ "သင်္ခါရာ"ဟူသော ပါဠိချင်းတူပေမဲ့ အဓိပ္ပါယ် အယူအဆ အရကောက်မတူသည်ကိုလဲ သတိပြုမိကြစေလိုပါတယ်၊

## သင်္ခါရသုံးပါးဤသို့ပြား

**(ဆောင်)** ကာ၀ ဝစီ၊ မနောပြီတည့်၊ သုံးလီကမ္မ၊ သင်္ခါရတည်း၊ *(လယ်တီဆရာတော်ကြီး)*

**သင်္ခါရက** (၁) ကာယသင်္ခါရ=ကိုယ်ဖြင့်ပြုလုပ်မှု၊
(၂) ဝစီသင်္ခါရ=နှုတ်ဖြင့်ပြောဆို ပြုလုပ်မှု၊
(၃) မနောသင်္ခါရ= စိတ်ဖြင့်ကြံစည်စိတ်ကူးမှု ဟူ၍ သုံးပါးရှိပါတယ်၊

အဝိဇ္ဇာခေါ်မောဟဦးစီးတဲ့ ပြုလုပ် ပြောဆို ကြံစည်မှုများဟာ အပြစ်မကင်းတဲ့ ကာယကံ ဝစီကံ မနောကံများသာဖြစ်ပါတယ်၊ ဥပမာ အမှောင်တွင်းမှာ လမ်းလျှောက်နေရတဲ့သူဟာ မိမိသွားလိုတဲ့ နေရာကိုဖြောင့်တန်းစွာမရောက်ပဲ ကွေ့ကောက်ပြီး လမ်းလွဲလမ်းမှားကို လျှောက်နေရသလိုပါပဲ၊ အဝိဇ္ဇာခေါင်းဆောင်လာပြီဆိုရင် ကောင်းတာလုပ်မိဖို့ထက် မကောင်းတဲ့အလုပ်၊ အပြစ်မကင်းတဲ့အလုပ်တွေကို လုပ်ဖြစ်ဖို့ကများနေပါလိမ့်မယ်၊ အဝိဇ္ဇာရဲ့သဘောက အမှားကိုအမှန် ထင်နေတာပါ၊ ကိုယ်လုပ်နေတဲ့ အလုပ်ကို ကောင်းတယ်အကျိုးရှိတယ် အပြစ်ကင်းတယ်ထင်ပြီးလုပ်နေတာပါ၊ ဝစီကံနဲ့ ပြောဆိုမှုတွေမှာလဲ ငါပြောနေတဲ့စကားကမှန်တယ်၊ အပြစ်ကင်းတယ်၊ သူတို့ပြောတာတွေက အမှားတွေလို့ထင်နေပါတယ်၊စိတ်နဲ့ကြံစည်စိတ်ကူးမှုတွေမှာလဲ အကျိုးရှိတာတွေ အပြစ်ကင်းတာတွေ ကြံစည်နေတယ်လို့ယူဆ နေပါ တယ်၊ ဒါ မောဟဦးစီးတဲ့ ပြုလုပ် ပြောဆို ကြံစည်မှုတွေပါပဲ၊

ဝိဇ္ဇာခေါ်တဲ့ပညာဦးစီးတဲ့ ကာယကံ ဝစီကံ မနောကံတွေကတော့ အခါခပ်သိမ်းအပြစ်ကင်းနေတာများပါလိမ့်မယ်၊ တစ်ခါတစ်ရံ လုပ်မှား ကိုင်မှား ပြောမှား ဆိုမှား အကြံအစည်မှားများ ရှိကောင်း ရှိနိုင်ပါတယ်၊ ပညာဆိုတာက အကျိုးအကြောင်း အဆိုးအကောင်းကို နားလည်တဲ့သဘောပါ၊ ကာယကံနဲ့ မကောင်းတာတွေပြုလုပ်ယင် မကောင်းကျိုးတွေ ပြန်လည်ခံစားရမယ်၊ ဒါန သီလစတဲ့ ကောင်းတဲ့ အလုပ်တွေလုပ်ယင် ကောင်းကျိုးတွေပေးလိမ့်မယ်၊ ဝစီကံမနောကံနဲ့ အပြစ်မကင်းတဲ့အပြောတွေပြော၊ သူတစ်ပါးပျက်စီးရာ ပျက်စီးကြောင်းတွေ ကြံစည်နေယင်တော့ တန်ပြန်အကျိုးတရားတွေက မကောင်းကျိုးတွေပြန်လိမ့်မယ်ဆိုတာသိနေတော့ ဝိဇ္ဇာဦးဆောင်တဲ့ ကိုယ်မှု နှုတ်မှု ကြံစည်မှုတွေဟာလဲ အခါခပ်သိမ်း အကောင်းချည်းလို့မဆိုနိုင်ပေမဲ့ အများအားဖြင့်တော့ အပြစ်ကင်းတဲ့ အကျိုးရှိတဲ့ ကာယကံ ဝစီကံ မနောကံတို့ဖြင့် ပြုလုပ် ပြောဆို ကြံစည်မှုတွေသာ ဖြစ်နေပါလိမ့်မယ်၊ "ပညာရှိ သတိလစ်ခဲ" ဆိုတဲ့ စကားပုံအရ ရံဖန်ရံခါ ကိုယ် နှုတ် စိတ်အမူအယာတို့ဖြင့် ပြုလုပ် ပြောဆို ကြံစည် စိတ်ကူးမှုတွေမှာ လွဲချော်နေတတ်တာတွေလဲ ရှိတတ်ပါတယ်၊ ထိုပြုလုပ် ပြောဆို ကြံစည်မှု သင်္ခါရသည်အစိုးမရ အတ္တကောင်မဟုတ်သောကြောင့်အနတ္တဟု ဘုရားဟောတော်မူတာပါ၊

သင်္ခါရာစ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ န ယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ၊
ချစ်သားတို့ သင်္ခါရတရားတို့ အတ္တဖြစ်ကုန်ငြားအံ့၊ နာကျင် ခံခက် နှိပ်စက်ခြင်းငှာ မဖြစ်ကုန်ရာ၊

ခန္ဓာငါးပါးရှိရာတွင် ရုပ်တရားကအချမ်းအပူစတဲ့ ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖေါက်ပြန် ရုံသက်သက်ပါပဲ၊ သို့သော် သင်္ခါရတရားတွေက စေ့ဆော်တိုက်တွန်းတဲ့အခါမှာတော့ ကိုယ်အမူအယာ နှုတ်အမူအယာဖြင့် ပြုလုပ် ပြောဆိုရပါတယ်၊ လှုပ်ရှားရပါတယ်၊ သူ့ချည်းသက်သက်ကတော့ ဘာကိုမျှ ပြုလုပ်နိုင်စွမ်းမရှိပါ၊ ဝေဒနာကလဲ အကောင်း အာရုံ အဆိုးအာရုံ အလယ်အလတ်အာရုံကို ခံစားရုံသက် သက်မျှပါပဲ၊ ဘာကိုမျှဖြစ်စေအောင် လုပ်နိုင်စွမ်းမရှိပါ၊ သညာရဲ့သဘောကလဲ အာရုံခြောက်ပါးကို မှတ် သားတဲ့ သဘောသက်သက်ပါပဲ၊ ကွန်ပျူတာမှာ အသေးစိတ်အချက်အလက်တွေကို သိမ်းဆည်းထားတဲ့ သဘောမျိုးပါ၊ ဝိညာဏ်ကလဲ အဆင်း အသံ အနံ့ စတဲ့အာရုံကိုသိရုံ သက်သက်မျှသာဖြစ်ပါတယ်၊ ဘာကိုမျှဖြစ်အောင် ပြုလုပ်နိုင်စွမ်း၊ စီမံနိုင်စွမ်း၊ ဖန်တီးနိုင်စွမ်းမရှိပါ၊ ပြုံးဟန် ရယ်ဟန် စကားပြောဟန် နှင့် သွား ရပ် ထိုင် လျောင်း ဣရိယာပုဒ်အပေါင်းကို ဖြစ်စေတာက သင်္ခါရတရားတွေကဖြစ်စေတာပါ၊ သင်္ခါရတရားတွေက စေ့ဆော်တိုက်တွန်း နိုးဆော်ပေးလို့ သွားမှု ရပ်မှု ထိုင်မှု လျောင်းမှု စကားပြောမှု ကွေးမှု ဆန့်မှုစတဲ့ အမူအယာတွေ ဖြစ်ရတာပါ၊

သင်္ခါရအရကောက်တော့ ဝေဒနာ သညာမှကြွင်းသော စေတနာဦးဆောင်တဲ့ ဖဿ မနသိကာရ လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟစသော စေတသိက်ငါးဆယ်ကိုယူရပါတယ်၊ ဒီစေတသိက်ငါးဆယ်ကလဲ ကိုယ် အမူအယာ အမျိုးမျိုးကိုပြုလုပ်ပေးနေတာပါ၊ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း ကွေးခြင်း ဆန့်ခြင်း ပြုံးရယ်ခြင်း စတဲ့လှုပ်ရှားမှု မှန်သမျှတွေကို စေတနာဦးဆောင်တဲ့ သင်္ခါရတရားတွေက ပြုလုပ်နေတာပါ၊ ရုပ်တရားကြီးကတော့ သင်္ခါရနာမ်တရားတွေ ခိုင်းသမျှလုပ်ပေး နေရတာပါ၊ နာမ်ကအခိုင်းသမား၊ ရုပ်ကအလုပ်သမားဖြစ်ပါတယ်၊ သင်္ခါရနာမ် တရားက သွားဆို ရုပ်က သွားပေးရပါတယ်၊ အိပ်ဆိုအိပ်ပေးရ၊ ထိုင်ဆိုထိုင်ပေးရ၊ စားဆိုစားပေးရတာပါ၊ သူ့အလိုအတိုင်း ဘာကိုမျှ ပြုလုပ်နိုင်စွမ်းမရှိပါ၊ နှုတ်မြွက်၍ပြောဆိုမှုမှာလဲ စေတနာက စေ့ဆော်တိုက်တွန်းလိုက်တဲ့အခါ လောဘ သင်္ခါရတရားက ဦးဆောင်ပြီးစီးပွါးရေးနဲ့ပတ်သက်၍ ရောင်းရေးဝယ်တာကိစ္စများ ပြောဖြစ်ပါတယ်၊ စေတနာရဲ့စေ့ဆော်မှုကြောင့်ပဲ အလောဘသင်္ခါရက ဦးဆောင်ပြီး လှူရေးတန်းရေး ကိစ္စနဲ့ပတ်သက်တဲ့ စကားမျိုးပြောဖြစ်ပါတယ်၊ ကြံစည် တွေးတောရာမှာလဲ ကုသိုလ်စေတနာက တိုက်တွန်းတဲ့အခါမှာတော့ အလှူဒါနပြုဖို့ သီလဆောက်တည်ဖို့ တရားအားထုတ်ဖို့ ကောင်းတဲ့အလုပ်တွေကို ကြံစည်စိတ်ကူး နေပါ တယ်၊ အကုသိုလ်စေတနာ တိုက်တွန်းရာမှာတော့ သတ်ဖို့ ဖြတ်ဖို့ ခိုးဝှက်ဖို့ လုယက်ဖို့ မကောင်းတာ တွေကို စိတ်ကူးကြံစည်လို့နေပါတယ်၊

**သင်္ခါရကဘယ်လိုနှိပ်စက်ပါသလဲ**

ကိုယ် နှုတ် စိတ်အမူအယာတွေဖြစ်အောင် စေ့ဆော်တိုက်တွန်းနေတဲ့ သင်္ခါရတရားတွေဟာ အတ္တကောင်ဖြစ်မယ်ဆိုယင် မိမိကိုယ်မနှိပ်စက်သင့်ပါဘူး၊ အခုတော့ နှိပ်စက်လို့နေပါတယ်၊ ဘယ်လိုများ နှိပ်စက်နေပါသလဲ–အလိုရမက် လွှမ်းမိုး နှိပ်စက်လို့ လောဘသင်္ခါရဦးဆောင်ကာ ခိုးမှု တိုက်မှု လုယက်မှု သတ်ဖြတ်မှု အနုကြမ်းစီးမှု မုဒိမ်းမှုစတဲ့ ပြစ်မှုတွေကျူးလွန်ခဲ့ကြပါတယ်၊ ထိုပြစ်မှုတွေကျူးလွန်တော့ ယခုဘဝမှာ အရှက်တကွဲ အကျိုးနဲလဲဖြစ်ရတယ်၊အဖမ်းအဆီးလဲ ခံရတယ်၊ အာဏာပိုင်တွေရဲ့ ညှင်းပန်း နှိပ်စက်မှုကိုလဲခံရတယ်၊ ထောင်သွင်းအကျဉ်းလဲအချခံရတယ်၊တမလွန်လောက နောက်ဘဝမှာလဲ အပါယ် ငရဲကျရောက်ရပါတယ်၊ဒေါသ မောဟ မာနစတဲ့ တရားဆိုးတွေဦးဆောင်ပြီး စေတနာရဲ့တိုက်တွန်းချက် အရ အပြစ်မကင်းတဲ့စကားတွေပြောမိ၊ ဥပဒေမလွတ်တဲ့စကားတွေဆိုမိပြီး စိတ်နှလုံးမချမ်းမြေ့မှုလဲဖြစ် ရပါတယ်၊ မတော်တာတွေကြံစည်ပြီးတော့လဲ စိတ်ဆင်းရဲဖြစ်ရတယ်၊ အဲသလိုစိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ပြီးတော့ သင်္ခါရ တရားတွေက နှိပ်စက်လို့နေပါတယ်၊ အကယ်၍သာ အတ္တကောင်ဖြစ်ခဲ့မယ်ဆိုယင် ထိုကဲ့သို့ ဆင်းရဲဒုက္ခအမျိုးမျိုးနဲ့တွေ့ ရအောင် မနှိပ်စက်တန်ရာ၊

လဗ္ဘေထစ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု"န္တိ၊

သင်္ခါရတရားများဟာ အတ္တကောင်ဖြစ်ခဲ့မယ်ဆိုယင် ငါ၏ပြုလုပ်အားထုတ်မှု သင်္ခါရတို့သည် အကောင်းချည်းဖြစ်ပါစေ၊ မကောင်းတာတွေမဖြစ်ပါစေနဲ့လို့ တောင့်တလို့ရကုန်ရာ၏၊ သင်္ခါရတရားများ အတ္တကောင်မဟုတ်သောကြောင့် ပြုလုပ်အားထုတ်မှုမှန်သမျှ အကောင်းချည်းဖြစ်ပါစေ၊ မကောင်းတာတွေ

မဖြစ်ပါစေနဲ့လို့တောင့်တမရပါ၊ အစိုးလဲမရ၊ မိမိအလိုတိုင်းလဲမဖြစ်ပါ၊ ကိုယ်အမူအယာဖြင့် မကောင်းတာတွေ ရာဇဝတ်မှုမလွတ်တာတွေ၊ လောကအပြစ်၊ သံသရာအပြစ် မကင်းတာတွေလဲ ပြုလုပ်နေပါတယ်၊ နှုတ်အမူအယာအားဖြင့်လဲ သူတစ်ပါး မကြားဝံ့မနာသာစကားတွေနဲ့ ဆဲရေးတိုင်းထွာ ရေရွတ်ပြီး ကလော်တုတ်နေပါတယ်၊ စိတ်အမူအယာဖြင့်လဲ သူတစ်ပါး သတ်ဖို့ ဖြတ်ဖို့ ညှင်းပန်းဖို့ နှိပ်စက်ဖို့ လုယက်ဖို့နဲ့ သူတစ်ပါးဇနီးမယားသမီးသားကို ဖျက်ဆီးဖို့ ကြံနေပါတယ်၊ ကိုယ် နှုတ် စိတ် အမူအယာဖြင့် မကောင်းတာတွေ ပြုလုပ် ပြောဆို ကြံစည်နေတာမျိုး မလိုလားပါဘူး၊ အခါခပ်သိမ်း အကောင်းတွေချည်း ပြုလုပ် ပြောဆို ကြံစည်နေချင်ပါတယ်၊ သို့သော် အတ္တကောင်မဟုတ်သောကြောင့် မိမိအလိုသို့မလိုက် အစိုးမရ အနတ္တသာဖြစ်ပါတယ်၊

ယသ္မာစ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ၊

ချစ်သားတို့–ပြုလုပ်အားထုတ်မှု သင်္ခါရတရားများ အနတ္တဖြစ်ခြင်းကြောင့် နှိပ်စက်လို့နေပါတယ်၊

သင်္ခါရတရားများ အစိုးမရ အနတ္တဖြစ်ခြင်းကြောင့် မိမိအား ပုံစံအမျိုးမျိုး အသွင်အမျိုးမျိုးနဲ့ နှိပ်စက်လို့နေတာပါ၊ မိတ်ယုတ် ဆွေယုတ်နဲ့ ပေါင်းသင်းမိတဲ့အခါမှာတော့ ဒုစရိုက်မျိုးစုံ အကုန်ပြုကြတော့တာပါပဲ၊ “ပါပသ္မိံ ရမတိ မနော” ဆိုတဲ့စကားအတိုင်း သတ္တဝါတွေရဲ့ စိတ်ကလဲ မကောင်းမှုဒုစရိုက်တွေမှာပဲ မွေ့လျော်ပျော်ပိုက် နှစ်ချိုက်လို့နေတာပါ၊ ကုသိုလ်ကောင်းမှုပြုဖို့ကြတော့ “တီကောင်ဆားနဲ့တို့သလို”တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေကြပါတယ်၊ အပေါင်း အသင်းကလဲ ဘုရားသွား ကျောင်းတက်တရားနာ သင်တန်းတက်ဖို့ ကောင်းတဲ့ဘက်ကိုဆွဲခေါ်တဲ့ မိတ်ကောင်း ဆွေကောင်းကနဲပြီး အရက်ဆိုင်နဲ့ ဒဇ္ဇကိုသွားဖို့ ဆွဲဆောင်တာကများနေတာမို့ အပေါင်းအသင်းကြောင့်လဲ မကောင်းတာတွေပြုလုပ်၊ အပြစ်မကင်းတဲ့စကားတွေပြော၊ မကောင်းတာတွေကြံစည်နေတာက များနေပါတယ်၊ လောဘ ဒေါသ သင်္ခါရ တရားဦးစီးတဲ့ ကိုယ် နှုတ် စိတ် အမူအယာတွေနဲ့ ဒုစရိုက်တွေကို ပြုလုပ် ပြောဆို ကြံစည်တဲ့အခါမှာတော့ အရက်တကွဲ အကျိုးနဲတွေဖြစ်ရ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ရ၊ အဖမ်းအဆီး အချုပ်အနှောင်ခံရခြင်းတို့ဖြင့် နှိပ်စက်နေပါတယ်၊ ဒါသင်္ခါရတရား အတ္တမဟုတ်၊ အစိုးမရခြင်းကြောင့်သာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် မိမိကိုနှိပ်စက်လို့နေတာပါ၊

**ငှက်ပျောတောပမာသင်္ခါရာ**

သင်္ခါရာ ကဒလူပမာ

သင်္ခါရာ–ပြုလုပ်အားထုတ်မှု သင်္ခါရတရားတို့သည်၊ ကဒလူပမာ–ငှက်ပျောတောနှင့် မခြားတမူ အလားတူကြကုန်၏၊

စိတ်မနှံ့သူတစ်ယောက်က ငှက်ပျောတောကြီးထဲရောက်သွားပြီး အနှစ်ရှိတယ် ခိုင်မာတယ် အခွံအခေါက်ရှိတယ်လို့ထင်ကာ သူ့ကိုယ်သူငှက်ပျောတောမင်းသားအသွင် စိတ်ကြီးဝင်လာပြီး ရှင်ဘုရင်ကို စစ်ကြေငြာလိုက်ပါသတဲ့၊ ဒီအခါမှာ ရှင်ဘုရင်လဲ စစ်တပ်နဲ့ တက်လာပြီး စိစိညက် ကြေအောင် ချေဖျက်ကာ ငှက်ပျောတော မင်းသားကိုသတ်ပစ်လိုက်ပါတယ်၊ ဒီနေရာမှာဥပမာနဲ့ ဥပမေယျတိုက်ဆိုင်ကြည့်ရအောင် သတ္တဝါတွေက စိတ်မနှံ့သူနဲ့တူပြီး၊ ခန္ဓာကိုယ်ကြီးက ငှက်ပျောဥယျာဉ်၊ သင်္ခါရတရားတွေကငှက်ပျောပင်၊ သေမင်းကရှင်ဘုရင်နဲ့တူကာ၊အနာမျိုးကိုးဆဲ့ခြောက်ပါးရောဂါနဲ့ အဆိပ်လက်နက်ဘေးစသည်တို့ကတော့ စစ်တပ်နဲ့တူပါတယ်၊

စိတ်မနှံ့သူဟာ ငှက်ပျောတောကို ခိုင်မာတယ်၊ တောင့်တင်းတယ်၊ အနှစ်သာရရှိတယ်ထင်ကာ ရှင်ဘုရင်ကိုအံတု၍ စိန်ခေါ်လိုက်သကဲ့သို့ သတ္တဝါတွေဟာလဲ ကာယကံ ဝစီကံ မနောကံ သင်္ခါရတရားတို့ရဲ့ မြှောက်စားမှုဖြင့် ဘဝအဆက်ဆက်တို့၌ သေမင်းကိုအံတု၍ စိန်ခေါ်နေကြတာနဲ့တူပါသတဲ့၊ သေမင်းကို စိန်ခေါ်တယ်ဆိုတာကတော့ “ငါသေရမဲ့အရွယ် မရောက်သေးပါဘူး၊ သေတယ်ဆိုတာ အသက်ကြီးတဲ့ အဖိုး အဖွားတွေပါ၊ ငါ့အသက်က ငယ် ငယ်လေးမို့ မသေနိုင်သေးပါဘူး” စသည်ဖြင့်၄င်း အရွယ်ရောက်လို့ သေကြပြန်တော့လဲ “သေတယ်ဆိုတာ ကိုယ့်တစ်ယောက်ထဲမှမဟုတ်ပဲ၊ လူတစ်ကာသေနေကြတာ မဆန်းပါဘူး”ဟုပြောကာ သံဝေဂမရကြပဲ သက်တောင့်သက်သာနေတတ်ကြတာဟာ သေမင်းကို အံတု၍ စိန်ခေါ်တယ်၊ မထီလေးစားပြုတယ်လို့ ဆိုလိုပါတယ်၊ စစ်သည်ဗိုလ်ပါတို့တိုက်ခိုက်မှုကြောင့် ငှက်ပျော

တောနှင့် ၄က်ပျောတောမင်းသားတို့ စိစိညက်ကာ သေကြေပျက်စီးကြသလို သေမင်း စစ်သည်ရဲမက်များနှင့်တွေ့တဲ့အခါမှာ အနှစ်သာရကင်းတဲ့ သင်္ခါရရုပ်နာမ်တရားများလဲ အချိန် မရွေး အနိစ္စသဘောနဲ့ ကိစ္စချောနိုင်ကြပါတယ်၊ သေနိုင်ကြပါတယ်၊ တစ်ချို့ကလလရေကြည် အခိုက်မှာ သေခဲ့ရတဲ့ဘဝတွေလဲ မနဲတော့သလို အမြှုပ်အခိုက် သားတစ်အခိုက်မှာ သေခဲ့ရတဲ့ ဘဝတွေကလဲ မရေတွက်နိုင်တော့ပါဘူး၊ ပဋိသန္ဓေနေပြီးနောက် ညတိုင်း နေ့တိုင်း နာရီတိုင်း မိနစ်တိုင်း စက္ကန့်တိုင်း ခဏတိုင်းမှာ မသေဘူးသော အချိန်ဟူ၍မရှိခဲ့ပါ၊ တစ်ချိန်ထဲမှာကို သေခဲ့ရတဲ့ဘဝပေါင်းလဲ အသင်္ချေအနန္တပါပဲ၊

သင်္ခါရတရား အတ္တဖြစ်မယ်ဆိုယင် မသေပါစေနဲ့လို့ တောင့်တ၍ ရရမှာပါ၊ အနတ္တဖြစ်သောကြောင့် (ဝါ) အတ္တကောင်မဟုတ်သောကြောင့်သာ ထပ်ခါထပ်ခါသေပြီးတော့လဲ နှိပ်စက်နေတာပါ၊

နစ လဗ္ဘတိ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု"န္တိ၊

ငါ၏ပြုလုပ်အားထုတ်မှု သင်္ခါရတို့သည် ဤသို့ အကောင်းချည်းဖြစ်ပါစေ၊ အဆိုးတွေ မဖြစ်ပါစေနဲ့လို့တောင့်တ၍မရပါ၊ ငါ၏ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရတွေဟာ အပြစ်ကင်းပြီး သန့်ရှင်းစင်ကျယ်တဲ့ ကိုယ် နှုတ် စိတ် အမူအယာများသာဖြစ်ပါစေ၊ မသန့်ရှင်းတဲ့ အပြစ်ရှိတဲ့ ကိုယ်အမူအယာ နှုတ်အမူအယာ စိတ်အမူအယာတွေ မဖြစ်ပါစေနဲ့လို့ သင်္ခါရတရားတွေကို တောင့်တ၍မရပါ၊ ဘာကြောင့်လဲဆိုတော့ အသက်ကောင်မဟုတ်လို့ပါပဲ၊

**သင်္ခါရသုံးပါး၍သို့ပြား**

**သင်္ခါရက** (၁) ပုညာဘိသင်္ခါရ *(ပုန်ညာဘိသင်ခါရဟု-ဖတ်)*

(၂) အပုညာဘိသင်္ခါရ *(အပုန်ညာဘိသင်ခါရဟု-ဖတ်)*

(၃) အာနေဥ္စာဘိသင်္ခါရ *(အာနင်ဇာဘိသင်ခါရဟုဖတ်)* အားဖြင့်သုံးပါးရှိပါသည်၊

ပုည=ကုသိုလ်ကောင်းမှုကို၊အဘိသင်္ခါရ=ပြုစီရင်တပ်တဲ့စေတနာ၊ ကာမကုသိုလ်စေတနာ(၈)ခုနဲ့ ရူပကုသိုလ်စေတနာ(၅)ခုကိုကောက်ရပါတယ်၊ ကာမသုဂတိ(၇)ဘုံနဲ့ ရူပဘုံကို ရောက်စေတပ်တဲ့ သင်္ခါရ ဖြစ်ပါတယ်၊ ဘုရားတည်၊ ကျောင်းဆောက်၊ သင်္ကန်းကပ်၊ ဆွမ်းကပ် စတဲ့ဒါနပြုတဲ့အခါ သီလဆောက်တည်တဲ့အခါ ဘာဝနာအားထုတ်တဲ့အခါများမှာဖြစ်တဲ့စိတ်က လောကီကာမကုသိုလ် စေတနာ(၈)ခုပင် ဖြစ်ပါတယ်၊ နောက်ဘဝမှာတော့ လူ့ဘုံနဲ့ နတ်ပြည်(၆)ထပ်ကိုရောက်ရပါတယ်၊ သမထအားထုတ်တဲ့ ပုဂ္ဂိုလ်များလဲ အားထုတ်ဆဲအခိုက်အတံ့မှာတော့ လောကီကာမကုသိုလ်စေတနာပင်ဖြစ်ပြီး ဈာန်ရသွားလျှင်တော့ ရူပကုသိုလ် သင်္ခါရဖြစ်သွားပါတယ်၊ ဝိပဿနာ အားထုတ်တဲ့ပုဂ္ဂိုလ်လဲ အားထုတ်ဆဲ အခိုက်အတံ့မှာတော့ ကာမကုသိုလ်စေတနာဖြစ်ပြီး မဂ်ရသွားလျှင်တော့ မဂ်ကုသိုလ်စေတနာဖြစ်ပါတယ်၊ လောကီကာမကုသိုလ်စေတနာက နိဗ္ဗာန်အထိအကျိုးပေးပါတယ်၊

ဘယ်လိုအကျိုးပေးသလဲဆိုတာ ဆန်းစစ်ကြည့်ရအောင်၊ ဝဋ္ဋနိဿိတကုသိုလ်စေတနာနဲ့ ဝိဝဋ္ဋနိဿိတကုသိုလ်စေတနာရယ်လို့ နှစ်မျိုးရှိပါတယ်၊ "လူ့ဘဝနတ်ဘဝ လူ့စည်းစိမ်နတ်စည်းစိမ် ပဒေသရာဇ်မင်း၊ ဧကရာဇ်မင်း၊ စကြာဝတေးမင်း၊ ပဒေသရာဇ်မင်းကတော်၊ ဧကရာဇ်မင်းကတော်၊ စကြာဝတေးမင်းကတော်၊ ဗိုလ်ချုပ်မှူးကြီးကတော် ဖြစ်ရပါစေသား"လို့ တောင့်တပြုတဲ့ ကုသိုလ်စေတနာက သံသရာဝဋ်ဆင်းရဲကိုတောင့်တပြီး မောဟခြံရံ၍ ပြုတာဖြစ်ခြင်းကြောင့် အကျိုးပေးတော့ လူ့ဘုံ နတ်ဘုံ လောက်ပဲအကျိုးပေးပါတယ်၊ အမြတ်မထွက်သော ကုသိုလ်ပြုနည်းလို့ခေါ်ရပါတယ်၊ ဒါကတော့ ဝဋ္ဋနိဿိတကုသိုလ်စေတနာဖြစ်ပါတယ်၊ "မဂ်ဖိုလ်နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်ပါစေ" ဆိုပြီး ဆုတောင်း ပြုတဲ့ ကုသိုလ်က ပညာဦးစီးတဲ့ကုသိုလ်ဖြစ်လို့ ဝိဝဋ္ဋနိဿိတကုသိုလ် စေတနာဖြစ်ပါတယ်၊ ပညာဦးစီးတဲ့ လောကီကာမကုသိုလ်စေတနာက နိဗ္ဗာန်အထိအကျိုးပေးပါတယ်၊ (ဝတ်တနိတ်သိတ၊ ဝိဝတ်တနိတ်သိတဟုဖတ်) ဥပမာ=မန္တလေးလက်မှတ်ဖြတ်ထားတဲ့ပုဂ္ဂိုလ်ကတောင်ငူ၊ ပျဉ်းမနား၊ သာစည်ရောက်ပါစေလို့ဆုတောင်းနေစရာမလိုပါဘူး၊ ရောက်ကိုရောက်ပါတယ်၊ တောင်ငူလောက်လက်မှတ်ဖြတ်ထားတဲ့ ပုဂ္ဂိုလ်ကတော့ မန္တလေးအထိမရောက်နိုင်သလိုပါပဲ၊ နိဗ္ဗာန်အထိလက်မှတ်ဖြတ်ထားမှတော့ ကြားဘူတာဖြစ်တဲ့ လူ့စည်းစိမ် နတ်စည်းစိမ်ရဘို့ဆုတောင်းနေစရာလိုပါအုံးတော့မလား၊

အပုည=မကောင်းမှုအကုသိုလ်ကို၊ အဘိသင်္ခါရ=ပြုစီရင်တပ်တဲ့စေတနာ၊ အကုသိုလ်စေတနာ (၁၂)ခုကိုအရကောက်ရပါတယ်၊ ကောင်းတာလုပ်တာကို "စေတနာ"လို့ပြောကြပါတယ်၊ အလှူဒါန ဝါသနာပါသူကို "ဒီလူကသိတ်စေတနာကောင်းတဲ့လူ"စသည်ဖြင့်ပြောတပ်ပါတယ်၊ "သင်တန်းတက်ကြ၊ တစ်လုံးမှတ်မိ၊ နှစ်လုံးမှတ်မိ၊ မှတ်မိသလောက် အကျိုးရှိတယ်၊ ဒါမျိုးသင်တန်းကလဲ ရှာမှရှား၊ တက်ဖြစ်အောင်တက်နော်" စသည်ဖြင့် စေတနာကတိုက်တွန်းလို့ ရောက်လာခဲ့ကြတာပါ၊ ဒါမျိုးကိုတော့ ကုသိုလ်စေတနာခေါ်ပါတယ်၊ မကောင်းတာလုပ်ရာမှာလဲ "ကြောက်မနေပါနဲ့ကွာ၊ ရဲရဲသာလုပ်စမ်းပါ၊ ငရဲဆိုတာလဲတကယ်ရှိချင်မှရှိတာ၊ ရှိတော့လဲဘာဆန်းသလဲ သူလဲကျကိုယ်လဲကျပဲဟာ" စသည်ဖြင့် စေတနာကတိုက်တွန်းလို့ ဒုစရိုက်တွေကျူးလွန်ဖြစ်ပါတယ်၊ ဒါကျတော့ အကုသိုလ်စေတနာ အပုညာဘိသင်္ခါရခေါ်ပါတယ်၊ ကောင်းတာဖြစ်ဖြစ် မကောင်းတာဖြစ်ဖြစ် အရာရာတိုင်းမှာ စေတနာကဦးဆောင်နေတာတော့မမေ့သင့်ပါဘူး၊ ဒီစေတနကိုပဲ မြတ်စွာဘုရားက"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ=ကံတရားဖြစ်တယ်" လို့ အင်္ဂုတ္တိုရ်မှာဟောတော်မူတာပါ၊

**စေတနာနဲ့ဗိုလ်မှူး** အဘိဓမ္မာကျမ်းမှာ ဥပမာပေးတာက စေတနာဟာ ဗိုလ်မှူးနဲ့တူတယ်တဲ့၊ ဗိုလ်မှူးဟာ တိုက်ပွဲမှာ ရန်သူတပ်တွေကို တိုက်ဖို့လဲ လက်အောက်ငယ်သားတွေကို "ဘယ်သူကဘယ်မှာနေ၊ ရန်သူလာရင်ဘယ်လိုတိုက်" စသည်ဖြင့်စီမံ ပေးရသလို ကိုယ်တိုင်ကလဲ အသင့်နေရာယူပြီး ရန်သူကို ခုခံတိုက်ခိုက် ရပါတယ်၊ အဲဒီလိုပဲ စေတနာက ကုသိုလ် အကုသိုလ်တွေ လုပ်ဖို့တိုက်တွန်းပေးတယ်၊ သူကိုယ်တိုင်လဲ လုပ်ပါတယ်၊

## စေတနာနဲ့လက်သမားဆရာ

စေတနာက လက်သမားဆရာနဲ့လဲ တူပါတယ်၊ လက်သမားဆရာကတပည့်တွေကို "လွှဘယ်လိုတိုက်၊ မျဉ်းဘယ်လိုပစ်" စသည်ဖြင့် ညွှန်ကြားသလို ဆရာကြီးကိုယ်တိုင်ကလဲ တပည့်တွေနဲ့ လုပ်ပါတယ်၊ စေတနာကလဲ ဒီသဘောပါပဲ၊ သူတစ်ပါးတိုက်တွန်းလို့ လုပ်ရတဲ့စေတနာကတစ်မျိုး သူတစ်ပါးမတိုက်တွန်းပဲ ကိုယ့်ဖာသာကိုယ်လုပ်ဖြစ်အောင် တိုက်တွန်းတဲ့စေတနာကတစ်မျိုးဆိုပြီး နှစ်မျိုးရှိပါတယ်၊ စာလိုပြောတော့ "သသင်္ခါရိကစေတနာနဲ့ အသင်္ခါရိကစေတနာ"ဖြစ်ပါတယ်၊ ကောင်းတာပဲ လုပ်လုပ်၊ မကောင်းတာပဲလုပ်လုပ် စေတနာကဦးဆောင်စမြဲပါပဲဆိုတာ သဘောပေါက် နားလည်လောက်ပြီပေါ့၊ ကောင်းတာလုပ်တော့ "ကုသိုလ်စေတနာ"ခေါ်ရပြီး မကောင်းတာလုပ်တော့"အကုသိုလ်စေတနာ"ခေါ်ပါတယ်၊ ဒါကတော့ အပုညာဘိသင်္ခါရ ဖြစ်ပါတယ်၊

အာနေဉ္ဇာဘိသင်္ခါရ၊ အာနေဉ္ဇ=မတုန်မလှုပ်တည်တည်တံ့တံ့၊ အဘိသင်္ခါရ=ပြုစီမံတပ်တဲ့စေတနာ၊ အရူပကုသိုလ်တွေကိုတော့ ရူပကုသိုလ်နဲ့မတူတာကြောင့် သီးသန့်ခွဲထားပါတယ်၊ ရူပဈာန် အရူပဈာန်ချင်းတူပေမဲ့ အရူပဈာန်ဝင်စားနေတဲ့ ပုဂ္ဂိုလ်များမှာမတုန်မလှုပ်ကျောက်တုရုပ်ကဲ့သို့ တည်တံ့နေပါသတဲ့၊ ဒါကြောင့်အရူပကုသိုလ်စေတနာလေးခုကို "အာနေဉ္ဇာဘိသင်္ခါရ"လို့ခေါ်ပါတယ်၊ သင်္ခါရအရ မဟာကုသိုလ်စိတ်(၈)ပါး၊ ရူပကုသိုလ်(၅)ပါး အရူပကုသိုလ်(၄)ပါး ပေါင်းကုသိုလ်သင်္ခါရ (၁၇)ပါးမှာရှိတဲ့ စေတနာနဲ့ အကုသိုလ်သင်္ခါရ(၁၂)ပါးမှာရှိတဲ့ စေတနာကိုယူရပါတယ်၊ သင်္ခါရဟူသောပါဠိချင်းတူပေမဲ့ အဓိပ္ပါယ်အရကောက် အယူအဆမတူတာကိုလဲ အစပိုင်းကတင်ပြခဲ့ပြီးဖြစ်လို့ သိလောက်ပါပြီ၊

ဒီနေရာမှာ အတိတ်က ကုသိုလ်သင်္ခါရကိုပြုခဲ့လို့ နတ်ရွာသုဂတိရောက်ရပုံသာဓကကို ထုတ်ပြပါမယ်၊ တာဝတိံသာနတ်ပြည်ဝယ် မာလဘာရီနတ်သားဟာ နတ်သမီးတစ်ထောင်ခြံရံလျက်ဥယျာဉ်သို့ **Holiday** ထွက်ခဲ့ပါတယ်၊ နတ်သမီးငါးရာက ပန်းပင်ပေါ်တက် ပန်းခူးယင်း ကျန်နတ်သမီးငါးရာက ပန်းပွင့်တွေသီကုံးပြီး မာလဘာရီနတ်သားကို တန်းဆာဆင်ပေးနေပါသတဲ့၊ ထိုအချိန်မှာ ပန်းပင်ပေါ်က နတ်သမီးတစ်ယောက်စုတိလို့သာဝတ္ထိမြို့ အမျိုးသမီးတစ်ယောက်ဝမ်းမှာ စွဲပိုက်သန္ဓေတည်နေပါသတဲ့၊ နတ်တွေသေတာက မီးငြိမ်းလိုက်သလိုဖြစ်ပြီး အလောင်းမကျန်ရစ်တာမို့ ဘယ်သူမှမသိကြပါ၊ ထိုနတ်သမီးတဖြစ်လဲ အမျိုးသမီး(၁၆)နှစ်ရောက်တော့ အိမ်ထောင်ကျကာသားသမီးလေးရောက် ထွန်းကားခဲ့ပါတယ်၊ ထိုအမျိုးသမီးက ဇာတိဿရဉာဏ်ရလို့ အတိတ်အကြောင်းပြန်ပြောင်းသတိရနေပါတယ်၊ ရတနာသုံးပါးကိုင်းရှိုင်းပြီး ပက္ခိကဆွမ်း၊ စာရေးတန်ဆွမ်း၊ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းစတဲ့ ကုသိုလ်ကောင်းမှုမပြတ်ပြု၊ သီလဆောက်တည်၊ ဆွမ်းစားဇရပ် တံမျက်လှဲရှင်းလင်းသုတ်သင်၊ သံဃာတော်တွေအတွက်

သောက်ရေသုံးရေခတ်ခြင်း၊ နေရာထိုင်ခင်းပြင်ပေးခြင်းစတဲ့ သံဃာ့ဝေယျာဝစ္စလဲ မပြတ်ပြုလို့နေပါတယ်၊ ကုသိုလ်ပြုတိုင်း ပြုတိုင်းလဲ လင်တော်မောင် မာလဘာရီနတ်သားထံ ပြန်ဖြစ်လိုကြောင်း ဆုတောင်း ပန်ထွာ ပတ္ထနာပြုပါသတဲ့၊ ဒါကြောင့်သူ့နာမည်ကို “ပတိပူဇိကာ”လို့ခေါ်ကြပါတယ်၊ လင်ကိုမြတ်နိုး ကော်ရော် ပူဇော်တဲ့အမျိုးသမီးလို့ အဓိပ္ပါယ်ရပါတယ်၊ တစ်နေ့မှာ ယုတ်တရက် ရောဂါဖြစ်လို့ စုတိပြတ်ကြွေ သေလွန်ခဲ့ပါတယ်၊ အလိုက်သိပြီး စေတနာသဒ္ဓါတရားကောင်းတာကြောင့် ပုထုဇဉ်ရဟန်းတော်များ ပူဆွေးသောကဒေါမနဿဖြစ်ကြကာ ဆုတောင်းခဲ့တဲ့အတိုင်း လင်တော်မောင်မာလဘာရီနတ်သားထံ မပြီး ပြတ်သေးတဲ့ ပန်းပွင့်များဆက်ခူးပေးယင်း ဖျော်ဖြေပေးနေပါသတဲ့၊ မာလဘာရီနတ်သားက ချစ်နှစ်မ တမနက်လုံးဘယ်သွားနေသလဲနဲ့ မေးတော့ မှန်လှပါ နှစ်မတော် စုတိလို့ လူ့ပြည်မှာသွားဖြစ်နေကြောင်း သံတော်ဦးတင်ပါတယ်၊ ဒါကတော့ အတိတ်က ကုသိုလ်ပုညာဘိသင်္ခါရတွေပြုခဲ့လို့ နတ်ပြည်မှာ ချမ်းသာ သုခခံစားရတာပါ၊ လူ့ပြည်မှာအနှစ်တစ်ရာ တာဝတိံသာနတ်ပြည်မှာ (၁)ရက်ဖြစ်ပါသည်၊

*(ပတိပူဇိကာဝတ္ထု–ဓမ္မပဒအဋ္ဌကထာ)*

အတိတ်က အကုသိုလ်သင်္ခါရကံတွေ ထူထောင်ခဲ့လို့ ဒုက္ခရောက်ရပုံတွေလဲ အများကြီးရှိတာမို့ မေ့မပြစ်လိုက်ပါနဲ့အုံး၊ အများကြီးထဲက တစ်ခုထုတ်ပြရယင် သာဝတ္ထိမြို့မှာတိဿလုလင်သာသနာ့ဘောင် ဝင်ပြီး ရဟန်းပြု၊ တရားကျင့်၊ မကြာခင်ဦးတိဿမှာ ခန္ဓာကိုယ်တစ်ခုလုံး အနာကြီးအနာငယ်များပေါက် ကာတကိုယ်လုံးသွေးပြည်ပုတ်တွေယိုစီးထွက်ကျအရိုးအဆစ်များကျိုးကြေအက်ကွဲပြီး ပြင်းထန်စွာ ဝေဒနာ ခံစားနေရပါသတဲ့၊ ဘာကြောင့်ဒီလိုခံစားနေရသလဲဆိုတော့ “ဘယ်သူမပြုမိမိမှု”ဆိုတာလို သူ့ရဲ့အတိတ် ဘဝကိုပြန်ကြည့်လိုက်တော့ ကဿပဘုရားရှင်လက်ထက်ကငှက်တွေသတ်ပြီး ငှက်မုဆိုးဘဝနဲ့ အသက် မွေးခဲ့ပါတယ်၊ တစ်ချို့ငှက်တွေသတ်ရောင်း၊ ရောင်းမကုန်တဲ့တစ်ချို့ငှက်တွေကြတော့ သတ်ထားယင် နောက်နေ့ကြပုတ်ကုန်မှာစိုးလို့ ခြေတောက်ကလေးတွေချိုးထား၊ တစ်ချို့ အတောင်ကလေးတွေချိုးထား၊ နောက်နေ့ကြတော့ သတ်ပြီးရောင်းတဲ့အလုပ်ကို နှစ်ပေါင်းများစွာ ပျော်ပျော်ကြီးလုပ်ခဲ့ပါတယ်၊ အဲဒီ မကောင်းတဲ့အကုသိုလ်အပုညာဘိသင်္ခါရကံကဦးဇင်းတို့ ဂေါတမမြတ်စွာ ဘုရားလက်ထက်မှာလာပြီး ခံရတာပါ၊နောက်တော့ရဟန္တာအဖြစ်နဲ့ပရိနိဗ္ဗာန်ဝင်စံတော်မူသွားပါတယ်၊

*(ပူတိဂတ္တတိဿမထေရ်ဝတ္ထု၊ ဓမ္မပဒ)*

“ငရဲမှာအပ ဝင်မှာအမြဲ”ဆိုတဲ့ မြန်မာစကားပုံလဲရှိပါတယ်၊ ငရဲကျဖို့အကုသိုလ်ကံကတော့လွတ် အောင်ရှောင်လို့ရပါတယ်၊ ဥပမာရှေ့နေကောင်းယင်အမှုတွဲမှလုံးဝကွင်းလုံးကျွတ်လွတ်ရသလိုတမင်္ဂတဖိုလ် ဟူသော ရှေ့နေကောင်းရသွားကြတဲ့အရိယာပုဂ္ဂိုလ်များမှာတော့ အပါယ်ဘေးမှလုံးဝလွတ်ငြိမ်းချမ်းသာ ခွင့်ရသွားပါတော့တယ်၊ ဝဋ်ကတော့ဘယ်လိုပင်ရှေ့နေကောင်းသော်လဲ အမှုမှမလွတ်မြောက်နိုင်သလို အရိယာသူတော်ကောင်းကြီးများသည်ပင်လျှင် ချမ်းသာခွင့်မပေးပါ၊ ရှင်သာရိပုတ္တရာလဲ ဝမ်းတော်လားပြီး ပရိနိဗ္ဗာန်စံတော်မူရ၊ ရှင်မောဂ္ဂလာန်လဲခိုးသားငါးရာသတ်လို့ ပရိနိဗ္ဗာန်စံရ၊ ဒါတွေကတော့ နုစဉ်ဘဝကပြုခဲ့တဲ့မကောင်းမှုကံတွေကို ပြန်လည်ပေးဆပ်နေရတာပါပဲ၊ နောက်ဆုံးဘုရားရှင်ကိုယ်တော်မြတ်ကြီး တောင်မှဝဋ်တော်တစ်ဆဲ့နှစ်ပါးကိုလှလှကြီးခံတော်မူခဲ့ရသည်မဟုတ်ပါလား၊ ယခု ဦးတိဿ အရှင်မြတ်လဲ အတိတ်ကပြုခဲ့တဲ့ မကောင်းမှုရဲ့စနက်ကို အချက်ကျကျ ခံပြီးမှပရိနိဗ္ဗာန်စံတော်မူရပါတယ်၊ ဒါကြောင့် “အကုသိုလ်ရှောင်၊ ကုသိုလ်ဆောင်၊ ဖြူအောင်စိတ်ကိုထား”လို့ ဘုရားရှင်ကိုယ်တော်မြတ်က နုတ်တော်ထွက်၍မိန့်မြွက်တော်မူခဲ့တာပါ၊

ဒီမကောင်းတဲ့ အကုသိုလ်ကံတွေ အပုညာဘိသင်္ခါရဒုက္ခတွေ ဘယ်သူမှမခံစားခြင်ပါဘူး၊ သို့သော် မရပါ၊ သင်္ခါရတရားများ ကိုယ့်အလိုသို့မလိုက် အစိုးမရ ပိုင်ဆိုင်သူအတ္တမရှိခြင်းကြောင့် အနတ္တလို့ ဘုရား ဟောတော်မူပါတယ်၊

S S S S S

## သင်္ခါရသုံးပါး

**သံပေါက် လင်္ကာ**

ကာယ ဝစီ၊ မနောချီ၊ သုံးလီသင်္ခါရ၊
ပုညာ ပုည၊ အာနေဉ္ဇ၊ သုံးဝသင်္ခါရ၊
ရာရာတိုင်းမှာ၊ ပြုလုပ်တာ၊ မှတ်ပါသင်္ခါရ၊
ကောင်းတာ မကောင်းတာ၊ ပြုကြတာ၊ သင်္ခါရာဟုပြ၊
ကုသိုလ်ပြုရာ၊ စေတနာ၊ သူသာအဓိက၊
အကုသိုလ်လဲ၊ ထို့တူပဲ၊ သူလဲပဓာန၊
အကုသိုလ်ရှောင်၊ ကုသိုလ်ဆောင်၊ ဖြူအောင်ထားဖို့အဓိက၊
စိတ်ဓာတ်ဖြူမှ၊ ဒို့ဘဝ၊ လူဖြစ်ရကျိုး နပ်မည်ပ၊

## စိတ်ဝိညာဏ်အနတ္တဖြစ်ပုံ

မြန်မာပြန်

ရဟန်းတို့ ဝိညာဏ်သည် အတ္တမဟုတ်၊ ရဟန်းတို့ ဝိညာဏ်သည် အတ္တဖြစ်ခဲ့လျှင် ဝိညာဏ်သည် နာကျင်ခြင်း မဖြစ်ရာ၊ "ငါ၏ဝိညာဏ်သည် ဤသို့ဖြစ်စေ၊ ငါ၏ ဝိညာဏ်သည် ဤသို့ မဖြစ်စေလင့်" ဟူ၍လည်း ဝိညာဏ်၌ (စီရင်၍) ရရာ၏၊

ရဟန်းတို့ ဝိညာဏ်သည် အတ္တမဟုတ်သောကြောင့် နာကျင်ခြင်းဖြစ်၏၊ "ငါ၏ ဝိညာဏ်သည် ဤသို့ဖြစ်စေ၊ ငါ၏ ဝိညာဏ်သည် ဤသို့ မဖြစ်စေလင့်"ဟူ၍လည်း ဝိညာဏ်၌ (စီရင်၍) မရအပ်ဟု မိန့်တော်မူ၏၊

ဝိညာဏံ အနတ္တာ

ရဟန်းတို့ စိတ်ဝိညာဏ် အတ္တကောင် အသက်ကောင် ဝိညာဏ်ကောင် လိပ်ပြာကောင်မဟုတ်၊

အဘယ်ကိုဝိညာဏ်ခေါ်ပါသနည်း?

**(ဆောင်ပုဒ်)** အာရုံယူဘိ၊ အသိသဘော၊ စိတ်မနောကို၊ ဝိညာဏ်ဆို၏ *(လယ်တီဆရာတော်ကြီး)*

အာရုံကိုယူတပ် သိတပ်တဲ့သဘောကို ဝိညာဏ်ခေါ်ပါတယ်၊ စိတ်အစုကိုတော့ ဝိညာဏက္ခန္ဓာ ခေါ်ပါတယ်၊ နာမ်တရားတွေက အာရုံကိုယူတပ်တဲ့ သဘောရှိပါတယ်၊ ပရမတ္ထတရားလေးပါးတွင် ရုပ်(၂၈)ပါးက ရုပ်ပရမတ္ထတရား၊ စိတ် စေတသိက်က နာမ်ပရမတ္ထတရား၊ နိဗ္ဗာန်က ရုပ်နာမ်နှစ်ပါးမရှိတဲ့ ပရမတ္ထတရားဖြစ်ပါတယ်၊ သို့သော် နိဗ္ဗာန်ကို ရုပ်နာမ် ခွဲတဲ့အခါမှာတော့ နာမ်တရားထဲပါ ပါတယ်၊ စိတ် စေတသိက် နာမ်တရားက အဝေးအနီးမှာရှိတဲ့ အာရုံကိုယူတပ် ညွတ်တပ်တဲ့သဘောရှိပြီး နိဗ္ဗာန်နာမ် တရားကတော့ အညွတ်ခံနာမ်တရားဖြစ်ပါတယ်၊ "ငါ့ကိုညွတ်ကြ၊ ငါ့ကိုကိုင်းကြ၊ ငါ့ကို ရှိုင်းကြ၊ ငါ့ကို ကြည့်ကြ၊ ငါ့ကိုဦးတိုက်ကြ"ဆိုတဲ့ အညွတ်ခံနာမ်တရားဖြစ်ပါတယ်၊ "အာရုံတွေ့တိုင်း ညွတ်ကိုင်းဖွားဖွား နာမ်တရားသည်ငှင်း"ဆိုတဲ့ စကားအရ စိတ်ရဲ့သဘောက အဝေးမှာရှိတဲ့ အာရုံရော အနီးမှာရှိတဲ့အာရုံပါ ယူတတ်ညွတ်တတ်တဲ့သဘောရှိပါတယ်၊"ယခု ဒီကနေပြီး မြန်မာပြည်လှမ်း အာရုံပြုကြည့်လိုက် ဓာတ်ဆီ တန်းစီနေတာတွေ့ရလိမ့်မယ်၊ ရွှေတိဂုံဘုရားလှမ်းအာရုံပြုလိုက်လဲ ရွှေတိဂုံ ပုံတော်ကြီး ဖူးရလိမ့်မယ်၊ ဒါစိတ်ဝိညာဏ်ရဲ့သဘောပါ၊ ဒီဝိညာဏ်ကတော့ အတ္တပရိယာယ်ဝိညာဏ်မဟုတ်ပါ၊ မန၊ မနာယတန၊ စိတ်၊ ဝိညာဏ်ဟူ၍ မြန်မာစကားမှာ အလျှင်းသင့်သလို သုံးတပ်ကြပါတယ်၊ အဓိပ္ပါယ်ကတော့ အတူ တူပါပဲ၊

## ဝိညာဏ်ခြောက်ပါး၏သို့ပြား

**(ဆောင်ပုဒ်)** ထိုဝိညာဏ်ကား၊ မြင် ကြား နံ လျက်၊ ထိ သိချက်ဟု၊ ခြောက်ခုအကျဉ်း၊ *(လယ်တီဆရာတော်ကြီး)*

ဝိညာဏ်ဆိုတာ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်ဆိုပြီး ခြောက်ပါးရှိပါတယ်၊ မျက်စိနဲ့အဆင်းနဲ့ဆုံတော့ မြင်သိစိတ်ဖြစ်ပါတယ်၊ မြင်သိစိတ်ကိုလဲ ငါကောင်လို့ ထင်မှတ်နေပါတယ်၊ နားနဲ့အသံနဲ့ဆုံတော့ကြားသိစိတ်၊ နှာခေါင်းနဲ့အနံ့နဲ့ဆုံတော့ နံသိစိတ်၊ လျှာနဲ့ အရသာနဲ့ဆုံတော့ စားသိစိတ်၊ ခန္ဓာကိုယ်နဲ့တွေ့ထိစရာနဲ့ဆုံတော့ ထိသိစိတ်၊ မနောနဲ့ကြံတွေး စရာနဲ့ ဆုံတော့ ကြံသိစိတ်ဖြစ်ပါတယ်၊ ထိုကြားသိစိတ် နံသိစိတ် စားသိစိတ် ထိသိစိတ် ကြံသိစိတ်တွေကိုလဲ ငါကောင်အနေနဲ့ စွဲလမ်းနေပါတယ်၊ ငါကြားတယ်၊ ကြားတာငါပဲစသည်ဖြင့် ထင်မှတ်စွဲလမ်းနေပါတယ်၊ တနည်းအားဖြင့် ဝိညာဏ်သည် အကျိုးဝိပါက်ဝိညာဏ်၊ ကုသိုလ်ဝိညာဏ်၊ အကုသိုလ်ဝိညာဏ်၊ ကြိယာ ဝိညာဏ်ဟုလေးမျိုးရှိပါတယ်၊ ထိုလေးမျိုးတွင် ဝိပါက်ခေါ်သော အကျိုးဝိညာဏ်တစ်မျိုးသာ ကံသင်္ခါရ ကြောင့်ဖြစ်ပါတယ်၊ ထိုဝိပါက် ဝိညာဏ်စိတ်ကလဲ ပဋိသန္ဓေတည်နေသောစိတ်နှင့် ပဋိသန္ဓေနေပြီးမှ နောက်ကာလ၌ဖြစ်သော ဝိညာဏ်ဟုနှစ်မျိုး ရှိပါသည်၊ ပါဠိလိုပြောတော့ ပဋိသန္ဓေဝိညာဏ်နဲ့ ပဝတ္တိ ဝိညာဏ်ဖြစ်ပါတယ်၊ ပဋိသန္ဓေဝိညာဏ်ကို အကျဉ်းချုပ်ပြောရလျှင် သံသေဒဇပဋိသန္ဓေ= ငြိကပ်တွယ် တာရာအရပ်၌ဖြစ်သောသတ္တဝါ အတိတ်ကပြုခဲ့သော အကုသိုလ်ကံသင်္ခါရတို့ကြောင့် အဟိတ်အကု သလဝိပါက် ဝိညာဏ်စိတ်ဖြင့် ပဋိသန္ဓေနေရသော ပိုးလောက်လန်းစသည်နှင့် အတိတ်ကကုသိုလ်ကံ သင်္ခါရတို့ကို ထူထောင်ခဲ့သဖြင့် ပဒုမ္မာကြာပန်း၌ ပဋိသန္ဓေနေရသော ပဒုမဒေဝီမိဖုယား၊ ဝါးလုံးခေါင်း၌ ပဋိသန္ဓေနေရသော ဝေဠုဝတီမိဖုယား၊ မန်ကျီးပင်၌ပဋိသန္ဓေနေရသော စိဥ္စမာနဝိကာတို့ကတော့ ကုသလ ဝိပါက်ဝိညာဏ်ဖြင့် ပဋိသန္ဓေနေခဲ့ကြပါတယ်၊ ဩပပါတိက ပဋိသန္ဓေဆိုတာက လက်ခြေကိုယ်အင်္ဂါ အပြည့်အစုံဖြင့် ခုံကျော်ကျရောက်လာသကဲ့သို့ဖြစ်သောနတ်ဗြဟ္မာများသည် ကုသလဝိပါက်ဝိညာဏ်ဖြင့် ပဋိသန္ဓေနေသော ဥပပတ်ပုဂ္ဂိုလ်များဖြစ်ပါတယ်၊ အဏ္ဍဇ ပဋိသန္ဓေက ဥခွံတွင်း၌ဖြစ်သော အဟိတ် အကုသလဝိပါက် ဝိညာဏ်ဖြင့် ပဋိသန္ဓေနေခဲ့ကြတဲ့ ကြက် ဘဲ ငှက်တို့ဖြစ်ပါတယ်၊ ဇလာဗုဇပဋိသန္ဓေက မိခင်၏သားအိမ်၌တည်၍ဖြစ်သော ကုသလဝိပါက် အကုသလဝိပါက်ဝိညာဏ်ဖြင့် ပဋိသန္ဓေနေသော လူစတဲ့သတ္တဝါများဖြစ်ပါတယ်၊ ဒါကတော့ ပဋိသန္ဓေဝိညာဏ်နဲ့ပတ်သက်လို့ အကျဉ်းချုပ်မျှပြောလိုက် ခြင်းဖြစ်ပါတယ်၊ ပဋိသန္ဓေဟူသည် ဘဝဟောင်းနှင့် ဘဝသစ်ကိုဆက်စပ်ပေးသော ဝိပါက်ဝိညာဏ်ဖြစ် ပါသည်၊

တစ်ချို့ပုဂ္ဂိုလ်များက ဒီဘဝအသက်ကောင် ဝိညာဏ်ကောင်လေး နောက်ဘဝ နောက်ခန္ဓာသစ် ပြောင်းဖြစ်တယ်လို့ ယူဆကြတယ်၊ ဒါဆို သဿတဒိဋ္ဌိ=မပြတ်မစဲ ဝိညာဏ်ကောင်လေး မြဲတယ်ဆိုတဲ့ အယူမှားဖြစ်ပါတယ်၊ တစ်ချို့ကြတော့ ဒီဘဝ ဒီခန္ဓာသေရင်ပြီးတာပဲ ပြတ်တာပဲ နောက်ဘဝသစ်အတွက် ဘုရားသခင်က ဝိညာဏ်တော်အသစ်ဖန်ဆင်းပေးတယ်လို့ ယူကြတယ်၊ ဒါဆို ဥစ္ဆေဒဒိဋ္ဌိ=ပြတ်တယ်ဆိုတဲ့ အယူမှားဖြစ်ပါတယ်၊

## တံဆိပ်ဥပမာမှတ်ဖို့ရာ

ထိုမိစ္ဆာအယူမှလွတ်ပြီး သမ္မာအယူဖြစ်အောင်ဘယ်လိုယူမလဲဆိုတော့ ဒီဘဝကုသိုလ်ကောင်းမှု ကြောင့် နောက်ဘဝ လူ နတ် ဖြစ်ပါတယ်၊ ဒီဘဝက ရုပ် နာမ်ခန္ဓာတွေကတော့ တစ်ဆံချည်ကလေးမျှ ရွေ့ရှားသွားခြင်းမရှိပါ၊ ဒါဖြင့် ဘာကသွားဖြစ်သလဲ၊ ဝိညာဏ်ကောင်က သွားဖြစ်သလား၊ မဟုတ်ပါ၊ တံဆိပ်တုံးကိုမှင်တို့ပြီးစက္ကူပေါ်ရိုက်လိုက်တဲ့အခါစက္ကူမှာတံဆိပ်ရာထင်သွားပါတယ်၊ ဘယ်ကတံဆိပ်လဲ၊ ရာဘာတုံးထဲကတံဆိပ်လား၊ မဟုတ်ပါ၊ သို့သော် ရာဘာတုံးထဲက တံဆိပ်နဲ့လဲ ကင်းလို့မဖြစ်ပါ၊ ထို့အတူ ဒီဘဝရုပ်နာမ်တို့ကပြုတဲ့ ကုသိုလ်ကံတို့၏အစွမ်းကြောင့် နောက်ဘဝ လူ့ခန္ဓာ နတ်ခန္ဓာဟူသော တံဆိပ် ရာသွားထင်တာကိုပဲ ဘဝကူးတယ်၊ ဘဝသစ်မှာ ဝိပါက်ဝိညာဏ်စိတ်နဲ့ ပဋိသန္ဓေနေတယ်လို့ခေါ်ရ ပါတယ်၊ အတိတ်ကအကုသိုက်ကံတွေ ပြုခဲ့ရင်တော့ အပါယ်လေးဘုံမှာ ငရဲသူ ငရဲသား တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဆိုတဲ့တံဆိပ်ရာသွားထင်တာကိုပဲ ဘဝသစ်မှာ ဝိပါက်ဝိညာဏ်စိတ်နဲ့ ပဋိသန္ဓေနေတယ်လို့

ခေါ်ရပါတယ်၊ ဖယောင်းမီးဥပမာ၊ မှန်ရိပ်ဥပမာတို့ဖြင့်လဲ ထင်ရှားသိနိုင်ပါတယ်၊ ပဋိသန္ဓေနေတယ်ဆိုတာ ဘယ်အသက်ကောင် ဝိညာဏ်ကောင်ကမှ ပြောင်းဖြစ်တာမဟုတ်ပါ၊ ကံ သင်္ခါရတို့၏ အစွမ်းကြောင့် ဝိပါက်ဝိညာဏ်စိတ်ဖြင့်သာ ပဋိသန္ဓေနေခြင်းဖြစ်ပါတယ်၊ ဝိပါက်ဝိညာဏ်အကျိုးပေးပုံ သာဓကတစ်ခု ထုတ်ပြရလျှင်=သီဟိုဠ်ကျွန်းမှာ ဒုဋ္ဌဂါမဏိမင်းကြီး ထီးနန်း အုပ်ချုပ်မင်းလုပ်စဉ် ညီတော်တိဿ ဂါမဏိ မင်းသားအား စစ်ရှုံးသဖြင့် မြင်းမတစ်ကောင် နောက်တော်ပါတိဿအမတ်တို့နဲ့အတူ တောတွင်းတစ် နေရာ ပုန်းအောင်းနေစဉ် ဆာလောင်သဖြင့် တိဿအမတ်ယူလာသော တစ်ယောက်စာထမင်းကို လေးစု ခွဲကာ အဓိဋ္ဌာန်ပြီး အလှူခံပုဂ္ဂိုလ်အား ပင့်ဖိတ်လိုက်တဲ့အခါ ဗောဓိမာတုမဟာတိဿမထေရ်က အဘိ ညာဉ်တန်ခိုးဖြင့် ကြား၍ ကြွလာကာ အလှူခံသဖြင့် မိမိတို့အတွက်ဝေစုကိုမစားကြပဲ “ဘယ်ဘဝမှာမှ အစားအသောက် အခက်အခဲနဲ့ မတွေ့ပါရစေနဲ့”လို့ဆုတောင်းပြီး လှူလိုက်ပါတယ်၊ နတ်ရွာစံ ကံတော် ကုန်ခါနီးကောင်းမှုစာရင်းဖတ်ကြတဲ့အခါမှာတော့ ဒီမပြောပလောက်တဲ့ကောင်းမှုကလေးကလဲ သူ့ရဲ့ဘဝ မှာ မှတ်တိုင်တစ်ခုအဖြစ်နဲ့ မေ့လို့မရခဲ့ပါဘူး၊ အဲဒီအချိန်မှာ မဟာစေတီတော်ကြီးကလဲ တည်ဆောက်ဆဲ မပြီးပြတ်သေးပဲဖြစ်နေပါတယ်၊ ကြီးကျယ်ခန်းနားလှတဲ့ မဟာစေတီတော်အလှူကြီးကို သတိမရနိုင်ပဲ စစ်ပြေးဖြစ်စဉ်က တောထဲမှာခက်ခက်ခဲခဲ ရှားရှားပါးပါး ကြုံတောင့် ကြုံခဲ လှူဒါန်းခဲ့ရတဲ့ တနပ်စာသော ဆွမ်းအလှူကို သတိရ အောက်မေ့ကာ ပီတိတွေဖြစ်ပြီး နတ်ရွာစံ ကံတော်ကုန်သွားတဲ့အခါမှာတော့ ကုသိုလ်ကံ သင်္ခါရကြောင့် တုသိတာနတ်ပြည်မှာ ကုသိုလ်ဝိပါက်ဝိညာဏ်အကျိုးကို ခံစားနေရပါတယ်၊

(အင်္ဂုတ္တရအဋ္ဌကထာ၊ ၂၊၁၀၅)

ယခုပြောခဲ့တာတွေကတော့ ပဋိသန္ဓေဝိညာဏ်များသာဖြစ်ပါတယ်၊ ပဝတ္တိဝိညာဏ်ဆိုတာက ပဋိ သန္ဓေနေပြီး မွေးဖွားပြီး နောက်ကာလ၌ဖြစ်သော အကျိုးဝိညာဏ်ဖြစ်ပါတယ်၊ ကုသိုလ် အကုသိုလ်က အကြောင်းဝိညာဏ်ဖြစ်ပြီး ဝိပါက်ကတော့ အကျိုးဝိညာဏ်ဖြစ်ပါတယ်၊ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ်လို့ခေါ်ရတဲ့ မြင်သိစိတ် ကြားသိစိတ် နံသိစိတ် စားသိစိတ် ထိသိစိတ် တွေးတောကြံသိစိတ်များဟာ အတိတ်က ကောင်းတဲ့ကုသိုလ်သင်္ခါရတွေအားထုတ် ခဲ့လို့ ကောင်းတာမြင်ရ သီတင်းကောင်းကြားရ ကောင်းတာနမ်းရှူရ ကောင်းတာစားရ ဖိမ်ကျကျနေရ ကောင်းတာတွေ တွေးတောကြံစီပြီးနေရတာက အတိတ်ကအကြောင်းကောင်းကြောင့် ပဝတ္တိမှာရရှိတဲ့ အကျိုးဝိညာဏ်များပဲဖြစ်ပါတယ်၊ အတိတ်က အကုသိုလ်ကံသင်္ခါရတွေ အားထုတ်ခဲ့တော့ မကောင်းတာ မြင်ရ မကောင်းသီတင်းကြားရ မကောင်းတာနမ်းရှူရ မကောင်းတာစားရ ဆင်းဆင်းရဲရဲနေရ မကောင်း တာတွေကြံတွေးနေရတာက ပဝတ္တိမှာရရှိတဲ့ အကျိုးဝိညာဏ်များပါပဲ၊ သင်္ဂြိုဟ်မှာတော့ အဟိတ်ကုသလ ဝိပါက်ဝိညာဏ်နဲ့ အကုသလဝိပါက်ဝိညာဏ်တွေဟာ ပဝတ္တိမှာဖြစ်တဲ့ ဝိညာဏ်၊ ပဝတ္တိဝိညာဏ်များ ဖြစ်ပါတယ်၊ ရဟန္တာပုဂ္ဂိုလ်များလဲ ဘုရားဖူး တရားနာ တရားဟောစတဲ့ ကုသိုလ်တွေလုပ်ပါတယ်၊ ဒါပေမဲ့ လောဘနဲ့ယှဉ်တဲ့ ကုသိုလ်မဟုတ်တာကြောင့် နောက်ဘဝသစ်မှာ ပဋိသန္ဓေမနေရတော့ပဲ ပြုကာမတ္တ ပြီးပြီးပြောက်ပြောက် ဖြစ်သွားပါတယ်၊ ဒါကိုတော့ ကြိယာဝိညာဏ်ခေါ်ပါတယ်၊ ဒီကုသိုလ် အကုသိုလ် ဝိပါက် ကြိယာစိတ်ဝိညာဏ်များဟာ အတ္တကောင် အသက်ကောင် ဝိညာဏ်ကောင် မဟုတ်ဟု မြတ်စွာဘုရားဟောတော်မူပါတယ်၊ စိတ်ဝိညာဏ်ဘာကြောင့် အတ္တကောင်မဟုတ်ပါသလဲဆိုတော့=

ဝိညာဏဥ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထစ ဝိညာဏေ “ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ”တိ၊

ချစ်သားတို့–စိတ်ဝိညာဏ်အတ္တကောင်ဖြစ်ခဲ့မယ်ဆိုရင် နှိပ်စက်ခြင်း မဖြစ်ရာ၊ ငါ၏ စိတ်ဝိညာဏ် သည် ဤသို့ အကောင်းချည်း ဖြစ်ပါစေ၊ ဤသို့ အဆိုးကား မဖြစ်ပါစေနဲ့လို့ တောင့်တ၍ရနိုင်ရာ၏၊

စိတ်ဝိညာဏ်ဟာ မိမိအတွင်းသား အတ္တကောင် ဖြစ်မယ်ဆိုရင် မိမိကိုနှိပ်စက်ရန်အကြောင်းမရှိပါ၊ ကိုယ့်ကိုယ်ကို ပြန်ပြီး နှိပ်စက်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ စိတ်ကောင်းချည်းသာ ဖြစ်ပါစေ၊ မကောင်းတဲ့ စိတ်၊ စိတ်ယုတ် စိတ်ပုတ် မဖြစ်ပါစေနဲ့လို့ တောင့်တ၍ ရ ရမှာပါ၊ ကိုယ့်အတ္တဖြစ်ခဲ့ရင် ကိုယ့်အလိုတိုင်း ဖြစ်ရမှာပါ၊ ကိုယ့်အလိုတိုင်းမဖြစ် နှိပ်စက်နေပါတယ်၊

ယသ္မာစခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ၊ နစ လဗ္ဘတိ ဝိညာဏေ"ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ"တိ၊

ချစ်သားတို့ စိတ်ဝိညာဏ် အတ္တမဟုတ်သောကြောင့် နှိပ်စက်နေပါတယ်၊ ငါ၏ စိတ်ဝိညာဏ်သည် ဤသို့ အကောင်းချည်းဖြစ်ပါစေ၊ ဤသို့ အဆိုးကား မဖြစ်ပါစေနဲ့လို့ တောင့်တ၍မရပါ၊ စိတ်ဝိညာဏ် အတ္တကောင် အသက်ကောင် မဟုတ်သောကြောင့်နှိပ်စက်နေတာပါ၊ ဘယ်လိုနှိပ်စက်နေပါသလဲဆိုတော့= သတ္တဝါတွေက လှပတင့်တယ် ရှုချင့်စဖွယ်အာရုံကိုပဲ အမြဲတန်းမြင်နေချင်ပါတယ်၊ သို့သော် ကံမကောင်းတဲ့အခါမှာတော့ အကြီးတန်အရုပ်ဆိုး ကြောက်မက်ဖွယ် အဆင်းမျိုးကိုလဲမြင်ရပါတယ်၊ ဒါမြင်သိတဲ့ စက္ခုဝိညာဏ်စိတ်က နှိပ်စက်နေတာပါပဲ၊ နားကလဲ သာယာနာပျော်ဖွယ်အသံ ချိုသာတဲ့အသံ ကြားနေချင်တာပါ၊ သို့သော် မကောင်းတဲ့အသံ ဆဲသံ ဆိုသံ ကြိမ်းမောင်းသံ စိန်ခေါ်သံတွေလဲကြားနေရပြီး ကြားသိတဲ့ သောတဝိညာဏ်စိတ်က နှိပ်စက်နေပါတယ်၊ နှာ ခေါင်းကလဲ မွှေးမွှေးကြိုင်ကြိုင် အနံ့လေးပဲ နမ်းရှုလို့နေချင်တာပါ၊ တစ်ခါတစ်ရံမှာတော့ ခွေးသေကောင်ပုတ်လိုအနံ့ မျိုးတွေလဲ နမ်းရှုရပြီး နံ့သိတဲ့ဃာနဝိညာဏ်စိတ်က နှိပ်စက်နေပါတယ်၊ လျှာကလဲ ကောင်းတာလေးမှ စားချင်ပါတယ်၊ ကံမကောင်းတဲ့ အခါမှာတော့ မကောင်းတာတွေ မကြိုက်တာတွေ မနှစ်သက်တာတွေလဲ စားနေရပါတယ်၊ ဒါစားသိတဲ့ ဇိဝှါဝိညာဏ်စိတ်က နှိပ်စက်တယ်ခေါ်ပါတယ်၊ သတ္တဝါတွေက အဝတ်ကောင်းကောင်းလေး ဝတ်၊ အိမ်ကောင်းကောင်းမှာနေ၊ ကားကောင်းကောင်းစီးပြီး ပစ္စည်းကောင်းကောင်းမှ သုံးချင်တာပါ၊ ဒါပေမဲ့ **charity** ဆိုင်ကအဝတ်ကိုဝတ်၊ အိမ်ငှားနဲ့နေရ၊ ပေါင်၅၀တန်ကားစီးပြီး **car boot** ဈေးက အချောင်ရတဲ့ ပစ္စည်းကိုသုံးနေရပါတယ်၊ ဒါကတော့ ထိသိတဲ့ ကာယဝိညာဏ်စိတ်က နှိပ်စက်လို့ နေတာပါ၊ လူတွေကအမြဲတန်း စိတ်ချမ်းသာစွာနေချင်ကြတာပါ၊ ဒါကြောင့်ပဲ တနှစ်ကို နှစ်ခါလောက် **Holiday** ထွက်နေကြတာမဟုတ်လား၊ ကံမကောင်း အကြောင်းမသင့်လို့ ကြမ္မာဆိုးဝင်လာတဲ့ အခါမှာတော့ **Tsunami** လို အဖြစ်မျိုးနဲ့ ကြုံတွေ့ရပြီး စိတ်မချမ်းသာစရာ စိတ်ဆင်းရဲစရာ သောကဖြစ်စရာ အဖြစ်အပျက်မျိုးတွေနဲ့ ရင်ဆိုင်ရကာ အသက်ဆုံးရသည်အထိ ဖြစ်ရတာတွေကတော့ ကြံသိစိတ်မနော ဝိညာဏ်က နှိပ်စက်နေတာပါပဲ၊

### စိတ်ဝိညာဏ်အလိုအတိုင်းမဖြစ်ပါ

စိတ်ဝိညာဏ်နှိပ်စက်ရုံတင် မကသေးပါဘူး၊ မိမိအလိုတိုင်းလဲမဖြစ်ပါ၊ မျက်စိက အာရုံကောင်းကောင်း ချောချော လှလှ လေးပဲကြည့်နေချင်တာပါ၊ ရုပ်ရုံ အချောအလှလေးပဲ မြင်ပါရစေလို့ တောင်းတနေလဲ ချောမောလှပတဲ့ အာရုံမရှိရင် မမြင်ရပါ၊ လှပတဲ့အဆင်းအာရုံရှိမှ အာရုံကောင်းကို မြင်ရတာပါ၊ အကြီးတန် အရုပ်ဆိုး မကောင်းအာရုံမျိုးရှိရင်တော့ ထိုမကောင်းအာရုံပဲ မြင်ရပါတယ်၊ ဒါမြင်သိတဲ့ စက္ခုဝိညာဏ်စိတ်ကမိမိအလိုအတိုင်းမဖြစ်ပဲ သူ့အကြောင်းအားလျော်စွာဖြစ်နေတဲ့ သဘောပါ၊ နားကလဲ ကောင်းတဲ့အသံ သာယာနာပျော်ဖွယ်အသံလေးပဲ နားထောင်ချင်တာပါ၊ သာယာနာပျော်ဖွယ်အသံမရှိရင် မကြားရပါ၊ ဆဲသံ ဆိုသံ ကြိမ်းမောင်းသံ ကလော်တုပ်သံရှိနေရင် ဒီအသံပဲ ကြားနေရပါတယ်၊ ကောင်းတဲ့အသံ ကြားပါစေလို့ တောင့်တမရပါ၊ ကြားသိတဲ့ သောတဝိညာဏ်စိတ်က မိမိအလိုအတိုင်းမဖြစ်ပဲ အကြောင်းအားလျော်စွာဖြစ်နေပါတယ်၊ နှာခေါင်းကလဲ အနံ့ကောင်းကောင်း မွှေးမွှေးကြိုင်ကြိုင်လေးမှ ရှုချင်တာပါ၊ သို့သော်မကောင်းတာတွေလဲ ရှုရှိုက်နေရတာကြောင့် ကိုယ့်အလိုအတိုင်းမဖြစ်ပါ၊ လျှာကလဲ အရသာကောင်းကောင်းလေးမှ စားချင်ပါတယ်၊ တစ်ခါတစ်ရံမှာတော့ မကောင်းတာတွေလဲ စားနေရပြီးအလိုအတိုင်းမဖြစ်ပါ၊ ထိသိစရာအာရုံကောင်းမရှိရင် အတွေ့ကောင်းမရနိုင်ပါ၊ အတွေ့အထိကောင်း လိုချင်ပေမဲ့ ဆူးငြောင့်ခလုပ် မီး လက်နက်စသော အတွေ့အထိဆိုးနဲ့ တွေ့ရတဲ့ အခါများမှာတော့ အလိုအတိုင်းမဖြစ်ပါ၊ စိတ်ကရွှင်ရွှင်လန်းလန်း ချမ်းသာစွာနေချင်ပေမဲ့ ကျမ္မာရေးမကောင်း အိမ်ထောင်ရေး အဆင်မပြေ စီးပွါးရေးကျနေတဲ့အခါမျိုးမှာတော့ စိတ်ချမ်းသာပါစေလို့တောင့်တ၍မရပါ၊ စိတ်ဆင်းရဲနေရပြီး မိမိ အလိုသို့မလိုက် ကိုယ့်သဘောအတိုင်းမဖြစ်ပါ၊ သူ့အကြောင်းအားလျော်စွာ ဖြစ်နေတဲ့ သဘောပါပဲ၊အတ္တရဲ့သတ္တိက နိဝါသီ=ဟောင်းခန္ဓာအိမ် ပျက်သည့်ချိန်ဝယ် ခန္ဓာအိမ်သစ် ပြောင်းကာဖြစ်၍စနစ်မကွဲ အမြစ်တွဲလျက် တကတဲမှီ အမြဲတည်တဲ့ သဘောပေတည်းတဲ့ခန္ဓာအိမ်အဟောင်းပျက်စီး သွားသော်လဲစိတ်

ဝိညာဏ်ကမပျက်စီးပဲခန္ဓာအိမ်အသစ်မှာ ပြောင်းပြီးတည်နေတယ်လို့ စွဲလန်းထားပါတယ်၊ မြတ်စွာဘုရား လက်ထက်က ကေဝဋ္ဋပုဏ္ဏား၏ သားဖြစ်သော သာတိရဟန်းဆိုတာရှိတယ်၊ ဘုရားကတရားဟောပြီး နောက်ဆုံးဇာတ်တော်ပေါင်းသောအခါ ထိုစဉ်အခါ မဟာဇနကမင်းကြီးဆိုတာ ယခု ငါဘုရားဖြစ်လာတယ်၊ ဝေဿန္တရာမင်းကြီးဆိုတာလဲ ယခုငါဘုရားဖြစ်လာတယ်စသည်ဖြင့် ဇာတ်တော်ကို ပေါင်းတော်မူပါတယ်၊ ထိုသို့ဟောတော်မူသောအခါ သာတိရဟန်းက အလေးအနက်စဉ်းစားတယ်၊ ဘယ်လိုစဉ်းစားသလဲ ဆို တော့သုမေဓာဘဝတုန်းက စိတ်ဝိညာဏ်သည် မပျက်မစီးခိုင်မြဲစွာတည်တံ့ခဲ့ပြီး တေမိမင်း မဟာဇနက မင်းစသော ဘဝများသို့ပြောင်းခဲ့တယ်၊ ဝေဿန္တရာမင်းကြီးဘဝသို့လဲ ရောက်ခဲ့တယ်၊ နောက်ဆုံး ဘုရား ဖြစ်လာသောအခါ အလွန်အလွန်ရင့်မာသော ဝိညာဏ်တော်ဖြစ်လာရတယ်လို့ယူဆ ပြောဆိုနေပါတယ်၊ အခြားသောပညာရှိရဟန်းတော်များက အရှင်ဘုရားယူဆသလို မဟုတ်ကြောင်း မြတ်စွာဘုရားကထိုကဲ့သို့ ဟောတော်မမူကြောင်း ရှင်းပြသော်လဲလက်မခံ၊ သူ့အယူသာမှန်တယ်ဆိုပြီးပြောဆိုနေတဲ့အခါ ဘုရား လျှောက် ဘုရားကအကျိုးအကြောင်းမေးတော့ ဟုတ်မှန်ကြောင်း ဝန်ခံပါတယ်၊ ဒီအခါ မြတ်စွာဘုရားက မောဃပုရိသ=မင်္ဂဖိုလ်ကင်းကွာ ဘာဝနာမမှီး အချည်းနှီးအသုံးမကျ ဟဲ့လူ့ဗာလ ငါဘုရားက ဒီလိုဘယ် သူ့များဟောဘူးသလဲ၊ ဘယ်နေရာမှာဟောဘူးသလဲလွဲမှားစွာယူပြီး ငါဘုရားကိုလဲစွပ်စွဲတယ်၊ မကောင်း မှုအကုသိုလ်ကိုလဲ တိုးပွါးစေတယ်၊ ထိုမကောင်းမှုများဟာ သင့်ကိုအကျိုးမဲ့ ဆင်းရဲဖို့သာဖြစ်တယ်လို့ မိန့်တော်မူပါတယ်၊ *(တဏှာသင်္ခယသုတ်၊မူလပဏ္ဏာသပါဠိတော်)*

## ဝိညာဏ်တော်ကိုရှာတဲ့မာရ်နတ်ကြီး

မြတ်စွာဘုရားလက်ထက်က ရာဇဂြိုဟ်မြို့အနီး ဣသိဂိလိတောင်နံဘေး လိုဏ်ဂူတစ်ခုမှာ အရှင် ဂေါဓိကသီတင်းသုံးနေပါတယ်၊ သီလ သမာဓိစင်ကြယ်စွာဖြင့် ရဟန်းတရားအားထုတ်တဲ့အခါ လောကီ ဈာန်သမာပတ်များရလာပါတယ်၊ အတွင်းဝေဒနာဆိုး လွှမ်းမိုးနှိပ်စက်မှုကြောင့် (၆)ကြိမ်အထိသမာပတ်မှ လျှောကျနေပါသတဲ့ (၇)ကြိမ်မြောက်မှာတော့ သမာပတ်ကမလျှောခင် အဆုံးစီရင်မှပဲဆိုပြီး ခေါင်းရိတ် ဓါးယူ ကုဋင်ပေါ်တက် အိပ်ယာညောင်စောင်းဝယ် လျှောင်းလိုက်ပါသတဲ့၊ ဒီအခါမာရ်နတ်ကြီးက မထင် မရှား လူဝင်စားဖြင့် ဘုရားထံမှောက် ရောက်လာပြီး "အရှင်ဘုရားတပည့် ဂေါဓိကရဟန်း အဆုံးစီရင် တော့မလို့ လုပ်ပါအုံး"ဆိုကာ လျှောက်ပါတယ်၊ တစ်ချိန်ထဲမှာပဲ အရှင်ဂေါဓိကလဲ လယ်ပင်းကိုခေါင်း ရိတ်ဓါးနဲ့ လှီးလိုက်ပြီး ရရှိလာတဲ့ နာကျင်မှုဝေဒနာကို ပယ်ခွါလို့ မူလကမ္မဋ္ဌာန်းကို ဆက်လက်ရှုမှတ် လိုက်တဲ့အခါ အစကတည်းက သီလ သမာဓိစင်ကြယ်ပြီးသားမို့ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကာ "သမသီသီ ရဟန္တာ"အဖြစ်နဲ့ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ရုပ်သိမ်းတော်မူခဲ့ပါတယ်၊ မြတ်စွာဘုရားလဲ ရဟန်းတော်များခြံရံလို့ ကြွလာပါတယ်၊ ဣသိဂိလိတောင်ရဲ့ ဝဲယာရှေ့နောက် ထက်အောက်မကျန် မီးခိုး သဏ္ဍာန်အလင်းတန်းကြီး ဝေ့ပတ်နေတာမြင်ကြရဲ့လားမေးတော့ မြင်ရပါကြောင်း ပြန်ပြောင်းလျှောက် ထားတဲ့အခါ "အေး အဲဒါ မာရ်နတ်ကြီး ငါ့သားတော် ဂေါဓိကရဟန်းရဲ့ အသက်ဝိညာဏ်ကောင်ကို လိုက်ရှာနေတာ၊ ဘယ်တွေ့လိမ့်မှာတုန်း၊ အစကတည်းကမှမရှိပဲ၊ ယခုငါ့သားတော် ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်း ခန္ဓာဇာတ်သိမ်းသွားပြီ"လို့ ဗုဒ္ဓရှေ့နှုတ် ကြာကမုတ်က ဖွင့်ထုတ်မြွက်ဖော် မိန့်ကြားတော် မူလိုက် ပါတယ်၊ *(ဂေါဓိကသုတ်၊ ခန္ဓာဝဂ္ဂအဋ္ဌကထာ၊ ပ)*

## မျက်လှည့်ပမာဝိညာဏ

မာယူပမဉ္စ ဝိညာဏံ=စိတ်ဝိညာဏ်သည် မျက်လှည့်နဲ့ပမာထားယူ အလားတူပါ၏၊ မျက်လှည့်ဆရာက သံပြားကို ရွှေ ပြားဖြစ်အောင်လုပ်ပြတယ်၊ ကျိုးကိုမွေဖြစ်အောင်လုပ်ပြတယ်၊ ဉာဏ်ပညာရှိသူတွေက လိမ် နေတယ်ဆိုတာသိပါတယ်၊ ဒီလိုပဲ မျက်စိနဲ့အဆင်းနဲ့ဆုံကာ စက္ခုဝိညာဏ် မြင်သိစိတ်ဖြစ်ပါတယ်၊ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမမြင်တယ်၊ ငါမြင်တယ် မြင်တာငါပဲလို့ထင်ပါတယ်၊ မြင်သိစိတ်ကိုစစ်ကြည့် လိုက်တော့ မျက်စိကစက္ခုပသာဒ ရုပ်ပရမတ်တရား၊ အဆင်းကလဲ ရူပါရုံ ရုပ်ပရမတ်တရား၊ မြင်သိစိတ် က နာမ်ပရမတ်တရား၊ မြင်သိစိတ်ဖြစ်ရာမှာ ရုပ်နဲ့နာမ်နှစ်ပါးသာရှိပါတယ်၊ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ၊ အရှိဖြစ်တဲ့ ရုပ် နာမ်ကို မမြင်ပဲ၊ မရှိတဲ့ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမကိုမြင်တယ် စသည်ဖြင့်၄င်း၊ ဘယ်သူမြင်လဲ ငါမြင်တယ်၊ မြင်တာငါပဲစသည်ဖြင့်၄င်း အမှားစွဲလန်းနေ

တာကြောင့် စက္ခုဝိညာဏ်ခေါ် မြင်သိစိတ်က မျက်လုံ့ပြနေတာနဲ့တူပါတယ်၊ သောတဝိညာဏ် ကြားသိစိတ်ဖြစ်ရာမှာလဲ နားနဲ့အသံနဲ့ဆုံတော့ ကြားသိစိတ်ဖြစ်ပါတယ်၊ နားကသောတပသာဒ ရုပ်ပရမတ်တရား၊ အသံကသဒ္ဒါရုံ ရုပ်ပရမတ်တရား၊ ကြားသိစိတ်က နာမ်ပရမတ်တရား သောတဝိညာဏ်ခေါ် ကြားသိစိတ်ဖြစ်ရာမှာ ရုပ်နာမ်နှစ်ပါးသာရှိပါတယ်၊ ဒါကို ယောကျာ်းကြားတယ်၊ မိန်းမကြားတယ်၊ ပုဂ္ဂိုလ်သတ္တဝါကြားတယ်စသည်ဖြင့်၄င်း ကြားတာဘယ်သူလဲ ငါကြားတယ် ကြားတာငါပဲဟူ၍လဲ မှားယွင်းစွာစွဲလန်းပါတယ်၊ အရှိဖြစ်တဲ့ ရုပ် နာမ်နှစ်ပါးကို အလွဲအမှားထင် ငါ သူတစ်ပါး ပုဂ္ဂိုလ် သတ္တဝါ ကြားတယ်လို့စွဲလန်းနေတာကြောင့် သောတဝိညာဏ်ခေါ် ကြားသိစိတ်က မျက်လုံ့ပြနေတာနဲ့တူပါတယ်၊ ဃာနဝိညာဏ် နံသိစိတ်၊ ဇိဝှါဝိညာဏ် စားသိစိတ်၊ ကာယဝိညာဏ် ထိသိစိတ်၊ မနောဝိညာဏ် ကြံတွေးစိတ်တို့ဖြစ်ရာမှာလဲ ထိုနည်းတူပင်ဖြစ်ပါသည်၊ ရှည်လျားမည်စိုး၍ အကျယ်မရေးတော့ပြီ၊

## စိတ်ကိုဆုံးမချမ်းသာရ

စိတ်ရဲ့သဘောက ဒူရင်္ဂမံ=ဝေးနီးစကြာဝဠာ ကမ္ဘာမိုးမြေ ခြားကွာပေလဲ သွားစေလိုရာ ထိုထိုအာရုံဌာနသို့ ခဏချက်ချင်း လက်ငင်းမကွာ အာရုံပြုသောအားဖြင့် သွားလာနိုင်ပါတယ်၊ ဧကစာရံ= အဖေါ်မမှီး တပါးတည်းသာ သွားလာလေ့ရှိပါတယ်၊ အပေါင်းအဖေါ်မရှိပါ၊ အသရီရံ=လုံးရုပ်သဏ္ဍာန် ပုံဟန်နိမိတ် အရိပ်အရောင်ဟူ၍လည်း မရှိပါ၊ စိတ်ကလုံးလုံးလဲ မဟုတ်၊ ပြားပြားလဲမဟုတ်၊ ဝိုင်းဝိုင်းလဲ မဟုတ်ပါ၊ ဂုဟာသယံ= နှစ်လုံးသားတည်းဟူသော ဟဒယဝတ္ထုလှိုဏ်ဂူမှာသာ ကိန်းအောင်းပါတယ်၊

**(ဆောင်ပုဒ်)** အဝေးလဲသွား၊ တစ်ပါးတည်းလယ်၊ကိုယ်ထည်မရှိ၊ဂူအောင်းဘိ၊ စိတ်၏ခြင်းအရာ*(ဂန္ဓာရုံဆရာတော်)*

ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ *(ဓမ္မပဒအဋ္ဌကထာ)*

ဖန္ဒနံစပလံ=စိတ်ကအမြဲတန်း တုန်လှုပ်ပြီး လျပ်ပေါ်လော်လီတဲ့ သဘောရှိပါတယ်၊ အာရုံတစ်ခုတည်းမှာငြိမ်နေ တည်တံ့နေတယ်ရယ်လို့ မရှိပါ၊ ဒုရက္ခံ=စောင့်ရှောက်ဖို့လဲ ခက်ခဲလှပါတယ်၊ အကောင်အထည်မရှိတဲ့စိတ်ကို ဘယ်လို စောင့်ရှောက်နိုင်ပါ့မလဲ၊ မြတ်စွာဘုရားကတော့ စိတ်ထိန်းကိရိယာ (၄၀) ပေးထားပါတယ်၊ ဒီနည်းနဲ့ပဲ စောင့်ရှောက်လို့ ရမှာပါ၊ ဒုန္နိဝါရယံ=အချိန်ရှိသရွေ့ အာရုံငါးပါးအပေါ်မှာပဲ မွေ့လျော်နေတာမို့ တားမြစ်ဖို့ရာလဲ အလွန်ခက်ခဲလှပါတယ်၊ ဥပမာအားဖြင့် တောမျောက်နဲ့ တူပါသတဲ့ တောမျောက်ကတစ်ပင်မှတစ်ပင်၊ တစ်ကိုင်းမှတစ်ကိုင်း ကူးပြောင်းလို့နေတာပါ၊ တစ်နေရာထဲမှာငြိမ်နေတယ်လို့မရှိသလို စိတ်ကလဲ အာရုံတစ်ခုထဲမှာ ငြိမ်နေ ဝပ်နေ တည်တံ့နေတယ်လို့မရှိပါ၊ အာရုံမျိုးစုံလှည့်လည်ပြီး ကျက်စားနေတာပါ၊ တောမျောက်ထက်တောင် ဆိုးပါလိမ့်မယ်၊ တကယ်အလုပ် လုပ်ကြည့်မှ အော် ငါ့စိတ် တော်တော်သောင်းကျန်းပါလား ဆိုးပါလားဆိုတာ သိပါလိမ့်မယ်၊ ထိန်းသိမ်းရမလွယ်သလို စောင့်ရှောက်ဖို့လဲ ခက်ခဲလှပါတယ်၊ နွားရိုင်းနဲ့လဲ တူပါသတဲ့၊ ဘယ်လိုတူပါသလဲ- ကျိုးမချည်ပဲ လွှတ်ထားတဲ့နွားရိုင်းဟာ လယ်ခင်းတွေ၊ ယာခင်းတွေ၊ ဥယျာဉ်တွေထဲဝင်ဖျက်ဆီးလို့ ယာခင်းပိုင်ရှင်တွေက တရားစွဲတဲ့အခါမှာတော့ နွားပိုင်ရှင်အဖမ်းဆီးခံရပါတယ်၊ ထိုအခါနွားပိုင်ရှင်သို့မဟုတ် နွားကျောင်းသားကမိမိနွားကို ချည်တိုင်မှာကျိုးနဲ့ချည်ထား ချည်တိုင်မှရုန်းထွက်တဲ့ နွားကို ကြိမ်လုံးနဲ့ရိုက်ပေး၊ ကြာတော့ဘယ်မှမသွားတော့ပဲ ချည်တိုင်မှာပဲ ဝပ်လို့နေပါတော့တယ်၊ ထို့အတူနွားကျောင်း သားနဲ့တူတဲ့ ယောဂီပုဂ္ဂိုလ်ကလဲ နွားနဲ့တူတဲ့ မိမိစိတ်ကို နှာသီးဝခေါ်တဲ့ချည်တိုင်မှာ သတိဟူသောကျိုးဖြင့်ချည်ထားပြီး လွင့်ထွက်သွားတဲ့စိတ်ကို ဝီရိယဟူသောကြိမ်လုံးဖြင့်ရိုက်ကာ နှာသီးဝချည်တိုင်သို့ ထပ်ကာထပ်ကာ တင်ပေးရင် ကြာတော့ဘယ်မှမသွားတော့ပဲ နှာသီးဝမှာကပ်ပြီးတည်နေပါတော့တယ်၊ စိတ်ကိုဒီနည်းနဲ့ ဆုံးမပေးရပါတယ်၊

စိတ္တံ ဒန္တံ သုခါဝဟံ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ *(ဓမ္မပဒအဋ္ဌကထာ)*

သတိနဲ့ဆုံးမထားတဲ့စိတ်သည် ချမ်းသာသုခ အမျိုးမျိုးကိုရသလို သတိနဲ့စောင့်ရှောက်ထားတဲ့ စိတ်ဟာလဲ ချမ်းသာအကျိုး ပွါးတိုးစေပါတယ်၊ မရှုမပွါး ဒီတိုင်းထားရင်တော့ ဆင်းရဲဒုက္ခမျိုးစုံ အကုန်တွေ့ရ ပါလိမ့်မယ်၊ သာဝတ္ထိမြို့မှာ သူဌေးသားတစ်ယောက်ရှိပါတယ်၊ သူဟာ သံသရာဝဋ်မှထွက်မြောက်လိုတဲ့အတွက်

ဒါနပြု သီလဆောက်တည် ဘာဝနာ ပွါးရုံတင်အားမရသေးပဲ ရဟန်းဝတ်ခဲ့ပါတယ်၊ ရဟန်းဘောင်ရောက်တော့လိုက်နာစရာ ဝိနည်းကျင့်ဝတ်တွေကလဲများ၊ အဘိဓမ္မာဆိုင်ရာ လေ့လာမှတ်သားဖွယ်တွေကလဲ မနဲတာမို့ လက်ကလေး ခြေကလေးတောင် ကွေးလို့ဆန့်လို့မလွယ် အသွယ်သွယ်အဝဝ များပြားလှတာကြောင့် လူထွက်ပြီးပဲ ကျင့်ပါတော့မယ်ဆိုပြီးစိတ်ပျက်နေတဲ့အခါ မြတ်စွာဘုရားနဲ့ တွေ့လို့ဘုရားက "ချစ်သား တစ်ခုတည်းကို မထိန်းနိုင်ဘူးလား" မေးတော့ မှန်လှပါ တစ်ခုတည်းဆိုရင်တော့ သက်သက်သာသာထိန်းနိုင်ပါကြောင်း လျှောက်ထားသဖြင့် "အေး ဒီလိုဆို အများကြီးထိန်းစရာမလိုဘူး၊ သင့်စိတ်ကလေး တစ်ခုကိုပဲထိန်းပါ" လို့ မိန့်တော်မူပါတယ်၊

လောကမှာအထိန်းရအခက်ဆုံးကစိတ်ပါ၊ စိတ်ကိုနိုင်အောင် မထိန်းနိုင်ကြလို့ ဒုက္ခတွေရောက်နေကြတာပါ၊ ဒုစရိုက်မျိုးစုံ အကုန်ပြုတာလဲစိတ်ပဲ၊ သုစရိုက်ကုသိုလ်တွေပြုတာလဲ စိတ်ပါပဲ၊ "စိတ္တေန နီယတေ လောကော၊ စိတ္တေန ပရိကဿတိ" လောကမှာစိတ်က ဦးဆောင်နေတာပါ၊ စိတ်ရဲ့ဆွဲဆောင်ရာကိုလိုက်နေကြရတာပါ၊ အဲဒီစိတ်က ကောင်းတာနဲ့ မကောင်းတာဆိုရင် မကောင်းတဲ့ဘက်မှာပဲ ပျော်နေတပ်ပါတယ်၊ "ပါပသ္မိံ ရမတိ မနော" လို့ ဟောတော်မူတာမို့ မကောင်းတဲ့ အလုပ်တွေမှာသာ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်လို့နေတပ်ပါတယ်၊ တရားအားထုတ်ဖို့ဆွဲဆောင်ရာမှာတော့ တရားအားထုတ်တာ အရေးမကြီးပါဘူးကွာ၊ သေခါနီးမှအားထုတ်လဲရတာပဲ၊ မသေခင် ပျော်ပျော်နေရဘို့အရေးကြီးတယ်စသည်ဖြင့် စိတ်ကိုဖြစ်ချင်သလိုဖြစ် မရှုမပွါး ပြစ်ထားမယ်ဆိုရင် ပစ္စုပ္ပန်လဲဆင်းရဲ သံသရာလဲအပါယ်ငရဲနဲ့တွေ့ရဖို့ကများနေပါလိမ့်မယ်၊ "စိတ္တာရောဂ အပါယာ သကဂေဟာသဒိသာ" အပါယ်လေးဘုံကတော့ဖြင့် မိမိတို့ရဲ့ အမြဲနေရာအိမ်နဲ့တူပါသတဲ့၊ ဦးဇင်းတို့ရဲ့ခန္ဓာမှာကြည့်လိုက်ရင် စက္ခုဝိညာဏ်ခေါ်တဲ့မြင်သိစိတ်က အဆင်းမျိုးစုံ ရူပါရုံနဲ့တွေ့တဲ့အခါ လောဘ ဒေါသစတဲ့ကိလေသာတွေ ဖြစ်ရပါတယ်၊ ရူပါရုံချောချော လှလှနဲ့တွေ့တော့ သာယာတပ်မက်တဲ့လောဘဖြစ်ရပြီး ကိုယ်နဲ့မသင့်မြတ်တဲ့ ပုဂ္ဂိုလ်နဲ့တွေ့တော့ ဒေါသဖြစ်ရပါတယ်၊ မရှုမပွါးဒီတိုင်းထားရင်တော့ မြင်စိတ်ရဲ့နောက်မှာ လောဘ ဒေါသစတဲ့ ကိလေသာတွေပဲဖြစ်လို့နေမှာပါ၊ အဲဒီစက္ခုဝိညာဏ်ခေါ် မြင်သိစိတ်ကအမြဲတည်မနေပါ၊ ဖြစ်လိုက် ပျက်လိုက် ပေါ်လိုက် ပျောက်လိုက်နဲ့ မျက်စိတမှိတ် လျှပ်တပျက်အတွင်းမှာ ကုဋေတစ်သိန်းလောက်ဖြစ်ပြီး ပျက်နေပါသတဲ့၊ ဖြစ်ပြီး ပျက်နေလို့ မမြဲတဲ့အနိစ္စပါ၊ ဖြစ် ပျက်ဒါဏ်ကိုခံနေရလို့ ဆင်းရဲတဲ့ ဒုက္ခပါ၊ ကိုယ့်အလိုမလိုက် အစိုးမရလို့ အနတ္တပါ၊ မြင် သိစိတ်ကလေး ဖြစ် ပျက် အနိစ္စ ဒုက္ခ အနတ္တဖြစ်ပါတယ်၊ မျက်စိနဲ့ အဆင်းက ရုပ်တရားပါ၊ ရုပ်ရဲ့သဘောကလဲ "ရုပ္ပတီတိ ရူပံ" အရ ဖြစ်ပျက်ပြီး ဖေါက်ပြန်နေတာပါ၊ ရှေးရှေးရုပ်တွေ ဖြစ်ပြီး ပျက်သွား၊ နောက်နောက်ရုပ်အသစ်တွေအစားထိုး ဖြစ်လာပါတယ်၊ ထိုရုပ်အသစ်များလဲ ကြာကြာတည်မနေပါ၊ ပျက်လို့သွားပါတယ်၊ ဒါကြောင့်ရုပ်တရားလဲ ဖြစ်ပျက်မို့ မမြဲ ဆင်းရဲ အစိုးမရပါ၊ ထိုရုပ်နာမ်တွေ ဘာကြောင့်ဖြစ်သလဲဆိုတော့ အတိတ်ကပြုခဲ့တဲ့ ကံ သင်္ခါရတွေကြောင့် ဖြစ်ရတာပါ၊ အကြောင်းမဲ့ဖြစ်နေကြသည်မဟုတ်၊ အကြောင်းကြောင့်ဖြစ်ကြတာပါ၊

ရုပ်နာမ်တို့ရဲ့ အကြောင်းကိုသိတော့ အကြောင်းမဲ့ဖြစ်တယ်လို့ မှားယွင်းစွာယူထားတဲ့ "အဟေတုကဒိဋ္ဌိ" ကင်းပါတယ်၊ ရုပ်နာမ်တို့ရဲ့ အဖြစ်ကိုမြင်တော့ ပြတ်တယ် ငြိမ်းတယ်ဆိုတဲ့ "ဥစ္ဆေဒဒိဋ္ဌိ" ကင်းပါတယ်၊ အပျက်ကိုမြင်တော့ ခိုင်တယ် မြဲတယ် တည်တံ့တယ်လို့ အယူမှားတဲ့ "သဿတဒိဋ္ဌိ" ကင်းပါတယ်၊ မျက်စိနဲ့အဆင်းက ရုပ်တရား၊ မြင်သိစိတ်က နာမ်တရား၊ မြင်စိတ်ဖြစ်ရာမှာ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ရုပ်နာမ်နှစ်ပါးသာရှိတယ်လို့ သိလိုက်တော့ "သက္ကာယဒိဋ္ဌိ" ကင်းပါတယ်၊

ဦးဇင်းတို့ သန္တာန်မှာဖြစ်တဲ့စိတ်က ခြောက်ပါးရှိပါတယ်၊ အဲဒီခြောက်ပါးက= မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးတောကြံစီစိတ်တို့ဖြစ်ပါတယ်၊ ယခုမြင်သိစိတ်နဲ့ပတ်သက်ပြီး ကိလေသာမဖြစ်အောင် ရှုပွါးပုံကို ဉာဏ်မှီသလောက်ပြောပြီးပါပြီ၊ နားနဲ့အသံနဲ့ဆုံတော့ ကြားသိစိတ်ဖြစ်ပါတယ်၊ ထိုစိတ်ကိုမရှုမပွါး ဒီတိုင်းထားလို့ ဒုက္ခရောက်ရပုံကိုတိုတို ကျဉ်းကျဉ်းပြောပြပါ့မယ်၊ သီဟိုဠ်ကျွန်းမှာ ဈာန်အဘိညာဉ်ရ သာမဏေငယ်တစ်ပါးရှိပါတယ်၊ တနေ့ ဥပဇ္ဈာယ်ဆရာက မဟာစေတီမှာ ပန်းတွေနဲ့ပူဇော်ဘို့ ဟိမဝန္တာမှ ပန်းများကိုတန်ခိုးဖြင့် ယူဆောင်ပြီးဆရာအားပေးပါတယ်၊ ဆရာက ငါ့တပည့် သိတ်တန်ခိုးကြီးတာပဲ၊ ဒီတန်ခိုးကြာကြာတည်နိုင်ပါ့မလားနဲ့ ဆင်ခြင်ကြည့်လိုက်တော့ မကြာခင်ပဲ

လျှော ကျလို့မျက်စိကဏ်းတဲ့ ယက်ကန်းသည်မနဲ့ညားတော့မယ်ဆိုတာ သိသဖြင့် အကျိုးအကြောင်းပြ ဆုံးမပါသော်လဲ သံဝေဂမရပဲ ငါ့ဆရာဘာတွေလျှောက်ပြောနေပါလိမ့်မလဲဆိုပြီး မကြားချင်ယောင်ဆောင် ထွက်သွားပါတယ်၊ မကြာမီ ကောင်းကင်ကစျာန်နဲ့သွားနေတုံး မြေပြင်မှာပန်းခူးနေတဲ့ ယက်ကန်းသည် မလေးရဲ့သီးချင်းသံကြား၊ ထိုအသံကိုသာယာ တပ်မက်ပြီး စျာန်လျှောကာ ယက်မန်းသည်မလေးနဲ့ညား သွားပြီး နောက်စကားများရန်ဖြစ်လို့ ဒုတ်နဲ့ပေါက်လိုက်ရာ မျက်လုံးကန်းသွားပါတယ်၊ မထေရ်ကြီးက ဒါကိုမြင်လို့ သြဝါဒပေးခဲ့တာပါ၊ ကြားသိစိတ်ကလဲ ကြာကြာတည်မနေ၊ ဖြစ် ပျက် မမြဲ ဆင်းရဲ အစိုးမရ အနိစ္စ ဒုက္ခ အနတ္တပါ၊ ထိုစိတ်ကိုမရှုမပွါး ဒီတိုင်းထားရင် ကြားသိစိတ်ရဲ့နောက်က ကိလေသာဖြစ်ပါတယ်၊ ရှုပွါးပေးလိုက်တော့ ကိလေသာမဖြစ်ပဲ ချမ်းသာသွားပါတယ်၊ ကျန်စိတ်တွေမှာလဲ နည်းမှီကာ ရှုရမည် ဖြစ်ပါသည်၊ *(မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ၁၇၀)*

ရုပ်နာမ်နှစ်ပါးဖြစ်ပျက်က ဒုက္ခသစ္စာ၊ အဆက်မပြတ် ဒလစပ် ဖြစ် ပျက်နေတာကိုသိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ဖြစ် ပျက်ကိုမြင်တော့ ရုပ် နာမ်ရဲ့အပေါ်မှာ တွယ်တာ တပ်မက်မှုမရှိ ကင်းသွားပါတယ်၊ ဒါ ကြောင့် သမုဒယသစ္စာသေပါတယ်၊ တဏှာလောဘသေတော့ နောက်ဘဝပဋိသန္ဓေမနေရတော့ပါ၊ ဒါက တော့ နိရောဓသစ္စာဖြစ်ပါတယ်၊ ဒါကြောင့် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေတာက သမုဒယသစ္စာ၊ နောင်ခန္ဓာမလာတာက နိရောဓသစ္စာဖြစ်ပါတယ်၊ ရှုမှတ်ပွါးများ ကျင့်ကြံ လိုက်နာစရာ တွေများလွန်းလို့ စိတ်ပျက်နေတဲ့ ရဟန်းတော်ကလေးလဲ မြတ်စွာဘုရား မိန့်တော်မူတဲ့ တစ်ခုတည်း သောစိတ်ကို စူးစိုက်ပြီး ရှုမှတ်ပွါးများ အားထုတ်လိုက်တဲ့အခါမှာတော့ မဂ်ဆိုက် ဖိုလ်ဝင် နိဗ္ဗာန်မြင်သွား ပါတော့တယ်၊ *(ဓမ္မပဒအဋ္ဌကထာ၊ပထမ၊၁၈၉)*

**ဆောင်ပုဒ်**

ရုပ်နာမ်နှစ်ဖြာ ကြောင်းကြောင့်သာ၊ မှန်စွာဖြစ်လာရ၊
အကြောင်းကိုမြင်၊ ကြောင်းမဲ့စင်၊ မှတ်လျှင်အဟေတုကပြ၊
အဖြစ်ကိုမြင်၊ ပြတ်တယ်ထင်၊ ကင်းစင်ဥစ္ဆေဒ၊
အပျက်ကိုမြင်၊ မြဲတယ်ထင်၊ ကင်းစင်သဿတ၊
ရုပ်နာမ်နှစ်ခွင်၊ ပိုင်းခြားမြင်၊ ကင်းစင်သက္ကာယ၊
စိတ်ဟုခေါ်တွင်၊ နာမ်ဝိညာဏ်၊ ဖြစ်လျှင် ပျက်ရ အနိစ္စ၊
ဖြစ်လျှင်ပျက်မြဲ၊ ပုံသေပဲ၊ ဆင်းရဲဒုက္ခ ရှုမှတ်ကြ၊
ငါ့လိုမပါ၊ သူ့ဖာသာ၊ ဖြစ်ကာပျက်ရအနတ္တ၊
မရှုမပွါး၊ စိတ်တိုင်းထား၊ တွေ့ကြားဘေးဒုက္ခ၊
စိတ်၏ဖြစ်ပုံ၊ ပျက်သွားပုံ၊ လုံးစုံရှုမှချမ်းသာရ၊
ချမ်းသာလိုလျှင်၊ စိတ်ကိုပင်၊ တွင်တွင်ရှုရ ပွါးများကြ၊

K K K K K

## အနိစ္စဖြင့်အနတ္တကိုပြတော်မူပုံ

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုပြီး (၆)ပါးရှိပါတယ်၊ ဒါကိုတော့ ခန္ဓာကိုယ်ထဲမှာ ရှိနေ ဖြစ်နေတဲ့တရားမို့ သင်္ဂြိုဟ်မှာ အတွင်းအာယတန(၆)ပါးလို့ခေါ်ပါတယ်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့သဘော၊ အာရုံဆိုတဲ့(၆)ပါးကတော့ခန္ဓာကိုယ်ရဲ့ဗဟိဒ္ဓပြင်ပမှာဖြစ်လို့ အပြင်အာယတနခေါ်ပါတယ်၊ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်ဆိုတဲ့ ဝိညာဏ်(၆)ပါး၊ အားလုံး (၁၈)ပါး၊ ဒါကိုဓာတ်တဆဲ့ရှစ်ပါးခေါ်ပါတယ်၊ မျက်စိနဲ့အဆင်းနဲ့ဆုံတော့ မြင်သိစိတ်ဖြစ်ပါတယ်၊ ယောဂီ ပုဂ္ဂိုလ်ရဲ့ညာဏ်ထဲမှာ မြင်သိစိတ်ကလေးဖြစ်ပြီးပျက်သွားတယ်၊ ပေါ်ပြီးပျောက်သွားတယ်၊ ခဏချင်း ဖြစ်လိုက် ပျက်လိုက် ပေါ်လိုက် ပျောက်လိုက်ဆိုတဲ့သဘောတရားက မမြဲတဲ့အနိစ္စ၊ ဒီအနိစ္စတွေ့လာရတဲ့ အခါ မှာတော့ “ရှေးတုန်းက မပျက်မစီးအမြဲတည်နေတဲ့ အတ္တကောင် ငါကောင်ရှိနေတယ်လို့ ထင်ထားတယ်၊

သို့သော် ဝိပဿနာညာဏ်တင် ရှုဆင်ခြင်လိုက်တဲ့အခါမှာတော့ ဖြစ်ပြီးပျက် ပေါ်ပြီး ပျောက်သွားတဲ့ သဘောတရားတွေပဲတွေ့နေရတယ်၊ အတ္တကောင် ငါကောင် အသက်ကောင် လိပ်ပြာကောင် ဝိညာဏ်ကောင် မရှိပါလားလို့ ”သိမြင်လာတဲ့အခါမှာတော့ အနတ္တကိုမြင်တယ်ခေါ်ပါတယ်၊ နားနဲ့အသံနဲ့ဆုံတော့ ကြားသိစိတ်ဖြစ်ပါတယ်၊ နှာခေါင်းနဲ့အနံ့နဲ့ဆုံတော့ နံသိစိတ်၊ လျှာ နဲ့အရသာနဲ့ဆုံတော့ စားသိစိတ်၊ ခန္ဓာကိုယ်နဲ့တွေ့ထိစရာနဲ့ဆုံတော့ ထိသိစိတ်၊ မနောနဲ့ကြံတွေးစရာအာရုံနဲ့ဆုံတော့ ကြံသိစိတ်တို့ဖြစ်ပါတယ်၊ ဖြစ်တိုင်း ဖြစ်တိုင်းသောစိတ်တွေဟာ ဖြစ်ပြီးပျက် ပေါ်ပြီးပျောက်သွားကြတာပါ၊ ထာဝရမြဲမြံ ခိုင်ခံ့ တည်တံ့နေတယ်ရယ်လို့မရှိပါ၊ ဒါကြောင့်အနိစ္စဖြစ်ပါတယ်၊ ဒီမမြဲတဲ့သဘောကို တွေ့လာရတဲ့အခါမှာတော့ ခိုင်တယ် မြဲတယ် တည်တံ့တယ် ဘယ်တော့မှမပျက်တော့ဘူးလို့ယူဆထားတဲ့ အတ္တမရှိတော့တာမို့ အနိစ္စဖြင့်အနတ္တကိုပြတော်မူပါတယ်၊

## ဒုက္ခဖြင့်အနတ္တကိုပြတော်မူပုံ

“ရဟန်းတို့ရုပ်တရားသည် အတ္တမဟုတ်သောကြောင့် နှိပ်စက်နေပါသည်၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ဟာလဲ အတ္တမဟုတ်သောကြောင့် နှိပ်စက်နေပါသည်”စသည်ဖြင့် ဟောထားတော်မူပုံမှာ မိမိကိုနှိပ်စက်တယ်ဆိုတာအမှန်ကတော့ ကြောက်စရာ ရွံမုန်းစရာ စက်ဆုပ်စရာ ဒုက္ခပါပဲ၊ နှိပ်စက်ခံနေရတဲ့အတွက် ချမ်းသာသုခဆိုတာ မရှိနိုင် မရနိုင်ပါ၊ ဥပမာ–ရာဇဝတ်သားကို အာဏာပိုင်တွေက ဖမ်းမိတဲ့အခါကျိုးနဲ့တုပ်၊ ထုရိုက် ခြိမ်းခြောက် ကန်ကျောက်ပြီး နှိပ်စက်တဲ့ အခါမှာ ချမ်းသာတယ်ဆိုတဲ့ ကာယိကသုခ စေတသိကသုခဆိုတာ မရနိုင်ပါဘူး၊ ကြောက်စရာ စက်ဆုပ် ရွံရှာစရာဖြစ်သောကြောင့် အတ္တကောင် ငါကောင် အသက်ကောင် လိပ်ပြာကောင် ဝိညာဏ်ကောင် မဟုတ်တာမို့ ဒုက္ခဖြင့်အနတ္တကို ပြတော်မူပါတယ်၊

## သစ္စကပရိဗိုဇ်၏အတ္တစွဲ

ဝေသာလီမြို့မှာ မင်းသားတွေကို ပညာသင်ပေးနေတဲ့ သစ္စကပရိဗိုဇ်ကြီး တစ်ယောက်ရှိတယ်၊ တနေ့တော့အရှင်အဿဇိနဲ့တွေ့တဲ့အခါ “သင်တို့ဆရာ ရဟန်းဂေါတမက တပည့်တွေကို ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့် ဆုံးမပါသလဲ”လို့ မေးပါတယ်၊ ဒီတော့ အရှင်အဿဇိမထေရ်က “ဆရာဘုရားက ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ခေါ်တဲ့ခန္ဓာ ငါးပါးဟာ မမြဲတဲ့အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊ အစိုးမရ အတ္တကောင်မဟုတ်တဲ့ အနတ္တဖြစ်တယ်”လို့ ဟောကြား ဆုံးမတော်မူကြောင်း ပြောလိုက်တဲ့ အခါမှာတော့ “ အောင်မယ်လေး ဖြစ်မှဖြစ်ရပလေ၊ မကြားကောင်း မနာသာ မင်္ဂလာမရှိတဲ့စကားကို ကြားရလေခြင်း၊ ရဟန်းဂေါတမနဲ့ ဘယ်ချိန်များတွေ့ရပါ့မလဲ၊ ရဟန်းဂေါတမရဲ့ မိစ္ဆာအယူကို ဘယ်တော့များချေချွတ်နိုင်ပါ့မလဲ”စသည်ဖြင့် ရှုတ်ချပြောဆိုလိုက်ပါသတဲ့၊

ဒါကမဆန်းပါဘူး၊ ယခုခေတ်မှာလဲ အနှစ်သာရမရှိတဲ့ မိစ္ဆာဝါဒတွေက အနှစ်သာရပြည့်ဝစစ်မှန်တဲ့ ဗုဒ္ဓဝါဒ ဗုဒ္ဓလမ်းစဉ်ကို အယူမှား မိစ္ဆာဒိဋ္ဌိလို့ဆိုသလိုပဲပေါ့၊ သစ္စကပရိဗိုဇ်ကြီးလဲ အနတ္တဝါဒကို မိစ္ဆာအယူလို့ပြောပါတယ်၊ သူ့တပည့်တွေကိုလဲ ငါရဟန်းဂေါတမနဲ့ ဝါဒပြိုင်မလို့၊ မင်းတို့လိုက်ခဲ့ကြ၊ အားကောင်းမောင်းသန်တဲ့ ယောကျ်ားတစ်ယောက်က သိုးငယ်လေးတစ်ကောင်ကို အမွေးဆွဲပြီးဇော့ယမ်း ပစ်လိုက်သလိုရဟန်းဂေါတမကိုလဲ ဝါဒရေးရာနဲ့ဇော့ယမ်းပစ်လိုက်မယ်ဟုဆိုကာ မြတ်စွာဘုရားထံဝါဒပြိုင်ရန်လာခဲ့ပါတယ်၊ ဘုရားထံရောက်တော့ “အရှင်ဂေါတမ တပည့်တွေကို ဘယ်လိုဆုံးမ ပါသလဲ”လို့ မေးတဲ့အခါမြတ်ဗုဒ္ဓက “ခန္ဓာငါးပါး မမြဲ ဆင်းရဲ အစိုးမရ အတ္တကောင် အသက်ကောင် ဝိညာဏ်ကောင် လိပ်ပြာကောင်မရှိကြောင်းဆုံးမတယ်”ဟု ဖြေလိုက်ပါတယ်၊ သစ္စက ကရဟန်းဂေါတမ မျိုးစေ့များ သစ်ပင်များဟာ မြေကြီးကိုမှီ၍ စည်ပင်ကြီးပွားကြရပါတယ်၊ လူတွေရဲ့ခွန်အားဗလနဲ့လုပ်ရတဲ့ အလုပ်တွေမှာလဲ မြေကြီးကိုမှီပြီး လုပ်ရပါတယ်၊ ထို့အတူ ကောင်းမှု မကောင်းမှု ကံတွေလဲ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ခေါ်တဲ့ အတ္တကောင်ကိုမှီ၍ လုပ်ရပါတယ်၊ ကောင်းကျိုး ဆိုးကျိုးကိုလဲ အဲဒီအတ္တကပဲ ခံစားပါတယ်၊ ခန္ဓာငါးပါးအတ္တမဟုတ်ရင် ကောင်းကျိုး ဆိုးကျိုးကို ဘယ်သူကခံစားမလဲလို့ မေးပါတယ်၊ ဒီတော့ မြတ်စွာဘုရားက သစ္စက သင်ဟာ ရုပ်ကိုငါ၏အတ္တ၊ ဝေဒနာကို ငါ၏အတ္တ၊ သညာကိုငါ၏အတ္တ၊ သင်္ခါရကိုငါ၏အတ္တ၊ ဝိညာဏ်ကိုငါ၏အတ္တလို့ ဆိုလိုပါသလား၊ အရှင်ဂေါတမ ကျွန်ုပ်နှင့်တကွ အားလုံး

က ဒီလိုဆိုလိုကြပါတယ်၊ "သစ္စက ငါဘုရားက သင့်ကိုမေးနေတာ၊အခြားလူတွေဆွဲမထည့်နဲ့"လို့ မိန့်တော်မူလိုက်တဲ့အခါ "ဟုတ်ပါတယ် အရှင်ဂေါတမ ကျွန်ုပ်သည်ပင် ခန္ဓာငါးပါးကို ငါ၏အတ္တဖြစ်တယ်လို့ဆိုလိုပါတယ်ဟု" ဝန်ခံပါတယ်၊ နောက်မြတ်စွာဘုရားက ဆက်ပြီးမေးတော်မူပါတယ်၊ "သစ္စက သင်ဟာ ရုပ်ကိုငါ၏အတ္တလို့ဆိုတယ်၊ ထိုရုပ်၌ ငါ၏ရုပ်သည် ဤသို့ဖြစ်ပါစေ၊ ငါ၏ရုပ်သည် ဤသို့မဖြစ်ပါစေနဲ့ လို့ သင့်အလိုအတိုင်းဖြစ်ပါရဲ့လား သင်စီမံသလိုဖြစ်ပါရဲ့လား"လို့ မေးပါတယ်၊ အလိုအတိုင်းဖြစ်တယ် အစိုးရတယ်ဆိုရင် သင်ရဲ့ရုပ်ခန္ဓာကြီးကို ပျိုမြစ်နုနယ် ငယ်ရွယ်တဲ့ရုပ်ဖြစ်လာရန် အစိုးရရဲ့လား စီမံ၍ ရရဲ့လားလို့ မေးစရာဖြစ်လာလိမ့်မယ်၊ အလိုအတိုင်းမဖြစ်၊ အစိုးမရပါဟု ဆိုပြန်လျှင်လဲ အနတ္တဝါဒကို လက်ခံရာရောက်လိမ့်မယ်၊ သစ္စကကြီးဟာ ထွန်တုံးမျိုထားတဲ့ စပါးကြီးမြွေလို ထွေးရခက် မျိုရခက် ဖြစ်နေပါတယ်၊ မြတ်စွာဘုရားက တစ်ကြိမ်မေးမဖြေ၊ နှစ်ကြိမ်မေးသော်လဲ မဖြေပဲ တုဏှီဘာဝေ ဆိတ်ဆိတ်နေပါတယ်၊ "သစ္စက-ငါဘုရားရှင်တို့ သုံးကြိမ်မေးလို့ မဖြေရင် သင်ရဲ့ဦးခေါင်း ခုနစ်စိတ် ခုနစ်မွှာ ကွဲသွားလိမ့်မယ်"လို့ မိန့်တော်မူပါတယ်၊ ဒီအချိန်မှာ နတ်ဘီလူးက ဝရဇိန်လက်နက်ကိုင်ပြီး ဦးခေါင်းပေါ်ကချိန်ထားပါတယ်၊ ဒါကိုတော့ သစ္စကနဲ့ မြတ်စွာဘုရား နှစ်ဦးသာမြင်ပါတယ်၊

သစ္စကက သေရမှာကြောက်ပြီး "အရှင်ဂေါတမ ပြန်မေးပါ၊ အကျွန်ုပ်ဖြေပါတော့မယ်" လို့ဆိုကာမြတ်စွာဘုရားက"သစ္စကသင်ဟာရုပ်ကို ငါ၏အတ္တလို့ဆိုတယ်၊ ထိုရုပ်၌ငါ၏ရုပ်သည် ဤသို့ဖြစ်ပါစေ၊ ငါ၏ရုပ်သည် ဤသို့မဖြစ်ပါစေနဲ့လို့ သင့်အလိုအတိုင်းဖြစ်ပါရဲ့လား သင်စီမံသလိုဖြစ်ပါရဲ့လား"လို့ မေးပါတယ်၊ မှန်ပါ အရှင်ဂေါတမ ဤသို့ဖြစ်ပါစေ၊ ဤသို့ မဖြစ်ပါစေနဲ့လို့တောင့်တမရပါ၊ ကျွန်ုပ်အလိုအတိုင်းမဖြစ်ပါဟုဖြေပါတယ်၊ သစ္စက သင်ဟာရှေ့စကားနဲ့ နောက်စကား မညီပဲဖြစ်နေတယ် သတိထားပြီးဖြေပါ၊ သင်ဟာအစကငါဘုရားကို ဝါဒနဲ့တင်ပြီး ဆွဲယမ်းပြစ်လိုက်မယ်ဆိုပြီး လာခဲ့တာမဟုတ်လား၊ ဥပမာနဲ့ပြောရလျှင် သစ်သားအနှစ်ကိုအလိုရှိသူဟာ ငှက်ပျောပင်ကို အရင်းအဖျားဖြတ်ပြီး အဖတ်ကိုခွါ ကြည့်တဲ့အခါ အနှစ်မဆိုထားနဲ့ အကာတောင်မှ မတွေ့ရပဲ ဖြစ်ပါတယ်၊ သင်ရဲ့ အတ္တဝါဒကလဲ ငှက်ပျောတုံးလိုအနှစ်မပါ ဗလာကိုယ်တည်း အချည်းနှီးသာဖြစ်နေပေသည်ဟု မိန့်တော်မူလိုက်ပါတယ်၊

*(မူလပဏ္ဏာသအဋ္ဌကထာ၊ ၃)*

တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံဝါ အနိစ္စံဝါတိ၊

ရဟန်းတို့ယခုငါမေးမဲ့ အကြောင်းအရာကို ဘယ်လိုမှတ်ထင်ကြသနည်း၊ ရုပ်တရား မြဲသလား၊မမြဲဘူးလားလို့ ဘုရားကမေးတော်မူပါတယ်၊ အနိစ္စံ ဘန္တေ=ရုပ်တရားမမြဲပါဘုရားလို့ ပဥ္စဝဂ္ဂီရဟန်းများက ဖြေပါတယ်၊

## အနိစ္စမည်ပုံ

အနိစ္စံ ခယဋ္ဌေန-ကုန်ဆုံးပျက်စီးသွားတဲ့ အနက်သဘောကြောင့် အမြဲမရှိအနိစ္စပါ၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ခေါ်တဲ့ ခန္ဓာငါးပါးဟာ ဖြစ်ပြီးတည်မနေပဲ ကုန်ပျောက်ပျက်စီးသွားတဲ့ အနက်သဘောကြောင့် အနိစ္စမည်ပါတယ်၊ တနည်းအားဖြင့် ဟုတွာ အဘာဝတော အနိစ္စာ=ဖြစ်ပေါ်လာပြီးနောက် မရှိတော့ပဲ ပျက်စီးသွားခြင်း၊ ကုန်ပျောက်သွားခြင်းကြောင့်လည်းပဲ အနိစ္စမည်ပါတယ်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားများဟာ ဖြစ်ပြီးတည်မနေပါ၊ မျက်စိတမှိတ်၊ လျှပ်တပျက်၊ လက်ဖြစ်တတွက်အတွင်းမှာပဲ အကြိမ်ပေါင်းများစွာ မဖြစ်တော့ပဲ ကုန်ပျောက်ပျက်စီးသွားတဲ့အတွက်ကြောင့် အနိစ္စမည်ပါတယ်၊

## ဒုက္ခမည်ပုံ

အဘိဏှသမ္ပဋိပီဠနာကာရော ဒုက္ခလက္ခဏံ=စကားအရ မပြတ်နှိပ်စက်နေသော အခြင်းအရာသည် ဆင်းရဲဟူ၍ မှတ်သိကြောင်း လက္ခဏာဖြစ်ပါတယ်၊ ဘယ်လိုနှိပ်စက်နေပါသလဲ၊ ဖြစ် ပျက် ပေါ် ပျောက် လက္ခဏာအားဖြင့် နှိပ်စက်နေတာပါ၊ ဥပမာ=သစ်ပင်မှ သစ်ရွက်တွေ ရင့်ရော်ပြီး ကြွေကျလာကာ ထို နေရာမှာအရွက်နုလေးတွေ အစားထိုး ဖြစ်လာပါတယ်၊ ထိုသစ်ရွက်နုလေးများလဲ တဖြေးဖြေး ရင့်ရော်ကာ ကြွေကျ မြေခကျရပါတယ်၊ တဖန်သစ်ရွက်နုလေးများ အစားထိုး ဖြစ်လာပြန်တယ်၊ ဒီသဘောပါပဲ ရုပ်နာမ်များကလဲ ရှေးရှေးရုပ်တွေဖြစ်ပြီး ပျက်ပျက်သွား ထိုနေရာ ရုပ်အသစ်တွေ အစားထိုးဖြစ်လာပါတယ်၊ ထိုရုပ်များလဲ ဖြစ်ပြီးတည်မနေပဲ ပျက်စီးသွားကာ ဖြစ်လိုက် ပျက်လိုက်နဲ့ မပြတ်နှိပ်စက်နေတဲ့ အတွက်ကြောင့် ဒုက္ခမည်ပါတယ်၊ *(မဟာစည်ဆရာတော်ကြီးအားဖြင့်)*

## အနတ္တမည်ပုံ

အဝသဝတ္တနဋ္ဌေန အနတ္တာ=အလိုသို့မလိုက်ခြင်း မိမိသဘောအတိုင်း မဖြစ်ခြင်းကြောင့် အနတ္တမည်ပါတယ်၊ အသာမိကဋ္ဌေန အနတ္တာ= ပိုင်ဆိုင်သူမရှိတဲ့အတွက်ကြောင့်လဲပဲ အနတ္တမည်ပါတယ်၊ သုညတဋ္ဌေန အနတ္တာ=ပြုလုပ် စီမံ ဖန်တီးတတ်သော အနက်သဘောမှကင်းဆိတ်သောကြောင့်လည်း အနတ္တမည်ပါတယ်၊ အတ္တပဋိက္ခေပဋ္ဌေန=တိတ္ထိတို့က မပျက်မစီး အမြဲထာဝရ တည်တံ့တယ်လို့ စွဲယူထားသော အတ္တကို ပယ်ခြင်း အနက်သဘောကြောင့်လည်းပဲ အနတ္တမည်ပါတယ်၊ မြတ်စွာဘုရားက ပဉ္စဝဂ္ဂီရဟန်းတော်များကို "ချစ်သားတို့ ရုပ်တရားမြဲသလား၊မမြဲဘူးလား"လို့မေးတဲ့အခါမှာ ရဟန်းတော်များက "မမြဲပါဘုရား" လို့ တညီတညွတ်တည်းဖြေကြပါတယ်၊ ဒီလိုဖြေတာကတော့ သုတမယဉာဏ်နဲ့ဖြေလဲရပါတယ်၊ မခက်ပါဘူး၊ ယခု ဦးဇင်းတို့သင်းတန်းသားတွေလဲ "မြဲပါတယ်"လို့ ဘယ်သူမှဖြေမယ်မဟုတ်ဘူး၊ ရှေ့ပိုင်းက အတော်လေးသဘောပေါက်လာပြီမို့ "မမြဲပါ"လို့ပဲ ဖြေကြမှာပဲ၊ ဒါကတော့ ကြားဖူးထားတဲ့ သုတမယနဲ့ ဖြေတာဖြစ်ပါတယ်၊ပဉ္စဝဂ္ဂီရဟန်းတော်များကဦးဇင်းတို့တတွေလို ကြားသုတနဲ့ဖြေတာမဟုတ်ပါ၊ ငါးရက်ပတ်လုံး ပွါးများ အားထုတ်ထားလို့ ဖြစ်ပေါ်လာတဲ့ ဘာဝနာမယဉာဏ်ဖြင့် တကယ်ဖြစ်ပျက်နေတဲ့ သဘောကို ထိုးထွင်းသိပြီး "အနိစ္စာ ဘန္တေ= မမြဲပါဘုရား"လို့ ဖြေကြားလျှောက်ထားခြင်းဖြစ်ပါတယ်၊

ယံ ပနာ နိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ

ချစ်သားတို့ မမြဲတဲ့ ရုပ်တရား ဆင်းရဲသလား၊ ချမ်းသာသလားလို့ မေးတော်မူတဲ့အခါ "ဒုက္ခံ ဘန္တေ=ဆင်းရဲပါတယ်ဘုရား"လို့ ဖြေကြပါတယ်၊ ဖြစ်ပြီး ပျက်ကာ မမြဲတဲ့ရုပ်တရားကြီးမို့ ချမ်းသာတယ်ဆိုတာ မဖြစ်နိုင်ပါ၊ ဒီပါဠိကတော့ ခန္ဓာငါးပါး ရုပ် နာမ်တရားတွေ တစ်ချက်ကလေးမှ မချမ်းသာ၊ ဆင်းရဲသာဖြစ်သည်ဟူသော အဓိပ္ပါယ်ကိုပြပါတယ်၊

ယံ ပန နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နုတံ သမနုပဿိတုံ ဧတံ မမ၊ ဧသော ဟ မသ္မိ၊ ဧသော မေ အတ္တာတိ

ထို မမြဲ ဆင်းရဲ ဖေါက်ပြန် ပျက်စီးနေတဲ့ ရုပ်တရားကြီးကို ငါ့ဥစ္စာ ငါဖြစ်တယ် ငါရဲ့အတ္တာပဲလို့ ရှုမြင်သုံးသပ်ခြင်းငှာ သင့်ပါအုံးမလား၊ "နော ဟေ တံ ဘန္တေ=မသင့်ပါဘုရား" လို့ဖြေပါတယ်၊ " ဧတံ မမ" ဒီရုပ်တရားကြီးဟာ ငါ့ဥစ္စာပဲလို့ ထင်တာက တဏှာနဲ့ စွဲထင်တာဖြစ်ပါတယ်၊ ကိုယ့်ပစ္စည်း မဟုတ်ပေမဲ့ ကိုယ့်ဥစ္စာအနေနဲ့ သိမ်းပိုက်ပြီးသာယာနှစ်သက်ပါတယ်၊ **Shopping** ထွက်တဲ့အခါ **Design** လှလှလေးတွေ့တော့ ကိုယ့်ဟာအနေနဲ့ စွဲလမ်းပြီးတဏှာနဲ့သိမ်းပိုက်ပါတယ်၊ ဒီအင်္ကျီနဲ့ဘောင်းဘီက ငါနဲ့ဆိုသိတ်လိုက်မှာ၊ နှစ်ဦးမှာ ရှင်မြူးဖို့ အဆင်ထူးလေးနဲ့ဆို သိတ်စမတ်ကျမှာပဲစသည်ဖြင့် စွဲလမ်းပြီး တဏှာနဲ့သိမ်းပိုက်ပါတယ်၊ ဟောဒီဆွဲကြိုးလေးက ငါနဲ့ဆို ဘယ်လိုလိုက်မှန်းမသိဘူးဆိုတာတွေဟာလဲ ကိုယ့်ပစ္စည်းမဟုတ်ပေမဲ့ စွဲလမ်းပြီးတဏှာနဲ့ သိမ်းပိုက်နေကြတာပါပဲ၊ (ကလံဟုမဖတ်ရ ကန်လန်ဟု ဖတ်ပါ)

လက်ရှိမိမိတို့ ရရှိထားတဲ့ ရုပ်တရားကြီးက အမြဲမပြတ် ဖြစ်ပျက်နေတာကို သဘာဝအမှန်အတိုင်း ဘာဝနာမယဉာဏ်ဖြင့်သိတဲ့ ယောဂီပုဂ္ဂိုလ်ဟာ တိုက်အိမ်အိုကြီးထဲမှာနေရတဲ့ သူလိုပါပဲ၊ ဘယ်တော့များ ပြိုကျမလဲ ပြိုကျမလဲနဲ့ တထိတ်ထိတ် တလန့်လန့်ဖြင့်နေရသလို မိမိတို့ ရုပ်တရားအပေါ်မှာလဲ သာယာတပ်မက်တဲ့စိတ်တွေ ကင်းနေပါတယ်၊ မြူးတူး ပျော်ပါး ဖီးလိမ်း ပြုပြင်တန်းဆာဆင်ချင်တဲ့ စိတ်တွေကင်း၊ **Holiday** ထွက်ချင်တဲ့စိတ်တွေ ကုန်ခန်းလာကာ ခန္ဓာရဲ့အပေါ်တွယ်တာတဲ့စိတ်တွေ ခန်းခြောက်လာပြီး ရက်ပိုင်း နေ့ပိုင်း နာရီပိုင်း မိနစ်ပိုင်းအတွင်းမှာပဲ အနိစ္စသဘောနဲ့ ကိစ္စချောတော့မဲ့ လူနာကို တွေ့ရမြင်ရတဲ့အခါ အိမ်ထောင်ဖက်အဖြစ်နဲ့ သာယာမှုမရှိတော့သလို ရုပ်နာမ်တရားရဲ့ အပေါ်မှာလဲသာယာမှုမရှိတော့ပါဘူး၊ ဒါတကယ်အလုပ် လုပ်ကြည့်ရင် ခန္ဓာရဲ့အပေါ်မှာ ငြီးငွေ့ စွံမုန်း စိတ်ပျက်လာမှာကတော့ လူတိုင်းဖြစ်ပါလိမ့်မယ်၊ တရားထူးရတာမဟုတ်သေးပါဘူး၊ ပဉ္စဝဂ္ဂီရဟန်း တော်များကတော့ တကယ်အားထုတ် အဟုတ်ငြီးငွေ့ကာ ပါးစပ်ဖျားကတင်လျှောက်တာမဟုတ်ပဲနဲ့ ရင်ထဲ နှစ်လုံးသားထဲက ထွက်လာတဲ့ ငြီးငွေ့သံဖြင့် "နော ဟေတံ ဘန္တေ=မမြဲ ဆင်းရဲ ဖေါက်ပြန် ပျက်စီးနေတဲ့ ရုပ်တရားကိုငါ့ဥစ္စာပဲဟူ၍ မသိမ်းပိုက်သင့်ပါဘုရား"လို့ လျှောက်လိုက်ပါတယ်၊

ဧသော ဟ မသ္မိ=ဤရုပ်တရားသည် ငါပဲလို့လဲ မာနနဲ့စွဲလမ်းပါတယ်၊ မျက်စိရုပ် နားရုပ်စသည် အပေါ်မှာမှီပြီး မာန်တက်ပါတယ်၊ ငါ့မျက်စိကောင်းတယ်၊ ငါ့မျက်စိ ကြည့်လိုက်ရင် ဘာမဆို သဲသဲ ကွဲကွဲ ရှိတယ်ဆိုပြီးလဲ မာန်တက်ပါတယ်၊ ငါ့နားကကောင်းတယ်၊ အားလုံးငယ်ငယ်ကလိုပဲ ပီပီပြင်ပြင် ကြားနေရတယ်စသည်ဖြင့် နားကိုစွဲပြီးလဲ မာန်တက်ပါတယ်၊ နှာခေါင်းကလဲ အနံ့မျိုးစုံ အကုန်နမ်းရှူလို့ရတယ်၊ လျှာကလဲ ဘာစားစားအကုန်ကောင်းတယ်၊ အရသာရှိတယ်ဆိုပြီး မာန်တက်ပါတယ်၊ ငါ့ခန္ဓာကကျန်းမာတယ်၊ အနာကင်းတယ်၊ ဘာရောဂါမှမရှိဘူးဆိုပြီးလဲ မာန်တက်ပါတယ်၊ မနောကလဲ အတိတ်က အကြောင်းအရာတွေ အကုန်မှတ်မိတယ်၊ မှတ်ဉာဏ်ကောင်းတယ်၊ စဉ်းစားဉာဏ်ကောင်းတယ်စသဖြင့် မာန်တက်ပါတယ်၊ သို့သော် ရုပ် နာမ်တို့ရဲ့ သဘောအတိုင်း ဖြစ် ပျက်မို့ ကြာကြာတည်မနေပါ၊ ငါ့ မျက်စိကောင်းတယ်၊ ကြည့်တယ်နဲ့ ပြောနေတုန်း ဟိုကပျက်နေပြီ၊ အဖြစ်ရှိရင် အပျက်ဆိုတာ နောက်ကကပ်လိုက်နေတာပါ၊ အမြဲတမ်း ဖြစ်နေသည်မဟုတ်ပါ၊ ဝိပဿနာဉာဏ်ရင့်သန်လာတဲ့ ယောဂီပုဂ္ဂိုလ်မှာတော့ ငါမျက်စိကောင်းတယ်၊ နားကောင်းတယ် စသည်ဖြင့် ပြောနေတုန်းပဲ ပျက်စီးသွားတဲ့ သဘောကို မြင်မြင်နေရလို့ မျက်စိနားစသည်အပေါ်မှာ မာနတက်စရာမရှိတော့ပါ၊ ဒါကြောင့်ရုပ်ဟာ ငါဖြစ်တယ်လို့ စွဲလန်းရန်သင့်ပါ့မလားဆိုတဲ့ အမေးကိုပဥ္စဝဂ္ဂီရဟန်းတော်များက “မသင့်ပါဘုရား” လို့ ဘာဝနာမယဉာဏ်ဖြင့် လျှောက်ကြပါတယ်၊

ဧသော မေ အတ္တာ=ဒီရုပ်တရားကို ငါရဲ့အတ္တာပဲလို့ စွဲလမ်းတာက ဒိဋ္ဌိစွဲဖြစ်ပါတယ်၊ မျက်စိရုပ် နားရုပ်စသည်တို့ဟာ မိမိသန္တာန်အမြဲတည်နေတယ်၊ အလိုအတိုင်းဖြစ်တယ်စသည်ဖြင့်စွဲလမ်းပါတယ်၊ သို့သော် အဆင်းရုပ် အသံရုပ်စသည်တို့ဟာ ခဏမစဲဖြစ်ပျက်နေကြတာပါ၊ အမြဲတည်နေတယ်ဆိုတာ မရှိပါ၊ အလိုအတိုင်းလဲမဖြစ်ပါ၊ မိမိအလိုအတိုင်းသာ ဖြစ်မယ်ဆိုရင် ငါ၏မျက်စိသည် အမြဲတမ်း ကြည်လင်နေပါစေ၊ မမှုံပါစေနဲ့လို့ တောင့်တလို့ရရမှာပါ၊ တောင့်တမရလို့ အရှင်ဘုရားစာလုံးတွေက သေးတယ်၊ မမြင်ရဘူး၊ ပွိုင့်ကြီးကြီးရိုက်ပေးပါစသည်ဖြင့် ပြောနေရတာပါ၊ တောင့်တမရလို့ပဲ **Power** မျက်မှန်တွေ တပ်ပေးပြီး အကူအညီတောင်းနေရတာပါ၊ ခန္ဓာကိုယ်ကြီးကလဲ မိမိအလိုမလိုက်လို့ တဖြေးဖြေး အအိုစာရင်းသွင်းကာ ခေါင်းပေါ်ကဆံပင်တွေ မကြာခဏဆိုးပေးနေရတာမဟုတ်လား၊ မျက်နှာပေါင်းတင်ပေးရနဲ့ အမျိုးမျိုးပြုပြင်ပေးနေရတာပါ၊ ရုပ်တရားကိုအတ္တကောင် ငါကောင်အနေနဲ့ စွဲလမ်းဘို့မရှိပါ၊ ဒါကြောင့် “နေ ဝ ဟေတံ ဘန္တေ= မမြဲ ဆင်းရဲ ဖေါက်ပြန်နေတဲ့ ရုပ်တရားကြီးကို ငါ၏အတ္တဟူ၍ ဒိဋ္ဌိဖြင့် စွဲလမ်းရန်မသင့်ပါဘုရား”လို့ ပဥ္စဝဂ္ဂီရဟန်းတော်များက လျှောက်ထားကြပါတယ်၊

“ဝေဒနာ နိစ္စာဝါ အနိစ္စာဝါတိ=ခံစားမှုဝေဒနာ နိစ္စလား အနိစ္စလား”လို့ မြတ်စွာဘုရားက မေးလိုက်ပါတယ်၊ ဝေဒနာက သုခ ဒုက္ခ ဥပေက္ခာသုံးမျိုးရှိပါတယ်၊ ဘယ်ဝေဒနာမှ အမြဲထာဝရ တည်နေတယ်ရယ်လို့မရှိပါ၊ ဖြစ်ပြီးပျက် ပေါ်ပြီး ပျောက်တာမို့ “အနိစ္စာ ဘန္တေ= မမြဲပါဘုရား”လို့ လျှောက်ထားပါတယ်၊ “ယံ ပနာနိစ္စံ ဒုက္ခံ ဝါတံ သုခံဝါတိ= မမြဲတဲ့ဝေဒနာ ချမ်းသာသလား ဆင်းရဲသလား”လို့ မြတ်စွာဘုရာကမေးတဲ့အခါမှာတော့ “ဒုက္ခံ ဘန္တေ=ဆင်းရဲပါတယ်ဘုရား”လို့ ဖြေပါတယ်၊ “ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နုတံ သမနုပဿိတုံ ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာတိ=မမြဲ ဆင်းရဲ ဖေါက်ပြန်ပျက်စီးနေတဲ့ ဝေဒနာကို ငါ့ဥစ္စာ ငါဖြစ်တယ် ငါရဲ့အတ္တပဲ” လို့ ရှုမြင်ခြင်းငှာ သင့်မြတ်ပါအံ့မလားလို့ မေးတော်မူတဲ့ အခါမှာတော့ “နောဟေတံ ဘန္တေ=ဝေဒနာကို ငါ့ဝေဒနာပဲ၊ ဝေဒနာ ငါဖြစ်တယ်၊ ဝေဒနာငါရဲ့အတ္တပဲလို့ မရှုမြင်သင့်ပါဘုရား”လို့ လျှောက်ထားပါတယ်၊

## သညာမမြဲပုံစသည်ကိုပြဆိုချက်

“သညာနိစ္စာဝါ အနိစ္စာဝါတိ=မှတ်သားမှုသညာ မြဲသလား မမြဲဘူးလား”တဲ့၊ သညာက အာရုံ ခြောက်ပါးကိုမှီပြီးဖြစ်တာမို့ (၆)မျိုးရှိပါတယ်၊ အဆင်းမျိုးစုံ ရူပါရုံကိုမှတ်မိတဲ့သညာ၊ အသံမျိုးစုံသဒ္ဒါရုံ၊ အနံ့မျိုးစုံဂန္ဓာရုံ၊ အရသာမျိုးစုံရသာရုံ၊ အတွေ့အထိမျိုးစုံဖောဋ္ဌဗ္ဗာရုံ၊ ကြံသိတဲ့ဓမ္မာရုံဟူ၍ အမျိုးမျိုး အစားစားရှိရာ အဆင်းကိုမှတ်သားတဲ့သညာလဲ အမြဲတည်မနေပါ၊ ပျက်သွားပြီး နောက်သညာက ဆက်မှတ်သားနေပါတယ်၊ ဖြစ်ပြီး ပျက်နေလို့ “အနိစ္စာ ဘန္တေ=မမြဲပါဘုရား” လို့ လျှောက်ပါတယ်၊ “ယံ ပနာနိစ္စံ ဒုက္ခံဝါတံ သုခံဝါတိ=ထိုမမြဲတဲ့သညာ ဆင်းရဲသလား ချမ်းသာသလား”မေးတော့ “ဒုက္ခံ ဘန္တေ= ဆင်းရဲပါတယ်ဘုရား” လို့ ဖြေပါတယ်၊ “ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံန တံ သမနုပဿိတုံ ဧတံ

မမ၊ ဧသောဟ မသ္မိ၊ ဧသော မေ အတ္တာတိ=ထိုမမြဲ ဆင်းရဲ ဖေါက်ပြန်ပျက်စီးနေတဲ့သညာကို ငါ့ဥစ္စာ ငါဖြစ်တယ် ငါရဲ့ အတ္တပဲဟူ၍ စွဲလမ်းခြင်းငှာသင့်မြတ်ပါအံ့းမလား”လို့ မြတ်စွာဘုရားကမေးတော့ ပဉ္စဝဂ္ဂီရဟန်းတော်များက “နော ဟေတံ ဘန္တေ= မသင့်မြတ်ပါဘုရား”လို့ ပြန်ကြားလျှောက်ထားပါတယ်၊

## သင်္ခါရမမြဲပုံစသည်ကိုပြဆိုချက်

“သင်္ခါရာ နိစ္စာဝါ အနိစ္စာဝါတိ=စေ့ဆော်အားထုတ်မှုသင်္ခါရတရားများ မြဲသလား မမြဲဘူးလား” လို့ မေးတော်မူပါတယ်၊ ကိုယ်အမူအယာဖြစ်အောင် နုတ်အမူအယာဖြစ်အောင် စိတ်အမူအယာဖြစ်အောင် စေတနာဦးဆောင်တဲ့သင်္ခါရ တရားတွေက စေ့ဆော်တိုက်တွန်းပေးနေတာပါ၊ ဒီလိုလုပ်လိုက်၊ ဒီစကားပြောလိုက်၊ ဒီလိုကြံလိုက်နဲ့ တိုက်တွန်းပေးနေလို့ ပြုလုပ် ပြောဆို ကြံစည်မှုဖြစ်ရတာပါ၊ ထိုသင်္ခါရတရားများ ဖြစ်ပြီး ပျက်သွားတာမို့ “အနိစ္စာ ဘန္တေ=မမြဲပါဘုရား” လို့ လျှောက်ပါတယ်၊ “ ယံပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ=ထိုမမြဲတဲ့သင်္ခါရတရား ဆင်းရဲသလား ချမ်းသာသလား”လို့ မြတ်စွာဘုရားက မေးတဲ့အခါမှာ “ဒုက္ခံ ဘန္တေ=ဆင်းရဲပါတယ်ဘုရား”လို့ ဖြေကြပါတယ်၊ “ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ ကလ္လံနုတံ သမနုပဿိတုံ ဧတံ မမ၊ ဧသောဟ မသ္မိ၊ ဧသော မေ အတ္တာတိ=ထိုမမြဲ ဆင်းရဲ ဖေါက်ပြန်ပျက်စီးနေတဲ့ သင်္ခါရတရားကို ငါ့ဥစ္စာ၊ ငါဖြစ်တယ်၊ ငါရဲ့အတ္တပဲဟူ၍ စွဲလမ်းခြင်းငှာ သင့်မြတ်ပါအံ့းမလား”လို့ မေးတော်မူတဲ့အခါမှာ ရဟန်းတော်များက “နော ဟေတံ ဘန္တေ= မသင့်မြတ်ပါဘုရား”လို့ ဖြေကြားလျှောက်ထားကြပါတယ်၊

## ဝိညာဏ်မမြဲပုံစသည်ကိုပြဆိုချက်

“ဝိညာဏံ နိစ္စံဝါ အနိစ္စံဝါတိ=စိတ်ဝိညာဏ်မြဲသလား မမြဲဘူးလား”လို့ မြတ်စွာဘုရားက မေးပါတယ်၊ စိတ်ကို ဝိညာဏ်လို့ သုံးပါတယ်၊ တစ်ချို့နေရာတွေမှာ မနလို့သုံးတာရှိပါတယ်၊ လောဘ ဒေါသစတဲ့တရားဆိုးတွေကိုလဲမြန်မာက လောဘစိတ် ဒေါသစိတ်စသည်ဖြင့် စိတ်လို့ပဲသုံးလေ့ရှိပါတယ်၊ အဲဒီစိတ်ကို အမြဲထာဝရတည်နေတယ်လို့ထင်ပါတယ်၊ **Television** ကြည့်ရင်း ထမင်းစားရာမှာ မျက်စိကလဲအရုပ်ကိုကြည့်၊ နားကလဲအသံကိုနားထောင်၊ နှာခေါင်းကလဲအနံ့ကိုနမ်းရှူ၊ ပါးစပ်ကလဲစား၊ ခန္ဓာကိုယ်ကလဲထိုင်ခုံနဲ့ထိ၊ စိတ်ကလဲဟိုတွေးဒီတွေးဆိုတော့ မြင်စိတ် ကြားစိတ် နံစိတ် စားစိတ် ထိသိစိတ် တွေးတောကြံစည်စိတ်ဆိုပြီး ခြောက်ခုဖြစ်လို့နေပါတယ်၊ ဒီစိတ်(၆)ပါး တစ်ပြိုင်နက်ဖြစ်သလား ဆိုတော့ မဖြစ်နိုင်ပါ၊ တစ်ခု ပြီးမှတစ်ခု ဖြစ်ရပါတယ်၊ မြင်စိတ်တစ်ခုတည်းမှာကိုပဲ အမြဲမပြတ် ဆက်ကာဆက်ကာ ဖြစ်နေတယ်လို့ထင်ရပေမဲ့ဆက်တိုက် မဖြစ်ပါ၊ ရှေ့စိတ်ဖြစ်ပြီး ပျက်သွား နောက်စိတ် အသစ်ဖြစ်လာ၊ ထိုနောက်စိတ်လဲ ကြာကြာမတည် ပျက်လို့သွားပါတယ်၊ ဖြစ် ပျက်မို့ “အနိစ္စံ ဘန္တေ=မမြဲပါဘုရား”လို့ဖြေပါတယ်၊ “ယံပနာနိစ္စံ ဒုက္ခံဝါတံ သုခံဝါတိ=ထိုမမြဲတဲ့စိတ်သည် ဆင်းရဲသလား ချမ်းသာသလား”လို့မေးပါတယ်၊ ဒါကိုတော့ “ဒုက္ခံ ဘန္တေ=ဆင်းရဲပါတယ်ဘုရား”လို့ ဖြေပါတယ်၊ “ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နု တံ သမနုပဿိတုံ ဧတံ မမ၊ ဧသောဟ မသ္မိ၊ ဧသော မေ အတ္တာတိ=ထိုမမြဲ ဆင်းရဲ ဖေါက်ပြန် ပျက်စီးနေတဲ့စိတ်ကို ငါ့ဥစ္စာ၊ ငါဖြစ်တယ်၊ ငါ့ရဲ့အတ္တပဲလို့ စွဲလမ်းခြင်းငှာ သင့်မြတ်ပါအံ့းမလား”လို့ ဘုရားကမေးတော့ “နောဟေတံ ဘန္တေ=မသင့်မြတ်ပါဘုရား”လို့ ပဉ္စဝဂ္ဂီရဟန်းတော်များက ဖြေကြပါတယ်၊ ခန္ဓာငါးပါး စီစစ်ပုံဖြစ်ပါတယ်၊

## သက္ကာယဒိဋ္ဌိခေါ်ပုံ

သက္ကာယ+ဒိဋ္ဌိ၊ ခန္ဓာငါးပါးဟာ ပရမတ္ထအားဖြင့် အထင်အရှား တကယ်အစစ် အမှန်ရှိလို့ “သက္ကာယ” ခေါ်ပါတယ်၊ ထင်ရှားရှိတဲ့ ခန္ဓာငါးပါး အစစ်အမှန်ကို မစစ်မမှန် လွဲလွဲမှားမှား ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဟူ၍ ရှုမြင်သုံးသတ်ခြင်းကို “ဒိဋ္ဌိ”ခေါ်ပါတယ်၊ ဒီတော့ “သက္ကာယ” ဆိုတာ အစစ်အမှန်ရှိတာ၊ “ဒိဋ္ဌိ”ဆိုတာက မစစ်မမှန်ရှုမြင်တာ၊ အစစ်အမှန်ပေါ်မှာ မစစ်မမှန် လွဲလွဲမှားမှား ရှုမြင်ခြင်းကို “သက္ကာယဒိဋ္ဌိ”ခေါ်ပါတယ်၊

ခန္ဓာငါးပါးထဲက ရူပက္ခန္ဓာကို–––

(က) ဇတံ မမ=ဤရုပ်သည် ငါ၏ဥစ္စာတည်း၊ (တဏှာဖြင့်စွဲလမ်းခြင်း)
(ခ) ဧသောဟ မသ္မိ=ဤရုပ်သည် ငါပင်ဖြစ်သည်၊ (မာနဖြင့်စွဲလမ်းခြင်း)
(ဂ) ဧသော မေ အတ္တာ=ဤရုပ်သည် ငါ၏အတ္တဖြစ်သည်၊ (ဒိဋ္ဌိဖြင့်စွဲလမ်းခြင်း)

တဏှာ မာန ဒိဋ္ဌိသုံးမျိုးဖြင့် နေ့စဉ်ရှုမြင်သုံးသတ်ပြောဆိုနေကြတာပါ၊ ဒီတရားသုံးပါးကိုတော့ "ပပဥ္စ"သံသရာ ကိုချဲ့ထွင်တတ်တဲ့ တရားလို့ ခေါ်ပါတယ်၊ ရုပ်တရားအပေါ်မှာ ဒီသုံးပါးနဲ့စွဲလမ်းသုံးသတ်သလို ကျန်တဲ့ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တရားများမှာလဲ ထိုနည်းတူသုံးသတ်ပြောဆိုပါတယ်၊ ခန္ဓာငါးပါးကိုအကျဉ်းချုပ်လိုက်တော့ ရုပ် နာမ် နှစ်ပါးဖြစ်ပါတယ်၊ ရုပ် နာမ်တွေကလဲ ဖြစ်ပြီး ပျက်နေတာပါ၊ အမြဲတည်နေတယ်ရယ်လို့မရှိပါ၊ "ငါ့ဥစ္စာ"လို့ တဏှာနဲ့ စွဲလမ်းနေတုန်း သူကပျက်သွားပါပြီ၊ "ငါပဲကွ"လို့မာနနဲ့ စွဲလမ်းနေတုန်း သူကမရှိတော့ပါဘူး၊ "ငါ၏ကိုယ်ပိုင်အတ္တ" လို့ ဒိဋ္ဌိနဲ့စွဲလမ်း နေတုန်း သူကပျောက်သွားပါပြီ၊ အဘယ်သို့လျှင် စွဲလမ်းဘို့ကောင်းနိုင်တော့မှာလဲ၊ မစွဲလမ်းသင့်တော့သည် သာတည်း၊

## သက္ကာယဒိဋ္ဌိနှစ်ဆယ်

ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံဝါ အတ္တာနံ သမနုပဿတိ၊ အတ္တနိဝါ ရူပံ သမနုပဿတိ၊ ရူပသ္မိံဝါ အတ္တာနံ သမနုပဿတိ၊ (ခန္ဓဝဂ္ဂသံယုတ်၊ ဗန္ဓနသုတ်၊ဓမ္မသင်္ဂဏီပါဠိတော်)

(၁) ရုပ်ကိုအတ္တဟူ၍ရှုခြင်း၊
(၂) ရုပ်ရှိသောအတ္တဟူ၍ရှုခြင်း၊
(၃) အတ္တ၌ရုပ်ဟူ၍ရှုခြင်း၊
(၄) ရုပ်၌အတ္တဟူ၍ရှုခြင်း၊

ရူပက္ခန္ဓာ၌ ရှုပုံရှုနည်းလေးမျိုးပြားပါတယ်၊ အဲဒီလေးမျိုးကိုစီစစ်ကြည့်လိုက်တော့---

(၁) ရုပ်ကိုအတ္တဟူ၍ရှုခြင်း=ရုပ်နှင့်အတ္တ မကွဲမပြားတသားတည်းဟု ယူဆခြင်းဖြစ်ပါတယ်၊
(၂) ရုပ်ရှိသောအတ္တဟူ၍ရှုခြင်း=ရုပ်နှင့်အတ္တခွဲခြား၍ ယူဆခြင်းဖြစ်ပါတယ်၊
(၃) အတ္တ၌ရုပ်ဟူ၍ရှုခြင်း=အတ္တကိုအမှီခံအဖြစ် ယူဆခြင်းဖြစ်ပါတယ်၊
(၄) ရုပ်၌အတ္တဟူ၍ ရှုခြင်း=ရုပ်ကိုအမှီခံအဖြစ် ယူဆခြင်းဖြစ်ပါတယ်၊

ဤကဲ့သို့ ရူပက္ခန္ဓာတစ်ပါးအပေါ်မှာ လေးမျိုးကွဲပြားသလို ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ အပေါ်မှာလဲ လေးမျိုးစီကွဲပြားပါတယ်၊ ဒါကြောင့် (၅×၄=၂၀) သက္ကာယဒိဋ္ဌိ နှစ်ဆယ်ဖြစ်လာပါတယ်၊ ဤကားသက္ကာယဒိဋ္ဌိနှစ်ဆယ်ဖြစ်ပုံအကျဉ်းတည်း၊

## နိယတမိစ္ဆာဒိဋ္ဌိသုံးပါး

နိယတမိစ္ဆာဒိဋ္ဌိသုံးပါးမှာ-နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိတို့ဖြစ်ပါသည်၊
နိယတ=စွဲစွဲမြဲမြဲ၊ မိစ္ဆာဒိဋ္ဌိ=မှားယွင်းသောအယူ၊

(၁) နတ္ထိကဒိဋ္ဌိ=ဆိုသည်မှာ သတ္တဝါတို့အား ကောင်းကျိုး မကောင်းကျိုးကိုပေးတတ်သော ကုသိုလ်ကံ အကုသိုလ်ကံ ဟူသည်မရှိ၊ ကောင်းတာလုပ်လဲ ကောင်းကျိုးမရ၊ မကောင်းတာလုပ်လဲ မကောင်းကျိုးမခံစားရဟု ယူခြင်းဖြစ်ပါသည်၊

(၂) အဟေတုကဒိဋ္ဌိ=သတ္တဝါတို့မှာ ရှေးအကြောင်းဟူ၍မရှိ၊ အကြောင်းမဲ့ဖြစ်လာရသည်ဟု ယူခြင်းဖြစ်သည်၊

(၃) အကိရိယဒိဋ္ဌိ=ဒါန သီလ ဘာဝနာကုသိုလ်ကောင်းမှု ပြုလုပ်သော်လဲ ကောင်းမှုမဖြစ်၊ သူ့အသက်သတ် သူ့သားမယားပြစ်မှားလဲ မကောင်းကျိုးမဖြစ်ဟူ၍ ယူခြင်းဖြစ်သည်၊ ကံနှင့်ကံ၏အကျိုးကို လုံးလုံးပယ်သော ဒိဋ္ဌိကြီးသုံးပါးဖြစ်ပါသည်၊ ထိုဒိဋ္ဌိသုံးမျိုး စွဲစွဲမြဲမြဲ ယူထားသော ပုဂ္ဂိုလ်ဟာ တမလွန်လောက နောက်ဘဝဝယ် ငရဲသို့သာ ကျရောက်ရပါသည်၊ ဤဒိဋ္ဌိကို မစွန့်သမျှကာလပတ်လုံး ငရဲ၌သာ ဘဝအဆက်ဆက်ဖြစ်ရပြီး ကမ္ဘာပျက်သွားသည်အထိ ငရဲမှမလွတ်နိုင်ပါ၊ ကံ နှင့်ကံ၏အကျိုး လက်ခံယုံကြည်သော ပုဂ္ဂိုလ်များကား ဤဒိဋ္ဌိသုံးပါးမှ လွတ်ပါသည်၊ *(ပဋိစ္စသမုပ္ပါဒ်ဒီပနီ)*

## မိစ္ဆာဒိဋ္ဌိခြောက်ဆဲ့နှစ်ပါး

(၆၂) ပါးသောမိစ္ဆာဒိဋ္ဌိအယူတို့သည်လည်း လူသာမန်တို့၌ဖြစ်သောဒိဋ္ဌိမျိုးမဟုတ်ပါ၊ အပါယ်ပဋိသန္ဓေကိုလဲ မဖြစ်စေနိုင်ပါ၊ ထိုအယူကို မစွန့်သမျှ သံသရာဝဋ်ထဲမှ မလွတ်နိုင်ရုံသာရှိပါသည်၊သဿတဒိဋ္ဌိ(၄၄)ပါးနှင့်ဥစ္ဆေဒဒိဋ္ဌိ (၁၈)ပါးပေါင်းမိစ္ဆာဒိဋ္ဌိ ခြောက်ဆဲ့နှစ်ပါးဖြစ်ပါသည်၊ *(သီလက္ခန္ဓဝဂ္ဂ။ဗြဟ္မဇာလသုတ်)*

## သက္ကာယဒိဋ္ဌိနှစ်ဆယ်ရေတွက်ပုံအကျယ်

ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းသည် "သန္တော ကာယော သက္ကာယော" ဟူသည်နှင့်အညီ သက္ကာယမည်၏၊ ထိုသက္ကာယမည်သော ခန္ဓာငါးပါးအပေါင်း၌ဖြစ်သော အယူမှားမှုသည် "သက္ကာယဒိဋ္ဌိ"မည်ပါသည်၊

## ရူပက္ခန္ဓာ၌သက္ကာယဒိဋ္ဌိလေးမျိုး

(၁) ရူပံ အတ္တတော သမနုပဿတိ=ရုပ်ကိုအတ္တဟူ၍ရှုခြင်း (ဝါ) ရုပ်နှင့်အတ္တ မကွဲမပြား တသားတည်းဖြစ်သည်ဟု ယူဆခြင်းဖြစ်ပါသည်၊ "ယံ ရူပံ၊ သော အဟံ၊ ယော အဟံ၊ တံ ရူပံ= အကြင်ရုပ်သည် ထိုငါတည်း၊ အကြင်ငါသည် ထိုရုပ်တည်း" ဟု ရုပ်နှင့်အတ္တကို နှစ်မျိုးမပြား တစ်ပါးတည်းသာ ရှုမြင်ခြင်းဖြစ်ပါသည်၊ ဥပမာ–ဖယောင်းတိုင်မီးကိုကြည့်၍ ဆီမီးလျှံသည်ပင် ဆီမီးရောင်ဖြစ်သည်၊ ဆီမီးရောင်သည်ပင် ဆီမီးလျှံဖြစ်သည်ဟု ဆီမီးရောင်နှင့် ဆီမီးလျှံကို နှစ်မျိုးမကွဲ တစ်မျိုးထဲရှုသလိုမှတ်ရပါမည်၊

(၂) ရူပဝန္တံ ဝါ အတ္တာနံ သမနုပဿတိ=ရုပ်ရှိသောအတ္တဟူ၍ရှုခြင်း၊ (ဝါ) ရုပ်နှင့် အတ္တကို ခွဲခြား၍ ယူဆခြင်းဖြစ်သည်၊ စိတ် စေတသိက် နာမ်တရားကို အတ္တဟုစွဲယူထားပြီး သစ်ပင်မှာ အရိပ်ရှိသလို ထိုအတ္တကိုလဲ ရုပ်ရှိသည်ဟု ယူဆခြင်းဖြစ်ပါသည်၊

(၃) အတ္တနိ ဝါ ရူပံ သမနုပဿတိ=အတ္တ၌ရုပ်ရှိ၏ဟူ၍ရှုခြင်း၊ (ဝါ) အတ္တကို အမှီခံအဖြစ် ယူဆခြင်းဖြစ်ပါသည်၊ စိတ် စေတသိက် နာမ်တရားကိုပင် အတ္တဟူ၍ယူဆပြီး "ပန်း၌ရနံ့တည်ရှိသကဲ့သို့" အတ္တ၌ရုပ်တည်ရှိသည်၊ မှီနေသည်ဟု ယူဆကာ အတ္တ၌ရုပ်ကို အဖန်ဖန် အထပ်ထပ်ရှုခြင်းဖြစ်ပါသည်၊

(၄) ရူပသ္မိံ ဝါ အတ္တာနံ သမနုပဿတိ=ရုပ်၌အတ္တရှိ၏ဟုရှုခြင်း၊(ဝါ) ရုပ်ကိုအမှီခံ အဖြစ်ယူဆခြင်းဖြစ်သည်၊ ပတ္တမြားကြုတ်၌ ပတ္တမြားတည်ရှိသကဲ့သို့ နာမ်တရားကိုပင် အတ္တဟုစွဲယူပြီး ရုပ်၌အတ္တကို အဖန်ဖန်အထပ်ထပ်ရှုခြင်း၊ ရုပ်၌ အတ္တတည်ရှိသည်၊ ရုပ်၌အတ္တမှီနေသည်ဟု ယူဆခြင်းဖြစ်ပါသည်၊

ဧတံ မမ= ရုပ်သည် ငါ၏ဥစ္စာဖြစ်၏၊ ရုပ်နှင့်အတ္တကို တကွဲတပြား တခြားစီထား၍မှတ်ထင်ခြင်းဖြစ်သည်၊ ဧသော ဟ မသ္မိ=ရုပ်သည် ငါဖြစ်၏၊ ရုပ်နှင့်အတ္တကို နှစ်မျိုးမခွဲ တတွဲတည်းမှတ် ထင်ခြင်းဖြစ်သည်၊ ဧသော မေ အတ္တာ= ရုပ်သည် ငါ၏အတ္တတည်း၊ ရုပ်နှင့်အတ္တ တခြားစီခွဲမှတ်ထင်ခြင်းဖြစ်သည်၊

## ဝေဒနာက္ခန္ဓာ၌သက္ကာယဒိဋ္ဌိလေးမျိုး

(၁) ဝေဒနံ အတ္တတော သမနုပဿတိ=ဝေဒနာကို အတ္တဟုရှု၏၊
(၂) ဝေဒနာဝန္တံဝါ အတ္တာနံ သမနုပဿတိ=ဝေဒနာရှိသော အတ္တဟုရှု၏၊
(၃) အတ္တနိ ဝါ ဝေဒနံ သမနုပဿတိ=အတ္တ၌ ဝေဒနာရှိ၏ဟုရှု၏၊
(၄) ဝေဒနာယဝါ အတ္တာနံ သမနုပဿတိ=ဝေဒနာ၌အတ္တရှိ၏ဟုရှု၏၊

နံပတ်(၁)အလို ဝေဒနာကိုအတ္တဟူ၍ မှတ်ထင်ခြင်းသည် ဝေဒနာသည်ပင်အတ္တ၊ အတ္တသည်ပင် ဝေဒနာဟု ဝေဒနာနှင့်အတ္တကို နှစ်မျိုးမခွဲတစ်မျိုးတည်းသာ ဖြစ်သည်ဟုမှတ်ထင်ခြင်းဖြစ်သည်၊ နံပါတ်(၂၊၃၊၄)တို့ကား ရုပ် သညာ သင်္ခါရ ဝိညာဏ်တို့ကို အတ္တဟူ၍စွဲယူပြီး ဝေဒနာတစ်ခြား အတ္တတစ်ခြား ဖြစ်သည်ဟု မှတ်ထင်ခြင်းဖြစ်သည်၊

(၁) ငါကြည့်ကောင်းတယ် ငါစားကောင်းတယ်ဟု မှတ်ထင်ခြင်းကား သုခဝေဒနာ၌မှတ်ထင်ပုံတည်း၊
(၂) ငါကြည့်မကောင်း ငါစားမကောင်းဟု မှတ်ထင်ခြင်းကား ဒုက္ခဝေဒနာ၌မှတ်ထင်ပုံတည်း၊
(၃) ငါစားကောင်းတာလဲမဟုတ် စားမကောင်းတာလဲ မဟုတ်ဟုမှတ်ထင်ခြင်းကား ဥပေက္ခာဝေဒနာ၌ မှတ်ထင်ပုံတည်း

ဝေဒနာငါဖြစ်သည်ဟု မှတ်ထင်ခြင်းသည်ကား ဝေဒနာနှင့်အတ္တကို တစ်ခုတည်း မှတ်ထင်ခြင်းတည်း၊ ဝေဒနာသည် ငါ၏ဥစ္စာဖြစ်သည်၊ ခံစားမှုသည် ငါ၏ခံစားမှုဖြစ်သည်၊ ငါ၏ခံစားမှုသည်ကောင်း၏၊ ငါ၏ ခံစားမှုသည်မကောင်း၊ ငါ၏ခံစားမှုသည် အနေတော်ဖြစ်၏ဟုမှတ်ထင်ခြင်းကား ဝေဒနာနှင့်အတ္တကို တစ်ခြားစီခွဲထားခြင်းဖြစ်သည်၊

**သညာက္ခန္ဓာ၌သက္ကာယဒိဋ္ဌိလေးမျိုး**

(၁) သညံ အတ္တတော သမနုပဿတိ=သညာကိုအတ္တဟုရှု၏၊

(၂) သညာဝန္တံဝါ အတ္တာနံ သမနုပဿတိ=သညာရှိသောအတ္တဟုရှု၏၊

(၃) အတ္တနိ ဝါ သညံ သမနုပဿတိ=အတ္တ၌သညာရှိ၏ဟုရှု၏၊

(၄) သညာယဝါ အတ္တာနံ သမနုပဿတိ=သညာ၌အတ္တရှိ၏ဟုရှု၏၊

သညာကို အတ္တဟူ၍ရှုခြင်းကား သညာနှင့်အတ္တကိုတစ်ခုတည်းယူ၍ သညာသည်ပင်အတ္တ၊ အတ္တသည်ပင်သညာဟု မှတ်ထင်ခြင်းတည်း၊ (၂၊၃၊၄)တို့ကား ရုပ် ဝေဒနာ သင်္ခါရ ဝိညာဏ်တို့ကို အတ္တဟု ခွဲယူ၍ သညာကတစ်ခြား အတ္တကတစ်ခြားဟုမှတ်ထင်ခြင်းဖြစ်သည်၊

(၁) သညာငါဖြစ်တယ် ငါမှတ်သားတတ်တယ်၊ ငါမှတ်မိတယ် ငါမှတ်ဉာဏ်ကောင်းတယ်စသည် ထင်မှတ်ပုံတည်း၊ သညာသည် ငါ၏ဥစ္စာဖြစ်၏၊ သညာတစ်ခြား အတ္တတစ်ခြားထင်မှတ်ပုံတည်း၊ "ဒီလူ့ကို ငါသိတယ်၊ ငါမှတ်မိတယ်၊ ဒီအကြောင်းအရာကို ငါကောင်းကောင်းမှတ်မိတာပေါ့"ဟု စိတ်ဖြစ်ခြင်းသည် ရူပသညာ၌ဖြစ်သော ဒိဋ္ဌိဖြစ်ပါသည်၊"ဒီ အသံက ဆရာတော်ဦးဝိစိတ္တ အသံပဲ၊ ငါကောင်းကောင်းမှတ်မိတာပေါ့"ဟု ဖြစ်ခြင်းကားသဒ္ဒသညာ၌ဖြစ်သောဒိဋ္ဌိတည်း၊

**သင်္ခါရက္ခန္ဓာ၌သက္ကာယဒိဋ္ဌိလေးမျိုး**

(၁) သင်္ခါရေ အတ္တတော သမနုပဿတိ=သင်္ခါရတို့ကို အတ္တဟုရှု၏၊

(၂) သင်္ခါရဝန္တံ ဝါ အတ္တာနံ သမနုပဿတိ=သင်္ခါရရှိသော အတ္တဟုရှု၏၊

(၃) အတ္တနိ ဝါ သင်္ခါရေ သမနုပဿတိ=အတ္တ၌ သင်္ခါရရှိ၏ဟုရှု၏၊

(၄) သင်္ခါရေသု ဝါ အတ္တာနံ သမနုပဿတိ=သင်္ခါရတို့၌ အတ္တရှိ၏ဟုရှု၏၊

အမှတ်(၁)၌ သင်္ခါရတို့နှင့်အတ္တကို တစ်ခုတည်းပြု၍ သင်္ခါရတို့သည်ပင်အတ္တ၊ အတ္တသည်ပင် သင်္ခါရတို့ဟူ၍ သင်္ခါရနှင့်အတ္တကို နှစ်မျိုးမခွဲပဲ တစ်မျိုးတည်းသာဟုခွဲယူ၏၊ အမှတ်(၂၊၃၊၄)တို့၌ကား သင်္ခါရတို့နှင့်အတ္တကို တစ်ခြားစီယူ၍ အမှတ်(၁)ကား သင်္ခါရကိုပင် အတ္တဟုမှတ်ထင်ပါသည်၊ အမှတ်(၂၊၃၊၄)တို့ကား ရုပ် ဝေဒနာ သညာ ဝိညာဏ်တို့ကို အတ္တဟုခွဲယူ၍ အတ္တကတစ်ခြား သင်္ခါရကတစ်ခြား ခွဲယူမှတ်ထင်ခြင်းဖြစ်သည်၊

သင်္ခါရတရားတို့ကို ငါဖြစ်၏ဟုခွဲယူရာ၌ သင်္ခါရနှင့်အတ္တကို တစ်မျိုးတည်းထား၍ ခွဲယူခြင်းဖြစ်သည်၊ သင်္ခါရတို့သည် ငါ၏ဥစ္စာဖြစ်ကုန်၏ဟု ခွဲယူရာ၌ သင်္ခါရနှင့်အတ္တကိုတစ်ခြားစီထား၍ ခွဲယူခြင်းဖြစ်သည်၊

ငါကံကောင်းတယ်၊ ငါစေတနာကောင်းတယ်၊ ငါ့စေတနာက သူများစေတနာနဲ့မတူဘူးဟု ဆိုရာ၌ စေတနာ၌ဖြစ်သောဒိဋ္ဌိဖြစ်ပါသည်၊ ရတနာသုံးတန် ကံ ကံ၏အကျိုးကို ငါမယုံကြည်၊ ငါသံသယဖြစ်သည်ဟုခွဲယူရာ၌ ဝိစိကိစ္ဆာ၌ဖြစ်သော သက္ကာယဒိဋ္ဌိတည်း၊ ရတနာသုံးပါး ကံ ကံ၏အကျိုးကိုငါယုံကြည်သည်၊ ငါကြည်ငြိုသည်ဟုဆိုရာ၌ သဒ္ဓါ၌ခွဲယူသော သက္ကာယဒိဋ္ဌိဖြစ်ပါသည်၊ စေတနာသည်ငါဖြစ်သည်၊ စေတနာရှိသောငါ၊ ငါ၌ရှိသောစေတနာ၊ စေတနာတို့၌တည်သောငါဟု အသီးသီးခွဲယူခြင်းဖြစ်သည်၊ သင်္ခါရက္ခန္ဓာ (၅၀)တို့၌ထိုနည်းတူပင် ခွဲယူမှတ်ထင်ပါသည်၊

**ဝိညာဏက္ခန္ဓာ၌သက္ကာယဒိဋ္ဌိလေးမျိုး**

(၁) ဝိညာဏံ အတ္တတော သမနုပဿတိ=ဝိညာဏ်ကိုအတ္တဟုရှု၏၊

(၂) ဝိညာဏဝန္တံ ဝါ အတ္တာနံ သမနုပဿတိ=ဝိညာဏ်ရှိသော အတ္တဟုရှု၏၊

(၃) အတ္တနိ ဝါ ဝိညာဏံ သမနုပဿတိ=အတ္တ၌ဝိညာဏ်ရှိ၏ဟုရှု၏၊

(၄) ဝိညာဏသ္မိံ ဝါ အတ္တာနံ သမနုပဿတိ=ဝိညာဏ်၌အတ္တရှိ၏ဟုရှု၏၊

အမှတ်(၁)ကား ဝိညာဏ်နှင့်အတ္တကို တစ်ခုတည်းပြု၍ ဝိညာဏ်သည်ပင်အတ္တ၊ အတ္တသည်ပင် ဝိညာဏ်ဟုစွဲယူ၏၊ အမှတ်(၂၊၃၊၄)တို့ကား ဝိညာဏ်နှင့် အတ္တကိုတစ်ခြားစီပြု၍ စွဲယူမှတ်ထင်ခြင်းဖြစ်ပါသည်၊ (နိဗ္ဗာနဂါမိနီပဋိပဒါ)

ဤကဲ့သို့ ခန္ဓာငါးပါးတွင် တစ်ပါးလျှင် လေးမျိုးစီပြားသောကြောင့်(၄×၅=၂၀) သက္ကာယဒိဋ္ဌိနှစ်ဆယ် ဖြစ်ပါသည်၊

## အရိယာပုဂ္ဂိုလ်နှင့်သက္ကာယဒိဋ္ဌိ

ခန္ဓာငါးပါး တစ်ပါးပါးအပေါ်၌ဖြစ်စေ၊ ငါးပါးလုံးအပေါ်၌ဖြစ်စေခြို၍ ငါဟူ၍လည်းကောင်း၊ ငါသွားသည် ငါလာသည် ငါစားသည် ငါအိပ်သည်စသည်ဖြင့်လည်းကောင်း၊ စွဲလမ်းပြောဆိုခြင်းသည်"သက္ကာယဒိဋ္ဌိ"ဖြစ်ပါသည်၊ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အမှန်တကယ်ရှိ၏ဟု မှတ်ထင်ခြင်း ရှိကြကုန်သော ပုထုဇန်တို့သည် ငါဟူသောစကား၊ သူဟူသောစကား၊ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဟူသော စကားကို တစ်လောကလုံး အုန်းအုန်းကြွက်ကြွက် ပြောဆိုနေကြပါတယ်၊ ပြောတိုင်းပြောတိုင်းလဲ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါရှိတယ်၊ ငါရှိတယ် သူရှိတယ်လို့ စိတ်ထဲမှာ မှတ်ထင်နေကြတာပါ၊ သက္ကာယဒိဋ္ဌိအကြွင်းမဲ့ပယ်ပြီးသော ဘုရား ရဟန္တာစသော အရိယာသူတော်ကောင်းကြီးများလဲ ငါ့သပိတ်၊ ငါ့သင်္ကန်း၊ ငါ့ကျောင်းစသည်ဖြင့် သမုတိသစ္စာ ဝေါဟာရအနေဖြင့် လောကလူသားများ မှဲ့ခေါ်သတ်မှတ် သမုတ်ထားအပ်သော အသုံးအနှုန်းသို့လိုက်၍ ပုထုဇန်များပြောသကဲ့သို့ ငါဟူ၍ ခေါ်ဝေါ်သုံးနှုန်း ပြောဆိုကြသော်လဲ စိတ်ထဲတွင်မူ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ တကယ်အဟုတ်ရှိသည်ဟု မှတ်ထင်တော်မမူကြပါ၊ ထို့ကြောင့်အရိယာသူတော်ကောင်းကြီးများ ခေါ်ဝေါ်သုံးနှုန်းသော"ငါ့သင်္ကန်း ငါ့သပိတ် ငါ့ကျောင်း"ဟူသောအသုံးအနှုန်းသည် သမုတိသစ္စာဝေါဟာရမျှသာဖြစ်ပြီး "သက္ကာယဒိဋ္ဌိ" မဖြစ်ဟုမှတ်ရပါမည်၊

## အစွဲသုံးပါးကင်းအောင်ရုပ်ကိုရှုပုံ

တသ္မာ တိဟ ဘိက္ခဝေ ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံဒူရေ သန္တိကေဝါ၊ သဗ္ဗံ ရူပံ "နေတံ မမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

ရဟန်းတို့ ယခုပြခဲ့သည့်အတိုင်းငါ့ဟာပဲ၊ ငါပဲ၊ ငါ့အတ္တပဲဟု ရှုမြင်ထင်မှတ်ရန် မသင့်သောကြောင့် အတိတ်ဖြစ်စေ အနာဂတ်ဖြစ်စေ ပစ္စုပ္ပန်ဖြစ်စေ ကိုယ်တွင်းကဖြစ်စေ ကိုယ်ပကဖြစ်စေ အကြမ်းဖြစ်စေ အနုဖြစ်စေ အယုတ်အညံ့ဖြစ်စေ အကောင်းအမြတ်ဖြစ်စေ အဝေးဖြစ်စေ အနီးဖြစ်စေ ရုပ်ဟူသမျှကို "ငါ့ဟာမဟုတ် ငါမဟုတ် ငါ့အတ္တမဟုတ်"ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်အောင် ရှုမှတ်အားထုတ်ရမည်၊

မဟာစည်ဆရာတော်ကြီး၏ အာဘော်ကို အခြေခံ၍ ရုပ်တရားရှုပုံကို ဒီနေ့ပြောသွားမှာ ဖြစ်ပါတယ်၊ အတိတ် အနာဂတ် ပစ္စုပ္ပန်စသည်ဖြင့် (၁၁)မျိုးပြထားပါတယ်၊ ကာလသုံးပါးဖြင့်ဝေဘန်ထားခြင်း ဖြစ်ပါတယ်၊ အတိတ်ဆိုတာ လွန်ခဲ့သော ဘဝများကဖြစ်စေ၊ ယခုဘဝမှာလဲရှေးရှေးကာလများကဖြစ်စေ ဖြစ်ခဲ့ပြီး ချုပ်ခဲ့ပြီးသောတရားများကို အတိတ်ရုပ်ဟုရှုမှတ်ရပါမည်၊ ယခုမဖြစ်သေးပဲ နောက်ကာလ နောက်ဘဝများမှဖြစ်မည့် ရုပ်တရားများကို အနာဂတ်ခေါ်ပါတယ်၊ ပစ္စုပ္ပန်ဆိုတာကတော့ ယခုလောလော ဆယ်ဖြစ်နေဆဲရုပ်တရားများဖြစ်ပါတယ်၊ ဖြစ်စဉ်အနေနဲ့ ပြောရရင်တော့ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ပါတယ်၊ ကာလသုံးပါးဖြင့်ခွဲလိုက်ရင် မိမိသန္တာန် သူတစ်ပါးသန္တာန်မှာဖြစ် နေတဲ့တရားအားလုံးယူရပါမည်၊ သို့သော် ဝိပဿနာရှုရာမှာ မိမိသန္တာန်ကတရားသာပဓာနဖြစ်ပြီး ပြင်ပ တရားများ ရုပ်များကို အနုမာနအားဖြင့် မှန်းဆပြီးဆင်ခြင်ရမှာဖြစ်ပါတယ်၊

မိမိသန္တာန်ကတရားဆိုရာမှာလဲ အနာဂတ်တရားတွေဟာ ယခုမရှိသေးသည့်အတွက် မှန်းဆရှုဖို့ ရာအမှန်အတိုင်း မဖြစ်နိုင်ပါ၊ အတိတ်တရားများမှာလဲ ရှေးဘဝကတရားတွေကိုတော့ မှန်းဆပြီးရှုလို့ မသိနိုင်ပါ၊ ယခုဘဝမှာတောင် လွန်ခဲ့သော နှစ် လ ရက် နာရီပိုင်းအတွင်းလောက်က တရားတွေတောင် ပရမတ္ထသဘောတရားအနေနဲ့ ဖြစ်ပြီးပျက်သွားတာမို့ အမှန်အတိုင်းသိဖို့ ခက်ခဲလှပါသည်၊ "ဂစ္ဆန္တော ဝါ

ဂစ္ဆာမီတိ ပဇာနာတိ၊ နိသိန္နော ဝါ နိသိန္နောမှီတိ ပဇာနာတိ”စသည်ဖြင့် မဟာသတိပဋ္ဌာနသုတ်မှာ ဟောတော်မူထားသည့်အတိုင်း သွားနေဆဲ ရပ်နေဆဲ ထိုင်နေဆဲ လျောင်းနေဆဲ အခိုက်အတန့် ပစ္စုပ္ပန်ကာလကိုသာ ဝိပဿနာရှုရမည်ဟု ညွှန်ပြထားသည်ကို ထောက်၍သော်လည်းကောင်း၊ “ပစ္စုပ္ပန္နဉ္စ ယံဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ” ဖြစ်ဆဲပစ္စုပ္ပန်ကာလ၌ ရုပ် နာမ်တရားများကို ဝိပဿနာရှုရမည်ဟု ဟောတော်မူသောကြောင့်လည်းကောင်း မိမိသန္တာန်၌ ပစ္စုပ္ပန်ဖြစ်ဆဲရုပ်နာမ်တရားများကိုသာ စတင်၍ဝိပဿနာရှုရမည်ဖြစ်ပါသည်၊

သွားဆဲအခိုက်အတန့်ကို ရှုရာမှာတော့ ဘယ်တစ်လှမ်း ငြာတစ်လှမ်း လှမ်းပြီးသွားရာဝယ် ဘယ်ခြေလှမ်း အခိုက်အတန့်မှာပင် ဖြစ်ပြီးပျက်သွားပါပြီ၊ တစ်လှမ်းအတွင်းမှာလဲ အစိတ်စိတ်ခြောက်ပါးရှိပါတယ်၊ ကြွခြင်း မြောက်ခြင်း လှမ်းခြင်း ချခြင်း ထိခြင်း ဖိခြင်းဟူ၍ ဖြစ်ပါတယ်၊ ကြွဆဲအခိုက်အတန့်မှာဖြစ်နေတဲ့ ရုပ်တွေဟာမြောက်ဆဲအခိုက်အတန့် မရောက်ခင် ကြွဆဲအခိုက်မှာပဲ ဖြစ်ပြီးပျက်သွားပါတယ်၊ မြောက်ဆဲအခိုက်အတန့်မှာဖြစ်တဲ့ ရုပ်တွေဟာလဲလှမ်းဆဲအခိုက် မရောက်ခင် မြောက်ဆဲအခိုက်အတန့်မှာပဲ ဖြစ်ပြီးပျက်သွားပါတယ်၊ လှမ်းဆဲအခိုက်အတန့် ချဆဲအခိုက်အတန့် ထိဆဲအခိုက်အတန့် ဖိဆဲအခိုက်အတန့်မှာဖြစ်နေတဲ့ ဝါယောရုပ်တို့ဟာလဲ ဖြစ်ဆဲအခိုက်အတန့်မှာပဲ ဖြစ်ပြီးတော့ပျက်သွားကြတာပါ၊ အတိတ်ကာလကဖြစ်ခဲ့တဲ့ ရုပ်တွေဟာလဲ ပစ္စုပ္ပန်ကာလမရောက်ခင် အတိတ်ကာလမှာပဲ ပျက်သွားခဲ့ပါပြီ၊ ပစ္စုပ္ပန်မှာ ဖြစ်ဆဲရုပ်တွေဟာလဲ အနာဂတ်မရောက်ခင် ပစ္စုပ္ပန်ကာလမှာပဲ ဖြစ်ပြီးပျက်သွားပါတယ်၊ နောင် အနာဂတ်ကာလမှာဖြစ်လတ့် ရုပ်များဟာလဲ သူ့ကာလမှာပဲ ဖြစ်ပြီးပျက်သွားမှာဖြစ်ပါတယ်၊ ဒါကြောင့် ရုပ်ဟူသမျှဟာ အနိစ္စချည်းပါပဲ၊ အဖြစ် အပျက်ကအမြဲမပြတ်နှိပ်စက်နေလို့ ဒုက္ခ၊ အစိုးမရ ကိုယ့်အလိုမလိုက် ကိုယ့်သဘောအတိုင်း မဖြစ်ပဲ သူ့သဘောအတိုင်း ဖြစ်ပျက်နေလို့ အတ္တကောင် မဟုတ်ဟု ရှုမြင်နိုင်ဘို့ရာအတွက် “နေတံ မမ=ဤရုပ်တရားသည် ငါ့ဟာမဟုတ်” စသည်ဖြင့် ရှုရမည်ဟု ညွှန်ပြတော်မူပါသည်၊ နေတံ မမ စသည်ဖြင့် နုတ်ကဆိုပြီး ရှုရမှာလားဆိုတော့ ဒီလိုမဟုတ်ပါ၊ မမြဲ ဆင်းရဲ အစိုးမရတဲ့သဘောကို ယောဂီရဲ့ဉာဏ်ထဲမှာ ထင်ထင်ရှားရှား ပီပီပြင်ပြင် မြင်လာပြီဆိုရင် “ငါ့ဟာမဟုတ် ငါမဟုတ် ငါရဲ့အတ္တမဟုတ်”ဆိုတာလဲ ရှုပြီးသားဖြစ်သွားပါတယ်၊ မြတယ်ထင်လို့ “ငါချောတယ်၊ ငါလှတယ်၊ ငါကြက်သရေရှိတယ်၊ ငါ့ခန္ဓာက ငါးရံ့ကိုယ်လုံးလေးလိုပဲ ကြည့်လို့ကောင်းလိုက်တာ”စသည်ဖြင့် မာန်တက်နေတာပါ၊ မမြဲဘူးမြင်သွားရင်တော့ “နမေ သော အတ္တာ”ဒါငါ့အတ္တမဟုတ်၊ ငါအစိုးမရဆိုတာ မြင်သွားပြီမို့ မာန်တက်စရာအကြောင်းမရှိတော့ပါ၊

မြင်ခိုက်မှာ ဖြစ်တဲ့ရုပ်တရားတွေဟာ ကြားဆဲအခိုက်အတန့်သို့မရောက်ခင် မြင်ဆဲအခိုက်မှာပင် ပျက်လို့သွားပါတယ်၊ ကြားခိုက်မှာဖြစ်တဲ့ရုပ်တွေဟာလဲ မြင်ဆဲအခိုက်အတန့်မရောက်ခင် ကြားခိုက်မှာပဲ ပျက်သွားကြတာပါ၊ နံခိုက် စားခိုက် ထိသိခိုက် တွေးတောကြံစည်ခိုက်မှာ ဖြစ်တဲ့ရုပ်များဟာလဲ သူ့အခိုက်မှာပဲ ဖြစ်လို့ပျက်သွားပါတယ်၊ မျက်စိတစ်မှိတ်ကလေးတောင်မှ တည်လို့မနေကြပါ၊ မမြဲတဲ့ တရားတွေပဲလို့ သိနေတဲ့အတွက်“ဧတံ မမ=ဒါငါ့ဟာပဲ”လို့ တဏှာနဲ့လဲမစွဲလမ်းတော့ပါ “ဧသော ဟမသ္မိ=ဒါငါပဲ”လို့ ဂုဏ်ယူပြီးအထင်ကြီးစရာမရှိတဲ့အတွက် မာနနဲ့လဲစွဲလမ်းခွင့်မရှိတော့သလို “ဧသော မေ အတ္တာ=ဒါ ငါ့အတ္တပဲ”လို့ ဒိဋ္ဌိနဲ့လဲ မစွဲလမ်းတော့ပါဘူး၊

အတိတ်အနာဂတ်ရုပ်များကို အနုမာနဖြင့် သုံးသပ်ဆင်ခြင်ပုံကတော့ လွန်ပြီးသောအတိတ်ကာလတွေက ဖြစ်ခဲ့တဲ့ရုပ်တွေလဲ ထိုအခိုက်အတန့်ကာလမှာပင် ဖြစ်ပြီးတော့ပစ္စုပ္ပန်ကာလမရောက်ခင် အတိတ်ကာလမှာပဲ ပျက်သွားပါတယ်၊ ထိုသို့ ဖြစ်လိုက် ပျက်လိုက်မို့ မမြဲ ဆင်းရဲ အစိုးမရဖြစ်ပါတယ်၊ နောင်အနာဂတ်ကာလမှာ ဖြစ်ပေါ်လာမည့်ရုပ်တွေလဲ ထိုထိုအခိုက်အတန့်မှာပင် ဖြစ်ပြီးပျက်သွားမှာဖြစ်လို့ အနိစ္စ ဒုက္ခ အနတ္တဟုပင် သုံးသပ်ဆင်ခြင်ရမှာဖြစ်ပါတယ်၊ ဒါကတော့ ကာလသုံးပါးနဲ့ပတ်သက်ပြီး ရှုဆင်ခြင်ပုံဖြစ်ပါတယ်၊ အဇ္ဈတ္တရုပ် ဗဟိဒ္ဓရုပ် မိမိသန္တာန်မှာဖြစ်တဲ့ရုပ် သူတစ်ပါးသန္တာန်မှာဖြစ်တဲ့ ရုပ်များလဲ မျက်စိတစ်မှိတ်အတွင်းမှာ ပျက်သွားလို့ မမြဲ ဆင်းရဲ အစိုးမရပါ၊ ဝင်လေ ထွက်လေကို ရှူရှိုက်ရာမှာ အပြင်လေက နှာခေါင်းအတွင်းသို့ တပိုင်းစီတပိုင်းစီ ပြတ်ပြတ်ပြီးဝင်လာသလို နှာခေါင်းအတွင်းမှရှိုက်ထုတ်လိုက်တဲ့အတွင်းလေကလဲ တစ်ပိုင်းစီထွက်သွားတာကို တရားအလုပ်အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ သမာဓိဉာဏ်ရင့်သန်လာတဲ့အခါ မြင်လာရပါတယ်၊ ဥပမာ ဆေးလိပ်သောက်တဲ့အခါ ဆေးလိပ်မီးခိုးတွေ တစ်ပိုင်းစီတစ်ပိုင်းစီ တိုးပြီးထွက်သွား ဝင်သွားသလိုပါပဲ၊ ထိုအတွင်းလေခေါ်တဲ့ ဝါယောရုပ်လဲ အပြင်

မရောက်ခင် နှာခေါင်းတွင်းမှာပဲ ပျက်သွားသလို အပြင်လေ ဝါယောရုပ်လဲ နှာခေါင်းအတွင်းမရောက်ခင် အပြင်မှာပဲပျက်သွားတာကြောင့် မမြဲ ဆင်းရဲ အစိုးမရဟုရှုမှတ်ရပါမည်၊

ကလေးဘဝကရုပ်နုကလေးများဟာလဲ လူကြီးဘဝရုပ်ကြမ်းအဖြစ်မရောက်ခင် ပျက်သွားပါတယ်၊ အနာကင်းကွာ ကျမ္မာနေတဲ့ ရုပ်နုလေးများလဲ မကျမ်းမမာ လေးလံတဲ့ ရုပ်ကြမ်းအဖြစ်မရောက်ခင် ပျက်သွားလို့ အနိစ္စ ဒုက္ခ အနတ္တပါပဲ၊ ခန္ဓာကိုယ်က ဓာတ်ကြီးလေးပါး မမျှတလို့ လေးလံထိုင်းမှိုင်းပြီးနေတဲ့ ရုပ်ဆိုးရုပ်ညံ့တွေလဲ ဓာတ်ကြီးလေးပါးညီညွတ်လို့ သက်တောင့်သက်သာဖြစ်တဲ့ ရုပ်ကောင်းရုပ်မြတ် မရောက်ခင်မှာပဲ ဖြစ်ပြီးပျက်သွားလို့ မမြဲ ဆင်းရဲ အစိုးမရပါပဲ၊ အဝေးကလာတဲ့လူကို မြင်တဲ့အခါမှာ တော့မြင်တယ် မြင်တယ်လို့ ရှုမှတ်နေရင်း ပျက်သွား ပျောက်သွားပါတယ်၊ အနီးမှလူကို မြင်ရင်လဲ မြင်တယ်လို့ရှုမှတ်ရင်း သမာဓိဉာဏ်တွေအားကောင်းနေတဲ့ ယောဂီမှာ ပျက်ပျက်သွားတာကိုတွေ့ရမှာဖြစ်ပါတယ်၊ အဲဒီလို ဖြစ်ပျက်မို့ မမြဲ ဆင်းရဲ အစိုးမရဟုရှုရမှာပါ၊ ဤအနတ္တလက္ခဏာသုတ္တန်မှာတော့ အတိတ်ရုပ် အနာဂတ်ရုပ် ပစ္စုပ္ပန်ရုပ် အတွင်းရုပ် အပြင်ရုပ် အကြမ်းရုပ် အနုရုပ် အညံ့ရုပ် အမြတ်ရုပ် အဝေးရုပ် အနီးရုပ်ဟူ၍ (၁၁)မျိုးကို ရှုမှတ် ဆင်ခြင်သုံးသတ်ရမှာဖြစ်ပါတယ်၊

နေတံ မမ=ငါ့ဥစ္စာမဟုတ်ပါတကား၊

နေသော ဟ မသ္မိ=ငါမဟုတ်ပါတကား၊

နမေ သော အတ္တာ=ငါရဲ့အတ္တလိပ်ပြာ မဟုတ်ပါတကားဟူ၍ ရှုတာနဲ့ အနိစ္စ ဒုက္ခ အနတ္တလို့ ရှုတာ အကျိုးရခြင်းအတူတူပါပဲ၊

"အနိစ္စ" လို့ ရှုရင် "ငါ" ဆိုတဲ့ မာနပြုတ်ပါတယ်၊

"ဒုက္ခ" လို့ရှုရင် ဒုက္ခမှန်းသိရင် ဘယ်နည်းနဲ့မှ ငါ့ဥစ္စာဆိုတဲ့ တဏှာမစွဲတော့ပဲ "တဏှာ" ပြုတ်ပါတယ်၊

"အနတ္တ" လို့ရှုရင် ငါ့အတ္တလိပ်ပြာဆိုတဲ့ "ဒိဋ္ဌိ" ပြုတ်ပါတယ်၊

ဒါက အနိစ္စ ဒုက္ခ အနတ္တရှုတဲ့ဘက်ကကြည့်ပြောတာ "နေတံ မမ=ငါ့ဥစ္စာမဟုတ်ပါတကား"လို့ ရှုရင် "လောဘတဏှာ" ပြုတ်ပါတယ်၊

"နေသော ဟမသ္မိ=ငါမဟုတ် ငါမဟုတ်"လို့ ရှုရင် "မာန"ပြုတ်ပါတယ်၊

"နမေ သော အတ္တာ=ငါ့အတ္တ မဟုတ်"လို့ ရှုရင် အသက်ကောင် အတ္တကောင်လို့ စွဲလမ်းထားတဲ့ "ဒိဋ္ဌိ"ပြုတ်ပါတယ်၊

မှတ်ချက်---ပစ္စည်းအပေါ်မှာ တွယ်တာတပ်မက် အလိုရမက်ကြီးတဲ့ပုဂ္ဂိုလ်ဆိုရင် "နေတံမမ=ငါ့ဥစ္စာ မဟုတ်"ဟုထပ်ခါ ထပ်ခါ ရှုပေးရပါတယ်၊ မာနကြီးတဲ့ပုဂ္ဂိုလ်ဆိုရင် "နေ သောဟ မသ္မိ=ငါမဟုတ် ငါ မဟုတ်"လို့ ရှုပေးရပါမယ်၊ အတ္တဒိဋ္ဌိအစွဲသန်တဲ့ပုဂ္ဂိုလ် ငါလုပ်တာမှအမှန်၊ ငါပြောတာမှအဟုတ်ဟု အတ္တ စွဲကြီးလွန်းတဲ့ပုဂ္ဂိုလ်ဆိုရင်တော့ "နမေ သော အတ္တာ=ငါ့အတ္တမဟုတ်"ဟု ရှုပေးရပါမည်၊

**မယကာငှက်နှင့်တော်မမ**

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည်မှာ ကုဋေလေးဆယ်ဥစ္စာကြွယ်ဝပြီး သားသမီးမထွန်းကားတဲ့ သူဌေးကြီးတစ်ဦးရှိခဲ့ပါတယ်၊ ထိုမျှလောက် ကြွယ်ဝချမ်းသာသော ပစ္စည်းများကို "ငါ့ ဥစ္စာ ငါ့ ပစ္စည်း" အနေနဲ့စွဲလမ်းပြီး မစားရက် မသောက်ရက် မလှူရက် မတမ်းရက်နဲ့ မပေးမလှူလို နှမြောဝန်တိုလျှက်သာနေခဲ့ပါတယ်၊ ဆီဦးထောပတ် အစားအစာများကိုမစားပဲ၊ ဆန်ကွဲထမင်း ပုန်းရည်ဟင်းကိုသာ စားလျှက်နေ၏၊ ရတနာခုနှစ်ပါးဖြင့်စီခြယ်ထားသော အာဇာနီမြင်းကသောရထားကိုမသုံးဆောင် သစ်သားရထားကိုသာအသုံးပြုခဲ့တယ်၊ ကာသိတိုင်းဖြစ်နူးညံ့သော အဝတ်ကိုမဝတ်ပဲ ဖျင်ကြမ်းအဝတ်ကိုသာ ဝတ်ခဲ့တယ်၊ ရွှေထီးကိုမဆောင်းပဲ သစ်ရွက်မိုးသောထီးကိုသာဆောင်းခဲ့တယ်၊ မိမိပိုင်ပစ္စည်းများကို ကိုယ်တိုင်လဲ မသုံးဆောင် သူတစ်ပါးလဲမပေးရက် အလှူဒါနလဲမပြု "ငါ့ပစ္စည်း ငါ့ပစ္စည်း"ဟု တဏှာလောဘနဲ့ စွဲလမ်းနေတုန်း စုတိပြတ်ကြွေ သေလွန်သောအခါမှာတော့ "ရောရုဝ" ငရဲ၌ဖြစ်ရပြီး အမွေဆက်ခံမည့်သားသမီးမရှိ၍ ရတနာများကို ဘုရင့်ဘဏ္ဍာတော်အဖြစ် သိမ်းပိုက်ကာ (၇)ရက်ပတ်လုံး နန်းတော်သို့ သယ်ဆောင်ရလောက်အောင်ပစ္စည်းတွေကများပြားခဲ့ပါတယ်၊အဲဒီသူဌေးကြီးကွယ်လွန်ပြီး (၈)ရက်မြောက်နေ့မှာ မြတ်စွာဘုရားအား ဖူးမျှော်ရန်သွားသောအခါ မြတ်စွာဘုရားက "ဒကာတော်မင်းကြီး မလာတာ

ကြာပါပေါ့၊ ဘာတွေများ အလုပ်ရှုတ်နေသလဲ”လို့ မေးတော်မူတဲ့အခါ ကောသလမင်းကြီးက “မြတ်စွာဘုရား အာဂန္တုက သူဌေးကြီးသေလို့ အမွေဆက်ခံမည့်သူမရှိသဖြင့် ကျန်ရစ်သောရတနာများကို ဘုရင့်ဘဏ္ဍာတော်အဖြစ်သိမ်းပိုက်ကာ နန်းတော်သို့ရထားဖြင့်(၇) ရက်ပတ်လုံး သယ်ဆောင်နေရလို့ မလာဖြစ်ပါဘုရား၊ သုံးမကုန်အောင်ပစ္စည်းဥစ္စာတွေပေါ်များပါလျက် မပေးမလှူလို နှမြောဝန်တိုလျက်သာ ဘီးလူးစောင့်သောရေကန်ကဲ့သို့ဖြစ်ရကာ မိမိလဲမသုံးဆောင်သူတစ်ပါးလဲမပေးရက်ပဲ “ငါ့ပစ္စည်း ငါ့ပစ္စည်း” နဲ့ စွဲလမ်းရင်း သေမင်းမရဏ၏ ခံတွင်းဝသို့သာ သက်ဆင်းကျရောက် ခဲ့ရပါသည်၊ ဘာအကြောင်းကြောင့်ပါနည်း မြတ်စွာဘုရား”လို့ မင်းကြီးကလျှောက်ထားတဲ့အခါ---

“ဒကာတော်မင်းကြီး ဘယ်သူမပြု မိမိမှုဆိုတာလို ထိုသူဌေးသည်ပင် ထိုအမှုများကိုပြုခဲ့ပေသည်” ဟုမိန့်တော်မူကာ မယုကဇာတ်တော်ကို ဟောတော်မူပါသည်၊ ရှေးတုန်းက မယုက အမည်ရှိတဲ့ငှက် တစ်ကောင်ရှိခဲ့တယ်၊ မှဲ့ဝင်းသော အသီးတို့ဖြင့်ပြည့်စုံသော ညောင်ကြတ်ပင်သို့ကပ်ရောက်ပြီး “မယုံ မယုံ=ငါ့ဥစ္စာ ငါ့ဥစ္စာ ငါ့အသီး ငါ့အသီး”နဲ့မည်တမ်းလျှက်နေစဉ် တခြားငှက်များရောက်လာကာ ထိုမှဲ့ဝင်းသောအသီးများကို ခဲစားလျက်လိုရာခရီးသို့ ပျံသန်းသွားခဲ့ကြပါတယ်၊ နောက်ထပ်ငှက်တစ်အုပ်ရောက်လာပြီး အသီးများကို ခဲစားလျက်လိုရာအရပ်သို့သာ ပျံသန်းသွားခဲ့ကြပြန်ပါတယ်၊ အသီးမရှိတော့ပေမဲ့ ထိုမယုက ငှက်ကတော့ ငါ့ဥစ္စာ ငါ့ဥစ္စာ ငါ့အသီး ငါ့အသီးနဲ့ မည်တမ်းလို့သာကျန်ရစ်ပါတယ်၊ ထို့အတူပဲ ဒကာတော်မင်းကြီး အချို့သောပုဂ္ဂိုလ်များဟာ ရရှိထားသောပစ္စည်းဥစ္စာများကို မိမိလဲမသုံးဆောင် သူတစ်ပါးလဲ မပေးရက် နှမြောဝန်တိုလျက်သာ ငါ့ဥစ္စာ ငါ့ဥစ္စာလို့ လောဘနဲ့သိမ်းပိုက်ရင်း ရန်သူမျိုးငါးပါး၏ စားမျိုဝါးမျိုခြင်းကိုခံရကာ ဆုံးရှုံးကြရပြီး တမလွန်လောက နောက်ဘဝမှာတော့ ယုတ်နိမ့်အောက်ကျသော ဘဝသို့သာ လားရောက်ရတယ်ဟု မိန့်တော်မူပါသည်၊

ပစ္စည်းဥစ္စာပေါ်များရခြင်းအကြောင်းကတော့=အတိတ်ဘဝက တဂ္ဂရသိခီပစ္စေကဗုဒ္ဓါ အရှင်မြတ်အားဆီဦးထောပတ်များ လောင်းလှူခဲ့သော ကုသိုလ်ကြောင့်ဖြစ်ရပါသည်၊ ပစ္စည်းများကို သုံးဆောင်ခံစားလိုစိတ်မရှိသည်ကား=ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆီဦးထောပတ်များလောင်းလှူပြီးနောက် “ငါ့အလုပ်သမားတွေကျွေးလိုက်ရရင်ဘယ်လောက်အကျိုးရှိမလဲ၊ အလုပ်တွေပိုလုပ်လို့ဝင်ငွေတွေ များများရကာ ပိုပြီးချမ်းသာလာလိမ့်မယ်၊ ခုတော့ဆီဦးထောပတ်တွေစားပြီး ဒီကတုံးတနေကုန်သက်န်းချေကန်၊ ခေါင်းမြီးခြုံအိပ်တော့မှာ”ဆိုပြီးအပရစေတနာ ပျက်ကွက်ခဲ့သောကြောင့် ဖြစ်ရပါသည်၊ သားသမီးမထွန်းကားခြင်းအကြောင်းကား အတိတ်ဘဝတစ်ခုက အစ်ကို၏သားကို သတ်ခဲ့သောကြောင့်ဖြစ်ပါသည်၊ ဤအမှုများကို ထိုသူဌေးသည်ပင်ပြုခဲ့ခြင်းဖြစ်သဖြင့် “ဘယ်သူမပြုမိမိမှု” ဆိုတာလို ထိုသူဌေးသည်ပင် ပြန်လည်ပေးဆပ်နေရပါသည်၊ အတိတ်သံသရာက ကြမ်းတမ်းတဲ့ပန်းချီကားချပ်ကို ထိုသူဌေးကိုယ်တိုင်ရေးဆွဲခဲ့တာကြောင့် သံသရာမှာပုံစံအမျိုးမျိုးနဲ့ ဘဝအဖုံဖုံတွင် စုံလင်စွာဖြစ်ခဲ့ရပေတယ်ဟု မယုကဇာတ်တော်ကို ဥပမာပြ၍ဟောကြားခဲ့ပါသည်၊ *(ဆဋ္ဌနိပါတ် မယုကဇာတ်)*

ရဟန်းတို့ ရုပ်(၁၁)မျိုးကို “ငါ့ဟာ မဟုတ်၊ငါ မဟုတ်၊ ငါ့အတ္တ မဟုတ်”ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်အောင် အားထုတ်ရမည်၊

**လက္ခဏာရေးသုံးပါးမှုံးကွယ်အား**

(၁) အနိစ္စလက္ခဏာကို သန္တတိ ကဖုံးကွယ်ထားသည်၊

(၂) ဒုက္ခလက္ခဏာကို ဣရိယာပုထ်ကဖုံးထားသည်၊

(၃) အနတ္တလက္ခဏာကို ဃနဖုံးထားသည်၊

(၁) အနိစ္စလက္ခဏာကို သန္တတိဖုံးသည်၊ သန္တတိဆိုတာ အစဉ်မပြတ်ဖြစ်နေခြင်းလို့ အဓိပ္ပါယ်ရပါတယ်၊ ပါဠိမှာ ဉပ္ပါဒ ဌိတိ ဘင် ဆိုပြီးသုံးခုရှိပါတယ်၊ ဥပ္ပါဒ ကဖြစ်ခြင်း၊ ဌိတိ ကတည်ခြင်း၊ ဘင် ကပျက်သွားခြင်းဖြစ်ပါတယ်၊ ဒီပါဠိ သုံးပုဒ်ကို ပါဠိသက်မြန်မာဝေါဟာရနဲ့ပြောရင် ဥပ္ပါဒ် ဌီ ဘင်လို့ ပြောပါတယ်၊ အဓိပ္ပါယ်က ဖြစ် တည်ပျက်ပေါ့၊ အဖြစ်နဲ့ အပျက်ကသာထင်ရှားပြီး ဌီဆိုတဲ့ တည်နေတဲ့အခိုက်က မထင်ရှားပါ၊ ရုပ်နာမ်တရားတွေ ဖြစ်ပျက်နေလို့ မမြဲတဲ့ အနိစ္စလို့ ဘုရားဟောတော်မူတာပါ၊ “ဥပမာယ မိဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ” ဥပမာနဲ့ပြောမှ လောကပညာရှိတွေနားလည်နိုင်ကြတာမို့ဥပမာလေးနဲ့ပြော

ရရင် ရုပ်နာမ်တရားတွေက ဘာနဲ့တူသလဲဆိုတော့ "ဒီပဇာလာဝိယ" ဆီမီးလျှံနဲ့တူပါတယ်၊ ဆီမီးခွက်ကို ကြည့်လိုက်ရင် ဆီရယ်၊ မီးဇာရယ်၊ မီးတောက်ရယ် ဒီသုံးခုပေါင်းပြီးအလင်းဓာတ်ကိုပေးနေတာပါ၊ မီးဇာကဆီကိုစုတ်ယူပြီး မီးတောက်ကိုဖြစ်စေရပါတယ်၊ ထိုမီးတောက်ကလဲ တသမတ်တည်းဖြစ်နေသည်တော့ မဟုတ်ပါ ရှေးရှေးမီးတောက်တွေ ချုပ်ပျက်သွားပြီး၊ ထိုနေရာအစားထိုးကာ နောက်နောက် မီးတောက်အသစ်တွေဖြစ်လာရတာပါ၊စောစောကလဲ ဒီမီးတောက်၊ အခုလဲဒီမီးတောက်လို့ထင်ရပေမဲ့ မဟုတ်ပါ၊ စောစောကမီးတောက်ကချုပ်ပျက်သွားပြီး နောက်နောက်မီးတောက်အသစ်တွေဆက်ဖြစ်နေတာကိုပဲ အတူတူလို့ထင်နေပါတယ်၊ ရုပ်နာမ်တွေရဲ့သဘောကလဲ ဆီမီးတောက်လိုပဲပေါ့၊ရှေ့ရုပ်နာမ်တွေဖြစ်ပြီးပျက်သွား၊ ထိုနေရာအစားထိုးကာ နောက်နောက်ရုပ်နာမ်အသစ်တွေဖြစ်လာပါတယ်၊မနေ့ကရုပ်နဲ့ယနေ့ရုပ်မတူသလို၊ မနက်ကရုပ်နဲ့ယခုရုပ်လဲတခြားစီပါပဲ၊ ရုပ်တွေဖြစ်ပြီး ဌီအခိုက်မှာ တည်နေတယ်ဆိုပေမဲ့ အခိုက်အတန့်မျှသာဖြစ်လို့ မထင်ရှားပါ၊ ပျက်လို့သွားပါတယ်၊ ရှေးရုပ်ပျက်တာနဲ့ နောက်ရုပ်ဖြစ်တာ တပြိုင်နက်မို့– နိရန္တရ= အကြားမရှိလို့ဆိုပါတယ်၊ ထိုကဲ့သို့ အကြားမရှိပျက်ပြီး ဖြစ်နေတာကြောင့် သန္တတိ=အစဉ်မပြတ် ရုပ်နာမ်တွေဖြစ်နေပါတယ်၊ မနှစ်ကရုပ်နဲ့ဒီနှစ်ရုပ်အတူတူပဲ၊ ပြီးခဲ့တဲ့လကရုပ်နဲ့ ယခုလရုပ်အတူတူပဲ၊ မနေ့ကရုပ်နဲ့ ယနေ့ရုပ်အတူတူပဲ၊ မနက်ကရုပ်နဲ့ ညနေရုပ်အတူတူပဲလို့ ထင်နေတယ်၊ အဲဒီလိုအစဉ်မပြတ် (ဝါ) အဆက်မပြတ် ဖြစ်နေလို့ မမြဲခြင်း အနိစ္စလက္ခဏာလဲမထင်ရှားတော့ပဲ တိမ်ဖုံးသော လပမာကဲ့သို့ဖြစ်ကာ အနိစ္စလက္ခဏာကို သန္တတိဖုံးတယ်လို့ဆိုပါတယ်၊

(၂) ဒုက္ခလက္ခဏာကို ဣရိယာပုထ်ကဖုံးထားသည်ဆိုတာ ဘယ်လိုပါလဲ၊ လမ်းလျှောက်တာ ကြာလာတဲ့အခါ (၂)နာရီကျော်(၃)နာရီလောက်လမ်းလျှောက်လိုက်ရင်ခြေထောက်တွေညောင်းပြီး ပေါင်တွေတောင့်လာပါတယ်၊ ဒါ ဒုက္ခလက္ခဏာပါပဲ၊ (၁၅)မီးနစ်၊ မီးနစ်(၂၀)လောက်ထိုင်လိုက်တော့ ညောင်းတာ၊ တောင့်တာ အောင့်တာတွေသက်သာသွားတယ်၊ သွားခြင်းဣရိယာပုထ်ကြောင့်ဖြစ်လာတဲ့ ဒုက္ခဝေဒနာ၊ ဒုက္ခလက္ခဏာကို ထိုင်ခြင်းဣရိယာပုထ်က ဖုံးဖိကွယ်ကာလိုက်တဲ့သဘောပါ၊ တစ်နာရီလောက် တရားထိုင်လိုက်ရင် တီကောင်ဆားနဲ့တို့သလို ခန္ဓာကိုယ်ကတွန့်လိမ်လာတယ်၊ ပေါင်ထဲကိုခြောက်လက်မ သံချောင်းနဲ့ထိုးထားသလို တောင့်တောင့်ကြီးဖြစ်နေပြီး ခြေသလုံးကလဲထုံကျင် ကိုက်ခဲလာကာ ဒုက္ခဝေဒနာဖြစ်လာပါတယ်၊ လမ်းလျှောက်လိုက်တဲ့အခါမှာတော့ ထိုင်ခြင်းကြောင့်ဖြစ်တဲ့ ဒုက္ခဝေဒနာ ပျောက်သွားပါတယ်၊ ဒါဣရိယာပုထ်ကဒုက္ခဝေဒနာကို ကွယ်ကာလိုက်တဲ့သဘောပါ၊ အအိပ်များတဲ့အခါမှာတော့ ကျောတွေပူလာပါတယ်၊ မီးဖုတ်ထားလို့ ရဲရဲတောက်နေတဲ့သံပြားပူကြီးနဲ့ကပ်ထားသလို ဒုက္ခဝေဒနာ နှိပ်စက်လာတာပါ၊အိပ်ယာထဲမှာဆက်အိပ်နေရင်ဒုက္ခလက္ခဏာကတိုးပြီး နှိပ်စက်တော့မှာမို့ ထလမ်းလျှောက်လိုက်တဲ့အခါမှာတော့ ဒုက္ခဝေဒနာသက်သာသွားပါတယ်၊ ဒါကတော့ အိပ်ခြင်းကြောင့်ဖြစ် ပေါ်လာရတဲ့ ကျောပူခြင်း ဒုက္ခလက္ခဏာကို လမ်းလျှောက်ခြင်း ထိုင်ခြင်းဣရိယာပုထ်က သက်သာခွင့်ရသွားအောင်မျက်လှဲ့ပြလိုက်တဲ့ သဘောပါပဲ၊ ဒါကိုပဲ ဒုက္ခလက္ခဏာကို ဣရိယာပုထ်ကဖုံးတယ်လို့ ဆိုတာပါ၊

(၃) အနတ္တလက္ခဏာကို ဃနဖုံးထားတယ်ဆိုတာက ဒီလိုပါ၊ ဃနရဲ့အဓိပ္ပါယ်က တစ်စုတည်း တတွဲတည်းစုလျက် တွဲလျက် ခဲလျက် ရုပ်နာမ်တရားတွေ ဖြစ်တာကို "ဃန"ခေါ်ပါတယ်၊

ဃနက (၁) သန္တတိဃန
(၂) သမူဟဃန
(၃) ကိစ္စဃန
(၄) အာရမ္မဏဃနလို့လေးမျိုးရှိပါတယ်၊

(၁) သန္တတိဃနဆိုတာ ရုပ်နာမ်တရားများ အကြားမရှိပဲ တစ်စုတည်းကဲ့သို့ ထင်ရအောင် တွဲလျက် ခဲလျက် စုလျက် ဖြစ်ခြင်းကို "သန္တတိဃန" ခေါ်ပါတယ်၊ အကြားမရှိဖြစ်တယ်ဆိုတာက ရှေ့ရုပ်နာမ်၏အပျက်နှင့်ပြိုင်လျက်နောက်ရုပ်နာမ်တရားများ ဖြစ်တာကိုဆိုတာပါ၊ (တနည်း) ဆိုရရင်တော့ ရှေ့ရုပ်နာမ်တရားများ ချုပ်ပျက်ခြင်း၏ အခြားမဲ့မှာ နောက်နောက်ရုပ်နာမ်များ ထင်ရှားဖြစ်ပေါ်လာခြင်းကို အကြားမရှိဖြစ်တယ်လို့ဆိုရတာပါ၊ အဖြစ်တရားကအားကောင်းပြီး အပျက်တရားကို လွှမ်းမိုးလို့ထားတာကြောင့် ရှေ့ကလဲဒီရုပ် အခုလဲဒီရုပ်လို့ ထင်မှားအောင် အစိုးမရတဲ့ အနတ္တလက္ခဏာကို အစိုးရတယ်လို့ အမှတ်မှားအောင် သန္တတိဃနက ဖုံးလွှမ်းထားတာပါ၊

(၂) သမူဟဃနဆိုတာ စုလျက် တွဲလျက် ခဲလျက် တစ်ခုတည်းထင်အောင်ဖြစ်ခြင်းကို ခေါ်ပါတယ်၊ ရုပ်နာမ်တို့ရဲ့ သဘောက တစ်ခုတည်းခွဲမဖြစ်ပါ၊ ရုပ်တရားဆိုရင် အနဲဆုံးရှစ်ခု၊ တောင့်တင်းတဲ့ ပထဝီဓာတ်ဆိုပါစို့-သူ့ချည်းမဖြစ်နိုင်ဘူး၊ သူ့ရဲ့ **member** တွေက အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာဆိုတဲ့အဋ္ဌကလာပ်ရုပ်ရှစ်ခုတွဲပြီး ဖြစ်ရတယ်၊ဒါကရုပ်တရားပါ၊ နာမ်းတရားကလဲ ဥပမာ-မြင်သိစိတ် စက္ခုဝိညာဏ် ဆိုကြစို့ သူတစ်လုံးထဲမဖြစ်ပါ၊ သူနဲ့ **party** ဝင်တွေက ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ ဆိုပြီး စေတသိက်(၇)လုံးပါတွဲဖြစ်ပါတယ်၊ ထိုကဲ့သို့ စု၊ တွဲ၊ ခဲပြီးပေါင်းဖြစ်တာကို "သမူဟဃန"ခေါ်ပါတယ်၊

(၃) ကိစ္စဃန ဆိုတာကဘာလဲဆိုတော့ စက္ခုဝိညာဏ်ကမြင်သိစိတ်၊ သူကမြင်ခြင်းကိစ္စကို အလုပ်လုပ်တယ်၊ သူ့ရဲ့ အပေါင်းအသင်းတွေက ဖဿဆိုရင် အာရုံကိုတွေ့ထိခြင်းကိစ္စ၊ ဝေဒနာက အာရုံရဲ့ အရသာကို ခံစားခြင်းကိစ္စ၊ သညာက မှတ်သားခြင်းကိစ္စ၊ စေတနာက စေ့ဆော်တိုက်တွန်းခြင်းကိစ္စ၊ ဧကဂ္ဂတာက အာရုံတစ်ခုတည်းမှာ တည်ငြိမ်အောင်ထားခြင်းကိစ္စ၊ ဇီဝိတိန္ဒြေကရုပ်ဇီဝိတ နာမ်ဇီဝိတကို အစိုးရခြင်းကိစ္စ၊ မနသိကာရက နှစ်လုံးသွင်းခြင်းကိစ္စကို အသီးသီးအလုပ်လုပ်ကြတယ်၊ ထို့သို့ အလုပ်လုပ်ကြရာမှာ ရုပ်နာမ်တရားတွေ တစ်နေရာတည်းမှာ တစ်စုတစ်ဝေး တစ်ပေါင်းတည်းလာဖြစ်တာကို "ကိစ္စဃန"ခေါ်ပါတယ်၊ ပရမတ္ထဉာဏ်မျက်စိနဲ့ မြင်အောင် မကြည့်နိုင်ရင်တော့ ကိစ္စမမြင်နိုင်ပါ၊ ငါမြင်တယ်၊ ငါခံစားတယ်စသည် အတ္တလို့သာမြင်သွားမှာပါ၊ ငါမြင်တာမဟုတ်၊ စက္ခုဝိညာဏ်မြင်သိစိတ်က မြင်တာ(တနည်း)ဝိဉာဏက္ခန္ဓာကမြင်တာပဲလို့သိယင် အနတ္တကို ကိစ္စဃနမဖုံးတော့ပါ၊

(၄) အာရမ္မဏဃနဆိုတာက စက္ခုဝိညာဏ်မြင်သိစိတ်ဖြစ်ရင် သူရဲ့အာရုံဖြစ်တဲ့ ရူပါရုံကို တစ်စုတည်း၊ တစ်ပေါင်းတည်း အာရုံပြုတဲ့ အနေနဲ့လည်းကောင်း၊ ပထဝီ အာပေါစတဲ့ ရုပ်ကလာပ် တစ်ခုခုမှာပါတဲ့ ရုပ်တရားတို့ရဲ့ အာရုံတစ်ခုတည်း အနေနဲ့လည်းကောင်း ပရမတ္ထတရားတစ်ခုတည်းဟု ထင်ရအောင် စု၊ တွဲ၊ ခဲလျက်ဖြစ်ခြင်းကို "အာရမ္မဏဃန" ခေါ်ပါတယ်၊ ရုပ် နာမ်ပရမတ္ထတရားများ ရှုရင် သတ္တိရောက်အောင် ရှုရပါမည်၊

**(ဆောင်ပုဒ်)** ဇရပ်စေ့ဥ၊ စိတ်တွေ့သက်သက်၊ အစပ်ကိုတည့်၊ ရှုမျှော်ကြည့်သို့၊
သတ္တိကိုမျှ၊ ရှုကြည့်ရ၊ ပရမတ္ထမှာ၊ *(ဓါးပိန္နဲကဆရာတော်ကြီး)*

ဇရပ်စေ့ကိုလျှာပေါ်တင်ကြည့်လိုက်တဲ့အခါ စပ်တဲ့သတ္တိပေါ်ပါတယ်၊ ထိုသတ္တိက လုံးလုံးလား၊ ပြားပြားလား၊ ရှည်ရှည်လား၊ ဝိုင်းဝိုင်းလားဆိုတော့ မဟုပ်ပါ၊ စိတ်ထဲမှာစပ်တဲ့သတ္တိလို့ သိလိုက်ရသလိုပဲ ပရမတ္ထတရားများရှုရင်လဲ သတ္တိရောက်အောင် ရှုရပါတယ်၊ ဥပမာ-ဖဿက တွေ့ထိတဲ့သတ္တိ၊ ဝေဒနာက ခံစားတဲ့သတ္တိ၊ သညာကမှတ်သားတဲ့သတ္တိ၊ စေတနာကစေ့ဆော်တဲ့သတ္တိ၊ ပထဝီကတောင့်တင်းတဲ့သတ္တိ၊ အာပေါက ယိုစီး ဖွဲ့စီးတဲ့သတ္တိ၊ တေဇောက ပူတဲ့ အေးတဲ့သတ္တိ၊ ဝါယောက တွန်းကန်လှုပ်ရှားတဲ့သတ္တိ စသည်ဖြင့် ပရမတ္ထဉာဏ်အမြင်ဆိုက်အောင်ရှုမှ ယောက်ျားသဏ္ဍာန် မိန်းမ သဏ္ဍာန်၊ ယောက်ျား ဒြပ်၊ မိန်းမဒြပ်ကွာပြီး အတ္တအယူပျောက်ကာ အနတ္တမြင်မှာဖြစ်ပါတယ်၊

သတ္တိဆိုက်မှ ပရမတ္ထရောက်တယ်၊
ပရမတ္ထရောက်မှ ဃနပြိုတယ်၊
ဃနပြိုမှ အတ္တအယူဝါဒ ဆိတ်သုဉ်းပြီး
အနတ္တ မြင်ပါမယ်၊ *(ဓါးပိန္နဲကဆရာတော်ကြီး)*

အနတ္တလက္ခဏာကို ဃနလေးမျိုးကဖုံးထားပါတယ်၊ ဃနပြိုမှ အနတ္တမြင်ပြီး အတ္တစင်မှာဖြစ်ပါတယ်၊

## ဝေဒနာကို(၁၁)ပါးဖြင့်ဝေဖန်၍ရှုပုံ

ယာကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကာဝါ သုခုမာဝါ ဟီနာဝါ ပဏီတာဝါ ယာ ဒူရေ သန္တိကေဝါ၊ သဗ္ဗာ ဝေဒနာ "နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

အတိတ်ဖြစ်စေ အနာဂတ်ဖြစ်စေ ပစ္စုပ္ပန်ဖြစ်စေ ကိုယ်တွင်းကဖြစ်စေ ကိုယ်ပကဖြစ်စေ အကြမ်းဖြစ်စေ အနုဖြစ်စေ အယုတ်အညံ့ဖြစ်စေ အကောင်းအမြတ်ဖြစ်စေ အဝေးဖြစ်စေ အနီးဖြစ်စေ ဝေဒနာဟူသမျှကို "ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်"ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်းသိအောင် ရှုရအားထုတ်ရမည်၊

ဒီဒေသနာကတော့ ခံစားမှုဝေဒနာကို အတိတ် အနာဂတ်စသည် (၁၁)မျိုးဖြင့် ဝေဘန်၍ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာဖြင့် ရှုရန်ညွှန်ကြားတော်မူတဲ့ ဒေသနာဖြစ်ပါတယ်၊ ခံစားမှုဝေဒနာကို ဟိုရှေးရှေးဘဝတွေက ဖြစ်ခဲ့တဲ့ဝေဒနာ၊ ယခုဘဝမှာလဲ လွန်ခဲ့သော နှစ်တွေ လတွေ ရက်တွေက ဖြစ်ခဲ့တဲ့ဝေဒနာ၊ ဒီတစ်ရက်ထဲမှာပဲ လွန်ခဲ့တဲ့နာရီပိုင်း၊ မိနစ်ပိုင်း၊ စက္ကန့်ပိုင်း အချိန်ပိုင်းကဖြစ်ပြီး ဖြစ်တဲ့ဝေဒနာများကိုတော့ အတိတ်ဝေဒနာခေါ်ပါတယ်၊ ယခုအခိုက်အတန့် ခံစားမှုကတော့ ပစ္စုပ္ပန် ဝေဒနာဖြစ်ပါတယ်၊ နောင်ကာလမှာခံစားမှုတွေက အနာဂတ်ဝေဒနာများဖြစ်ပါတယ်၊ နှာသီးဝမှာ စိတ်ကိုထား ဝင်လေ ထွက်လေကို ရှုမှတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ချမ်းသာတဲ့ ဝေဒနာ၊ နာကျင်ခံခက်တဲ့ဝေဒနာ၊ အလယ် အလတ်ဝေဒနာများနဲ့ ရင်ဆိုင်ရ ခံစားရမှာပါပဲ၊ ထိုကဲ့သို့ ခံစားလာရတဲ့အခါမှာ– ဝေဒနာဆိုတာ သင်္ခတပရမတ္ထတရားဖြစ်ပါတယ်၊ သင်္ခတတရားမှန်ရင် မမြဲ ဆင်းရဲ အစိုးမရမို့ ဘယ်ဝေဒနာမှ မိမိခန္ဓာမှာ ကြာကြာဖြစ်မနေပါ၊ ဖြစ်ပြီးပျက်ရတဲ့သဘောပါ၊ နှာသီးဝကိုစိတ်စိုက် ရှုမှတ်နေတဲ့ယောဂီဟာ သမာဓိဉာဏ်ရင့်သန်လာတဲ့အခါမှာတော့ ဝေဒနာရဲ့ ဖေါက်ပြန် ပြောင်းလွဲနေတဲ့ သဘောတွေကို ဉာဏ်ထဲမှာထင်ထင်ရှားရှား မြင်လာရပြီး ဘယ်ဝေဒနာကိုမှ ငါကောင် အနေနဲ့ထင်မှတ်ပြီး ငါခံစားတယ်၊ ခံစားတာငါပဲစသည်ဖြင့် မစွဲလမ်းတော့ပါဘူး၊ ရုပ်ကို သုံးမျိုးဝေဘန်ရှုရသလို ဝေဒနာကိုလဲ ရှုရမှာဖြစ်ပါတယ်၊ အဇ္ဈတ္တဗဟိဒ္ဓဆိုတာကတော့ အာရုံအနေနဲ့ ပြောင်းလဲဖြစ်ပုံကို ရည်ရွယ်၍ အတွင်းဝေဒနာ အပြင်ဝေဒနာရယ်လို့ ခွဲခြားပါတယ်၊ ခန္ဓာကိုယ်ထဲက အာရုံကိုအကြောင်းပြုပြီးခံစားမှုကို အတွင်းဝေဒနာ၊ ခန္ဓာကိုယ်ပြင်ပအာရုံကို အကြောင်းပြုပြီး ခံစားမှုကိုတော့ အပြင်ဝေဒနာ ရယ်လို့သတ်မှတ်ပါတယ်၊

သာမန်ပုဂ္ဂိုလ်များက နာကျင်ခံခက် ဆင်းရဲတဲ့ ဝေဒနာကို အကြမ်းဝေဒနာလို့သတ်မှတ်ပြီး ထိုဆင်းရဲဝေဒနာ သက်သာလာရာမှာတော့ ဝေဒနာအနုစားဖြစ်လာတယ်လို့ သတ်မှတ်ပါတယ်၊ ယောဂီပုဂ္ဂိုလ်ကတော့ ဆင်းရဲဝေဒနာ အကြမ်းက အနုဝေဒနာဖြစ်လာတာမဟုတ်၊ အနုကအကြမ်းဖြစ်လာတာလဲမဟုတ်၊ အဟောင်းဝေဒနာတွေ ပျက်ပျက်သွားပြီး၊ အသစ်ဝေဒနာတွေ ဖြစ်ဖြစ်လာတယ်လို့ ရှုမှတ်ပါတယ်၊ နာကျင်ခံခက် ဆင်းရဲတာက အယုတ်ဝေဒနာ၊ သက်တောင့် သက်သာဖြစ်တာက အမြတ်ဝေဒနာ၊ နှစ်လုံးမသာယာဖြစ် စိတ်ဆင်းရဲ စိတ်ညစ်ရတာကအယုတ်ဝေဒနာ၊ ဘုရားအာရုံပြု နှစ်လုံးရွှင်လမ်း အေးခြမ်းမှုဖြစ်ရတာက အမြတ်ဝေဒနာဖြစ်ပါတယ်၊ အနီး အဝေး ဝေဒနာဆိုတာကတော့ အာရုံပြုပုံကို ရည်ရွယ်လျက် အနီးကိုအာရုံပြု ဖြစ်ပေါ်လာတဲ့ခံစားမှုဝေဒနာနဲ့ အဝေးကိုအာရုံပြု ဖြစ်ပေါ်လာတဲ့ ခံစားမှုဝေဒနာဟူ၍ (၁၁)မျိုးရှိပါတယ်၊ ထိုဝေဒနာများဟာ ဖြစ်ပျက် ပေါ်ပျောက်သဘောပါ၊ တည်နေတယ် မြဲနေတယ်ရယ်လို့မရှိပါ၊ မြဲတဲ့ သဘောမရှိတာကြောင့် ဝေဒနာငါ့ဟာမဟုတ် ငါမဟုတ် ငါ့အတ္တမဟုတ်ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်းသိမြင်အောင် ရှုမှတ်ပွါးများ အားထုတ်ရမည်လို့ ဟောတော်မူပါတယ်၊

## သညာကို(၁၁)ပါးဖြင့်ဝေဘန်၍ရှုပုံ

ယာကာစိ သညာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ သညာ "နေတံ မမ၊ နေသော ဟ မသ္မိ၊ န မေ သော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

အတိတ်ဖြစ်စေ အနာဂတ်ဖြစ်စေ ပစ္စုပ္ပန်ဖြစ်စေ ကိုယ်တွင်းကဖြစ်စေ ကိုယ်ပကဖြစ်စေ အကြမ်းဖြစ်စေ အနုဖြစ်စေ အယုတ်အညံ့ဖြစ်စေ အကောင်းအမြတ်ဖြစ်စေ အဝေးဖြစ်စေ အနီးဖြစ်စေ သညာဟူသမျှကို "ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်"ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်းသိအောင် ရှုရအားထုတ်ရမည်၊

အတိတ်ဘဝက မှတ်သားမှုသညာကိုပဲ ငါကောင်အနေနဲ့ ထင်မှတ်နေတာပါ၊ ငါမှတ်သားတယ်၊ မှတ်သားတာ ငါပဲလို့ ထင်မှတ်နေပါတယ်၊ ယခုဘဝမှာလဲ လွန်ခဲ့တဲ့ နှစ် လ ရက် နာရီပိုင်းက မှတ်သား

ခဲ့တာတွေက အတိတ်သညာ၊ ယခုမှတ်သားဆဲက ပစ္စုပ္ပန်သညာ၊ နောင်မှတ်သားမဲ့သညာက အနာဂတ် သညာ၊ဒီသညာအမျိုးမျိုးကိုလဲ အတ္တစွဲကြီးလွန်းသူတွေက ငါကောင်အနေနဲ့ထင်နေတာပါ၊ အတွင်းအပကို အာရုံပြုမှတ်သားတဲ့သညာ၊ အပြစ်မကင်းတဲ့ မှတ်သားမှုသညာတွေက အကြမ်းစားဖြစ်ပြီး ဘုရားအာရုံပြု မှတ်သားတာကတော့ သိမ်မွေ့တဲ့သညာဖြစ်ပါတယ်၊ ကြမ်းတမ်းတဲ့အာရုံတွေကို မှတ်သားတာက ဟီန သညာ၊ သိမ်မွေ့နူးညံ့တဲ့ အာရုံတွေကို မှတ်သားတာက ပဏီတသညာ၊ ထိုသညာအမျိုးမျိုးတွင်လဲ အဝေး သညာသည် အနီးသညာသို့ မရောက်ခင် ချုပ်ပျောက်သွားသလို ကြမ်းတမ်းတဲ့သညာကလဲ သိမ်မွေ့တဲ့ သညာအဖြစ်မရောက်ခင် ချုပ်ပျောက်သွားတာကြောင့် မမြဲ ဆင်းရဲ အစိုးမရ အနိစ္စ ဒုက္ခ အနတ္တပါပဲ၊ ငါ့သညာမဟုတ်၊ ငါမဟုတ်၊ ငါ့ရဲ့အတ္တမဟုတ်ဟု ဟုတ်တိုင်းမှန်စွာ ရှုဆင်ခြင်ရမှာပါ၊

## သင်္ခါရက္ခန္ဓာကို(၁၁)ပါးဖြင့်ဝေဘန်၍ရှုပုံ

ယေကေစိ သင်္ခါရာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကာဝါ သုခုမာဝါ ဟီနာဝါ ပဏီတာဝါ ယေ ဒူရေ သန္တိကေဝါ၊ သဗ္ဗေ သင်္ခါရာ "နေတံ မမ၊ နေသော ဟမသ္မိ၊ နမေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

အတိတ်ဖြစ်စေ အနာဂတ်ဖြစ်စေ ပစ္စုပ္ပန်ဖြစ်စေ ကိုယ်တွင်းကဖြစ်စေ ကိုယ်ပကဖြစ်စေ အကြမ်း ဖြစ်စေ အနုဖြစ်စေ အယုတ်အညံ့ဖြစ်စေ အကောင်းအမြတ်ဖြစ်စေ အဝေးဖြစ်စေ အနီးဖြစ်စေ သင်္ခါရ ဟူသမျှကို "ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်"ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်းသိအောင် ရှု ရ အားထုတ်ရမည်၊ သင်္ခါရအရ စေတနာခေါင်းဆောင်တဲ့ စေတသိက်ကို ကောက်ရပါတယ်၊ အတိတ်က ပြုလုပ်အားထုတ်မှုများလဲ ပစ္စုပ္ပန်မရောက်ခင် အတိတ်မှာပဲချုပ်ပျောက်ခဲ့ပါပြီ၊ ပစ္စုပ္ပန်ပြုလုပ်အားထုတ် မှုများလဲ အနာဂတ်မရောက်ခင်ပဲ ချုပ်ပျောက်သွားပါတယ်၊ အနာဂတ်မှာကြံစည်အားထုတ်မှုများလဲ သူ့ အခိုက်အတန့်မှာ ချုပ်ပျောက်လို့သွားတာပါ၊ကိုယ်တွင်းက တရားကို အကြောင်းပြု၍ ကြံစည်အားထုတ် မှုသင်္ခါရ၊ ကိုယ်ပတရားကို အကြောင်းပြု၍ ကြံစည်အားထုတ်မှုသင်္ခါရများကိုတော့ အဇ္ဈတ္တ ဗဟိဒ္ဓသင်္ခါရ ခေါ်ပါတယ်၊ ကြမ်းကြမ်း တမ်းတမ်း ပြုလုပ်ရန် ကြံစည်အားထုတ်မှု အကြမ်းစားသင်္ခါရ၊ သိမ်သိမ် မွေ့မွေ့ ပြုလုပ်ရန် ကြံစည်အားထုတ်မှု အနုစားသင်္ခါရ၊ အကုသိုလ်ပြုရန် ကြံစည်အားထုတ်တာက ယုတ်ညံ့တဲ့ သင်္ခါရ၊ ကုသိုလ်ပြုရန် အားထုတ်တာက အမြတ်သင်္ခါရ၊ ထိုကုသိုလ်မှာလဲ ဒါနပြုဖို့ထက် သီလဆောက် တည်ဖို့ ကြံစည်အားထုတ်တဲ့ သင်္ခါရကမြတ်တယ်၊ သီလဆောက်တည်ဖို့ထက် ဘာဝနာပွါးဖို့ ကြံစည် အားထုတ်မှု သင်္ခါရကမြတ်ပါတယ်၊ ထိုဘာဝနာတွင်လဲ သမထဘာဝနာအားထုတ်တာထက် ဝိပဿနာ ဘာဝနာ ပွါးများအားထုတ်မှုသင်္ခါရက ပိုမြတ်လို့ နေပါတယ်၊ အဝေးအာရုံကို ကြံစည်အားထုတ်တဲ့သင်္ခါရ၊ အနီးအာရုံကို ကြံစည်အားထုတ်တဲ့ သင်္ခါရဆိုပြီး (၁၁)မျိုးရှိရာ ယုတ်ညံ့တဲ့ သင်္ခါရသည် အမြတ်စားဖြစ်တဲ့ သင်္ခါရမရောက်ခင်မှာပဲ ချုပ်ပျောက်သွားပါတယ်၊ အမြတ်စားသင်္ခါရလဲ ယုတ်ညံ့တဲ့သင်္ခါရမရောက်ခင် ချုပ်ပျောက်လို့သွားတာကြောင့် မမြဲ ဆင်းရဲ အစိုးမရ စသည်ဖြင့် ရှုရမှာပါ၊

## စိတ်ဝိညာဏ်ကို(၁၁)ပါးဖြင့်ဝေဘန်၍ရှုပုံ

ယံကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံဒူရေ သန္တိကေဝါ၊ သဗ္ဗံ ဝိညာဏံ "နေတံ မမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

အတိတ်ဖြစ်စေ အနာဂတ်ဖြစ်စေ ပစ္စုပ္ပန်ဖြစ်စေ ကိုယ်တွင်းကဖြစ်စေ ကိုယ်ပကဖြစ်စေ အကြမ်း ဖြစ်စေ အနုဖြစ်စေ အယုတ်အညံ့ဖြစ်စေ အကောင်းအမြတ်ဖြစ်စေ အဝေးဖြစ်စေ အနီးဖြစ်စေ ဝိညာဏ် ဟူသမျှကို "ငါ့ဟာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်"ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်းသိအောင် ရှုရ အားထုတ်ရမည်၊

လောကမှာစိတ်ကိုခေါင်းတပ်ပြီးပြောကြပါတယ်၊ လူတစ်ယောက်လောဘ ဒေါသ မောဟဖြစ်နေ ယင် ဒီလူ လိုချင် တပ်မက်စိတ်ဖြစ်နေတယ်၊ ပြစ်မှားစိတ်ဖြစ်နေတယ်၊ တွေဝေတဲ့စိတ်ဖြစ်နေတယ် စသည် ဖြင့် ပြောနေကြတာပါ၊အဋ္ဌကထာမှာလဲ စိတ်ကိုရှေးဦးစွာပြပြီးမှ ယှဉ်ဘက်စေတသိက်တရားကို နောက်မှ ပြပါတယ်၊ စိတ်က ဘဝအဆက်ဆက်ဖြစ်လာခဲ့တာပါ၊ ဘဝတစ်ခုမှာ ပဋိသန္ဓေစိတ်က စဖြစ်ပါတယ်၊ စုတိ

စိတ်ချုပ်သွားတာနဲ့တပြိုင်နက် ကုသိုလ်ကံ အကုသိုလ်ကံ အားလျော်စွာ သေခါနီးယူခဲ့တဲ့အာရုံကို အစွဲပြုပြီး ဘဝသစ်မှာ စိတ်အသစ်ဖြစ်လာပါတယ်၊ အဲဒီစိတ်ကိုတော့ ဘဝဟောင်းနဲ့ ဘဝသစ်ကို ဆက်စပ်ပေးတဲ့ ပဋိသန္ဓေစိတ်လို့ ခေါ်ပါတယ်၊ ပဋိသန္ဓေစိတ်ဖြစ်ပြီး ဘဝင်စိတ်ဖြစ်ပါတယ်၊ မြင်စိတ် ကြားစိတ် နံစိတ်တို့လဲ ဖြစ်ပြီးချုပ်သွားကြတာပါ၊ ဘဝတစ်ခု တစ်ခု၌ စုတိခါနီးကာလဝယ် ကံ ကမ္မနိမိတ် ဂတိနိမိတ်ကို အာရုံပြုပြီးဖြစ်တဲ့ မရဏာသန္နဇီထိဖြစ်ပါတယ်၊ ဘဝင်စိတ်အစဉ်မှာ ဆင်ခြင်တဲ့ အာဝဇ္ဇန်းစိတ်ဆိုတာဖြစ်ပါတယ်၊ အာဝဇ္ဇန်းစိတ်က ဘာကိုဆင်ခြင်သလဲဆိုတော့ ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံကိုဖြစ်စေ၊ ထိုကံရဲ့အာရုံကိုဖြစ်စေ၊ နောက်ဘဝသစ်ရဲ့ အာရုံနိမိတ်ကိုဖြစ်စေ တစ်မျိုးမျိုးကို ဆင်ခြင်ပါတယ်၊ ထိုစိတ်ချုပ်သွားပြီး ဘဝင်စိတ်ဖြစ်ကာ စိတ်အစဉ်ပြတ်ဆဲသွားပြီး စုတိပါတော့တယ်၊ ဒါကိုစုတိစိတ် ခေါ်ပါတယ်၊ ထိုစိတ်များလဲ သူ့အခိုက်အတန့်တွင်ပဲ ဖြစ်ပြီး ချုပ်သွားကြတာပါ၊

ရှေးကဖြစ်ပြီးတဲ့စိတ်၊ ယခုဖြစ်ဆဲစိတ်၊ နောင်ဖြစ်လတ့်စိတ်များလဲ ဖြစ်ပြီးချုပ်သွားပါတယ်၊ ကိုယ်ထဲက အာရုံပြုပြီးဖြစ်တဲ့ စိတ်ဟာလဲ အပြင်အာရုံသို့မရောက်၊ ပြင်ပအာရုံပြုဖြစ်တဲ့စိတ်ကလဲ ကိုယ်တွင်းအာရုံသို့မရောက်ပဲ ချုပ်ပျက် သွားပါတယ်၊ ကြမ်းတမ်းတဲ့ ဒေါသစိတ်၊ သိမ်မွေ့နူးညံ့တဲ့ မေတ္တာစိတ်၊ ယုတ်ညံ့အောက်ကျတဲ့ အကုသိုလ်စိတ်၊ မွန်မြတ်ဖြူစင်တဲ့ ကုသိုလ်စိတ်၊ အဝေးကိုလှမ်းအာရုံပြုတဲ့စိတ်၊ အနီးကိုအာရုံပြုဖြစ်တဲ့စိတ်များလဲ သူ့အခိုက်တွင်ပဲ ချုပ်ပျောက် သွားကြတာမို့ မမြဲ ဆင်းရဲ အစိုးမရ ဟု မှတ်ရပါမည်၊ စိတ်ဝိညာဏ် ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ့အတ္တမဟုတ်ဟု ဟုတ်တိုင်းမှန်စွာ ရှုမှတ်ဆင်ခြင်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ စိတ်ဝိညာဏ်ကို ငါကောင် အတ္တကောင် ဝိညာဏ်ကောင် အသက်ကောင် လိပ်ပြာကောင်အနေနဲ့ မစွဲလမ်းတော့ပါဘူး၊

## နိဗ္ဗိန္ဒဉာဏ်မှစ၍မဂ်ကိစ္စဖြစ်ပုံ

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ (နိတ်ဗိန်ဒတိဟုဖတ်)

ရဟန်းတို့–ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့် ရှုမြင်သော အကြားအမြင်နဲ့ပြည့်စုံတဲ့ အရိယာသာဝကသည် ရုပ်တရား၌ တပ်မက်မှုမရှိ ငြီးငွေ့လာ၏၊ ခံစားမှုဝေဒနာ၌လည်း တပ်မက်မှုမရှိငြီးငွေ့လာ၏၊ မှတ်သားမှုသညာ၌လည်း တပ်မက်မှုမရှိ ငြီးငွေ့လာ၏၊ အားထုတ်မှုသင်္ခါရတို့၌လည်း တပ်မက်မှုမရှိ ငြီးငွေ့လာ၏၊ ကြံစည်တွေးတောမှု စိတ်ဝိညာဏ်၌လည်း တပ်မက်မှုမရှိငြီးငွေ့လာ၏၊ ခန္ဓာငါးပါးကို မမြဲ ဆင်းရဲ အစိုးမရလို့ မပြတ်ရှုမှတ်ပွါးများနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ် နာမ်တွေ ပျက်ပျက်သွားတာကိုချည်းတွေ့လာရတဲ့အခါမှာတော့ အချိန်မရွေး သေနိုင်တယ်ဆိုတာသိရလို့ ကြောက်ရွံ့ထိတ်လန့်ကာ ဘယဉာဏ်ဖြစ်လာပါတယ်၊ ရုပ်ခန္ဓာကို ကြောက်စရာအဖြစ်ထင်လာတဲ့ အခါမှာ အပြစ်မြင်လာပါတယ်၊ တွယ်တာတပ်မက်မှုကင်းစင် အပြစ်မြင်လာတဲ့အခါ ခန္ဓာရဲ့အပေါ်မှာငြီးငွေ့လာပါတယ်၊ ငြီးငွေ့တယ်ဆိုတာက စိတ်ငြစ် စိတ်ပျက်သွားတာမဟုတ်ပါ၊ သောမနဿစိတ်နဲ့ ကြည်လင်ပြီး ရုပ်နာမ်ရဲ့အပေါ်မှာ မတွယ်တာမတပ်မက်တော့ပဲ ငြီးငွေ့လာတာပါ၊ ဒါ နိဗ္ဗိန္ဒဉာဏ်ခေါ်ပါတယ်၊ (နိတ်ဗိန်ဒညန်) ပင်လယ်ထဲ သင်္ဘောပျက်လို့ လက်ပြစ်ကူးတဲ့အခါ ပေါလော ပေါလောနဲ့ပေါ်လာတဲ့ အရာဝတ္ထုတစ်ခုကိုမြင်တာနဲ့ အားကိုးတကြီး လှမ်းဖက်လိုက်ပါတယ်၊ အသေအချာကြည့်လိုက်တော့ မိကျောင်းမှန်း သိရတယ်၊ ဒီလိုသိရတဲ့အခါမှာ တွယ်ဖက်မထားလိုတော့ပဲ ငြီးငွေ့စိတ်ပျက်လာသလို အဖြစ်အပျက်က မပြတ်နှိပ်စက်နေလို့ မမြဲ ဆင်းရဲ အစိုးမရတဲ့ ခန္ဓာရဲ့အပြစ်ကို မြင်လာတဲ့ယောဂီပုဂ္ဂိုလ်ဟာလဲ မိမိရဲ့ ခန္ဓာအပေါ်မှာရော အချစ်ဆုံးဇနီးမယားရဲ့ ခန္ဓာအပေါ်မှာပါ ချစ်ခင် စုံမက် နှစ်သက် တွယ်တာမှုကင်းကာ ငြီးငွေ့လာပါတယ်၊ ဘာကြောင့်ငြီးငွေ့လာရသလဲဆိုတော့ အာဒီနဝခေါ်တဲ့ ခန္ဓာရဲ့အပြစ်ကိုမြင်လို့ ငြီးငွေ့စိတ်ဖြစ်လာတာပါ၊ ဦးဇင်းတို့တတွေမှာ အာဒီနဝ မဖြစ်ကြသေးလို့ (ဝါ) အပြစ်မမြင်ကြသေးလို့ ချစ်ခင်နေကြတာပါ၊ လောကမှာ တစ်ယောက်အပေါ်တစ်ယောက် အပြစ်မြင် လာပြီဆိုယင် မကြည့်ချင် မမြင်ချင်လောက်အောင် မုန်းတီးလာပါတယ်၊ ဒါက လောကခွင့်မလွတ်နိုင်တဲ့အပြစ်ကိုပြောတာပါ၊ ဝိပဿနာဉာဏ်ရင့်သန်တဲ့ ယောဂီပုဂ္ဂိုလ်ကတော့ လက်ရှိမိမိရထားတဲ့ ခန္ဓာရဲ့ မမြဲ ဆင်းရဲ အစိုးမရဟူသောအပြစ်ကိုမြင်လာပြီဆိုယင် ကိုယ့်ဇနီးမယားအပေါ်မှာဒေါသစိတ်နဲ့မဟုတ်ပဲ ကြည်လင်ဝမ်းမြောက်သော သောမနဿစိတ်နဲ့ အတူမနေချင်တော့တဲ့သဘောဖြင့် ငြီးငွေ့လာပါတယ်၊ ရိပ်သာကပြန်ထွက်လာခါစ အရှိန်မသေတဲ့

သဘောနဲ့ငြိမ်းငွေ့တာလဲရှိပါတယ်၊ တကယ်နိဗ္ဗာန်ဖြစ် ငြိမ်းငွေ့လာယင်တော့ ရှေးသူတော်ကောင်းကြီးတွေလို ရှိသမျှအကုန်စွန့်ပြီး တောထွက်တော့မှာပါ၊ ယခု ပဥ္စဝဂ္ဂီရဟန်းတော်များဟာ တကယ်ငြိမ်းငွေ့လို့ ဘုရားထံမှာရဟန်းပြုခဲ့ကြပြီမဟုတ်ပါလား၊

**လက္ခဏာရေးသုံးပါးမြင်လျှင်နိဗ္ဗိန္ဒဉာဏ်ဖြစ်**

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ၊

ယဒါ ပညာယ ပဿတိ၊ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ၊ *(ဓမ္မပဒပါဠိတော်)*

ကံ စိတ် ဥတု အာဟာရ အကြောင်းတရားလေးပါး ပြုပြင်ဖန်တီးလို့ ဖြစ်လာတဲ့ ရုပ် နာမ် တရားများဟာ"ဖြစ်လျှင် ပျက်မြဲ မလွဲတန်ထွာ ဓမ္မတာတည်း"ဟူသော စကားအရ ဖြစ်လိုက် ပျက်လိုက်နဲ့ မမြဲတဲ့ အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊ အစိုးမရတဲ့ အနတ္တလို့ ဝိပဿနာတင် ရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်ဟာ ခန္ဓာငါးပါးရဲ့အပေါ်မှာ ငြီးငွေ့တဲ့ နိဗ္ဗိန္ဒဉာဏ်ဖြစ်ပါတယ်၊ ဒီပါဠိသုံးပုဒ်တွင် "သဗ္ဗေ သင်္ခါရာ ဒုက္ခာ"ဖြင့် သင်္ခါရအရ ရုပ်နာမ်တရားများကိုမယူပဲ၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာကဲ့သို့ ကုသိုလ် အကုသိုလ်ကို ယူခဲ့သော် ကုသိုလ်လုပ်လဲ ဒုက္ခ၊ အကုသိုလ်လုပ်လဲ ဒုက္ခ၊ ဒါနပြုလဲ ဒုက္ခ၊ သီလဆောက်တည်လဲ ဒုက္ခ၊ တရားအားထုတ်လဲ ဒုက္ခ၊ ဘာမှမလုပ်နဲ့ လုပ်လေသမျှ ဆင်းရဲတွေချည်းပဲလို့ အဓိပ္ပါယ်အယူ လွဲသွားပါလိမ့်မယ်၊ ဒါကြောင့် ဒီနေရာမှာ "သင်္ခါရာ"အရ ကုသိုလ် အကုသိုလ် စေတနာကိုမယူပဲ ရုပ်နာမ်တရားများကိုယူရမှာ ဖြစ်ပါတယ်၊

"နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ" ခန္ဓာငါးပါး ရုပ် နာမ်တရားရဲ့ အပေါ်မှာ ငြီးငွေ့လာတဲ့ ယောဂီပုဂ္ဂိုလ်ဟာ တပ်မက်မှုကင်း သန့်ရှင်းသော အရိယာမဂ်ဖြစ်လာပါတယ်၊ အရိယာမဂ်ဖြစ်ခြင်းကြောင့် အာသဝေါတရားတို့မှ လွတ်မြောက် သွားပါတော့တယ်၊ ရုပ်နာမ်ခန္ဓာကို အတ္တဖြစ်တယ်၊ အစိုးရတယ်ထင်လို့ တဏှာနဲ့စွဲလမ်းတပ်မက်နေတာပါ၊ အနတ္တ=အစိုးမရပါကလားလို့ သိလိုက်ပြီလဲဆိုရော ခန္ဓာအပေါ် မှာ စွဲလမ်းတပ်မက် နှစ်သက်တွယ်တာနေတဲ့ တဏှာကင်းကာ အရိယာမဂ်ဖြစ်ပေါ်လာပါတယ်၊

သောတာပတ္တိမဂ်ဖြစ်ပေါ်လာရာမှာ ဒိဋ္ဌိ ဝိစိကိစ္ဆာနဲ့ အပါယ်ကိုလားစေတပ်တဲ့ အကြမ်းစားကိလေသာတွေကင်းသွားပါတယ်၊ သကဒါဂါမိမဂ်အခိုက်မှာ ကြမ်းတမ်းတဲ့ လောဘ ဒေါသ ကိလေသာအာသဝေါတွေကင်းသွားပါတယ်၊ အနာဂါမိမဂ်အခိုက်မှာ သိမ်မွေ့နူးညံ့တဲ့ လောဘ ဒေါသစတဲ့ကိလေသာတွေကင်းပြီး အရဟတ္တမဂ်အခိုက်မှာတော့ ဘဝရာဂ မာန ဥဒ္ဓစ္စစတဲ့ကြွင်းကျန်သော ကိလေသာအားလုံး ကင်းသွားပါတော့တယ်၊

**ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပုံ**

ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ "ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာ"တိ ပဇာနာတိ၊ န+အပရံ+ဣတ္ထတ္တာယ+ဣတိ၊ *(အနတ္တလက္ခဏသုတ်)*

ကိလေသာတို့မှ လွတ်ပြီးသည်ရှိသော် ကိလေသာတို့မှလွတ်ပြီဟု ဆင်ခြင်သော အသိဉာဏ်ဖြစ်ပေါ်လာ၏၊ ပဋိသန္ဓေနေရခြင်း မရှိတော့ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုသင့်ပြုထိုက်သော မဂ်ကိစ္စကို ပြုပြီးပြီ၊ အထက်မဂ် အကျိုးငှာ ပွါးစေဖွယ်ကိစ္စမရှိတော့ပြီဟု အပြားအားဖြင့်သိ၏၊

ဒါကတော့ ရဟန္တာပုဂ္ဂိုလ်၏ဆင်ခြင်ပုံ ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပါတယ်၊ မြတ်စွာဘုရားက အနတ္တလက္ခဏသုတ်ကို ဟောတော်မူပြီးတယ်ဆိုရင် တဏှာ မာန ဒိဋ္ဌိစတဲ့ ကိလေသာတို့မှကင်းပြီး ရဟန္တာဖြစ်တော်မူကြပါတယ်၊ ကိလေသာလွတ်ပြီဆိုတော့ ခီဏာ ဇာတိ-ပဋိသန္ဓေလဲမနေရတော့ပါဘူး၊ ပဋိသန္ဓေနေတယ်ဆိုတာ မသိမှု အဝိဇ္ဇာနဲ့ လိုချင်မှုတဏှာ အဖော်ရှိလို့ ကံတွေကအကျိုးပေးနေတာပါ၊ အဝိဇ္ဇာနဲ့ တဏှာကုန်ခန်းသွားတဲ့အခါမှာ ကံကလဲအဖော်မဲ့ **Lonely** ဖြစ်ကာ နောက်ဘဝတွင် ရုပ်သစ် နာမ်သစ် ခန္ဓာသစ်ဆိုတာ မလာတော့ပါ၊ ဘဝဟောင်းနဲ့ ဘဝသစ်ကို ဆက်စပ်ပေးတဲ့ တဏှာတည်းဟူသောအစေးခန်းခြောက်သွားတဲ့အခါမှာတော့ ပဋိသန္ဓေဆိုတာလဲ မရှိတော့ပါဘူး၊ မြင့်မြတ်သောအကျင့်ကိုလဲ ကျင့်သုံးပြီးပြီ၊ ပြုသင့်ပြုထိုက်သော မဂ်ကိစ္စကိုလဲ ပြုပြီးပြီ၊ အထက်မဂ်အတွက် ပွါးဖို့ရန်လဲ မရှိတော့ပြီဟု သိတော်မူပါတယ်၊ ဒီအနတ္တလက္ခဏသုတ်တော်ကို ဟောတော်မူလိုက်တဲ့အခါမှာငါးပါးစလုံး ရဟန္တာဖြစ်တော်မူကြပြီး မြတ်စွာဘုရားနှင့်တကွရဟန္တာငါးပါး၊ ပေါင်းအရိယာသံဃာခြောက်ပါး လောက၌စတင်ပွင့်ထွန်းပေါ်ပေါက်တော်မူလာပါတယ်၊ ဤစကားရပ်အထိ ဘုရားဟောပါဠိတော် ဖြစ်ပါသည်၊

## သံဂါယနာတင်မှတ်တမ်း

ဣဒ မဝေါစ ဘဂဝါ၊ အတ္တမနာ ပဥ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ၊ ဣမသ္မိံစ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဥ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ၊

(မှတ်ချက်) အဘိနန္ဒုန္တိကို အဘိနန်ဒုန်တိ၊ ဘညမာနေကိုဘင်ညမာနေ၊ ဝိမုစ္စိံသူတိ=ဝိမုတ်စိန်သူတိ ဟုဖတ်ပါ၊

မြတ်စွာဘုရားသည် ဤအနတ္တလက္ခဏာသုတ်တော်ကို ဟောတော်မူပြီး ငါးပါးအစုရှိကုန်သော ရဟန်းတော်တို့သည် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကြကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ သာသနာတော်ကိုဝမ်းမြောက်နှစ်သက် ရွှင်အားတက်လျက် လက်ခံကြကုန်ပြီ၊

ဤ အနတ္တလက္ခဏာသုတ်ကို ဟောတော်မူနေစဉ် ပဥ္စဝဂ္ဂီရဟန်းတော်တို့၏စိတ်တို့သည် တဏှာ ဒိဋ္ဌိတို့ဖြင့် တစ်စုံတစ်ခုသော အာရုံကို မယူမူ၍ အာသဝေါတရားတို့မှ လွတ်မြောက်ကြကုန်ပြီ၊ ဤစကား ရပ်ကား ပထမသံဂါယနာတင်စဉ်က အရှင်အာနန္ဒာလျှောက်ထားသော စကားဖြစ်ပါသည်၊

မြတ်စွာဘုရား ဟောကြားတော်မူသော အနတ္တလက္ခဏာသုတ်တော်ကို ပဥ္စဝဂ္ဂီရဟန်းတော်များ ဝမ်းမြောက်ဝမ်းသာ လက်ခံကြပါတယ်၊ ဒီနေရာမှာ "ဣမသ္မိံ ဝေယျာကရဏသ္မိံ" ဆိုတဲ့ ပါဠိက အထူး အဆန်းဖြစ်နေပါတယ်၊ မြတ်စွာဘုရားရဲ့ တရားတော်များက "နဝင်္ဂ သတ္ထုသာသနံ" ပါဠိအရ အင်္ဂါကိုးပါး နဲ့ ပြည့်စုံပါတယ်၊ အင်္ဂါကိုးပါးဆိုတာက=

(၁) သုတ္တ=စကားပြေသက်သက် ဟောထားတဲ့ ရတနသုတ်၊ မေတ္တသုတ် ဇဂ္ဂသုတ်စတဲ့ သုတ်များဖြစ်ပါတယ်၊

(၂) ဂေယျ=ဂါထာစကားပြေ နှစ်ထွေရောစပ် ဟောကြားထားအပ်သော သဂါထာဝဂ္ဂသံယုတ်လာ အာဒိတ္တသုတ် ကိံဒဒသုတ်စတဲ့ ဒေသနာများဖြစ်ပါတယ်၊

(၃) ဝေယျာကရဏ=တစ်စုံ တစ်ခုသော တရားအဓိပ္ပါယ်ကို အကျယ်ချဲ့ထွင် ဟောကြားသော တရားများဖြစ်ပါသည်၊ ဥပမာ=လောဘဆိုတာဘယ်လို၊ ဒေါသ မောဟဆိုတာ ဘယ်သဘောစသည်ဖြင့် ဟောထားသော တရားများဖြစ်ပါတယ်၊

(၄) ဂါထာ=ဂါထာဆိုတာ ဓမ္မပဒ၊ ထေရဂါထာ၊ ထေရီဂါထာ၊ သုတ္တနိပါတ်လာ သုတ်အမည်မရ သော စုဏ္ဏိယမဖက် သက်သက်သော ဂါထာများဖြစ်ပါတယ်၊

(၅) ဥဒါန=ဒီစကားက ပါဠိသက်မြန်မာဝေါဟာရဖြစ်ပြီး ဥဒါန်းဖြစ်ပါတယ်၊ သီမာကိုသိမ်ဟု ခေါ်သလိုပါပဲ၊ နှစ်သက်ရွှင်လမ်း ဝမ်းမြောက် ဝမ်းသာ ကျူးရင့်သော အနေကဇာတိသံသာရံ စသော စကားတော်ကို ဥဒါန်း လို့ခေါ်ပါတယ်၊

(၆) ဣတိဝုတ္တက=ဝုတ္တဥ္စေတံ ဘဂဝတာ (အပါဒါန်ပါဠိတော်) ဝုတ္တမိ ဇေကဓမ္မေ(မဇ္ဈိမနိကာယ် အဋ္ဌကထာ)နှင့် ဝုတ္တံ ယေန ယဒိ ယသ္မာ(ပါရာဇိကဏ်အဋ္ဌကထာ)တို့၌ ဟောတော်မူသကဲ့သို့ ဟောထား သောတရားများကို ဣတိဝုတ် ဟုခေါ်ပါတယ်၊

(၇) ဇာတက=ဘုရားအဖြစ်သို့ ရောက်တော်မမူခင် ရှေးဘဝကဖြစ်ခဲ့သော အကြောင်းအရာများကို ဟောထားသော ဝေဿန္တရာဇာတ်၊ မဟောသဓာဇာတ်စသည်တို့ ဖြစ်ပါတယ်၊

(၈) အဗ္ဘုတဓမ္မ=အဗ္ဘုတော ဝတ ဘော ဓမ္မော၊ အဗ္ဘုတော ဝတ လောကသ္မိံ *(ဇာတ်အဋ္ဌကထာ)* တို့၌ ဟောတော်မူသကဲ့သို့ အံ့သြဘနန်း ထူးဆန်းဖွယ်ရာ ဟောကြားထားသော ဒေသနာများကို အဗ္ဘုတ ဓမ္မ ခေါ်ပါတယ်၊

(၉) ဝေဒလ္လ=အမေးအဖြေပြု၍ ဟောကြားထားသော စူဠဝေဒလ္လသုတ်၊ မဟာဝေဒလ္လသုတ်၊ သမ္မာ ဒိဋ္ဌိသုတ်၊ သက္ကပဉှသုတ်တို့ဖြစ်ပါတယ်၊

ဤ အနတ္တလက္ခဏာသုတ်ကို ဟောတော်မူရာမှာတော့ ဘယ်ပုံစံဖြင့် ဘယ်လို ဟောတော်မူပါ သလဲဆိုတော့ "ရူပံ နိစ္စံဝါ အနိစ္စံဝါတိ=ရဟန်းတို့ သင်တို့ရုပ်တရားမြဲသလား၊ မမြဲဘူးလား" လို့ မေးတော် မူတဲ့အခါ "အနိစ္စံ ဘန္တေ=မမြဲပါဘုရား" လို့ ရဟန်းတော်များကဖြေပါတယ်၊ဤကဲ့သို့ အမေးအဖြေသဘော ဖြင့်အနတ္တ၏ အဓိပ္ပါယ်ကို အကျယ်ချဲ့ကာ ဂါထာမဖက် စုဏ္ဏိယစကားပြေသက်သက်ဖြင့် ဟောတော် မူထားသောကြောင့် "ဣမသ္မိံ ဝေယျာကရဏသ္မိံ" လို့ အရှင်အာနန္ဒာက မှတ်တမ်းတင် စီရင်တော် မူထား

ခြင်းဖြစ်ပါတယ်၊ ဤအနတ္တလက္ခဏသုတ်ကို နာကြားနေစဉ် (ဝါ) နာကြားပြီးသောအခါ ရဟန်းတော်တို့၏စိတ်သည် တဏှာဖြင့်လဲ ခန္ဓာငါးပါးအပေါ် တွယ်တာ တပ်မက် နှစ်သက်ခြင်းအလျှင်းမရှိ၊ ဒိဋ္ဌိဖြင့်လဲ ငါကောင် အသက်ကောင် ဝိညာဉ်ကောင်ရယ်လို့ မထင်မှားတော့ပဲ ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝဟူသော အာသဝေါလေးပါးမှကင်းလွတ်ကာ ရဟန္တာဖြစ်တော်မူပါသည်၊ ဤအနတ္တလက္ခဏသုတ်တော်ကို **BC** (၅၈၈) မဟာသက္ကရာဇ်(၁၀၃)ခု၊ ယနေ့မှပြန်၍ ရေတွက်လိုက်သည်ရှိသော် လွန်ခဲ့သော (၂၅၉၄)နှစ် ဝါဆိုလပြည့်ကျော် (၅)ရက်နေ့ ညနေ နေဝင်ခါနီး လထွက်ပြူစ အချိန်တွင် မိဂဒါဝုန်ရဂုံသာမော သားငှက်တို့အား ဘေးမဲ့ပေးရာဖြစ်သောတောဌ် ဟောကြားတော်မူခဲ့ပါသည်၊

## ဤ တွင်အနတ္တလက္ခဏသုတ်နိဂုံးကမ္မတ်အပြီးသတ်သတည်း

Q Q Q Q Q

**အနတ္တလက္ခဏသုတ်သင်တန်း**
**အနတ္တလက္ခဏသုတ်အကျဉ်းချုပ်**
**နတ္တော်လဆန်း(၇)ရက်**
၇၊၁၂၊၂၀၀၅

**အမွှန်းဂါထာမြန်မာပြန်**

(က) ဓမ္မစက္ကံ ပဝတ္တေတွာ၊ အာသဠှိယံ ဟိ ပုဏ္ဏမေ၊
နဂရေ ဗာရာဏသိယံ၊ က္လသိပတနဝှယေ ဝနေ၊
(ခ) ပါပေတွာဒိ ဖလံ နေသံ၊ အနတ္တမေန ဒေသယိ၊
ယံတံ ပက္ခေသ ပဥ္စမျံ၊ ဝိမုတ္တတ္ထံ ဘဏာမ ဟေ၊

**(မြန်မာပြန်)** ဗာရာဏသီအမည်ရှိသောမြို့၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ သက်ဆင်းကျရောက်ရာ က္လသိပတနအမည်ရှိသော သားငှက်တို့အား ဘေးမဲ့ပေးရာဖြစ်သော မိဂဒါဝုန်တောဝယ် အာသဠှိနက္ခတ်နှင့်ယှဉ်သော ဝါဆိုလပြည့်နေ့၌ ပဥ္စဝဂ္ဂီရဟန်းတို့အား တရားဦးဓမ္မစက် ဟောမြွက်တော်မူပြီး၍ နေ့ရက်အစဉ်ထေရ်အစဉ်အားဖြင့် သောတာပတ္တိဖိုလ်သို့ရောက်စေတော်မူပြီး၍ လကွယ်ပက္ခ ဝါဆိုလပြည့်ကျော် (၅) ရက်နေ့၌ ထိုပဥ္စဝဂ္ဂီရဟန်းတို့၏ အရဟတ္တဖိုလ်အကျိုးငှာ အနတ္တလက္ခဏသုတ်တော်ကို ဟောတော်မူပြီ၊ ထိုသုတ်တော်ကို အို–––သူတော်ကောင်းတို့ ညီညာဖျဖျ ငါတို့ရွတ်ဆိုကြကုန်စို့၊ *(ဆရာတော်ဦးဇုဒ်)*

### ဘယ်အချိန်ဘယ်နေရာမှာဟောတော်မူခဲ့ပါသလဲ

ဤအနတ္တလက္ခဏသုတ်တော်ကို **BC (588)** မဟာသက္ကရာဇ် (၁၀၃)ခု၊ ယနေ့မှပြန်၍ရေတွက်သည်ရှိသော် လွန်ခဲ့သော(၂၅၉၄)နှစ် ဝါဆိုလပြည့်ကျော် (၅)ရက်နေ့ ညနေ အရှေ့လောကဓာတ်မှလမင်းကြီးထွက်ပြူလာကာ လောကသားတို့အား ပြုံးရွှင်စွာဖြင့် **Welcome** လုပ် ကြိုဆိုနေပြီး၊ အနောက်လောကဓာတ်မှ နေမင်းကြီးက ကမ္ဘာလောကကြီးကို ဝမ်းနဲစွာဖြင့် **Good bye** လုပ်ကာ နှုတ်ခွန်းဆက်သအချက်ပြနေတဲ့အချိန်ဖြစ်ပါတယ်၊ ဒီအချိန်မှာ မိဂဒါဝုန် ရဂုန်သာမော သားငှက်တို့အား ဘေးမဲ့ပေးရာဖြစ်သောတောဌ် ဟောတော်မူခဲ့တာပါ၊ လူသားထဲက ပဥ္စဝဂ္ဂီ (၅)ဦးနှင့် နတ်ဗြဟ္မာများက မရေတွက်နိုင်အောင်များပြားလှစွာ မြတ်ဗုဒ္ဓ၏ဒုတိယဒေသနာဖြစ်တဲ့ အနတ္တလက္ခဏသုတ်ကို သဒ္ဓါကြည်ဖြူ နာယူနေကြပါလိမ့်မယ်၊ ကျေးငှက်သာရကာများဟာလဲ အိပ်တန်းတက်ချိန်ဖြစ်ပြီး မြတ်ဗုဒ္ဓ၏မေတ္တာတော်ကြောင့်ခြသေ့ သစ် ကျား သား သမင်များဟာ အချင်း ချင်း မေတ္တာသက်ဝင် ချစ်ခင်ကြကာ ဗုဒ္ဓမြတ်စွာ၏ တရား

တော်ကို ကြည်နူးစွာဖြင့် မြေမှာပျဝ၊ ရိုတုပ်ကွလျက်၊ ဂါရဝတရား စိတ်ဝယ်ထားကာ နာကြားနေကြမှာဖြစ်ပါတယ်၊ဓမ္မစကြာတရားတော်ကဲ့သို့ တရားဟောတော်မူချိန်အတိအကျမပါသော်လဲ အာရုံပြုကြည်ငြိုနိုင်အောင် တင်ပြထားခြင်းဖြစ်ပါသည်၊

ဒီတော့အနတ္တလက္ခဏသုတ်ရဲ့သက်တမ်းက နှစ်ပေါင်း(၂၅၉၄)နှစ်ရှိပြီလို့ဆိုရမှာပေါ့၊ ဒီနှစ်တွေကို ဘယ်လိုရေတွက်ခဲ့သလဲဆိုတော့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး ပထမသံဂါယနာတင်သောနှစ်မှစ၍ ရေတွက်လာခဲ့ရာ သက္ကရာဇ် (၆၂၂)ခုအရောက် သရေခေတ္တရာခေတ် သုမုန္ဒရီမင်းလက်ထက်မှာ ဖြိုခဲ့ပါတယ်၊ ထိုမှတဖန် စတင်ရေတွက်လာရာ သက္ကရာဇ်(၅၆ဝ)ခုနှစ်အရောက် ပုဂံခေတ် ပုပ္ပါးစောရဟန်းမင်းလက်ထက်မှာ တစ်ခါဖြိုပါတယ်၊ ထိုနှစ်ခါအဖြိုခံရတဲ့သက္ကရာဇ်(၁၁၈၂)ကို ယခုရောက်ဆဲ မြန်မာသက္ကရာဇ်(၁၃၆၇)ခုတွင်ထဲ့ပေါင်းက (၂၅၄၉)ရပါတယ်၊ ဒါသာသနာသက္ကရာဇ်ခေါ်တာပါ၊ ထိုသာသနာသက္ကရာဇ်တွင် မြတ်စွာဘုရားဝါတော် (၄၅)ဝါထဲ့ပေါင်းသော် အနတ္တလက္ခဏသုတ်ဟောတော်မူခဲ့တဲ့သက်တမ်း (၂၅၉၄)ဖြစ်ပါတယ်၊ သဗ္ဗညုစစ်ဘုရားအဖြစ်ရောက်တော်မူတာက မဟာသက္ကရာဇ်(၁ဝ၃)ခု ကဆုံလပြည့်နေ့၊ တရားဦးဓမ္မစက် ဟောမြွက်တော်မူတာက ဝါဆိုလပြည့်နေ့ဖြစ်ပါတယ်၊

ဝါဆိုလပြည့်နေ့မှာ ရှင်ကောဏ္ဍည သောတာပန်တည်ပါတယ်၊ နားကတရားနာ၊ ဉာဏ်ကခန္ဓာပေါ်ဖြန့်ထားပြီး ခန္ဓာရဲ့အဖြစ်အပျက်ကိုရှုရင်း သစ္စာလေးပါးသိကာ သောတာပန်ဖြစ်သွားပါတယ်၊ မြတ်စွာဘုရားက ဓမ္မစကြာတရားကိုဆက်ပြီး ဟောတော်မမူပါလိမ့်မယ်၊ ကျန်တဲ့ ပဥ္စဝဂ္ဂီများလဲ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာပေါ်စိုက်လို့ နာလိုက်တာလပြည့်ကျော်(၁)ရက်နေ့မှာ ရှင်ဝပ္ပသောတာပန်တည်ပါတယ်၊ တရားဟောရင်း ဘုရားက အနားကထိုင်ပြီး ကြပ်မတ်ပြုပြင်ပေးနေတာကြောင့် (၂)ရက်နေ့မှာ ရှင်ဘဒ္ဒိယ၊ (၃)ရက်နေ့မှာ ရှင်မဟာနာမ်၊ (၄)ရက်နေ့မှာ ရှင်အဿဇိတို့ သောတာပန်ဖြစ်ကြပါတယ်၊ ဒီရဟန်းတော်များကိုတော့(၅)ပါးအစုရှိတဲ့ပုဂ္ဂိုလ်မို့ ပဥ္စဝဂ္ဂီလို့ခေါ်ပါတယ်၊ သောတပန်ဖြစ်သွားတိုင်း ဖြစ်သွားတိုင်း "လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဉပသမ္ပဒံ" အရှင်ဘုရားတပည့်တော် မြတ်စွာဘုရားအထံတော်မှာ ရှင်အဖြစ်ကိုရလိုပါတယ်ဘုရား၊ ထိုမှ တစ်ဆင့်တက်လို့ ရဟန်းအဖြစ်ကို ရလိုပါတယ်ဘုရားလို့ တောင်းပန်ပါတယ်၊ ဒီလိုတောင်းပန်တိုင်း ဘုရားက "ဧဟိဘိက္ခု" ခေါ်တော်မူကာ ရဟန်းဖြစ်သွားကြတာပါ၊ ဝါဆိုလပြည့်ကျော်(၄)ရက်နေ့မှာတော့ အားလုံးရသေ့များမဟုတ်ကြတော့ပဲ ရဟန်းများဖြစ်ကုန်ကြပါပြီ၊ လပြည့်ကျော်(၅)ရက်နေ့မှာ အနတ္တလက္ခဏသုတ်တော်ကိုဟောဖို့ရာအတွက် ဘုရားရှင်ကိုယ်တော်မြတ်ကစပြီးခေါ်တော်မူလိုက်ပါတယ်၊ အဲဒီအခြေအနေကိုရာဇဂြိုဟ်မြို့ဝယ် ပထမသံဂါယနာတင်စဉ် ရှင်အာနန္ဒာမှတ်တမ်းတင်ထားတာကဒီလိုပါ---

"ဧဝံ မေ သုတံ ဧကံသမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ၊ ဣသိပတနေ မိဂဒါယေ"ဘုရားရှင်ကိုယ်တော်မြတ် ဗာရာဏသီမြို့အနီး ဣသိပတနမိဂဒါဝုန်တောမှာ လျှောင်း ထိုင် ရပ် သွားလေးပါးဣရိယာ မျှကာရွှင်ပျော် သီတင်းသုံးတော်မူခိုက်ဖြစ်ပါတယ်၊ "တတြ ခေါ ဘဂဝါ ပဥ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ၊ ဘိက္ခဝေါတိ" အဲဒီအချိန်မှာ ပဥ္စဝဂ္ဂီရဟန်းတို့ကို "ရဟန်းတို့"လို့ ခေါ်တော်မူလိုက်ပါသတဲ့၊ ပဥ္စဝဂ္ဂီရဟန်းတော်များက "ဘဒန္တေတိ တေဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊ ဘဂဝါ တေဒဝေါစ"အရှင်ဘုရားလို့ ပြိုင်တူထူးလိုက်ကြပြီး ဘုရားကတရားစတင်ဟောတော်မူလိုက်ပါတယ်၊

အနတ္တလက္ခဏသုတ်ကို ဓမ္မစကြာတရားဟောတော်မူတဲ့ နေရာနဲ့ မလှမ်းမကမ်း သိတ်မဝေးတဲ့နေရာမှာ ဟောတော်မူပါတယ်၊ မြတ်စွာဘုရားကဘာကြောင့် အနတ္တလက္ခဏသုတ်ကို ဟောရပါသလဲဆိုတော့ ရဟန္တာဖြစ်အောင်လို့ပါ၊ ယခုဖြစ်နေကြတာက သောတာပန်တွေ၊တဏှာ မာန ဒိဋ္ဌိဆိုတဲ့ပပဥ္စတရား သုံးပါးရှိတဲ့အနက် ဒိဋ္ဌိဆိုတဲ့ ပပဥ္စတရားပဲပယ်သေးတာပါ၊ တဏှာနဲ့ မာနကျန်ပါသေးတယ်၊ တဏှာပြုတ်မှ အနာဂါမ်ဖြစ်ပြီး မာနပြုတ်မှရဟန္တာဖြစ်မှာပါ၊ တဏှာ မာနပြုတ်ဖို့အတွက် ဒီသုတ်ကိုဟောပါတယ်၊ မြတ်စွာဘုရားက"ရူပံ ဘိက္ခဝေ အနတ္တာ"လို့ ဒီသုတ်တော်ကိုစတင်လိုက်ပါတယ်၊ ရဟန်းတို့ရုပ်တရား အတ္တမဟုတ်ပါ၊ အနတ္တဖြစ်တယ်လို့စလိုက်ပါတယ်၊ "ရုပ်တရားကြီးဟာ ကိုယ်စိုးကိုယ်ပိုင်မဟုတ်" လို့ ဟောတော်မူပါတယ်၊ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာလို့ ခန္ဓာငါးပါးရှိရာတွင် ရူပက္ခန္ဓာကစပြီးဟောပါတယ်၊ ဘာဖြစ်လို့ရုပ်တရားကစရသလဲဆိုတော့ အားလုံးဦးဇင်းတို့တတွေ ထင်နေကြတာက ဒီခန္ဓာငါးပါးထဲမှာ အတ္တကောင်ကလေးရှိတယ်၊ အသက်ကောင်၊ လိပ်ပြာကောင်၊ဝိညာဉ်

ကောင်ကလေးရှိတယ်လို့ထင်နေကြတာပါ၊ အဲဒီအကောင်ကလေးက သူ့ပဲလွှမ်းမိုးနေတယ်၊ သူ့ပဲအုပ်စိုးနေတယ်၊ သူ့ပဲချယ်လှယ်နေတယ်၊ သူ့ပဲဦးဆောင်ကာ ပိုင်ပိုင်ဆိုင်ဆိုင်လုပ်နေတယ်လို့ထင်နေပါတယ်၊ အဲဒါတွေမဟုတ်ပါဘူးလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက **Reject** လုပ်လိုက်ပါတယ်၊

ခန္ဓာငါးပါးထဲက အဦးဆုံးဖြစ်တဲ့ရုပ်တရားမှာ ကိုယ်ပိုင်ကိုယ်စိုးမရှိဘူးလို့ ဟောနေပါပြီ၊ တသံသရာလုံးကစွဲလာခဲ့တဲ့ အတ္တစွဲကြီးကို ဘုရားကပယ်ချလိုက်ပါတယ်၊ ရဟန်းတို့သင်တို့ရုပ်တရားကြီး အတ္တမဟုတ်ဘူး၊ ဘာကြောင့်အတ္တမဟုတ်သလဲဆိုတော့ "ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ"ရဟန်းတို့ ရုပ်တရားကြီးအတ္တဖြစ်မယ်ဆိုရင် ကိုယ်စီမံသလိုရမယ်ဆိုရင်"နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ"ဤငါ့ ရုပ်တရားသည် မကျမ်းမမာ ဖျားနာခြင်းမဖြစ်ပါစေနဲ့လို့တောင့်တလို့ရမှာပေါ့၊ ရရဲ့လားဆိုတော့တစ်ချို့ ကင်ဆာရောဂါဖြစ်တယ်၊ တစ်ချို့လေရောဂါ၊ တစ်ချို့သွေးတိုးရောဂါ၊တစ်ချို့ဦးဏှောက်အမေ့ရောင် ရောဂါနဲ့ တစ်ချို့အစာအိမ်ရောဂါဖြစ်ပါတယ်၊အခုထိုင်နေရင်းပဲ ညောင်းတာ ညာတာ ကိုက်တာ ခဲတာ ထုံတာ ကြင်တာတွေဖြစ်လာပါတယ်၊ ပိုင်တယ် စိုးတယ် စီမံသလိုရတယ်ဆိုရင် အဲဒါတွေမဖြစ်နဲ့ဟဲ့လို့ တောင့်တလို့ရမှာပေါ့၊ ခုတော့မရပါ၊ "လဗ္ဘေထစ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီတိ"ငါ၏ ရုပ်တရားသည် ဤသို့ အနာကင်းကွာ ကျမ်းကျမ်းမာမာ ချမ်းချမ်းသာသာ လှလှပပ တောင့်တောင့်တင်းတင်း ပြည့်ပြည့်ဖြိုးဖြိုးဖြစ်ပါစေ၊ ငါ၏ ရုပ်တရားသည် မကျမ်းမမာ မလှမပ၊ အကြီးတန် အရုပ်ဆိုး ဘီလူးသဘက်မျိုး မဖြစ်ပါစေနဲ့လို့ တောင့်တလို့ရနိုင်မှာပါ၊အတ္တက ပိုင်တယ် စိုးတယ်ဆိုရင်ငါ့ခန္ဓာသည်"လူမြင်ချစ်ခင် အသံကြားသနား"ဆိုတာလို ချောချောမောမော လှလှ ပပ တင့်တင့်တယ်တယ် ပြေပြေပြစ်ပြစ် ချစ်စရာရုပ်ကလေး ဖြစ်ပါစေလို့ ဒီလိုတောင့်တလို့ရနိုင်ရမှာပေါ့၊ ခုတော့မရပါ၊ အဲဒါထောက်သော အားဖြင့်မပိုင်ဘူး၊ အစိုးမရဘူး၊ အတ္တမဟုတ်ဘူးဆိုတာသိနိုင်တာပေါ့၊ "ယသ္မာ စခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ"ရဟန်းတို့ သင်တို့ရုပ်တရားသည် အတ္တမဟုတ် အစိုးမရသောကြောင့် မကျမ်းမမာ ဖျားနာခြင်းငှာဖြစ်ပါတယ်၊ ကိုယ်စိုး ကိုယ်ပိုင်မဟုတ်သောကြောင့်လဲ ရုပ်တရားကြီးအအေးမိ နှာစေး ချောင်းဆိုး သွေးတိုး ကင်ဆာ လေနာရောဂါတွေလဲ ဖြစ်နေရတာပါ၊ "န စ လဗ္ဘတိ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီတိ"ငါ၏ ရုပ်တရားသည် နတ်သမီးလေးတမျှ လှပတင့်တယ် ရှုချင့်စဖွယ် ဖြစ်ပါစေ၊ ငါ၏ရုပ်တရားသည် မလှမပ အရုပ်ဆိုး အကြည်းတန် စုံးမသဏ္ဌာန်မဖြစ်ပါစေနဲ့လို့ တောင့်တမရပါ၊ ဘာကြောင့်များလဲ၊ မစိုးမပိုင် အတ္တမဟုတ်လို့ပေါ့၊ စိုးပိုင်တယ် အတ္တဖြစ်မယ်ဆိုရင်ကိုယ်စီမံသလို ကိုယ်တောင့်တသလိုဖြစ်ရမှာပါ၊ ဘုရားရှင်ကိုယ်တော်မြတ်က ပဉ္စဝဂ္ဂီငါးပါးကိုဟောနေတာပါ၊ ရဟန်းတော်များလဲ အာရုံစူးစိုက်ပြီးနားထောင်နေပါတယ်၊ အတ္တကောင်၊ အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်၊ ဇီဝကောင်ကလေးရှိတယ်လို့လဲ ထင်နေပါတယ်၊ "ကာရကော ဝေဒကော သာမီ၊ နိဝါသီ သော သယံဝသီ"တဲ့ အတ္တကောင်လေးက ကာရကော=ပြုရေးပြုရာ ပေါ်ပေါက်လာလျှင် လျှော်စွာတစ်ခုခုဖြင့် ပြုစုလဲပြုစုတပ်တယ်၊ အရာရာတိုင်းကို ပြုလုပ်နိုင်တယ်၊ ဝေဒကော=ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးကို အကျိုးလျှော်ကန် ပေါ်လာပြန်လျှင် ခံစံလည်းခံစံတပ်တယ်၊ အကောင်းအဆိုးနှစ်မျိုးလုံးကို ခံစားတပ်တယ်၊ သာမီ=ခန္ဓာအိမ်ဆိုင်သမျှ၌ ပိုင်သအုပ်စီး အရှင်သခင်ကြီးလဲဟုတ်ပါတယ်၊ ခန္ဓာအိမ်ရဲ့ အရှင်သခင်ပါပဲ၊ နိဝါသီ=ဟောင်းခန္ဓာအိမ် ပျက်သည့်ချိန်ဝယ် ခန္ဓာအိမ်သစ် ပြောင်းကာဖြစ်၍ စနစ်မကွဲ အမြစ်တွဲလျှက် တကတဲမှီ အမြဲလဲတည်နေပါတယ်၊ခန္ဓာအိမ်အဟောင်းမှ အသစ်သို့ ပြောင်း၍ပြောင်း၍ဖြစ်တပ်တယ်၊ သယံဝသီ=ခန္ဓာအိမ်မှု အစုစု၌ တစ်ခုမကျန် စီမံခွဲဝေ မိမိနှစ်ချိုက် စနစ်ကိုက်အောင် လိုက်ပါစေနိုင်တဲ့ သဘောလဲရှိတယ်၊ မိမိအလိုအတိုင်းလဲ ဖြစ်စေနိုင်တယ်၊ အသက်ကောင်လေးက ခန္ဓာငါးပါးတစ်ခုလုံးကို ပိုင်တယ် အစိုးရတယ် အလိုအတိုင်းဖြစ်စေတယ်လို့ လူတိုင်းထင်နေကြ စွဲလမ်းနေကြတာပါ၊

အခုအင်္ဂလန်ရောက်မှ စွဲတာမဟုတ်ပါဘူး၊ ဗမာပြည်ကတည်းကစွဲလမ်းခဲ့တာပါ၊ လူတစ်ယောက်သေရင် အသက်ထွက်တယ်၊ ဝိညာဉ်ချုပ်တယ်တဲ့၊ အလောင်းအိမ်ကချတော့ ရေအိုးလေးဖင်ကဖေါက် နောက်ပြန်ဆင်းပြီး ခွဲရသေးတယ်၊ ဒါကတော့အသေကမင်းကြီးထုံး နှလုံးမူကာ စွဲလမ်းလာခဲ့ကြတာပါ၊ အတ္တအတွက်ကူးတို့ခ ပိုက်ဆံတမတ်လဲထဲ့လိုက်ကြသေးတယ်၊ သေတော့ အခေါင်းပေါ်မှာ အတ္တကို အစာကျွေးတာဆိုပြီး မြောင်းမြမုံ့ဟင်းခါးနဲ့ အင်္ဂလန်စမူဆာပုဂံလေးလဲတင်ထားသေးတယ်၊ အတ္တနေဘို့အိမ် လဲဆောက်ပေးထားကြသေးတယ်၊ ဒါအတ္တအစွဲအလမ်းတွေပါပဲ၊ ဟို-ရှေးပဝေသဏီဘုရားမပွင့်မီကတည်းက

စွဲခဲ့တဲ့အတ္တစွဲ အခုထိမပျောက်သေးပါဘူး၊ ရှေးတုံးက အနိစ္စနဲ့ ဒုက္ခပဲ လက်ခံခဲ့ကြတာပါ၊ အိုတာ နာတာ သေတာတွေတွေ့နေရလို့ မမြဲ ဆင်းရဲကိုလက်ခံကြပေမဲ့ အစိုးမရ အနတ္တကိုတော့အလောင်းတော်ကြီးများ သည်ပင် လက်မခံကြပါ၊ ဒီဘဝကသေပြီး အတ္တကောင်လေး နောက်ဘဝ နောက်ခန္ဓာထဲ ပြောင်းဖြစ်တယ် လို့ ယူဆထားတာပါ၊ အဲဒီအတ္တက–ပရမအတ္တနဲ့ ဇီဝအတ္တရယ်လို့နှစ်မျိုးရှိပါတယ်၊ ဖန်ဆင်းရှင်မဟာဗြဟ္မာ ကြီးရဲ့ အတ္တက ပရမအတ္တ=အကြီးစား အမြတ်စားအတ္တ၊ လူ နတ် တိရစ္ဆာန်တွေရဲ့အတ္တက ဇီဝအတ္တ၊ အသက်ရှင်နေတဲ့အတ္တလို့ နှစ်မျိုးကွဲပါတယ်၊ ထိုနှစ်မျိုးစလုံးကိုမှားတယ်၊ အတ္တမဟုတ် အနတ္တလို့ပြချင်လို့ အနတ္တလက္ခဏသုတ်ကိုဟောတော်မူတာပါ၊

ဘုရားသာသနာနဲ့တွေ့ရလို့ အနတ္တဆိုတဲ့စကားကြားရတာပါ၊ သာသနာပမှာတော့ အနိစ္စ ဒုက္ခ အတ္တပဲတွင်တွင်ကြီး သုံးနေကြပါတယ်၊ ဒါကအတ္တဒိဋ္ဌိပါ၊ ဒီအတ္တလေးက အရာရာတိုင်းလွှမ်းမိုးနေတယ်၊ ဘယ်တော့မှ မပျက်စီးတော့ဘူးဆိုပြီး တွယ်တာမြတ်နိုး အားကိုးတဲ့ တဏှာလဲတိုးလာပါတယ်၊ အတ္တကို အကြောင်းပြုပြီး ငါ့ဘာထင်လဲ ငါ့လာမစမ်းနဲ့ ငါ့အကြောင်းကောင်းကောင်းသိစေရမယ်ဆိုတဲ့ မာနကလဲ ပါလာတာမို့ အစကတော့ ဒိဋ္ဌိတစ်ခုတည်း၊ နောက်တော့ လောဘနဲ့မာနပါတိုးလာတာမို့ အင်အားကောင်း လာပါတယ်၊ ဒါသံသရာချဲ့ထွင်နေတဲ့ တရားသုံးပါးပါပဲ၊ ပဥ္စဝဂ္ဂီရဟန်းတော်များမှာတော့ ဓမ္မစကြာတရား နာပြီးဒိဋ္ဌိပြုတ်ကာ သောတာပန်ဖြစ်သွားကြပါတယ်၊ တဏှာနဲ့မာနပြုတ်ဖို့အတွက် အနတ္တလက္ခဏသုတ် ကိုနာယူနေပါတယ်၊ ရုပ်တရားကို အတ္တမဟုတ်ကြောင်း အစိုးမရကြောင်းပြောပြီးတော့ ဝေဒနာ အနတ္တ ဖြစ်ပုံကို မိန့်တော်မူပါတယ်၊

ဝေဒနာ အနတ္တာ၊ ဝေဒနာစ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထစ ဝေဒနာယ "ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာအဟောသီ"တိ၊

ရဟန်းတို့ ဝေဒနာအတ္တမဟုတ်၊ ဝေဒနာအတ္တဖြစ်မယ် အစိုးရမယ်ဆိုရင် မကျမ်းမမာ ဖျားနာခြင်း ၄ာမဖြစ်ရာ၊ ငါ၏ဝေဒနာသည် ချမ်းသာတဲ့သုခဝေဒနာချည်း ဖြစ်ပါစေ၊ ဆင်းရဲတဲ့ဒုက္ခဝေဒနာ မဖြစ်ပါစေ နဲ့ဟူ၍ တောင့်တလို့ရရာ၏၊

ခံစားတပ်သောသဘောကို ဝေဒနာခေါ်ပါတယ်၊ ချမ်းသာတဲ့သုခဝေဒနာ၊ ဆင်းရဲတဲ့ဒုက္ခဝေဒနာ၊ အလယ်အလတ်ဖြစ်တဲ့ ဥပေက္ခာဝေဒနာဟူ၍ သုံးမျိုးရှိပါတယ်၊ထိုဝေဒနာ အတ္တလား အနတ္တလားဆိုတော့ အနတ္တပါ၊ အကယ်၍ဝေဒနာကို အစိုးရမယ်ဆိုရင် ဖျားနာခြင်းမဖြစ်နိုင်ရာပါ၊ ငါ၏ဝေဒနာသည်အကောင်း ဝေဒနာချည်းဖြစ်ပါစေ၊ အဆိုးဝေဒနာမဖြစ်ပါစေနဲ့လို့ တောင့်တ၍ရမှာပါ၊ အခုတော့မရပါ၊

"ယသ္မာစခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံဝတ္တတိ၊" ရဟန်းတို့ ဝေဒနာအနတ္တဖြစ်သောကြောင့် ဖျားနာခြင်း၄ာဖြစ်၏၊ သင်တို့ရဲ့ဝေဒနာအစိုးမရတဲ့အတွက် နာကျင်ခံခက် နှိပ်စက်လို့နေပါတယ်၊ "နစလဗ္ဘတိ ဝေဒနာယ ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ တိ" ငါ၏ဝေဒနာသည် ချမ်းသာပြီးအကောင်းချည်းဖြစ်ပါစေ၊ ငါ၏ဝေဒနာသည် ဆင်းဆင်းရဲရဲ မဖြစ်ပါ စေနဲ့ဟူ၍ဝေဒနာ၌ တောင့်တလို့မရပါ၊ ငါ့သန္တာန်မှာ ဖြစ်နေတဲ့ခံစားမှုဝေဒနာသည် အခါခပ်သိမ်း ချမ်း သာတဲ့ သုခဝေဒနာချည်းဖြစ်နေပါစေ၊ ဘယ်တော့မှ ဆင်းရဲတဲ့ဒုက္ခဝေဒနာ မဖြစ်ပါစေနဲ့ဟူ၍ တောင့်တ လို့ မရပါ၊ ဝေဒနာကိုအစိုးမရ၊ မပိုင်တဲ့အတွက် တောင့်တလို့မရတာပါ၊

နောက်သညာအနတ္တဖြစ်ပုံက–"သညာ အနတ္တာ၊ သညာစ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထစ သညာယ ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီတိ" ရဟန်းတို့ မှတ်သားမှုသညာ အစိုးမရ၊ သညာအစိုးရမယ်ဆိုရင် နှိပ်စက်ခြင်းမဖြစ်ရာ၊ငါ၏ သညာသည် အကောင်းချည်းမှတ်သားပါစေ၊ မကောင်းတာတွေ မမှတ်သားပါစေနဲ့လို့ တောင့်တ၍ရနိုင်ရာ ပါ၏၊ သင်တို့ရဲ့မှတ်သားမှုသညာဟာ အစိုးမရပါ၊ ကိုယ်စိုးကိုယ်ပိုင်ဖြစ်မယ်ဆိုရင် မေ့ပျောက်ပြီး မနှိပ် စက်နိုင်ရာပါ၊ ငါရဲ့သညာသည် အကောင်းတွေချည်းမှတ်မိပါစေ၊ မှတ်မိသမျှလဲ မမေ့ပျောက်ပါစေနဲ့လို့ တောင့်တ၍ရမှာပါ၊ အခုတော့မရပါ၊

"ယသ္မာစ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ၊ နစ လဗ္ဘတိ သညာယ ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ"တိ၊

ရဟန်းတို့ သညာအနတ္တဖြစ်သောကြောင့် နှိပ်စက်ခြင်းငှာဖြစ်၏၊ ငါ၏သညာသည်အကောင်းချည်း မှတ်သားပါစေ၊ မကောင်းတာတွေ မမှတ်သားပါစေနဲ့လို့ တောင့်တ၍မရပါ၊ မှတ်သားမှုသညာ ကိုယ်စိုး ကိုယ်ပိုင်မဟုတ်တဲ့အတွက် မေ့ပျောက်ပြီးလဲနှိပ်စက်တယ်၊ အကောင်းကိုအမှတ်မရပဲ မကောင်းတာတွေ အမှတ်ရပြီးလဲနှိပ်စက်ပါတယ်၊ ငါရဲ့မှတ်သားမှုသည် အပြစ်ကင်းပါစေ၊ မကောင်းတဲ့ အပြုအမူတွေ ပြန် ပြောင်း အောက်မေ့ သတိရပြီး အပြစ်ရှိတဲ့မှတ်သားမှုမဖြစ်ပါစေနဲ့ဟူ၍ တောင့်တမရပါ၊

သင်္ခါရအနတ္တဖြစ်ပုံက– "သင်္ခါရာ အနတ္တာ၊ သင်္ခါရာစ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ၊ လဗ္ဘေထစ သင်္ခါရေသု ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသုံတိ၊"

ရဟန်းတို့ သင်္ခါရတရားများအတ္တမဟုတ်ကြ၊ သင်္ခါရတို့အတ္တဖြစ်မယ်ဆိုရင် နှိပ်စက်ခြင်းငှာမဖြစ် ကုန်ရာ၊ ငါ၏ သင်္ခါရတို့သည် အကောင်းချည်းဖြစ်ပါစေ၊ အဆိုးသင်္ခါရမဖြစ်ပါစေနဲ့လို့ တောင့်တ၍ရကုန် ရာ၏၊ စေ့ဆော်တိုက်တွန်းတပ်တဲ့ စေတနာခေါင်းဆောင်သော စေတသိက်ငါးဆယ်ကို သင်္ခါရလို့ခေါ်ပါ တယ်၊ ထိုသင်္ခါရတရားများလဲ အစိုးမရ အနတ္တပါ၊ အကယ်၍အစိုးရမယ်ဆိုရင် မကောင်းတဲ့သင်္ခါရဖြစ်ပြီး မနှိပ်စက်နိုင်ပါ၊ ငါရဲ့သင်္ခါရသည် ဖြူစင်သန့်ရှင်း အပြစ်ကင်းပါစေ၊ မဲငြစ်တဲ့သင်္ခါရမဖြစ်ပါစေနဲ့လို့ တောင့် တ၍ရမှာပါ၊

"ယသ္မာစခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တ န္တိ၊ နစ လဗ္ဘတိ သင်္ခါရေသု ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသုံတိ၊"

ရဟန်းတို့ သင်္ခါရတရားများအနတ္တဖြစ်သောကြောင့် နှိပ်စက်ခြင်းငှာဖြစ်ကြကုန်၏၊ငါ၏သင်္ခါရတို့ သည် အကောင်းချည်းဖြစ်ပါစေ၊ မကောင်းသင်္ခါရမဖြစ်ပါစေနဲ့လို့ တောင့်တ၍မရပါ၊ ပြုလုပ်အားထုတ်မှု သင်္ခါရတရားများ အစိုးမရသောကြောင့် အကုသိုလ်အမှုတွေပြုလုပ်အားထုတ်ပြီးလဲ နှိပ်စက်ပါတယ်၊ ငါ၏ သင်္ခါရတို့သည် ဖြူစင်သန့်ရှင်း အပြစ်ကင်းပါစေ၊မဲငြစ်သောအကုသိုလ် သင်္ခါရများမဖြစ်ပါစေနဲ့လို့ တောင့် တ၍မရ၊ အစိုးမရသောကြောင့်ဖြစ်ပါတယ်၊

ဝိညာဏ်အနတ္တဖြစ်ပုံက–"ဝိညာဏံ အနတ္တာ၊ ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထစ ဝိညာဏေ ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီတိ"

ရဟန်းတို့ စိတ်ဝိညာဏ် အစိုးမရ အနတ္တ၊ စိတ်ဝိညာဏ်အစိုးရမယ်ဆိုရင်၊ နှိပ်စက်ခြင်းငှာ မဖြစ် ရာ၊ ငါ၏စိတ်ဝိညာဏ်သည် အကောင်းချည်းဖြစ်ပါစေ၊ မကောင်းစိတ် မဖြစ်ပါစေနဲ့လို့ တောင့်တ၍ရရာ ၏၊ မျက်စိနဲ့အဆင်းနဲ့ဆုံတော့ စက္ခုဝိညာဏ်ခေါ်မြင်သိစိတ်ဖြစ်ပါတယ်၊ ကြာမြင့်စွာကွဲကွာနေတဲ့သူငယ် ချင်းတစ်ယောက်နဲ့ တွေ့ရတဲ့အခါမှာ မြင်သိစိတ်"စက္ခုဝိညာဏ်"ဖြစ်ပါတယ်၊ မြင်မှုသဘောကိုလက်ခံတာ က"သမ္ပဋိစ္ဆိုင်း"ခေါ်ပါတယ်၊ ဘယ်သူများဖြစ်ပါလိမ့်မလဲလို့ စုံစမ်းတာက"သန္တီရဏ"၊ အော် ဘယ်သူများ လဲမှတ်တယ် လက်စသတ်တော့ငါ့သူငယ်ချင်းပါလားလို့ အာရုံကိုဆုံးဖြတ်တာက "ဝုဋ္ဌော"၊ ငါ့သူငယ်ချင်း နဲ့မတွေ့ရတာကြာပြီ တွေ့ရတာဝမ်းသာလိုက်တာသူငယ်ချင်းရာလို့ အာရုံကိုခံစားတဲ့သဘော က "ဇော" ဖြစ်ပါတယ်၊ စကားပြောလို့ကောင်းလိုက်တာ ထမင်းစားရအောင် သူငယ်ချင်းရာလို့ အာရုံကိုဖြတ်လိုက်တဲ့ သဘောက "တဒါရုံ"ဖြစ်ပါတယ်၊ စားသိစိတ် နံသိစိတ်စသည်မှာလဲ ထိုကဲ့သို့စိတ်အစဉ်ဖြစ်ပါတယ်၊ ထို စိတ် ဖြစ်တိုင်းဖြစ်တိုင်းကိုလဲ အကောင်းချည်းဖြစ်ပါစေ၊ မကောင်းစိတ်မဖြစ်ပါစေနဲ့လို့ တောင့်တလို့ရရာ ၏၊ စိတ်ဝိညာဉ်ကိုအစိုးရမယ်ဆိုရင် ဆင်းရဲပင်ပန်းပြီး မနှိပ်စက်နိုင်ရာပါ၊ ငါ၏စိတ်ဝိညာဉ်သည်အမြဲတမ်း တက်ကြွရွှင်လန်း ပီတိတွေလွှမ်းနေပါစေ၊ ဆင်းရဲညစ်ပွေ သောကတွေမဖြစ်ပါစေနဲ့လို့ တောင့်တ၍ရမှာပါ၊ ခုတော့မရပါ၊ အဘယ်ကြောင့်ပါနည်း၊

"ယသ္မာ စခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ၊ နစ လဗ္ဘတိ ဝိညာဏေ ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီတိ"

စိတ်ဝိညာဏ်အနတ္တဖြစ်သောကြောင့် နှိပ်စက်ခြင်းငှာဖြစ်ပါ၏၊ ငါ၏စိတ်ဝိညာဉ်သည် အကောင်း ချည်းဖြစ်ပါစေ၊ မကောင်းစိတ်မဖြစ်ပါစေနဲ့လို့ တောင့်တမရပါ၊ စိတ်ဝိညာဉ်ကိုအစိုးမရတဲ့အတွက် စိတ်

ယုတ် စိတ်စုတ် စိတ်ပုတ်ဖြစ်ပြီးတော့လဲ နှိပ်စက်ပါတယ်၊ ငါ၏ စိတ်ဝိညာဏ်သည် ရွှင်လန်းတက်ကြွ ထာဝရ ချမ်းသာပါစေ၊ စိတ်ယုတ် စိတ်ညစ်တရံတဆစ်မျှ မဖြစ်ပါစေနဲ့ဟူ၍ တောင့်တမရပါ၊

ခန္ဓာငါးပါးကို အတ္တလို့စွဲလန်းခဲ့တာမဟုတ်တဲ့အကြောင်း ခန္ဓာတစ်ပါးစီကို စီစစ်ပြတော်မူပြီး နောက် မမြဲ ဆင်းရဲပုံကို ပြတော်မူပါတယ်၊

(ရူပက္ခန္ဓာကိုစီစစ်ပုံ) "တံ ကိံ မညထ ဘိက္ခဝေ" ရဟန်းတို့ငါဘုရား မေးမဲ့စကားကိုဘယ်လိုမှတ်ထင်ကြသလဲ၊ "ရူပံ နိစ္စံဝါ အနိစ္စံဝါတိ"သင်တို့ရဲ့ ရုပ်တရားကြီး မြဲသလား မမြဲဘူးလားလို့ မေးတော်မူတဲ့အခါ ရဟန်းတော်များက "အနိစ္စံ ဘန္တေ"မမြဲပါဘုရားလို့ လျှောက်ထားကြပါတယ်၊ "ယံပနာ နိစ္စံ ဒုက္ခံ ဝါတံ သုခံဝါတိ"မမြဲသောရုပ်တရား ဆင်းရဲသလား၊ ချမ်းသာသလားလို့ မေးတော်မူတော့ "ဒုက္ခံ ဘန္တေ" ဆင်းရဲပါတယ်ဘုရားလို့ ဖြေပါတယ်၊"ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နုတံ သမနုပဿိတုံ ဧတံ မမ ဧသောဟ မသ္မိ၊ ဧသော မေ အတ္တာတိ" မမြဲ ဆင်းရဲ ဖေါက်ပြန်သောသဘောရှိသောရုပ်တရားကိုဒါငါ့ဥစ္စာ ဒါငါဖြစ်တယ်၊ ဒါငါ့အတ္တပဲလို့ ရှုမြင်ခြင်းငှာ သင့်မြတ်ပါအံ့မလား၊ "နော ဟေတံ ဘန္တေ"မသင့်မြတ်ပါဘုရား၊ မမြဲဆင်းရဲ ဖေါက်ပြန်ပျက်စီးနေတဲ့ ရုပ်တရားကို ဒါငါ့ဥစ္စာဆိုတာက တဏှာနဲ့စွဲလမ်းတာ၊ ဒါငါဖြစ်တယ်ဆိုတာက မာနနဲ့ စွဲလမ်းတာ၊ ဒါငါ့အတ္တဆိုတာက ဒိဋ္ဌိနဲ့စွဲလမ်းတာပါ၊ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် စွဲလမ်းရှုမြင်ခြင်းငှာ သင့်မြတ်ပါ့မလားဆိုတော့ "နောဟေတံ ဘန္တေ" မသင့်မြတ်ပါဘုရားလို့ ဖြေပါတယ်၊

(ဝေဒနာက္ခန္ဓာကိုစီစစ်ပုံ) ဝေဒနာကိုလဲ ဆက်ပြီး စီစစ်တော်မူပါတယ်၊ "ဝေဒနာ နိစ္စာဝါ အနိစ္စာဝါတိ"ဝေဒနာနိစ္စလား အနိစ္စလားလို့ဘုရားကမေးတော်မူပါတယ်၊ ဝေဒနာက သုခ ဒုက္ခ ဥပေက္ခာဟူ၍ သုံးမျိုးရှိရာတွင် ဘယ်ဝေဒနာမှ မြဲမြဲ ခိုင်ခံ့ တည်တံ့တယ်ရယ်လို့ မရှိတဲ့အတွက် "အနိစ္စံ ဘန္တေ"မမြဲပါဘုရားလို့ ဖြေပါတယ်၊ "ယံ ပနာ နိစ္စံ ဒုက္ခံဝါတံ သုခံဝါတိ" မမြဲတဲ့ဝေဒနာ ဆင်းရဲသလား ချမ်းသာသလားလို့ မေးတော်မူတဲ့အခါမှာ အဖြစ်အပျက်မပြတ်နှိပ်စက်နေလို့ "ဒုက္ခံ ဘန္တေ" ဆင်းရဲပါတယ်ဘုရားလို့ ဖြေပါတယ်၊ "ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နုတံ သမနုပဿိတုံ ဧတံ မမ၊ ဧသောဟ မသ္မိ၊ ဧသော မေ အတ္တာတိ" မမြဲ ဆင်းရဲ ဖေါက်ပြန်ပျက်စီးနေတဲ့ ဝေဒနာကို ဒါငါ့ဥစ္စာ ဒါငါဖြစ်တယ်၊ဒါငါ့အတ္တပဲလို့ ရှုမြင်ခြင်းငှာ သင့်မြတ်ပါအံ့မလားလို့ မေးတော်မူတဲ့အခါမှာ "နောဟေတံ ဘန္တေ"ငါ့ဥစ္စာ၊ ငါ၊ ငါ့အတ္တဟူ၍ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် သုံးသပ်ခြင်းငှာ မသင့်မြတ်တော့ပါဘုရားလို့ ပြန်ကြားလျှောက်ထားပါတယ်၊

(သညာက္ခန္ဓာကိုစီစစ်ပုံ) "သညာ နိစ္စာဝါ အနိစ္စာဝါတိ"မှတ်သားမှုသညာ နိစ္စလား၊ အနိစ္စလားလို့ မေးတဲ့အခါ သညာက အာရုံ(၆)ပါးကိုမှီပြီး ဖြစ်တာမို့ (၆)မျိုးရှိပါတယ်၊ ရူပါရုံကိုမှတ်သားတဲ့သညာသည် သဒ္ဒါရုံမရောက်ခင်ရူပါရုံအခိုက်မှာပဲ ဖြစ်ပြီးပျက်သွားတာကြောင့် "အနိစ္စံ ဘန္တေ"မမြဲပါဘုရားလို့လျှောက်ထားပါတယ်၊ "ယံပနာနိစ္စံ ဒုက္ခံဝါတံ သုခံဝါတိ"ထိုမမြဲတဲ့သညာသည် ဆင်းရဲသလား ချမ်းသာသလားလို့ မေးတော့ "ဒုက္ခံ ဘန္တေ" ဆင်းရဲပါတယ်ဘုရားလို့ ဖြေပါတယ်၊ "ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နုတံ သမနုပဿိတုံ ဧတံ မမ၊ ဧသောဟ မသ္မိ၊ ဧသော မေ အတ္တာတိ"ထိုမမြဲ ဆင်းရဲ ဖေါက်ပြန်ပျက်စီးနေတဲ့ သညာကို ဒါငါ့ဥစ္စာ ဒါငါဖြစ်တယ် ဒါငါ့အတ္တပဲရယ်လို့ စွဲလမ်းခြင်းငှာ သင့်မြတ်ပါအံ့မလားလို့ ဘုရားကမေးတဲ့အခါ "နောဟေတံ ဘန္တေ"သညာကို ငါ့ဥစ္စာ ငါ ငါ့အတ္တလို့ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် သုံးသပ်ခြင်းငှာ မသင့်မြတ်တော့ပါဘုရားလို့ လျှောက်ထားပါတယ်၊

(သင်္ခါရက္ခန္ဓာကိုစီစစ်ပုံ) "သင်္ခါရာ နိစ္စာဝါ အနိစ္စာဝါတိ"သင်္ခါရတရားများ မြဲသလား မမြဲဘူးလားလို့ မေးတော်မူပါတယ်၊ ကိုယ် နှုတ် စိတ်အမူအယာတွေဖြစ်ပေါ်လာအောင် စေတနာဦးဆောင်တဲ့ သင်္ခါရတရားတွေက စေ့ဆော်တိုက်တွန်းပေးနေတာပါ၊ ထိုသင်္ခါရများလဲ ဖြစ်ပြီးပျက်သွားတာမို့ "အနိစ္စံ ဘန္တေ" မမြဲပါဘုရားလို့ဖြေပါတယ်၊ "ယံပနာနိစ္စံ ဒုက္ခံဝါတံ သုခံဝါတိ"ထိုမမြဲတဲ့သင်္ခါရသည် ဆင်းရဲသလား ချမ်းသာသလားလို့မေးတော့ "ဒုက္ခံ ဘန္တေ"ဆင်းရဲပါတယ်ဘုရားလို့ လျှောက်ထားပါတယ်၊ "ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံနုတံ သမနုပဿိတုံ ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာတိ"ထိုမမြဲ ဆင်းရဲ ဖေါက်ပြန်ပျက်စီးနေတဲ့ သင်္ခါရတရားကို ဒါငါ့ဥစ္စာ ဒါငါဖြစ်တယ် ဒါငါ့အတ္တပဲရယ်လို့ စွဲလမ်းခြင်းငှာ သင့်မြတ်ပါအံ့မလားလို့ ဘုရားကမေးတဲ့အခါ "နောဟေတံ ဘန္တေ" သင်္ခါရတရားများ ငါ့ဥစ္စာ ငါ ငါ့အတ္တလို့ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် သုံးသပ်ခြင်းငှာ မသင့်မြတ်တော့ပါဘုရားလို့ လျှောက်ထားပါတယ်၊

(ဝိညာဏက္ခန္ဓာကိုစီစစ်ပုံ) "ဝိညာဏံ နိစ္စံဝါ အနိစ္စံဝါတိ"စိတ်ဝိညာဏ်မြဲသလား မမြဲဘူးလားလို့ မေးတော်မူတဲ့အခါ စိတ်ဝိညာဏ်က မြင်သိစိတ် ကြားသိစိတ် နံသိစိတ် စားသိစိတ် ထိသိစိတ် တွေးတော ကြံစီစိတ်ဆိုပြီး (၆)မျိုးရှိရာ မြင်သိစိတ်ကလဲ ကြားသိစိတ်မရောက်ခင် မြင်စိတ်အခိုက်မှာပဲ ဖြစ်ပြီးပျက် သွားတာမို့ "အနိစ္စံ ဘန္တေ"မမြဲပါဘုရားလို့ လျှောက်ပါတယ်၊ "ယံပနာနိစ္စံ ဒုက္ခံဝါတံ သုခံဝါတိ"ထိုမမြဲ တဲ့စိတ်သည် ဆင်းရဲသလား ချမ်းသာသလားလို့ ဘုရားကမေးတော့ "ဒုက္ခံ ဘန္တေ" ဆင်းရဲပါတယ်ဘုရား လို့ ဖြေပါတယ်၊ "ယံပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ ကလ္လံ နုတံ သမနုပဿိတုံ ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာတိ" ထိုမမြဲ ဆင်းရဲ ဖေါက်ပြန်ပျက်စီးနေတဲ့စိတ်ကို ဒါငါ့ဥစ္စာ ဒါငါဖြစ်တယ် ဒါငါ့အတ္တ ပဲရယ်လို့ စွဲလမ်းခြင်းငှာ သင့်မြတ်ပါအံ့မလားလို့ ဘုရားကမေးတော့ "နောဟေတံ ဘန္တေ"စိတ်ဝိညာဏ် ကို ငါ့ဥစ္စာ ငါ ငါ့အတ္တလို့ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် သုံးသပ်ခြင်းငှာ မသင့်မြတ်တော့ပါဘုရားလို့ လျှောက် ထားပါတယ်၊

## ခန္ဓာငါးပါးအပေါ်၌ တဏှာ မာန ဒိဋ္ဌိဖြင့် မစွဲလမ်းပုံ

တသ္မာတိဟ ဘိက္ခဝေ ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံဒူရေ သန္တိကေဝါ၊ သဗ္ဗံ ရူပံ "နေတံ မမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

ရဟန်းတို့ ဤသာသနာတော်၌ အတိတ် အနာဂတ် ပစ္စုပ္ပန် ကိုယ်တွင်း ကိုယ်ပ အကြမ်း အနု အယုတ် အမြတ် အဝေး အနီးဖြစ်တဲ့ ရုပ်အားလုံးကို ငါ့ဟာမဟုတ် ငါမဟုတ် ငါ့အတ္တမဟုတ်လို့ အမှန် အ တိုင်း ရှုဆင်ခြင်ရမည်၊ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းကြတော့နဲ့၊ အခိုင်အမာဆုံးဖြတ်ချက်ချ ပယ်လိုက် ကြတော့လို့ မြတ်စွာဘုရားကနောက်ဆုံး **final decision** ဆုံးဖြတ်ပေးတော်မူပါတယ်၊

ယာကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကာဝါ သုခုမာဝါ ဟီနာဝါ ပဏီတာဝါ ယာဒူရေ သန္တိကေဝါ၊ သဗ္ဗာ ဝေဒနာ "နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

အတိတ် အနာဂတ် ပစ္စုပ္ပန် ကိုယ်တွင်း ကိုယ်ပ အကြမ်း အနု အယုတ် အမြတ် အဝေး အနီးဖြစ်တဲ့ ဝေဒနာအားလုံးကို ငါ့ဟာမဟုတ် ငါမဟုတ် ငါ့အတ္တမဟုတ်လို့ အမှန်အတိုင်း ရှုဆင်ခြင်ရမည်၊ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် စွဲလမ်းမနေကြတော့နဲ့၊ အခိုင်အမာဆုံးဖြတ်ချက်ချ ပယ်လိုက်ကြတော့လို့ မြတ်စွာဘုရား က ဆုံးဖြတ်ပေးတော်မူပါတယ်၊

ယာကာစိ သညာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကာဝါ သုခုမာဝါ ဟီနာဝါ ပဏီတာဝါ ယာဒူရေ သန္တိကေဝါ၊ သဗ္ဗာ သညာ "နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

အတိတ် အနာဂတ် ပစ္စုပ္ပန် ကိုယ်တွင်း ကိုယ်ပ အကြမ်း အနု အယုတ် အမြတ် အဝေး အနီးဖြစ်တဲ့ သညာအားလုံးကို ငါ့ဟာမဟုတ် ငါမဟုတ် ငါ့အတ္တမဟုတ်လို့ အမှန်အတိုင်း ရှုဆင်ခြင်ရမည်၊ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် စွဲလမ်းမနေကြတော့နဲ့၊ အခိုင်အမာဆုံးဖြတ်ချက်ချ ပယ်လိုက်ကြတော့လို့ မြတ်စွာဘုရားက ဆုံးဖြတ်ပေးတော်မူပါတယ်၊

ယေကေစိ သင်္ခါရာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကာဝါ သုခုမာဝါ ဟီနာဝါ ပဏီတာဝါ ယေဒူရေ သန္တိကေဝါ၊ သဗ္ဗေ သင်္ခါရာ "နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

အတိတ် အနာဂတ် ပစ္စုပ္ပန် ကိုယ်တွင်း ကိုယ်ပ အကြမ်း အနု အယုတ် အမြတ် အဝေး အနီးဖြစ်တဲ့ သင်္ခါရအားလုံးကို ငါ့ဟာမဟုတ် ငါမဟုတ် ငါ့အတ္တမဟုတ်လို့ အမှန်အတိုင်း ရှုဆင်ခြင်ရမည်၊ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းကြတော့နဲ့၊ အခိုင်အမာဆုံးဖြတ်ချက်ချ ပယ်လိုက်ကြတော့လို့ မြတ်စွာဘုရားက ဆုံး ဖြတ်ပေးတော်မူပါတယ်၊

ယံကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ ဗဟိဒ္ဓါဝါ ဩဠာရိကံဝါ သုခုမံဝါ ဟီနံဝါ ပဏီတံဝါ ယံဒူရေ သန္တိကေဝါ၊ သဗ္ဗံ ဝိညာဏံ "နေတံ မမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊

အတိတ် အနာဂတ် ပစ္စုပ္ပန် ကိုယ်တွင်း ကိုယ်ပ အကြမ်း အနု အယုတ် အမြတ် အဝေး အနီးဖြစ်တဲ့ စိတ်ဝိညာဏ်အားလုံးကို ငါ့ဟာမဟုတ် ငါမဟုတ် ငါ့အတ္တမဟုတ်လို့ အမှန်အတိုင်း ရှုဆင်ခြင်ရမည်၊ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းကြတော့နဲ့၊ အခိုင်အမာဆုံးဖြတ်ချက်ချ ပယ်လိုက်ကြတော့လို့ မြတ်စွာဘုရားက ဆုံးဖြတ်ပေးတော်မူပါတယ်၊

**နိဗ္ဗိန္ဒာဉာဏ်မှစ၍မဂ်ကိစ္စပြစ်ပုံ**

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ (နိုတ်ဖိန်ဒတိဟုဖတ်)

ဤသို့ ခန္ဓာငါးပါးအပေါ်၌ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းပဲရှုမြင်သော အကြောအမြင်နှင့်ပြည့်စုံသော အရိယာသာဝကသည် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်အပေါ်၌ နိဗ္ဗိန္ဒာဉာဏ်ဖြစ်ကာ ငြီးငွေ့လာပါ၏၊ ငြီးငွေ့တယ်ဆိုတာ စိတ်ပျက်စိတ်ငြစ်လာတာမဟုတ်ပါ၊ သောမနဿစိတ်နဲ့ ကြည်ကြည်လင်လင် ရုပ်နာမ်ရဲ့အပေါ်မှာ အစိုးမရမှန်းသိလာတော့ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မစွဲလမ်း မတွယ်တာတော့ပဲ ငြီးငွေ့လာတာပါ၊ ဒါကို နိဗ္ဗိန္ဒာဉာဏ်ခေါ်ပါတယ်၊

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ "ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ၊

ပဉ္စဝဂ္ဂီရဟန်းတော်များ နိဗ္ဗိန္ဒာဉာဏ်ဖြစ်လာတဲ့အခါ ခန္ဓာငါးပါးအပေါ်၌တွယ်တာတပ်မက်ခြင်းကင်းလာပါတယ်၊ တပ်မက်မှုကင်းခြင်းကြောင့် တဏှာ မာန ဒိဋ္ဌိကိလေသာတို့မှ လွတ်မြောက်ပြီး အရဟတ္တမဂ် အရဟတ္တဖိုလ်ရသွားပါတယ်၊ ရဟန္တာဖြစ်သွားတဲ့အခါမှာတော့ ငါ၏စိတ်သည် ကိလေသာတို့မှလွတ်ပြီဟု ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ဖြစ်ပေါ်လာပါတယ်၊ ပဋိသန္ဓေမနေရတော့ဘူး၊ မြတ်သောအကျင့်ကိုကျင့်ပြီးပြီ၊ ပြုသင့်ပြုထိုက်သော မဂ်ကိစ္စကိုလဲ ပြုပြီးပြီ၊ အထက်မဂ်အကျိုးငှာ နောက်ထပ်ပြုဘွယ်ပွါးများဘွယ် ကိစ္စ မရှိတော့ပြီလို့ ဉာဏ်ဖြင့်သိတော်မူပါတယ်၊

**ဘုရားဟောပါဠိတော်ဤတွင်ပြီးဆုံးပေပြီ**

**သံဂါယနာတင်မှတ်တမ်း**

ဣဒ မဝေါစ ဘဂဝါ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ၊ ဣမသ္မိံစ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ၊

ပဉ္စဝဂ္ဂီရဟန်းတော်များ မြတ်စွာဘုရားဟောတဲ့တရားတော်ကို နှစ်သက်ဝမ်းမြောက်ကြပါတယ်၊ ဤဂါထာမဖက် စကားပြေသက်သက်ဖြစ်တဲ့ အနတ္တလက္ခဏသုတ်ကို ဟောတော်မူလိုက်တဲ့အခါအာသဝေါကင်းကွာ ရဟန္တာများဖြစ်တော်မူကြပါသည်၊ ဒီနေရာမှာ အာသဝသဒ္ဒါကအရက်ကိုဟောပါတယ်၊အရက်နဲ့တူတဲ့လောဘစသည်ကို အာသဝလို့ခေါ်ပါတယ်၊အရက်ကိုအနံ့ပြင်းစေရန် အိုးထဲ၌အတော်ကြာအောင်စိမ်ထားရသလိုလောဘဒေါသစသော ကိလေသာများကိုလဲ ခန္ဓာအစဉ်တည်းဟူသောအရက်အိုး၌သံသရာဘဝ များစွာကစိမ်ထားသကဲ့သို့ဖြစ်နေပါတော့တယ်၊ ထိုအာသဝသည် ဝတ္ထုအာရုံကာမဂုဏ်၌ တပ်မက်သော ကာမာသဝ၊ ရူပအရူပဘုံ၌တပ်မက်သောဘဝါသဝ၊ ဒိဋ္ဌိနှင့်ယှဉ်သောဒိဋ္ဌာသဝ၊အကုသိုလ်စိတ်နှင့်ယှဉ်သော အဝိဇ္ဇာသဝဟူ၍ လေးမျိုးရှိပါသည်၊ပဉ္စဝဂ္ဂီရဟန်းတော်များ အာသဝတရားလေးပါးမှလွတ်ကာ ရဟန္တာ ဖြစ်တော်မူသွားကြပါသည်၊

**သံပေါက်**
**လင်္ကာ**

ငါးပါးခန္ဓာ၊ မမြဲတာ၊ မှန်စွာရှုရမည်၊
ဖြစ်လို့ပျက်ကာ၊ ဆင်းရဲတာ၊ ဒါပါရှုရမည်၊
အစိုးမရ၊ အနတ္တ၊ မုချရှုရမည်၊
ငါးပါးခန္ဓာ၊ ငါ့ဥစ္စာ၊ ပယ်ခွါရှုရမည်၊
ရုပ်နာမ်ခန္ဓာ၊ ငါမဟုတ်ပါ၊ မှန်စွာရှုရ ပွါးရမည်၊
ငါ၏အတ္တ၊ မဟုတ်ကြ၊ မုချရှုရမည်၊
တဏှာလဲကွာ၊ မာနကွာ၊ ဒိဋ္ဌိကွာမှ ချမ်းသာမည်၊
အနတ္တလက္ခဏသုတ် ဒိဋ္ဌိပြုတ်၊ အဟုတ် ချမ်းသာမည်၊

## အနတ္တလက္ခဏသုတ်အကျဉ်းချုပ်ပြီးပြီ

## ကောက်နုတ်ချက်

အနတ္တလက္ခဏသုတ်တော်ကို အခန်းအားဖြင့်ဝေဘန်ပိုင်းခြားရလျှင်---

(၁) ခန္ဓာငါးပါးအနတ္တဖြစ်ပုံ
(၂) ခန္ဓာငါးပါး အနိစ္စ ဒုက္ခ အနတ္တရှုပုံ
(၃) ဝိပဿနာပညာ မဂ်ပညာဖြင့် ရှုမြင်ပုံ
(၄) ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်အဆင့်ဆင့်ဖြစ်ပုံ
(၅) ပဉ္စဝဂ္ဂီရဟန်းတို့ ရဟန္တာဖြစ်ကြပုံ ဟူ၍ အပိုင်းကြီးငါးပိုင်းကို တွေ့ရမှာဖြစ်ပါတယ်၊

(၁) "ရူပံ ဘိက္ခဝေ အနတ္တာ (မှ) ဧဝံ မေ ဝိညာဏံ မာ အဟောသီတိ"တိုင်အောင်သောစကားဖြင့် ခန္ဓာငါးပါးတို့၏ အလိုသို့မလိုက်ခြင်း၊ ပိုင်ဆိုင်သူမရှိခြင်း၊ ပြုလုပ်တပ် ခံစားတပ် ဖန်တီးတပ်သောသဘော မှဆိတ်သုဉ်းခြင်း၊ တိတ္ထိတို့ ယူဆစွဲလမ်းသော အတ္တ၏ ဆန့်ကျင်ဘက်ဖြစ်ခြင်းအနက်သဘောကြောင့် အနတ္တဖြစ်ပုံကို ပြတော်မူပါတယ်၊

"အာဗာဓာယ သံဝတ္တတိ"ဟူသောစကားဖြင့် နာကျင်မှု ဆင်းရဲမှု ဒုက္ခလက္ခဏာကို အခြေခံထား၍ ခန္ဓာငါးပါး၏ အနတ္တဖြစ်ပုံကိုပြတော်မူပါတယ်၊

(၂) "တံ ကိံမညထ (မှ) နေသော ဟောတံ ဘန္တေ"တိုင်အောင်သောစကားဖြင့် ခန္ဓာငါးပါးတို့၏ အနိစ္စဖြစ်ပုံကိုတကျော့တပြန်၊ ဒုက္ခဖြစ်ပုံကို တကျော့တပြန်၊ အနတ္တဖြစ်ပုံကို တကျော့တပြန်အားဖြင့် သုံးကျော့သုံးပြန်တိုင်အောင် အမေးအဖြေပြု၍ ဟောတော်မူပါသည်၊ ထို့ကြောင့် ဤအပိုင်းကိုတေပရိဝဋ္ဋဓမ္မဒေသနာခေါ်ပါတယ်၊ (တေ-သုံးကြိမ်၊ ပရိဝဋ္ဋ-ပြန်၍၊ ဓမ္မဒေသနာ-တရားဟောခြင်း)

(၃) "တသ္မာတိဟ (မှ)သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ" တိုင်အောင်သောစကားဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန် အတွင်း အပြင် အကြမ်း အနု အယုတ် အမြတ် အဝေး အနီးဖြစ်သော ခန္ဓာငါးပါးကို"ငါ၏ဥစ္စာ မဟုတ်၊ငါမဟုတ်၊ ငါ၏အတ္တမဟုတ်"ဟူ၍ ဟုတ်တိုင်းမှန်စွာ ကောင်းမြတ်သော ဝိပဿနာပညာ မဂ်ပညာ ဖြင့် သိမြင်ပုံကို ပြတော်မူပါတယ်၊

(၄) "ဧဝံ ပဿံ (မှ) ပဇာနာတိ"တိုင်အောင်သော စကားဖြင့် မဂ်သို့ဆိုက်ရောက်စေနိုင်သည့် အထွဋ်အထိပ်ဖြစ်သော မဂ်နှင့်အလွန်နီးစပ်နေသော ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ကိုင်၄း၊ ထိုမှတစ်ဆင့် တက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့ အဆင့်ဆင့်ဖြစ်ပွါးပုံကိုင်၄း ပြတော်မူပါတယ်၊

(၅) "ဣဒ မဝေါစ (မှ) ဝိမုစ္စိံသူတိ"တိုင်အောင်သောစကားဖြင့်အနတ္တလက္ခဏသုတ်တော်ကို နာကြားရသောပဉ္စဝဂ္ဂီရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ရှိကြောင်းကို နိဂုံးချုပ်၍ပြပါတယ်၊

**မှတ်ချက်**

အနိစ္စ=မမြဲဟူ၍ဖြစ်စေ၊ နေသော ဟမသ္မိ=ငါမဟုတ်ဟူ၍ဖြစ်စေရှုဆင်ခြင် ပါက "မာန"ပြုတ်သည်၊ ဒုက္ခ=ဆင်းရဲပါတကားဟူ၍ဖြစ်စေ၊ နေတံ မမ =ငါ့ဥစ္စာ မဟုတ်ဟူ၍ဖြစ်စေ ရှုဆင်ခြင်ပါက "တဏှာ"ပြုတ်သည်၊အနတ္တ အစိုးမရဟူ၍ဖြစ်စေ၊ နမေ သော အတ္တာ=ငါ့အတ္တမဟုတ်ဟူ၍ဖြစ်စေ ရှု ဆင်ခြင်ပါက "ဒိဋ္ဌိ"ပြုတ်သည်၊

**ဆုတောင်း**

ဤကဲ့သို့ အနတ္တလက္ခဏာသုတ်ကို ပို့ချ သင်ယူ ကြားနာမှတ်သားရသော ကုသိုလ် စေတနာတို့ကြောင့် ခန္ဓာငါးပါးရုပ်နာမ်တရား အပေါ်၌ အတ္တစွဲ ကင်းပြီး တဏှာ မာန ဒိဋ္ဌိစသောကိလေသာတို့၏ချုပ်ငြိမ်းရာ အာသဝေါ တရားလေးပါးတို့မှလွတ်မြောက်ရာ မဂ် ဖိုလ် နိဗ္ဗာန်ကိုလျှင်မြန်စွာ ရကြ ရောက်ကြ မျက်မှောက်ပြုနိုင်ကြရပါလိုကုန်သောဟူ၍ပတ္ထနာအောင်ဆု ပြုလိုက်ကြကုန်ရာသတည်း၊

**သာဓု သာဓု သာဓု**

T Y U P S X V

**တဏှာ**

ငါ့ဥစ္စာဟု၊ စွဲမှုဖြစ်အင်လောဘနဲ့လဲ၊ တပ်စွဲသူခင်၊
လောဘကင်းမှ၊ လွတ်ရပါယ်ခွင်၊
လူ့ဘဝ ရကြ တော်မည်ထင်၊

**မာန**

ငါသာအမြတ်၊ ငါတတ်သည်သာ၊
ဒါကလဲပဲ၊ မာနစွဲပါ၊
မာနစွဲပြုတ်၊ အဟုတ်ချမ်းသာ၊
ပါယ်လေးဝ၊ လွတ်ရသံသရာ၊

**ဒိဋ္ဌိ**

ငါ့သား ငါ့မယား၊ စီးပွါးဥစ္စာ၊
အတ္တဒိဋ္ဌိ၊ စွဲငြိလို့သာ၊
သက္ကာယလဲ၊ သူပဲမည်တာ၊
အနတ္တ၊ ရှုကြဖန်ခါခါ၊
အတ္တကင်း၊ လွတ်ရှင်း ပါယ်လေးရွာ၊
နောက်ဘဝ၊ ရောက်ရ ထက်ဘုံသာ၊

**အမျှဝေ**

ဤ သို့ကောင်းမှု၊ အကြောင်းပြု၊ ပေါင်းစုအမျှဝေ၊
ဝမ်းမြောက်စွာပြု၊ မြတ်ကောင်းမှု၊ သာဓု သာဓု၊
သာဓုခေါ်နိုင်စေ၊
နတ်ရွာသုဂတိ၊ နိဗ္ဗာန်ထိ၊ ရရှိကြပါစေ၊

ဝဝ ဝဝ ဝဝ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
**အလှူမြန်သမျှတွင်တရားအလှူသည်**
**အမြတ်ဆုံး အသာဆုံး အလွန်ကဲဆုံး ဖြစ်ပေသည်**
**Dhamma gift excells all other gifts.**

သို့ --------